www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။**

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကိုနှောင့်ယှက်ဖျက်ဆီး သူများအားဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက် သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုး တက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။


စာမူခွင့်ပြုချက်အမှတ်
၅၀၁၅၈၄၁၁၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၁၀၅၀၁၁၀

**ထုတ်ဝေသူ**
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

**ပုံနှိပ်သူ**
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

**ထုတ်ဝေခြင်း**
ပထမအကြိမ် ၂၀၁၀ ခုနှစ်
အုပ်ရေ ၅၀၀၊ တန်ဖိုး ၁၀၀ ကျပ်

မွေးစားသမီး/ နိုကိုရဲ ။ -ရန်ကုန်၊ ၈၉၅.၈၃
ကြောင်နှစ်ကောင်စာပေ၊ ၂၀၁၀။
၂၁၀-စာ၊ ၅" x ၇" စင်တီ။ (၁)မွေးစားသမီး


www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

နိုင်ဝင်းထွန်း

www.burmeseclassic.com

ကေသီတာသည် မုန့်ကြာစေ့ခန့်အရွယ်လုံးထားသော ငါးဖယ်လုံးကလေးများကို ခပ်ပျစ်ပျစ်ဖျော်ထားသော ဂျုံမှုန့်ဖျော်ရည်ထဲသို့ ညင်သာစွာထည့်သည်။ မီးမျှင်းမျှင်းကလေးသာ ပေးထားသော GAS မီးဖိုပေါ်တွင်ရှိသော ဒယ်အိုးမှာ ဆီဥကလေးတွေဥနေပြီ ဖြစ်သည်။ ဒယ်အိုးတွင်ကပ်နေသော ဆီဥကလေးသုံးလေးဥ အပေါ်သို့တက်လာသည်၊ ကေသီတာတပြုံးပြုံး ဂျုံမှုန့်ဖျော်နှင့်စိမ်ထားသော ငါးဖယ်လုံးကလေးများကို တစ်လုံးချင်းအသေအချာထည့်၊ အားလုံးပြုထည့်လိုက်လျှင် ပူးကပ်သွားမှာစိုး၍ ဖြစ်သည်။ ဒယ်အိုးထဲမှာ စီစီရီရီရှိနေသော ငါးဖယ်လုံးကလေးများကို ကြည့်ရင်းကေသီတာ ပျော်ရွှင်ကျေနပ်နေသည်။

ကေသီတာ့ကို ပထမဆုံးအကြိမ်မြင်လျှင် တအံ့တသြနှင့် ချောသည်ဟုမည်သူကမှ ပြောလိမ့်မည်မဟုတ်ပါ။

ဒုတိယအကြိမ်တွေ့လျှင် ကေသီတာ လှုပ်ရှားပုံ၊ အလုပ်လုပ်ပုံ၊ နေပုံထိုင်ပုံတို့ကို တွေ့ပြီး ယဉ်သားပဲဟု မှတ်ချက်ချလိမ့်မည် ဖြစ်သည်။

ကြင်နာ[illegible]

www.burmeseclassic.com



တတိယအကြိမ် ကေသီတာနှင့် အလုပ်တစ်ခုကို အတူလုပ်ဖြစ်သည်ဆိုလျှင် ကေသီတာ၏ သွက်လက်တိကျပုံ၊ အလုပ်ပေါ်တွင် ဂရုတစိုက်ရှိပုံ၊ စည်းစနစ်ကြီးပုံတို့ကို မည်သူမျှ သတိမထားပဲ မနေနိုင်အောင်ရှိကာ ကေသီတာသည် အရည်အချင်းပြည့်ဝသော မိန်းမချောကလေးတစ်ယောက်ဆိုသည်ကို လူတိုင်းလက်ခံကြမှာ သေချာပါသည်။

ယခုလည်း ကေသီတာသည် ထမင်းစားပွဲတစ်ပွဲအတွက် ကိုယ်တိုင်ချက်ပြုတ်နေခြင်းဖြစ်ပါသည်။

ထို ထမင်းစားပွဲသည် ကေသီတာ့အတွက် အရေးကြီးဆုံးသော ပွဲတစ်ပွဲလည်း ဖြစ်ပါသည်။

ထိုထမင်းစားပွဲသည် ကေသီတာနှင့် နိုင်ဝင်းထွန်းဆိုသော လူနှစ်ယောက်လက်ထပ်ရန်အတွက် နေ့စေ့ရန် ရက်ရွေးကြမည့်ပွဲဖြစ်ပြီး နေ့စေ့ရက်ရွေးပြီးလျှင် နှစ်မိသားစု ထမင်းလက်ဆုံစားကြမည် ဖြစ်သည်။

ယနေ့ ထမင်းစားပွဲကို ကျောင်းသားတစ်ယောက်အမြင်နှင့်ကြည့်မည်ဆိုလျှင် ပထမအစမ်းစာမေးပွဲနှင့်တူပြီး၊ တရားဝင်နေ့စေ့သောနေ့မှာ ဒုတိယအစမ်းစာမေးပွဲနှင့်တူပါသည်။

လက်ထပ်ကြသည့်နေ့ကတော့ နောက်ဆုံး အတန်းတင်စာမေးပွဲကြီးပင်ဖြစ်ပါသည်။

ယခု ကေသီတာသည် သူ့ ပထမအစမ်းစာမေးပွဲကို ကောင်းမွန်စွာဖြေဆိုနိုင်ပြီဟု တစ်ထစ်ချယုံကြည်ပါသည်။ ထိုလူနှင့် လက်ထပ်ရရေးအတွက် အစားအသောက်များကို ကောင်းမွန်အောင် ပြင်ဆင်နေခြင်းမျိုးမဟုတ်ပဲ၊ သူ့ဝါသနာအရရော မေမေကြီး၏ သွန်သင်ဆုံးမမှုကြောင့်ရော ကေသီတာသည် စားစရာများကို အကောင်းဆုံးဖြစ်အောင် ပြင်ဆင်နေခြင်းပင်ဖြစ်သည်။

'စနေနေ့ကို မမြနွယ်တို့မိသားစုတွေ အိမ်ကို ထမင်းစားလာကြလိမ့်မယ်၊ မောင်နိုင်ဝင်းထွန်းလည်း ပါလာလိမ့်မယ်၊ အဲဒီ ထမင်းစားပွဲဟာ နေ့စေ့မယ့်





နေ့ကို ရွေးတာဆိုရင်လည်း မမှားဘူး၊ ဒီတော့ တို့စားမယ့်ထမင်းနဲ့ဟင်းကို သမီးကြီးကေသီတာကပဲ ချက်ရမယ်'

'ဟင်... ဘာဖြစ်လို့လဲ မေမေကလဲ!'

သမီးငယ် မှုယာမောင်က တအံ့တဩမေးသည်။

'ငါ့သမီးဟာ အိမ်ထောင်မှု ဘယ်လောက်နိုင်နင်းတယ်၊ မီးဖိုချောင်ကို ဘယ်လို အုပ်စိုးနိုင်တယ်ဆိုတာ သိအောင်ပေါ့'

'ဒါဆို အောင်တို့ကတော့... ဇိမ်ကလေးနဲ့ နပ်နေပြီး လျှာသွေးထားဖို့ပဲ လိုတာပေါ့၊ မကေ လက်ရာဆိုရင် ပြီးပြီ'

သမီးလတ်ဖြစ်သူ ခင်မေအောင်က လက်သီးလက်မောင်းတန်းရင်း ပြောသည်။ ခင်မေအောင်သည် သူတို့တစ်အိမ်လုံးတွင် အကောင်းအကြိုက်ဆုံး သူ ဖြစ်သည်။

'ဒါမျိုးတော့ ဘယ်ရမလဲ သမီးတို့ရဲ့... သမီးရဲ့ ဘောကဝေယျာဝစ္စတွေကိုတော့ ဝိုင်းကူရမှာပေါ့၊ ချက်ဖို့တာဝန်ကိုသာ သမီးကြီးကိုပေးတာ'

ဒေါ်ထက်မေအောင် စကားဆုံးတော့ အောင်နှင့်မောင်သည် ပါးစပ်ကြီးတွေ ပြုံးသွားသည်။

'ရပါတယ် မေမေကြီး၊ ညီ့သည်က လေးယောက် သမီးတို့က လေးယောက် ရှစ်ယောက်စာကတော့ သမီးတစ်ယောက်တည်းနဲ့ ရပါတယ်... သမီးစီစဉ်ထားတဲ့ဟင်းကို သမီးနိုင်ပါတယ် မေမေကြီး'

'သမီးက ဘာဟင်းတွေ စီစဉ်ထားလို့လဲ!'

'ကြက်သားအစာသွပ်နဲ့လုပ်ထားတဲ့ အာလူးကက်တလိပ် မေမေ ပြီးတော့ ဝက်စတူး၊ ဝက်နံရိုးကို စပ်စပ်ကလေးပေါင်းထားတယ်၊ ပြီးတော့ မလေးရှားဟင်းချို၊ ကြက်တစ်ခြမ်းကို ဆော့ရှီ(စ) လုပ်ထားတယ်၊ ပြီးတော့ အခုချက်နေတဲ့ ဂျူကပ်ငါးဖယ်နို့ဆမ်း မေမေကြီး'

'အမလေး...မိရွှေကေသီမရဲ့၊ ဒီလောက်ဟင်းတွေကို ညည်းတစ်ယောက်တည်း ဘယ်လိုလုပ် ချက်နိုင်မှာတဲ့တုန်း'



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



'ရပါတယ် မေမေကြီး၊ ကြိုပြီးစီစဉ်စရာရှိတာတွေကို သမီး ညကတည်းက စီစဉ်ထားမှာပါ၊ မနက်လင်းတော့ တစ်ခုစီ ကောက်ချက်သွားရုံပါပဲ၊ အပန်းမကြီးပါဘူး မေမေကြီးရဲ့'

'မလိုချင်ဘူး၊ ဟိုနှစ်ယောက် ဝင်ကို ကူညီရမယ်'

'ရပါတယ် မေမေကြီးရယ်၊ ညီမလေးတွေလည်း တစ်အိမ်လုံး ရှင်းရလင်းရနဲ့ ပင်ပန်းရောပေါ့ နားပါစေ'

ဒေါ်ထက်မေအောင် သက်ပျင်းကိုချသည်။ ဒီကေသီမနှင့်တော့ မလွယ်...။

'မေမေကလည်း မမကေက သူ့လက်ရာစစ်စစ်ကို အစွမ်းပြချင်နေတာ သမီးတို့ဝင်ပါတော့ ရှုပ်သလိုဖြစ်နေမှာပေါ့ မဟုတ်ဘူးလားမောင်ရာ'

ခင်မေအောင်က မူယာမောင့်ကို ပြုံးဖြဲဖြဲအမူအရာနှင့်ပြောသည်။ မူယာမောင်ကလည်း ခေါင်းကို ခပ်သွက်သွက် အကြိမ်နှစ်ဆယ်လောက် ညိတ်ပစ်လိုက်၏။

'သမီးတို့ အဲဒီလို စကားမျိုးပြောတာ မေမေ မကြိုက်ဘူး၊ နောင်ဘယ်တော့မှ မပြောနဲ့၊ ကဲ...ကေသီ၊ သမီးက ခင်ရီလွင်ကိုတော့ လက်တိုလက်တောင်းခိုင်းဖို့အတွက် ခေါ်ထားရမယ်၊ ဒါ နောက်ဆုံးစကားပဲ၊ ခင်ရီလွင်...'

'ဟုတ်ကဲ့ မေမေကြီး'

'ကြားတယ်နော်၊ အိမ်ရှေ့က ကိစ္စတွေကို သမီးခေါင်းထဲက ထုတ်ထားလိုက်တော့၊ သမီးက ကေသီအနားမှာပဲ ရှိရမယ် ဒါပဲ'

ထိုနေ့ညက မေမေကြီး၏ မှတ်ချက်အတိုင်းပင်... ဒီနေ့မနက်မှာ ခင်ရီလွင်နှင့် ကေသီတာတို့နှစ်ယောက်သာ မီးဖိုချောင်မှာ ရှိနေသည်။

ခင်ရီလွင်မှာ ဆယ့်နှစ်နှစ်သမီး အရွယ်ကတည်းက ဒေါ်ထက်မေအောင်တို့အိမ်တွင် အိမ်ဖော်အဖြစ် ခေါ်ထားသူဖြစ်သည်။ ခင်ရီလွင်၏အဖေနှင့်အမေ ကွဲသွားကြပြီး ခင်ရီလွင်က အဖွားဖြစ်သူနှင့် နေရသည်။ သူမ ၁၀-နှစ်





သမီးအရွယ်တွင် ဖခင်ဖြစ်သူ ကွယ်လွန်သွားပြီး မိခင်၏ ဒုတိယယောကျ်ားမှာလည်း အမြဲမူးနေသူဖြစ်သဖြင့် မနေဝံ့ပဲ အဖွားနှင့်ပင် အတူ ပင်ပန်းဆင်းရဲစွာ နေထိုင်စဉ်အခြေအနေတွင် ဒေါ်ထက်မေအောင်နှင့်တွေ့၍ အိမ်ဖော်အဖြစ် အဖွားဖြစ်သူက ကြည်ဖြူစွာထည့်လိုက်သဖြင့် ဒေါ်ထက်မေအောင်၏ အိမ်သို့ ရောက်ရှိလာခြင်း ဖြစ်သည်။

ခင်ရီလွင်သည် ဘဝနာခဲ့သူ မိန်းကလေး ဖြစ်သည့်အလျောက် ငယ်ရွယ်သော်လည်း အသိတရားရှိသည်။ အလုပ်အကိုင် ကျိုးနွံသည်။ ဒေါ်ထက်မေအောင်ဆုံးမသည့်အတိုင်း တသွေမတိမ်း လိုက်နာသည်။ သို့သော် ကံကြမ္မာသည် ရိုးသားကြိုးစားသူများကို တမင်တကာပင် ရွေးရွေးပြီး အပြစ်ပေးလေ့ရှိသလားမသိ၊ ဒေါ်ထက်မေအောင်၏ အိမ်သို့ ခင်ရီလွင်ရောက်ပြီး လေးလကျော်တွင် အဖွားဖြစ်သူ ဆုံးသည်။

ထို့ကြောင့် ခင်ရီလွင်၏ဘဝသည် ဒေါ်ထက်မေအောင်၏ဘဝနှင့် တစ်ဆက်တည်းဖြစ်သွားပြီး ဒေါ်ထက်မေအောင်၏ သမီးတစ်ယောက် ဖြစ်လာလေသည်။ ဒေါ်ထက်မေအောင်သည် ခင်ရီလွင့်ကို သမီးတွေကျွေးသလို ကျွေးသည်၊ သမီးတွေကို ဆူသလို ဆူသည်၊ ပြီးတော့ သမီးတွေဆင်သလို ဆင်သည်။ သို့သော် ခင်ရီလွင်သည် သူ့ကိုယ်သူ အိမ်ဖော်တစ်ယောက်လိုသာ နေပါသည်။

'ငါးဖယ်လုံးကလေးတွေ တစ်ခုနဲ့တစ်ခုကပ်မသွားအောင် အသာကလေးဖယ်ဖယ်ပေးနော် ရီရီ'

'ဟုတ်ကဲ့ မမကြီး'

ခင်ရီလွင်ကပြောရင်း မျက်နှာကလေးက စပ်ဖြဲဖြဲကလေးဖြစ်နေသဖြင့် ကေသီတာ စိတ်တိုသွားသည်။

'ဘာဖြစ်လို့ စပ်ဖြဲဖြဲ ဖြစ်ရတာလဲ ရီရီ'

'ဘာမှ မဟုတ်ပါဘူး၊ မမကြီး ဂရုစိုက်တာကို သဘောကျလို့ပါ'

'နင့်စကားက ဘယ်အဓိပ္ပာယ်နားက လာတယ်ဆိုတာငါ သိတယ်



www.burmeseclassic.com

www.burmeseclassic.com



နော် ရီရီ၊ ငါက အလုပ်တစ်ခုကို လုပ်ရပြီဆိုရင် ကောင်းမှကြိုက်တယ်၊ သူတို့ကိုမှ အထူးတလည် ဂရုစိုက်နေတာ မဟုတ်၊ ဘယ်သူ့အတွက်ပဲဖြစ်ဖြစ် ငါ ဂရုစိုက်နေကျ မဟုတ်ဘူးလား!'

'အဲဒီလိုဆိုရင်လည်း စိတ်ဆိုးမနေပါနဲ့ မမကြီးရယ်၊ ရီရီအများပဲ ထားလိုက်ပါ၊ ဒီမှာ ပုဇွန်ထုပ်ကြီးတွေ မီးအုံးထားတာက ဘာလုပ်ဖို့လဲ!'

'ဟယ်... ကံကောင်းလို့ပါလား ရီရီရယ်၊ ငါမေ့နေတာ ကြည့်စမ်း၊ ပုဇွန်ထုပ် သုတ်မလို့ဟော့၊ ငါ အခွံနီရုံပဲ မီးအုံးထားတာ၊ အဲဒီအခွံကို ခွာ၊ ပြီးရင် ကြက်သွန်ဥကြီးသုံးလုံးလောက် နွှာ၊ ပူစီနံကို နုတ်နုတ်ကလေးစင်းထား၊ ဒီငါးဖယ်နို့ဆမ်းရော၊ ပုဇွန်သုတ်ရောက စားခါနီးမှလုပ်ရတာမို့ တော်ပါသေးရဲ'

ကေသီတာနှင့် ရီရီပြောနေသော စကားတွေကို ဒေါ်ထက်မေအောင် ကြားပါသည်။ ထိုစကားတွေက ဒေါ်ထက်မေအောင်၏ ရင်ထဲက နှလုံးသားကို ပီတိဖုံးစေသည်။

ကေသီတာ့တွင်ရှိသော အရည်အချင်းကောင်းမွန်သမျှသည် ဒေါ်ထက်မေအောင်၏ ဂုဏ်ပုဒ်များသာ ဖြစ်သည်။

အဘယ့်ကြောင့်ဆိုသော်... ကေသီတာသည် သူ့သမီးအရင်း မဟုတ်သောကြောင့် ဖြစ်ပါသည်။

❖





'မောင်... နင် မကေနဲ့ အဲဒီလူကြီးကို သဘောတူလား!'

'မတူတော့ရော ဘာတတ်နိုင်မှာမို့လို့လဲ! မေမေက စီစဉ်ပြီးနေပြီ၊ မေ့မေ့စကားဆို မကေကရော ဘယ်တုန်းက ငြင်းဖူးလို့လဲ! ... ကဲ'

ခင်မေအောင်က ပန်းခြံထဲက သစ်ရွက်နုကလေးတစ်ခုကို ခူးပြီး လက်သီးဆုပ်ကလေးပေါ်တင်ပြီး ညာဘက်လက်ဝါးဖြင့် အားရပါးရ 'ဖြောင်း' ခနဲမြည်အောင် ရိုက်ပစ်လိုက်သည်။ ပြီးတော့ နှုတ်ခမ်းကလေးကို စူရင်း 'မမိုက်ဘူးကွာ' ဟု ရေရွတ်သည်။

'ဦးနိုင်ဝင်းထွန်းကတော့ သဘောထားပြည့်ဝပုံရပါတယ်၊ သူ့မျက်နှာမှာ မာန်မာနအရိပ်တို့ ကောက်ကျစ်ရက်စက်မယ့် စိတ်ထားတို့ မရှိပါဘူး'

'ငါက အဲဒီလူကြီးကို မကျေနပ်လို့ပြောတာ မဟုတ်ပါဘူး၊ အဲဒီလူကြီးနဲ့ အိမ်ထောင်ကျသွားရင် မကေက သူတို့အိမ်ကို လိုက်သွားရမှာ အဲဒါကို ပြောတာ...'

ခင်မေအောင်၏ စကားကြောင့် မှုယာမောင်လည်း အသံတိတ်သွားသည်။

ကေသီတာသည် သူတို့၏ အစ်မအရင်းမဟုတ်၊ သွေးသားလည်း မတော်စပ်သော်လည်း သူတို့ကို အမြဲသည်းခံသော၊ သူတို့အလိုကို အမြဲ



www.burmeseclassic.com

www.burmeseclassic.com

ဖြည့်ဆည်းပေးသော... သူတို့နှစ်ယောက်အတွက်ဆိုလျှင် ဘယ်အရာကိုဖြစ်စေ ဘယ်တော့မှ နောက်မတွန့်တတ်သော ကေသီတာကို အစ်မအရင်းလို သူတို့ ချစ်ကြသည်။

အခုတော့ ကေသီတာသည် အိမ်ထောင်ပြုတော့မည်။

သျှောင်နောက်ဆံထုံးပါ စကားအတိုင်း သူ့ခင်ပွန်းနောက်ကို လိုက် ရတော့မည်။

'ငါ့စိတ်ထင်တော့ မကေက အဲဒီလူကြီးကို မချစ်ဘူးလို့ ထင်တာပဲ'

'အေး... မောင်လည်း ဒီလိုပဲထင်တာပဲ မေမေကြီးကြောင့်သာ မကေ ခေါင်းညိတ်တာဖြစ်ရမယ်၊ မေမေကလည်း ဘာဖြစ်လို့များ မကေကို ယောက်ျားပေးစားရတာလဲ မသိဘူး'

မောင်က အရွယ်ပေးလိုက်ရသော စိတ်ညစ်သည့်လေသံဖြင့် ပြောသည်။

'မကေကို မေမေပြောတဲ့နေ့က ငါအခန်းထဲကနေ ကြားရတာက မေမေ့ကို မကေက သူ့အိမ်ထောင်မပြုဘဲ နေလို့မရဘူးလားလို့မေးတယ် မောင်ရ၊ မေမေက မကေကို ဒီအရွယ်ထိရောက်အောင် ပြုစုပျိုးထောင်ပေးခဲ့ပြီတဲ့၊ ပညာလည်းစုံပြီတဲ့ ဒီတော့ ကိုယ့်ဘဝကို ကိုယ်တိုင်လျှောက်ဖို့ လုံလောက်တဲ့ အရည်အချင်းတွေလည်း ရှိပြီဆိုတော့ တကယ့်ဘဝသစ်ကို ကိုယ့်မိသားစုနဲ့ ကိုယ် တည်ဆောက်တော့လို့ပြောတော့ မကေက ငိုပြီး မေမေ့ကို ကန့်တော့ တာ မောင်ရဲ့'

'အဲဒါကို မောင့်ကို ဘာဖြစ်လို့ စောစောစီးစီးက မပြောတာလဲ!'

'အောင်မာ... ပြောတော့ရော မောင်က ဘာတတ်နိုင်မှာမို့လို့လဲ!'

'မေမေ့ကို ပူဆာမှာပေါ့ကွ!'

'ရလိမ့်မယ် အားကြီးကြီး၊ ကဲ... တို့မကျေနပ်ဖြစ်နေလည်း ကိစ္စက သူတို့ဘာသာ ပြီးသွားမှာပဲ၊ စည့်ခန်းပန်းအိုးမှာထိုးဖို့ နှင်းဆီကောင်းကောင်း သာရှာတော့...'

❖





ကေသီတာသည် အချိုပွဲကိုပြင်ဆင်ပြီးနောက် အားလုံး အဆင်သင့်ဖြစ်ပြီ ဟု စိတ်ကို ခုန်းခုန်းချနိုင်တော့မှပင် သူ့အခန်းထဲသို့ဝင်ပြီး ခဏလှဲသည်။ မနက်ငါးနာရီကတည်းက ထ,ပြီး ချက်ရပြုတ်ရသော သူမသည် နုံးနေတာ မဟုတ်သည့်တိုင် လန်းဆန်းခြင်းတော့ သိပ်မရှိ။

ပြီးတော့... ဒီနေ့ ထမင်းစားပွဲအကြောင်းကိုလည်း သူတစ်ယောက်တည်း အေးအေးဆေးဆေး စဉ်းစားချင်ပါသေးသည်။

'အချစ်' ဆိုသော စကားလုံးကို သူ သေသေချာချာ နားမလည်ခဲ့ဘူး ဆိုတာကတော့ သေချာသည်။ ကျောင်းတက်တုန်းက ရည်းစားတွေ သုံးလေး ယောက်ထားခဲ့ဖူးသော သူ့သူငယ်ချင်း နုနုဝင်းကတော့ 'အချစ်'ဆိုတာ ခံစားမှုပေါ့ဟ၊ ကိုယ်က သူ့အကြောင်းကို အမြဲစဉ်းစားနေချင်တာရယ်၊ သူနဲ့တွေ့ရင် ပျော်ရွှင်တာရယ်၊ သူက ယုယတဲ့အခါမှာ ကျေနပ်တာရယ်... အဲဒါ အချစ်ပေါ့'တဲ့။

ဒီစကားသာ အမှန်ဆိုလျှင်တော့ သူနှင့် ဦးနိုင်ဝင်းထွန်းတို့ တစ်သက်လုံး ယောက်တော့ ဒုက္ခရောက်တော့မှာ သေချာသည်။ နှစ်ယောက်လုံးလည်း



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခရောက်သွားနိုင်သည်။ နိုင်ဝင်းထွန်းသည် သူ့ထက် အသက်လေးနှစ်ကြီးသဖြင့် ရှိသေစွာ သူဆက်ဆံခဲ့သည်မှတပါး အခြားသောစိတ်ခံစားမှု တစ်စုံတစ်ရာမရှိ။ ကိုယ့်ဘက်က အနေအထိုင်မမှားရအောင် ဂရုတစိုက်နေခဲ့တာတောင်မှ လွန်ခဲ့သည့်လတုန်းက ဦးနိုင်ဝင်းထွန်းနှင့် သူ့သူငယ်ချင်းတစ်ယောက် အိမ်လာလည်သည့်နေ့တွင် မေမေကြီးက အပြင်သွားနေခိုက်နှင့် ကြုံသဖြင့် သူမကိုယ်တိုင် ဧည့်ခံရသည်။

လက်ဖက်သုပ်နှင့် ရေနွေးကြမ်းဖြင့် ဧည့်ခံရင်း 'ကျောင်းပြီးသွားရင် ဘာလုပ်မလဲ'ဆိုသော ခေါင်းစဉ်ကလေးအောက်မှာ စကားပြောဖြစ်ကြသည်။

'ကျွန်မကတော့ အစိုးရ အလုပ်ထက် ကိုယ်ပိုင်အလုပ်ကိုပဲ လုပ်ချင်တယ်၊ အစိုးရအလုပ်က တိုးဖို့မလွယ်တာရယ်၊ ရရင်လည်း နယ်သွားရမှာဆိုတော့... အိမ်မှာ မေမေကြီးရဲ့ကျန်းမာရေးက ကျွန်မရှိမှဖြစ်မှာ...'

'မကေသီတာရဲ့ ဘယ်ဘက် ခြေသန်းကလေးတစ်ချောင်း အပိုပါပြီး ပူးနေတယ်နော်...'

'ရှင်!!'

ဦးနိုင်ဝင်းထွန်းနှင့် အတူပါလာသူ သူငယ်ချင်း၏စကားကြောင့် သူမမျက်နှာပေါ်ကို မိုးကြိုးပစ်ချတာ ခံလိုက်ရသလို သူမ အကြီးအကျယ် တုန်လှုပ်ရှက်ရွံ့သွားခဲ့သည်။ ဘယ်လောက်ထိ ရှက်သွားသလဲဆိုလျှင် သူမ မြင်နေရသော အရာဝတ္ထုတွေ အားလုံးသည် အပြာရောင်တွေချည်း ဖြစ်သွားသည့်အထိ ရှက်သွားခဲ့သည်။

ဦးနိုင်ဝင်းထွန်း၏ သူငယ်ချင်းပြောတာ မှန်ပါသည်။

သူမ ဘယ်ဘက်တွင် ခြေပူးကလေးပါသည်။ ခြေသန်းကလေးနှစ်ခု ပူးနေခြင်းဖြစ်၏။ ခြေချောင်းအနေနှင့် ငါးချောင်းပင်ဖြစ်သော်လည်း ခြေသည်းကတော့ ခြောက်ခုရှိသည်။ ထိုခြေပူးကလေးပါခြင်းကို သူမငယ်စဉ်ကတည်းက အရမ်းရှက်ခဲ့သည်။ အပျိုဖော်ဝင်တော့ ထိုခြေပူးကလေးကို မည်သူမျှ မမြင်မတွေ့ရအောင် အသေအချာ ဂရုစိုက်ခဲ့သည်။





တစ်ချို့ မိတ်ဆွေသူငယ်ချင်းတွေဆိုလျှင် သူမနှင့်ခင်ပြီး ဝေးသွားကြ မတွေ့ကြရသည့်အထိ သူမမှာ ဒီခြေပူးကလေးရှိနေသည်ဆိုတာကို သိမသွားသူတွေ တော်တော်များပါသည်။

ကေသီတာ ရှက်သွားကြောင်းကို နိုင်ဝင်းထွန်းက ရိပ်မိသွားသည်။

'ဟေ့ကောင်... ဘာတွေလျှောက်ပြောနေတာလဲ! မင်းကကွာ ခက်တော့တာပဲ... မင်းကွာ...'

နိုင်ဝင်းထွန်းမှာ ကေသီတာ ရှက်သွားတာကိုလည်း အားနာ၊ သူ့သူငယ်ချင်း နှုတ်မဆင်ခြင်တာကိုလည်း ဒေါသဖြစ်နှင့် ဘယ်လိုမျက်နှာထားပြီး ဘယ်လိုစကားပြောရမှန်းပင် မသိလောက်အောင် ဖြစ်သွားသည်။

'ငါလည်း ခုမှတွေ့တော့ အမှတ်တမဲ့ ပြောမိတာပါကွာ...'

'မင်းကွာ... ခက်တာပဲ မင်းကွာ...၊ မကေသီတာ စိတ်မဆိုးပါနဲ့ ဒီကောင်က ဘာရယ်ညာရယ် မဟုတ်ပါဘူး၊ သူ့စိတ်ထဲရှိရာပြောတတ်တဲ့ကောင်ပါ'

သူမကတော့ ငိုချင်တာပဲသိသည်။

သူ့မှာ ဒီလို ခြေသန်းကလေးပူးနေတာကို လူသိမှာ အင်မတန်ကြောက်လည်းကြောက် ရှက်လည်းရှက်တတ်သူမို့ တည့်တည့်ကြီး အပြောခံလိုက်ရသောအခါ ငိုချင်ခြင်းကိုသာ မှတ်မိတော့သည်။

ဧည့်ခန်းမှာ သုံးယောက်ထိုင်နေကြသော်လည်း ပြောရမည့်စကားတောမရှိတော့သလို ဖြစ်နေသည်။ တစ်စက္ကန့်ချင်း ကစ်စက္ကန့်ချင်း အသက်ရှူကြပ်ရှူကြပ်ရှိလာ၏။ တစ်ယောက်နှင့်တစ်ယောက်လည်း မျက်ဝန်းချင်းမဆုံအောင် ကြိုးစားနေရတာ ပင်ပန်းလွန်းသည်နှင့် နိုင်ဝင်းထွန်းကပင် ပြန်ဖို့ကိစ္စကို နှုတ်ဆက်ရသည်။

'မကေသီတာ... ကျွန်တော်တို့ ပြန်လိုက်ပါဦးမယ်၊ ကိစ္စတစ်ခုလည်း ဝင်စရာရှိလို့ပါ'

'ဟုတ်ကဲ့ပါရှင့်'



www.burmeseclassic.com

www.burmeseclassic.com



'အန်တီထက်လာရင်သာ ကျွန်တော် လာလည်သွားတယ်လို့ ပြောပေးပါ'

'ဟုတ်ကဲ့ရှင့်'

အဲဒီတုန်းက ရက်ခဲ့ရတာကို အခုပြန်တွေးလည်း အခုထိရက်တုန်းပင်ဖြစ်သည်။ သူမနှင့် ဦးနိုင်ဝင်းထွန်းတို့ နောင်တွေ့ကြသည့်အခါ နှစ်ယောက်စလုံး ညှိထားကြသကဲ့သို့ ထိုကိစ္စကို ပြန်မပြောဖြစ်တော့ချေ။

သူမနှင့် ကိုနိုင်တို့တွေ့ကြရသည်မှာလည်း အကြိမ်အနည်းအကျဉ်းသာ ရှိပါသည်။ ထိုစဉ်က အခုလို စေ့စပ်မည်၊ လက်ထပ်ရမည်ဆိုတာကို နှစ်ဦးစလုံးသိမထားကြသဖြင့် ရိုးရိုးတွေ့ ရိုးရိုးစကားပြောရုံသာ ရှိသည်။

ဒီလိုစကားပြောကြည့်တော့မှ နိုင်ဝင်းထွန်းဆိုသော ကိုနိုင်သည် တော်တော်ရက်တတ်ပြီး စကားတစ်ခွန်းကို သူ့ဘက်က မကျိန်းသေလျှင် ဘယ်တော့မှ တာဝန်ရမ်းယူတတ်သူ မဟုတ်ကြောင်းသိရသည်။

သူမက ပထမအကြိမ်တွေမှာ စကားပြောသည့်အခါတွင် 'ဦးနိုင်ဝင်းထွန်း' ဟု ခေါ်သော်လည်း စကားပြောကြရင်းနှင့် နိုင်ဝင်းထွန်းက သူ့ကိုယ်သူ 'ကိုနိုင် ကလေ...' 'ကိုနိုင်က' ဟူသော အသုံးအနှုန်းကို သုံးသဖြင့် ကေသီတာလည်း 'ကိုနိုင်' ဟု ခေါ်ဖြစ်သွားသည်။

'တို့ကို 'ကိုနိုင်' လို့ခေါ်ပါလား!...' ဟု တိုက်ရိုက်ပြောရမှာ ရက်လို့ဟု နောက်ပိုင်း ရင်းနှီးလာသောအခါကျတော့ ရယ်ရယ်မောမောပင် ပြောခဲ့သည်။

သူမနှင့် ကိုနိုင်သည် အပြင်မှာ တွေ့တာမရှိသလောက်ပင်၊ ကိုနိုင် အိမ်လာလည်လျှင် ဧည့်ခန်းမှာ ဒါမှမဟုတ် ပန်းခြံထဲမှာ ခြံထဲက မန်ကျည်းပင်ကြီးအောက်မှာ စ,သဖြင့်သာ တွေ့ကြလေ့ရှိသည်။

ကိုနိုင့်ပုံစံသည် ခေတ်ဆန်ပြီး အဝတ်အစား၊ အနေအထိုင်၊ အပြောအဆိုတို့ဖြင့် ရင်ခုန်အောင် ဆွဲဆောင်နိုင်သည့် ယောကျ်ားလေးမျိုး မဟုတ်ပါ။

ကိုနိုင်သည် လှိုင်းတွန့်ပါသောဆံပင်ကို ဘေးခွဲခွဲ၍ သပ်သပ်ရပ်ရပ်





ဖြီးထားတတ်ပြီး၊ အင်္ကျီကို ကြယ်သီးအပြည့် တပ်ထားတတ်ပြီး အမြဲတမ်း ပုဆိုးကိုသာ ဝတ်တတ်သူ ဖြစ်ပါသည်။ ကိုနိုင်သည် အသားအရည်လှသူ ဖြစ်ပြီး စကားပြောလျှင် လေသံက အားနာသံ အလိုလိုပါနေတတ်သည်။ ကိုနိုင်၏ကိုယ်ပေါ်တွင် ဒီနေ့ခေတ်၏ ဒီဇိုင်းအပြင်အဆင်ကို လုံးဝ တွေ့ရလိမ့်မည် မဟုတ်ပါ။

ကိုနိုင်နှင့် သူမ တစ်ကြိမ်တည်းသာ အပြင်သို့ အတူသွားခဲ့ကြဖူးပါသည်။ ထိုအကြိမ်မှာ မေမေကြီးက ထိန်သားဖြင့်ထုထားသော ဘုရားဆင်းတုတော်ကို ရွှေတိဂုံဘုရားတွင် ဝယ်ရန် သူမကို လွှတ်သည်။

သူမသွားရန်ပြင်ဆင်နေတုန်း မျှော်လင့်မထားပါဘဲ ကိုနိုင်က အိမ်သို့ အလည်ရောက်လာသည်။

'အတော်ပဲ မောင်နိုင်ရေ... မင်းအမေအတွက် ဆီးချိုကျဆေးရွက် ပေးမလို့၊ မိကေရေ မေမေကြီး ကြောင်အိမ်ပေါ်က ဆီးချိုရွက်ခြောက်ထုပ် ယူလာခဲ့ဟေ့'

'ပြီးခဲ့တဲ့အပတ်ကတော့ မေမေ ဆီးချိုနည်းနည်း ပြန်တက်တယ် အန်တီမေ...'

'အေး... အဲဒီအရွက်ကို လက်ဖက်ခြောက် ခပ်သောက်သလိုသာ သောက်၊ ဒါ ကြက်လည်ဆံရွက်လို့ခေါ်တယ်၊ တစ်ထုပ်ဆို နှစ်လလောက် တော့ အနည်းဆုံး သောက်လို့ရတယ်၊ ငါတော့ ဒီကြက်လည်ဆံနဲ့ တော်တော် လေးအဆင်ပြေတယ်၊ စမ်းသောက်ကြည့်စမ်းပါ...'

'ဟုတ်ကဲ့ အန်တီမေ...'

ဒေါ်ထက်မေအောင်က သူမပေးသော ကြက်လည်ဆံဆေးထုပ်ကို ကိုနိုင့်အားပေးသည်။ ပြီးတော့...

'မင်း သွားစရာရှိသေးလား မောင်နိုင်...'

'မရှိဘူး အန်တီမေ၊ ဘာခိုင်းစရာရှိလို့လဲ အန်တီမေ'

'အေး...အခုပဲ မင်းနှမက ငါ့အတွက် ထိန်သားနဲ့ထုထားတဲ့ ဘုရား



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆူ ရွှေတိဂုံဘုရားမှာ သွားဝယ်မလို့ မင်းအားတယ်ဆိုရင် အဖော်လိုက်ပေးစမ်းပါကွယ်'

စကားဝိုင်းသည် အသံတိတ်၍သွားသည်။

နိုင်ဝင်းထွန်းက ကေသီတာ့ကို ကြည့်သည်။ သူမကလည်း ပြန်ကြည့်ပြီးနောက် မျက်လွှာကို ချထားလိုက်သည်။

'ကျွန်တော် အိမ်က ကားပြန်ယူလိုက်ရမလား အန်တီမေ'

'အို...အဲဒီလောက်လည်း မဟုတ်ပါဘူး၊ လမ်းထိပ်ကသာ ကားငှားပြီး သွားလိုက်ပါ၊ မောင်နိုင် အဖော်ပါတော့ သာတောင်အဆင်ပြေသေး၊ မိကေ မေမေကြီးအတွက် စနေထောင့်မှာ ရေသက်ဆုပါပူဇော်ခဲ့တော့ ဟုတ်ပြီလား!'

'ဟုတ်ကဲ့ပါ မေမေကြီး'

လမ်းထိပ်ကိုရောက်တော့ ကိုနိုင်က ကားငှားရန်လုပ်သည်။ သူမကတော့ ဒီခရီးကို ပိုက်ဆံအကုန်ခံပြီး အငှားကားနှင့် မသွားချင်ပါ။ ၄၆-ကားလေးစီးလျှင် ရွှေတိဂုံဘုရားသို့ တန်းရောက်သည် မဟုတ်လား။

'ကိုနိုင် ကားငှားမနေပါနဲ့ ၄၆-ကားလေးနဲ့ပဲ သွားမယ်'

'ကကပဲ ငှားလိုက်ပါ သုံးထောင်လောက်ပဲ ရှိတဲ့ဟာ'

'ကိုနိုင်က လိုင်းကားစီးရတာကို ရှက်ဖို့ကောင်းတယ်လို့ ထင်လို့လား!'

'အာ... အဲဒီလို မဟုတ်ရပါဘူး၊ အန်တီမေက ပြောလိုက်လို့ပါ၊ ကျွန်တော် မကြာခဏ လိုင်းကားစီးတတ်ပါတယ်'

'ဒါဆိုရင် ၄၆-နဲ့ပဲ သွားမယ်'

ရွှေတိဂုံဘုရား တောင်ဘက်မုခ်ကိုရောက်တော့ ဖိနပ်အသီးသီးချွတ်ကြပြီးချိန်တွင် သူမက ကိုနိုင်ကို ဖိနပ်ကိုင်ပေးရမလား!...ဆိုသော ပြဿနာက တက်လာသည်။

'ဖိနပ်အပ်ခဲ့မလား'

သူမက 'ဖိနပ်အပ်ခဲ့မလား!...' ဟု မေးသော်လည်း မျက်လုံးတွေကတော့ ဖိနပ်အပ်ခဲ့တာ ကောင်းတယ်ဟူသော ပုံစံမျိုးဖြစ်နေသည်ဆိုတာ





ကိုနိုင် သဘောပေါက်သဖြင့် ခေါင်းညိတ်လိုက်သည်။

ကိုနိုင် ခေါင်းညိတ်ပြီးပြီးခြင်းပင် သူမက ကိုနိုင်ဖိနပ်ကို ကောက်ယူပြီးသား ဖြစ်နေသည်။

'ဟာ...မလုပ်ပါနဲ့၊ ကျွန်တော့်ဘာသာ ကိုင်ပါ့မယ်'

'ဪ...ရပါတယ်၊ ပေးပါ အိတ်ထဲထည့်ရုံပဲဟာ လွတ်လိုက်လေ...'

ဖိနပ်အပ်ပြီးတော့ စောင်းတန်းကို စတက်သည်။ ကေသီတာသည် ပန်းပုဆိုင်တိုင်းကို တွေ့တိုင်း ထိန်သားဖြင့်ထုထားသော ဆင်းတုတော်၏ ဈေးကို မေး၍သွားသည်။ ဆိုင်တွေကလည်း တစ်ဆိုင်နှင့်တစ်ဆိုင် ဈေးတွေက မတူသဖြင့် ဒီလိုဆိုင်တိုင်းကို မေးရတာကို သူမက ကောင်းသော စုံစမ်းခြင်းဟု သဘောထားသည်။

သို့သော် သုံးလေးဆိုင်လောက် မေးပြီးတော့ ကိုနိုင့်ပုံစံက မဝယ်ဘဲ ဈေးပဲမေးနေတာကို အားနာနေပုံရသည်။ သူမ ဆိုင်တစ်ဆိုင်ကို ဝင်လျှင် လိုက်ဝင်မလာတော့ဘဲ အခြားဆိုင်က အရုပ်တွေ၊ ပုတီးတွေ၊ လင်းကွင်းတွေကိုသာ လျှောက်ကြည့်နေတာကို သူမ သတိထားမိသည်။ ကိုနိုင့်မျက်နှာသည် အားနာစိတ်နှင့် သွေးရောင်လွှမ်း၍နေသည်။

စောင်းတန်းဆုံး၍ ရင်ပြင်တော်ကို ရောက်တော့မှပင် ကိုနိုင့်မျက်နှာသည် နဂိုပုံစံအတိုင်း ပြန်ဖြစ်လာသည်။

'မေမေကြီးအတွက် စနေထောင့်မှာ ရေအရင်သွားလှူရအောင်နော်...'

ကိုနိုင်ဘာမှ ပြန်မပြောဘဲ သူမ သွားရာနောက်သို့သာ လိုက်ခဲ့သည်။ စနေထောင့်မှာ ရေသပ္ပာယ်ပြီးတော့ သူမက မေမေကြီးအတွက် ဘုရားရှိခိုးပြီး ဆုတောင်းပေးသည်။ မေမေကြီးအတွက် အားလုံးလုပ်ပြီးမှ သူမ သတိရသည်က ကိုနိုင်လည်း စနေသားဖြစ်လိမ့်မည် ဆိုတာကို ဖြစ်သည်။

'ကိုနိုင်လည်း စနေသားပဲ မဟုတ်လား!'

'ဟုတ်ကဲ့'

'အမလေး... ကိုနိုင်ရယ် စောစောကတော့ မပြောဘူး၊ ကဲပါ ရေတစ်ခွက်



www.burmeseclassic.com

www.burmeseclassic.com

ရေသွားသပ္ပာယ်လိုက်ပေါ့'

'ကျွန်တော် မလုပ်တတ်ဘူးဗျ။ တစ်ခါမှလည်း မလုပ်ဖူးဘူး'

'အမလေး... ဘာခက်တာမှတ်လို့၊ ဘုရားရယ်၊ နဂါးရယ်၊ ဂြိုဟ်တိုင်ရယ်ကို ရေသက်စေ့ သပ္ပာယ်လိုက်၊ သွားသွား ကျွန်မ ဒီကပဲ စောင့်မယ်...'

ကိုနိုင်က သူမစကားအတိုင်း လိုက်နာတာကိုတော့ သူမစိတ်ထဲက ကျေနပ်သလို ခံစားရသည်။ မိန်းကလေးဆိုတာမျိုးကလည်း ယောကျ်ားလေးတစ်ယောက်အပေါ် သြဇာကလေးနည်းနည်း သက်ရောက်လျှင် ကျေနပ်တတ်သည့် သတ္တဝါ မဟုတ်လား!'

ကိုနိုင့်ကိစ္စပြီးတော့ သူမ၏ တနင်္လာထောင့်မှာ ရေသွားလှူလိုက်သေးသည်။ ဒီလိုနှင့်ပင် သူမနှင့် ကိုနိုင်တို့ ရွှေတိဂုံဘုရားကို တစ်ပတ်ပတ်ပြီးသား ဖြစ်သွားသည်။

တောင်ဘက်မုခ်ကပဲ ပြန်အဆင်းတွင် အတက်တုန်းက မေးခဲ့သည့် ဈေးနှုန်းများထဲမှ ဈေးအနည်းဆုံးဆိုင်ကို သူမ ပြန်ဝင်သည်။

'သောင်းနှစ်ထောင်ကတော့ များပါတယ်၊ တစ်သောင်းပဲ ထားပါလား ရှင့်'

'ထိန်သားက ရှားလည်းရှားလို့ပါ၊ ပြီးတော့ ဘုရားဝယ်ရင် ဈေးမစစ်ရဘူး ညီမရဲ့၊ ဒါကြောင့်မို့ အစ်ကိုတို့က မတရားမဖြစ်ရအောင် ရောင်းနိုင်တဲ့ အနိမ့်ဆုံးဈေးကို ပေးထားတာပါ၊ ဒါနဲ့... အစ်ကိုက စနေသားလား!'

ဈေးရောင်းသူက ကိုနိုင့်ကိုကြည့်၍ မေးသည်။

'ဟုတ်ကဲ့၊ ကျွန်တော် စနေသားပါ'

'ဒီက ညီမလေးကရော...'

'တနင်္လာပါ'

'ဟာ... စနေနဲ့ တနင်္လာဆို ဘာကြောင့် ထိန်သားကိုးကွယ်ရမှာလဲ သစ်ကနက်သား ဘုရားကိုးကွယ်ရတယ်၊ ယောကျ်ားရော မိန်းကလေးပါ နာမ်နှစ်ခုစလုံးပါတဲ့ဘုရားမှ မိသားစုစီးပွားရေးကို ထိရောက်အောင်





ကာကွယ်ပေးနိုင်တာ ကနက်သားပဲယူတော့'

ဈေးရောင်းသူစကားဆုံးသည်နှင့် ကိုနိုင်မျက်နှာမှာ ရဲတွတ်သွားသည်။ အသားအရည်လှသူမို့ ရှက်လျှင် ချက်ချင်းသိသာသည်။

'အစ်ကို ဘာတွေ လျှောက်ပြောနေတာလဲ၊ ကျွန်မတို့က မိတ်ဆွေတွေ ဒီဘုရားက ကျွန်မအမေမှာလိုက်လို့ ဝယ်တဲ့ဘုရား၊ ကျွန်မတို့အတွက် မဟုတ်ဘူး'

ဒီလိုနေရာမျိုးကျတော့ ယောကျ်ားလေးတွေထက် မိန်းကလေးတွေက အမြဲသာသည်။ သူမသည် ထိုရှင်းလင်းသောစကားကို အမှားအယွင်း အထစ်အငေါ့မရှိ တိတိကျကျ ပြောနိုင်ခဲ့သည်။

ဘုရားဝယ်ပြီး ပြန်ဆင်းလာတော့ ၄၆-ရပ်သည့် မှတ်တိုင်အထိ သူမနှင့် ကိုနိုင် ဘာစကားမှ မပြောနိုင်ခဲ့၊ ကိုနိုင်က ဘုရားကို ရင်ဝယ်ပိုက်ရင်း သူ့အနားမှာ ဘယ်သူမှမရှိသလိုမျိုး မျက်နှာနှင့် ရပ်၍နေသည်။ သူမှာက လည်း ကိုနိုင့်ကို ပြောစရာစကား ဘာမျှမရှိသဖြင့် နံဘေးမှာ ဘာစကားမျှ မပြောပဲ ရပ်နေမိသည်။

၄၆-ကားလေးလာတော့ ကားတစ်ဝက်ခန့်ရှိသော လူများဆင်းပြီး လူ ၁၀-ယောက်လောက် တက်ရမည်ဖြစ်သဖြင့် နောက်ဆုံးဆင်းသူပြီးသည်နှင့် တက်သူများက အလုအယက် တိုးဝှေ့တက်ကြတော့သည်။

ကိုနိုင်ကလည်း ဘုရားကိုပိုက်ရင်း အတင်းတိုးတက်သည်။ ကိုနိုင့် နောက်ကပ်လျက်က သူမဖြစ်သည်။ ကားထဲမှာ ရောက်နေပြီးသူတွေ နေရာမကျသေးခင် ကားက တိုးထွက်တော့ ယိုင်ထွက်သွားသောသူမသည် ရှေ့မှာရှိသော ကိုနိုင့်၏ခါးမှပုဆိုးစကို လှမ်းဆွဲပြီး ထိန်းလိုက်ရ၏။ သူမက ဆွဲသည့်အရှိန်၊ ကားက အတင်းတိုးဆောင့်ထွက်သည့် အရှိန်တို့ကြောင့် ကိုနိုင့် ပုဆိုးကို နောက်ကနေ ဆွဲချွတ်လိုက်သလို ဖြစ်သွားလေသည်။

ကျွတ်လည်းကျွတ်သွားပါသည်။

အောက်ခံဘောင်းဘီပါ၍သာ တော်ရေသည်။


www.burmeseclassic.com

www.burmeseclassic.com

ကိုနိုင်အဖြစ်ကလည်း သူ့ပုဆိုးကို ထိန်းရန်မဖြစ်နိုင်ပါ၊ ဘယ်ဘက်လက်က ဘုရားဆင်းတုတော်ကို ပိုက်ထားရပြီး ညာဘက်လက်က ကားအမိုးနှင့် ကပ်လျက်ရှိသော သံတန်းကို ကိုင်ထားရသည်။

ငါးစက္ကန့်လောက် လူတွေ ကြောင်သွားကြပြီးနောက် ဘေးတန်းမှ ဦးလေးကြီးတစ်ယောက်က ကိုနိုင့်လက်ထဲမှ ဘုရားဆင်းတုတော်ကို လှမ်းယူလိုက်သဖြင့် အခြေအနေက အဆိုးဝါးကြီးဖြစ်မသွားပဲ တစ်ကားလုံး ပြုံးရုံမျှလောက်နှင့် ကိစ္စပြီးသွားသည်။

သို့သော် ကာယကံရှင် သူမတို့နှစ်ယောက်ကတော့ တစ်ယောက်ကိုလည်းတစ်ယောက် မကြည့်ရဲ စကားလည်းမပြောရဲကြတော့ပဲ တိတ်တဆိတ်သာ စီးလာကြသည်။ ကားစပါယ်ယာက ပိုက်ဆံတောင်းတော့ သူမက နှစ်ယောက်စာပေးသည်။

'တစ်ယောက်က ဘယ်သူလဲ အစ်မလေး'

'နောက်မှာ...'

'ဩော်... ပုဆိုးကျွတ်တဲ့လူလား! ဟုတ်ပြီ၊ ကဲ... ဒါဆို နှစ်ယောက်ကျန်မယ်၊ လက်မတို့ပါရစေနဲ့ခင်ဗျာ'

မှတ်တိုင် လေးမှတ်တိုင်လောက်စီးပြီးတော့ ကိုနိုင်က သူမကိုပြောသည်။

'ကျွန်တော် ဆက်မလိုက်တော့ဘူး မကေသီတာ၊ သူငယ်ချင်းတစ်ယောက်အိမ် ဝင်ချင်လို့ပါ'

'ဟုတ်ကဲ့'

ထိုနေ့ကစ,ပြီး သုံးလခန့် ကိုနိုင်သည် သူမတို့အိမ်သို့ မလာတော့ပါ။ ကိုနိုင် မေမေ ဒေါ်မြနွယ်နှင့် မေမေကြီးတို့ တရားစခန်းဝင်လျှင် အရင်က ကိုနိုင် ကားလိုက်မောင်းပေးနေကျဖြစ်သော်လည်း အခုတော့ ဒရိုင်ဘာနှင့်ပင် မေမေကြီးကို လာခေါ်တော့ပါသည်။

ထိုကိစ္စကို ကေသီတာက ခင်မေအောင်နှင့် မူယာမောင်တို့ကို ပြောမပြ





ဖြစ်သလို ကိုနိုင်ကလည်း ဘယ်သူ့ကိုမျှ ပြောပြမည့်ပုံ မပေါ်ပါ။

သုံးလကျော်ပြီးသည့် နေ့တစ်နေ့တွင် မိဘနှစ်ယောက်နှင့် နိုင်ဝင်းထွန်းတို့ အိမ်သို့ရောက်လာကြသည်။ ကိစ္စက တောင်ငူမှ မေမေကြီးတို့ကိုးကွယ်သော ဆရာတော်ကြီး မျက်စိခွဲရန်ကိစ္စဖြစ်သည်။

ညည့်သည်လာပြီဆိုကတည်းက သူမက နက်(စ)ကော်ဖီ သုံးခွက်ဖျော်ပေးသည်။ ခင်ရီလွင်သွားချပေးတော့ သူ့မိဘနှစ်ယောက်သာ မေမေကြီးနှင့် စကားပြောနေတာတွေ့ရပြီး သူ့ကိုတော့ မတွေ့ရဟု ဆိုသည်။

ဒါနှင့် ကေသီတာက အခန်းထဲမှ ကားထိုးရပ်ထားသော ဆင်ဝင်အောက်ကို ချောင်းကြည့်လိုက်သည်။ (သူမဘဝတွင် ပထမဆုံးအကြိမ် ယောကျ်ားတစ်ယောက်ကို ခိုးကြည့်ခြင်းလည်း ဖြစ်ပါသည်။) ကားထဲမှာရော ကားနားမှာပါ သူ့ကို မတွေ့ရ...၊ ပန်းခြံထဲကိုကြည့်တော့မှ ဂမုန်းပင်တွေနားမှာ လက်ကို နောက်ပစ်ပြီး လမ်းလျှောက်နေတာကို တွေ့ရသည်။

လိုက်ကာကို ပြန်ပိတ်လိုက်ပြီး သူဘာလုပ်ရလျှင်ကောင်းမလဲဟု စဉ်းစားသည်။ ပြီးတော့ အခန်းထဲကထွက်လာပြီး ခင်ရီလွင့်ကို ခေါ်သည်။

'ဘာနိုင်းမလဲ မမကြီး'

'ကော်ဖီတစ်ခွက်ကို ပန်းခြံထဲက အစ်ကို့ဆီသွားပို့ပေး'

သူမစကားကြောင့် ဆရာတော်ကြီးအကြောင်းကို ပြောနေကြသော မေမေကြီးတို့စကားဝိုင်း ခဏရပ်၍သွားသည်။

'ဟဲ့... ဟုတ်ပါရဲ့၊ ကိုနိုင်က ဘာဖြစ်လို့ အပေါ်တက်မလာရတာလဲ'

'ဩော်... မြရယ်၊ လူငယ်တွေဆိုတော့ သူတို့နဲ့မဆိုင်တဲ့ ကိစ္စတိုင်တုတ်တုတ်ထိုင်ပြီး ဘယ်နားထောင်ချင်ပါ့မလဲ! ပန်းခြံထဲ သူ့ဘာသာနေပါစေ မိကေ ကော်ဖီကို သမီးကိုယ်တိုင်သွားပို့လိုက် ဟုတ်ပြီလား!'

သူမစိတ်ထဲမှာ 'ဂိန်' ဟု အော်လိုက်မိသည် ထင်သည်။

ကိုယ်ထွင်တဲ့အပေါက် ကိုယ့်ဆီပြန်ရောက်တော့ ဘာမှ ငြင်းမရတော့ ကေသီတာသည် မေမေကြီး၏ ဘယ်စကားကိုမဆို အ ိုးအကြောင်းနှင့်သော်


www.burmeseclassic.com

www.burmeseclassic.com

လည်းကောင်း၊ အကျိုးအကြောင်းမဲ့သော်လည်းကောင်း ငြင်းလေ့မရှိသဖြင့် ကော်ဖီပန်းကန်ကိုယူ၍ အောက်သို့ဆင်းခဲ့ရလေသည်။

ပန်းခြံထဲကိုရောက်သွားတော့ ကိုနိုင်က သစ်ခွပန်းတစ်ပွင့်ကို လက်နှင့်ကိုင်ကြည့်နေ၏။ သူမကို ကျောပေးလျက် အနေအထားတွင်ရှိသည်။ နာမည်ကို ခေါ်လိုက်ရမလား! ဟင့်အင်း မဟုတ်သေးဘူးဟု သူ့ကိုယ်သူကာကွယ်လိုက်သည်။ ဒါဆို ဘယ်လို စကားလုံးမျိုးက အကောင်းဆုံးဖြစ်မှာလဲ!...

'ဒီမှာ... ကော်ဖီ'

ကိုနိုင်သည် ရုတ်တစ်ရက်လန့်သွားသော အမူအရာမျိုးနှင့် လှည့်၍ကြည့်သည်။ သူမကိုမြင်တော့ မျက်နှာရဲခနဲဖြစ်သွားတာကို တွေ့ရသည်။

'ဟာဗျာ... အားနာလိုက်တာဗျာ...'

'မေမေကြီးက ပို့ခိုင်းလိုက်တာ... ရော့...'

သူ့ကော်ဖီခွက်ကို လှမ်းယူပြီး မနီးမဝေးတွင်ရှိသော ခုံတန်းဆီသို့သွားသည်။ ပြီးတော့ ကော်ဖီခွက်ကို ခုံပေါ်ချရင်း အနေရခက်ပြီး အားနာသောမျက်နှာဖြင့် သူမကို ကြည့်သည်။

'ဆရာတော်ဘုရားကြီးကိစ္စဆိုတော့ မေမေတို့ အေးအေးဆေးဆေးပြောပါစေဆိုပြီး...'

'မေမေကြီးကလည်း အဲဒီအတိုင်း မှတ်ချက်ချပါတယ်၊ ဒီတော့ ဖျော်လည်းဖျော်ရ... ရှိတဲ့နေရာကိုလည်း လိုက်တိုက်ရပေါ့၊ ကောင်းပါတယ်'

'ဒုက္ခပါပဲဗျာ၊ ကျွန်တော် ဘယ်လိုပြောရမှန်းကို မသိတော့ဘူး'

ကေသီတာသည် ကိုနိုင့်ကို မျက်စောင်းတစ်ချက်ထိုးပြီး ထွက်လာခဲ့သည်။ အိပ်ခန်းထဲရောက်၍ လှဲချလိုက်မှ ကေသီတာသည် သူ့ကိုသူ ရင်ခုန်နေမှန်း သိရသည်။

ဘာဖြစ်လို့ သူ့ရင်တွေ ခုန်နေရတာလဲ...!

ကိုယ့်ကိုကိုယ် မေးမိသောမေးခွန်းကို စနစ်တကျပြန်စဉ်းစားဆင်ခြင်တော့မှ သူမသည် ဘယ်ယောကျ်ားလေးကိုမှ ခနဲ့တဲ့တဲ့ ပြော





တတ်သော မိန်းကလေးတစ်ယောက် မဟုတ်၊ အခု ခနဲ့ခဲ့သည့်အပြင် မျက်စောင်းပါထိုးခဲ့သည့်အတွက် ရင်ခုန်နေခြင်းသာဖြစ်ရမည်ဟု သူမကိုယ်သူမ နှစ်သိမ့်လိုက်လေသည်။

နာရီကို လှမ်းကြည့်တော့ ကိုးနာရီရှိနေပြီ၊ သူ့ဘက်က တာဝန်လည်း လစ်ဟင်းမှုမရှိ အားလုံးပြည့်စုံနေပါပြီ။

ဆယ်နာရီဆိုလျှင် ကိုနိုင်တို့ဘက်က လူကြီးတွေနှင့် ရောက်လာကြတော့မည်။ စကားပြောကြ ရယ်ကြမောကြပြီး စေ့စပ်မည့်နေ့ကို ရွေးကြမည်။ နှစ်ဦးနှစ်ဖက် သဘောတူလျှင် ထမင်းစားကြမည်။ ပြန်ပြီးစကားတွေ ပြောကြဦးမည်။

ဒီလိုဆိုတော့ သူမအိမ်ထောင်ကျတော့မည်။

နံဘေးက ဖက်ခေါင်းအုံးကြီးကို အားရပါးရဖက်လိုက်တော့ ဖက်ခေါင်းအုံးကြီးထဲက 'ဒုတ်'...'ဒုတ်'...'ဒုတ်' ဆိုသောအသံကို ကြားနေရသည်။

လောကမှာ ဒုတ်...ဒုတ်...ဒုတ် ဟုမြည်သော ဖက်ခေါင်းအုံးမျိုးလည်း ရှိတတ်ပါသည်။

❖


www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ထက်မေအောင်သည် သမီးနှစ်ယောက်နှင့် ဧည့်ခန်းကို ပြင်ဆင်ပြီး နောက်ဖေးမီးဖိုချောင်ကို ဝင်၍ ကေသီတာ ပြင်ဆင်ထားခဲ့သမျှကို တစ်ခုစီ စစ်ဆေးသည်။

ပထမ အချိုပွဲတွေကို ကြည့်သည်။ ဆနွင်းမကင်း၊ ငှက်ပျောသီးမုန့်၊ အုန်းနို့ကျောက်ကျော၊ ဖရဲသီး၊ ပဲခူးသခွားသီးနှင့် လက်ဖက်သုပ်ပွဲ... ။ ထမင်းပွဲအတွက် ချက်ထားသော ဟင်းတွေကို ကြည့်တော့လည်း အားလုံး အဆင်သင့်လျက် ရှိသည်။

'ပုဇွန်က မီးဖုတ်ပြီး အခွံခွာထားပြီးသား မေမေကြီး၊ မမက စားခါနီးမှ သုပ်မယ်တဲ့ ကြိုသုပ်ထားရင် ကြက်သွန်တွေ ရော်ကုန်မှာစိုးလို့တဲ့၊ ပြီးတော့ ဂျုံလုံးငါးဖယ်ကိုလည်း စားခါနီးမှ နွားနို့ကိုနွေးပြီး နွေးနွေးကလေးဖြစ်အောင် လုပ်မှာတဲ့ ကျန်တာတွေကတော့ အားလုံးအဆင်သင့်ပဲ မေမေကြီး'

ခင်ရီလွင်က ဟင်းတွေကို လျှောက်စစ်နေသော ဒေါ်ထက်မေအောင်ကို ရှင်းပြနေသည်။ အားလုံးကိုကြည့်ပြီးသည့်အခါ ကေသီတာ့အပေါ်မှာ တစ်စုံတစ်ရာ အပြစ်ပြောစရာ မတွေ့ပါ။





ထို့ကြောင့် ဒေါ်ထက်မေအောင်၏ရင်ထဲတွင် ငြိမ်းချမ်း၍သွားသည်။ ပီတိသည် နှုတ်ခမ်းသို့တိုးဝင်ကာ အပြုံးကိုပေးသည်။ ပြီးတော့ ဒေါ်ထက်မေအောင်ရင်ထဲမှာ 'နင့်'ခနဲတစ်ချက်ဖြစ်သွားပြန်သည်။ ဒီလောက်အောက်ခြေသိမ်းကအစ ကိစ္စအဝဝတို့ကို မျက်နှာလွှဲရသော သမီးတစ်ယောက်ကို သူ့ နှုန်လွှတ်ရတော့မည်ဖြစ်သောကြောင့် ဖြစ်ပါသည်။

လူ့ဘဝဆိုသည်ကလည်း ကံကြမ္မာအတိုင်းတွေ့၊ ကံကြမ္မာအတိုင်း နေရပြီး၊ ကံကြမ္မာအတိုင်း ခွဲခွာကြရသည့်နေရာ မဟုတ်လား!

သူနှင့်ကေသီတာတို့ တွေ့ဆုံကြရသည့် ကံကြမ္မာက ဆန်းကျယ်ကြောင်း ဒေါ်ထက်မေအောင် သိပါသည်။

အိမ်က သွားလေသူခင်ပွန်း ဦးမျိုးမင်းက သူ့ရောဂါသည် ကျွမ်းပြီ၊ ဒီတောင်ကို မကျော်နိုင်တော့ပြီဆိုတာကို သိသည့်အခါ သူမွေးရပ်ဇာတိဖြစ်သော ရောဝတီတိုင်းက ချောင်းဆုံရွာကလေးတွင်ရှိသော ရွာဦးစေတီ ငှက်ပျောဖူးကို ရွှေချချင်သည်ဟု တောင်းဆိုသည်။

ထိုစေတီမှာ သူ့ခင်ပွန်း ဦးမျိုးမင်း၏အဖိုး ဦးနိုင်တင်ဆိုသူက တည်ခဲ့သော ဆွေဘုရားမျိုးဘုရားဖြစ်သောကြောင့် သူ့ခင်ပွန်းက ငှက်ပျောဖူးကို နောက်ဆုံးရွှေချချင်ခြင်း ဖြစ်သည်။

ခင်ပွန်း၏ဆန္ဒကို ဒေါ်ထက်မေအောင်က မငြင်းပါ၊ ပြင်ဆင်စရာရှိတာတွေ ပြင်ဆင်၍ ထိုချောင်းဆုံရွာကလေးသို့ ထွက်ခဲ့ကြသည်။ ရွာကိုရောက်တော့ သူ့ခင်ပွန်းမှာ ရန်ကုန်တွင်နေတာထက် ပို၍ လန်းလာကြောင်းကို တွေ့ရသည်။ ကိုယ့်မွေးရာ ကိုယ့်အရပ်ဒေသသည် ဦးမျိုးမင်း၏ အဆုပ်ရောဂါ တစ်ဝက်ကို သက်သာစေသော ဆေးကြီးတစ်လက်ဖြစ်နေသည်။

ဒေါ်ထက်မေအောင်တို့ မိသားစု ရွာတွင် တဲကြီးတစ်လုံးထိုး၍ နှစ်လ ကျော်ကြာ နေခဲ့ကြခြင်းဖြစ်သည်။ ပထမစေတီ၏ ရင်ပြင်ကို ပြုပြင်မွမ်းမံသည်။ ဒုတိယကြိုဟ်တိုင်နှင့် အရံဘုရားတွေကို ပြုပြင်သည်။ တတိယစေတီ အတွက် လျှပ်စစ်မီး ပူဇော်နိုင်ရန် စီစဉ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ခင်ပွန်းဖြစ်သူ ဦးမျိုးမင်း၏အဆိုအရ သူ ဒီချောင်းဆုံရွာကလေးက မထွက်မီ ထိုဆွေမျိုးစေတီသို့လာ၍ မိမိ ရန်ကုန်တက်ပြီး စီးပွားရှာမည်၊ အကယ်၍ တိုးတက်ကြီးပွားခဲ့ပါက ထိုစေတီကို ပြုပြင်မွမ်းမံမည်ဟု သစ္စာဆိုခဲ့ဖူးသောကြောင့်၊ ကတိထားခဲ့ဖူးသောကြောင့် ယခုကဲ့သို့ ပြုပြင်ရခြင်းဖြစ်သည်။

ငှက်ပျောဖူး၊ ငှက်မြတ်နားတို့ကို ရွေချပြီး ကျန်ဖောင်းရစ်များကို ထုံးသင်္ကန်းကပ်မည်ဖြစ်သဖြင့် စေတီကိုငြမ်းထိုးရာ ငှက်ပျောဖူးအထိ ပြီးစီး၍ ငှက်မြတ်နားကို ငြမ်းဆင်ချိန်တွင် ငြမ်းလုပ်သားတစ်ဦး ငြမ်းပေါ်မှ ပြုတ်ကျသည်။ ဦးခေါင်းခွဲကွဲအက်သွားပြီး ဆေးရုံသို့ရောက်ရန် နွေဝက်ခန့် လှည်းနှင့်သွားရသောကြောင့် လမ်းခရီးတွင်ပင် အသက်ကုန်လေသည်။

ဒေါ်ထက်မေအောင်ရော၊ ဦးမျိုးမင်းမှာ ယူကြုံးမရ ဖြစ်ကြရသည်။ စိတ်အနှောင့်အယှက်လည်း ဖြစ်ကြရ၏။ နောက်ဆုံး ကွယ်လွန်သူ၏မိသားစုကို စုံစမ်းသောအခါ ကွယ်လွန်သူမှာ ဦးကေ ဟုခေါ်ပြီး သူ့တွင် ခြောက်နှစ်အရွယ် ကေသီတာဆိုသော သမီးကလေးတစ်ယောက်သာ ကျန်ခဲ့ကြောင်း သိရသည်။

ကွယ်လွန်သူ ဦးကေမှာ ဇနီးလည်းဆုံး၊ မိခင်ဖခင်တို့ကလည်းဆုံး၊ ညီအစ်ကိုမောင်နှမကလည်း တစ်ယောက်မှမရှိသည့် တစ်ဦးတည်းသောသားဖြစ်သည့်အတွက် ရွာထဲတွင် ဟိုကနိုင်း ဒီကနိုင်း ကိစ္စကလေးတွေကို လုပ်ရင်း သမီးကလေးနှင့် နှစ်ယောက်နေရသူဖြစ်သည်။

ထိုသို့ အနိုင်းခံဘဝနှင့်နေရင်း ဘုရားငြမ်းထိုးသောအခါ ကျွမ်းကျင်မှုမရှိပဲ ဝင်ရောက်လုပ်ရင်း ကြမ္မာငင်ရခြင်း ဖြစ်လေသည်။

အကြောင်းစုံ အလုံးစုံကို သိပြီးသောအခါ ဒေါ်ထက်မေအောင်ရော၊ ဦးမျိုးမင်းပါ ဆုံးဖြတ်ချက်ချလိုက်သည်က မကေသီတာကလေးအား အမွေစား အမွေခံအဖြစ် မွေးစားကြရန် ဖြစ်သည်။

ထိုအချိန်က သမီးအရင်းများဖြစ်ကြသော ခင်မေအောင်က လေးနှစ်၊





အငယ် မူယာမောင်က သုံးနှစ်သာ ရှိသေးသည်။

ငှက်ပျောဖူး ရွှေသင်္ကန်းကပ်ပြီးနောက် ပွဲခံကာ ဘုရားပွဲ ၃-ရက်တိတိကျင်းပပြီးသောအခါ ရွာဦးဆရာတော်နှင့် ရွာခံလူကြီးများရှေ့တွင် တရားဝင်စာချုပ်စာတမ်းနှင့် ကေသီတာ့ကို မွေးစားပြီး ရန်ကုန်သို့ တစ်ပါတည်းခေါ်လာခဲ့လေသည်။

ကေသီတာကလေး ရန်ကုန်သို့ရောက်ကတည်းက ဒေါ်ထက်မေအောင်၏စိတ်ထဲတွင် ရည်မှန်းချက်တစ်ခု ကြီးကြီးမားမားထားခဲ့သည်။ ကိုယ့်ကြောင့် ကေသီတာသည် တစ်ကောင်ကြွက်တစ်မျက်နှာ မဖြစ်စေရ၊ မိမိတွင်ရှိသော သမီးနှစ်ယောက်နှင့် တန်းတူဖြစ်စေရမည်။ ကေသီတာက အသက်ခြောက်နှစ်မို့ မိမိမွေးထားသောသမီးများ၏ အစ်မကြီးတစ်ယောက် ဖြစ်ရမည်။ ပညာတတ်ဖြစ်ရမည်။ အချိန်တန်လျှင် သင့်တော်လျှောက်ပတ်သူနှင့် ကိုယ်တိုင်အိမ်ထောင်ချပေးခြင်းဖြင့် ကေသီတာ့ဘဝကို ပြည့်စုံစေရမည်ဟု စိတ်ကိုခိုင်းဖြတ်၍ထားသည်။

ထိုသို့ ရည်ရွယ်ချက်ဖြင့် ကေသီတာ့ကို ပြုစုပျိုးထောင်ခဲ့သဖြင့် ကေသီတာသည် ဒေါ်ထက်မေအောင် ဖြစ်စေချင်သလို ဖြစ်လာခဲ့သည်။ အခုနောက်ဆုံးအဆင့် သင့်တင့်လျှောက်ပတ်သော အိမ်ထောင်ရေးအထိကို ရောက်ခဲ့ပြီဖြစ်သည်။

မမြနွယ်၏သား နိုင်ဝင်းထွန်းသည် အေးဆေးရိုးသားသူတစ်ယောက်ဆိုတာကို မျက်နှာကြည့်ရုံနှင့်ပင် သိသာသည်။ မမြနွယ်တို့က ပြည့်စုံချမ်းသာသည်။ ရွှေချည်ထိုးလုပ်ငန်း တစ်ခုတည်းနှင့်ပင် အေးချမ်းစွာ ပြည့်စုံကြွယ်ဝကြသူများ ဖြစ်သည်။ ပြီးတော့ မောင်နိုင်က တစ်ဦးတည်းသောသားလည်း ဖြစ်သည်။ ကေသီတာအတွက် အသင့်တော်ဆုံး မိသားစုတစ်စုပင်ဖြစ်သည်။

မမြနွယ်ကလည်း ကေသီတာ မီးဖိုချောင်နိုင်နင်းပုံ၊ ရိုးသားတည်ကြည်ပုံ၊ အကြင်နာတရားရှိပုံ၊ လောကဝတ်၊ ဓမ္မဝတ်ကျေပွန်ပုံတို့ကို အသေအချာ



www.burmeseclassic.com

www.burmeseclassic.com

လေ့လာပြီးမှ သူတို့ဘက်က စကားစ,ခဲ့ခြင်းဖြစ်သည်။ ဒေါ်ထက်မေအောင်ကလည်း နှုဂိုကတည်းက ရည်ရွယ်ထားခဲ့သဖြင့် လူကြီးချင်းအဆင်ပြေခဲ့ကြပြီး ကလေးတွေကို ဖွင့်ပြောတော့လည်း မငြင်းကြပါ။

ဒါပေမယ့် ခက်နေသည်က လူငယ်ချင်း မရင်းနှီးခြင်းပင် ဖြစ်သည်။ ထို့ကြောင့် ဒီနေ့ စေ့စပ်ရက်ကို ရွေးသည်ဆိုသည်မှာ မမြနွယ်နှင့်သူ လူငယ်များရင်းနှီးမှုရှိစေရန် အကွက်ဆင်ခြင်းသာ ဖြစ်သည်။ မင်္ဂလာတို့၏ ထုံတမ်းအစဉ်အလာမှာ စေ့စပ်ပြီးလျှင် လက်ထပ်မည်...။ စေ့စပ်ရက်ကို ကြိုတင်ရွေးသည်ဆိုတာ ထုံးစံမရှိ။ အခုတော့ မရှိတာကို ရှိအောင်လုပ်ရခြင်းသာ ဖြစ်ပါသည်။

'ရိရိ... နင်တို့မမရော'

'အခန်းထဲမှာ မေမေကြီး၊ သွားခေါ်ပေးရမလား!'

'မခေါ်နဲ့ နားပေ့စေဦး၊ ကိုးနာရီခွဲတော့မှ ရေမိုးချိုးပြီး အသင့်ပြင်ထားလို့ပြော... အောင်နဲ့မောင့်ကိုလည်းပြော သမီးတို့အားလုံး ကိုးနာရီလေးဆယ့်ငါးမှာ အားလုံး အဆင်သင့်ဖြစ်နေရမယ် ဟုတ်ပြီလား!'

'ဟုတ်ကဲ့... မေမေကြီး'

ရိရိ အိမ်ရှေ့ခန်းသို့ ထွက်သွားသည်။ ငှက်ပျောသီးမုန့်ကို နည်းနည်းမြည်းကြည့်တော့ အချိုမကဲပဲ စိမ့်စိမ့်ကလေးခံစားရသည်။ သူလည်း မီးဖိုခန်းထဲကထွက်ပြီး ဆယ့်ငါးမိနစ်လောက်နားရန် အခန်းထဲသို့ ဝင်ခဲ့လေသည်။

❖





'သား... ရေချိုးတော့လေ၊ ကိုးနာရီတောင်ထိုးပြီးနေပြီ'

ဒေါ်မြနွယ်က အနည်းငယ် စိုးရိမ်သံနှင့်ပြောသော်လည်း နိုင်ဝင်းထွန်းသိပ်အတွန်လှုပ်ကြီး မဖြစ်မိပါ။ ဒီနေ့ သွားရမည့်ပွဲသည် သူ့အတွက် တော်တော်လေး အူကြောင်ကြောင်နိုင်သည့်ပွဲဆိုသော ခံစားမှုကြီးကို ဖျောက်၍မရသောကြောင့် ဖြစ်သည်။

ဒေါ်ထက်မေအောင်က ကေသီတာ့အကြောင်းကို မေမေ့အား မလိမ်ညာပဲ အလုံးစုံ ပြောပြထားပြီးသားဖြစ်သဖြင့် သူလည်း မေမေကပြောပြ၍ အားလုံးသိပြီးသားဖြစ်သည်။ သူ့အတွက်တော့ ကေသီတာ့ဘဝသည် မည်သို့ပင်ဖြစ်စေကာမူ အရေးမကြီးလှပါ။

ကေသီတာသည် ခဏကလေးဆက်ဆံရုံမျှနှင့်ပင် အရည်အချင်းရှိပြီး မိန်းမပီသသော မိန်းမတစ်ယောက်ဖြစ်ကြောင်း အလွယ်တကူပင် သိနိုင်ပါသည်။ ပြီးတော့ ကေသီတာသည် သူ့ကိုယ်သူ အထိန်းသိမ်း လွန်လွန်းသည်ဟု သူထင်သည်။ ကေသီတာ သူ့ကိုယ်သူ ထိန်းသိမ်းပုံက တစ်ဖက်သားအား မရိုးသားလို့ဟု ထင်ချင်စရာဖြစ်အောင်ကို ထိန်းသိမ်းလွန်းသည်ဟု သူထင်သည်။


www.burmeseclassic.com

www.burmeseclassic.com



မေမေက ကေသီတာနှင့်သဘောတူသည်ဟု သူ့ကိုပြောခဲ့တုန်းကလည်း သူသိပ်မအံ့သြခဲ့ပါ၊ ဒီလိုမိန်းကလေးမျိုးကို သားရှိသောမိခင်တိုင်းက သဘောတူမှာ သေချာသည်ဆိုတာ တစ်သန်းကြေးလောက် သူလောင်းရဲပါသည်။

'အချစ်'ဆိုတာနှင့်ပတ်သက်၍ သူ့ဆီမှာ သိပ်ကျွမ်းကျင်တာတို့ ရင်နင့်ခဲ့ရတာတို့ ဘာတို့ သိပ်မရှိခဲ့ပါ။ ကျောင်းတက်တုန်းကတော့ ကောင်မလေးတစ်ယောက်နှင့် သူတွဲခဲ့ဖူးသည်။ ကောင်မလေးနာမည်က မြသင်းကြည်ဟု ခေါ်သည်။ ကောင်မလေးကလည်း သူနှင့်တပူးတွဲတွဲနေပြီး သူ့စိတ်ကြိုက်တိုင်းနေပါသည်။ သူတို့နှစ်ယောက်ကို 'ချစ်သူ'တွေဟု ထင်သူတွေကထင်ကြသည့်အတွက် ထိုကောင်မလေးကို သူအားနာနေမိပြီး ရည်းစားစကားမပြောခဲ့မိပါ။

နောက်ကျတော့ ကောင်မလေးက တစ်ခြားတစ်ယောက်နှင့် ချစ်သူတွေဖြစ်သွားကြသည်။ သူ့ကို တမင်ကြောသွားတာ... ဟု ပြောသူတွေကပြောကြသည်။ သူ့ဘက်က နာကြသည့်လူတွေက နာကြသည်။

သူ့ရင်ထဲမှာ တစ်ကယ်ခံစားရတာတော့ ထိုကောင်မလေးကို တွေ့တိုင်း အားနာခြင်းပင်ဖြစ်သည်။ ဘာဖြစ်လို့မှန်းတော့ ကိုယ့်ဘာသာကိုယ်ပင် မသိ။

အခု ကေသီတာနှင့် ပတ်သက်၍လည်း အဲဒီလိုမျိုးကြီးဖြစ်၍နေသည်။ လူကြီးတွေက သဘောတူထားသည်ဟု သိရပြီးသည့်နောက်ပိုင်း ကေသီတာ့ကို တွေ့လျှင် သူ ဘာကိုမှန်းမသိ အားနာနေမိသည်။

ဒီနေ့သွားရမည့်ပွဲအတွက်ကလည်း ဘာမှန်းမသိသော အားနာစိတ်ကြီးနှင့် သွားရဦးမှာကိုတွေးပြီး သွားရန်ဝန်လေးနေမိတာ အမှန်ပင်ဖြစ်သည်။

ထိုစိတ်များကြောင့် သူသည် မတက်ကြွ မရွှင်လန်းပဲ လေးလံထိုင်းမှိုင်းနေရခြင်းဖြစ်သည်။ သူ့စိတ်ထဲက အားနာစိတ်က ဆန်းတော့ဆန်းကျယ်သည်။ ကေသီတာ့ကို တစ်ချိန်မှာ သူကလက်ထပ်ရမှာဆိုတော့ သူ ကေသီတာ့ကို မြင်လျှင်ကြည့်လျှင် တဏှာစိတ်နှင့်ကြည့်သည်ဟု ကေသီတာ ထင်မှာကို သူရှက်ခြင်းဖြစ်သည်။





ထိုကိစ္စကို သူငယ်ချင်းဖြစ်သူကို ပြောပြတော့ သူငယ်ချင်းဖြစ်သူက အားရပါးရ ရယ်လေသည်။

'ဟကောင်ရ၊ ယောကျာ်းလေးတစ်ယောက်က မိန်းကလေးတစ်ယောက်ကို ကြည့်တာ ဟိုစိတ်ဒီစိတ် ဘယ်သူမပါပဲနေမလဲကွ၊ ကိုယ့်ခွေမျိုးသားချင်းထလွဲလို့ ကျန်တာဒီလိုပဲပေါ့ကွ'

'သူတို့က မသေချာဘူးလေကွာ၊ ငါက စေ့စပ်မှာ...ပြီးရင် လက်ထပ်မှာဆိုတော့ ငါ သူ့ကိုကြည့်တာကို သူ အဲဒီလိုပဲထင်မှာပဲ၊ ဒါကြောင့် သူတို့အိမ်သွားဖို့ကိစ္စဆို ကွေ့ပတ်ရှောင်နေတာ မရပါဘူးကွာ...'

'သူငယ်ချင်း အလေးအနက် မထားသင့်တဲ့အရာတွေကို အလေးအနက်သိပ်မထားပါနဲ့၊ အခု မင်းပြောနေတာတွေက သဘာဝကိစ္စတွေပါ၊လူ့လောကလူ့အသိုင်းအဝိုင်းမှာ ဖြစ်နေကျကိစ္စတွေပါ၊ အရေးကြီးတာက မင်းဟာသူ့အတွက် ခင်ပွန်းကောင်းတစ်ယောက် ဖြစ်ဖို့ပဲလိုတာပါ'

သူငယ်ချင်းဖြစ်သူက ဥပမာပေါင်းများစွာ သူ့ကို ထုတ်ပြသွားခဲ့သည်။

သူငယ်ချင်းပြောပြတော့လည်း ဟုတ်တုတ်တုတ်ရှိသည်။ သို့သော်တစ်ယောက်တည်း စဉ်းစားသောအခါ ဒီဘူတာသို့ပင် ပြန်ဆိုက်လေသည်။

သူ့ကို ကေသီတာ့ကို လိုချင်သလား!...ဟု မေးလျှင် 'လိုချင်ပါသည်'ဟုပင် ပြန်ဖြေရမည်ဖြစ်သည်။ သို့သော် သူလိုချင်သည့်နည်းက အခုလိုပုံစံမျိုးနှင့်တော့ မဟုတ်။ ဘယ်လိုပုံစံမျိုးနှင့်လည်း ဆိုလျှင်လည်း သူပြောမပြတတ်။

ဥပမာ ယခုသူ့ကို ရှင်းပြနေသော သူ့ သူငယ်ချင်းနှင့် သူ့ဇနီးတို့မှာ အင်တန်းတစ်ခုကို အတူတက်ကြရင်းတွေ့ကြပြီး ချစ်သူတွေဖြစ်၍ လက်ထပ်လိုက်ကြခြင်းဖြစ်သည်။ သူတို့လင်မယားကိုကြည့်ရသည်မှာ လင်မယားဆိုသည့် သတ်မှတ်ချက်အပြင် အပိုခံစားမှုတစ်ခုရှိနေကြောင်း သူသိသည်။ အဲဒီခံစားမှုကို သူ ပြောမပြတတ်၊ သူနှင့် ကေသီတာ့အကြားတွင် ထိုခံစားမှုမရှိ။ ထို့ကြောင့် သူသည် ကေသီတာ့ကို တွေ့တိုင်း အားနာနေရခြင်းဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကဲ သား… ရေချိုးတော့လေ… သွားဖို့အချိန်ကနီးပြီဥစ္စာ…'

'သား… မလိုက်လို့မရဘူးလား!'

'အမလေး ကိုရွှေနိုင်ဝင်းထွန်းရေ… ပွဲက ရှင့်ပွဲလေ၊ ရှင်မပါပဲ သွားတော့ အလကား သွားစော်ကားနေတာနဲ့ မတူဘူးလား! ဘာလဲ သားက ကေသီတော့ကို မကြိုက်ဘူးလား! လက်မထပ်ချင်ဘူးလား!'

ဒေါ်မြနွယ်သည် ခါးကိုအားနှင့်ထောက်၍ အသံကိုမြှင့်ပြီးအော်လိုက်၏။

'အဲဒီလိုလည်း မဟုတ်ပါဘူး၊ စေ့စပ်တာမဟုတ်သေးတော့ သားမလိုက်ရင်လည်းရမလားလို့ မေးကြည့်တာပါ'

'မရဘူး၊ ရေသွားချိုးတော့ ကိုးနာရီလေးဆယ်မှာ ထွက်မယ်'

❖





'အမလေး… စောင့်လိုက်ရတာ မြရယ်၊ တကယ့်ကိုပဲ…'

'ဟိတ်… ထက် ကိုးနာရီနဲ့ငါးဆယ့်ငါးပဲရှိသေးတာ တို့က ငါးမိနစ်ကြိုးများတောင် စောသေးတယ်…'

'ဟုတ်ပါတယ်… ဟုတ်ပါတယ်… ဒါပေမယ့် လာရတဲ့လူနဲ့ မျှော်ရတဲ့လူ ဘယ်သူက ပိုပင်ပန်းတယ်ဆိုတာ မြ မသိတောင်၊ ကိုစောမောင်ကတော့ သိမှာပေါ့'

ဒေါ်ထက်မေအောင်က ဒေါ်မြနွယ်လက်ကို ဆွဲထားရင်း မထိုင်ကြသေးပဲ အားရပါးရ ရယ်လိုက်ကြသည်။ ဘေးလူအတွက်တော့ ထိုစကားသည် ဘာမျှထူးဆန်းလှသော စကားမဟုတ်သော်လည်း သူတို့ငယ်သူငယ်ချင်းတွေကြားထဲမှာတော့ အခုလိုရယ်ရသော စကားတစ်ခွန်းဖြစ်သည်။

ကိုစောမောင်က ဒေါ်မြနွယ်ကို ကျောင်းသူဘဝ ချစ်၍လိုက်တုန်းက မမြနွယ်က တစ်နှစ်စောင့်ပါ ပြီးမှအဖြေပေးမည်ဟု ပြန်ပြောစဉ်က ကိုစောမောင် ဝမ်းနည်းစွာဖြင့် ပြောခဲ့သောစကားဖြစ်သောကြောင့် သူတို့ ရယ်ကြခြင်းဖြစ်သည်။ ထိုရယ်သံသည် ကျောင်းသားဘဝသို့ သူတို့ကို ပြန်ပို့ပေးပြီး နုပျိုလန်းဆန်းစေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကဲ... ထိုင်ကြပါဦး ထိုင်ကြ၊ စကားအေးအေးဆေးဆေး ပြောပြီးမှ ထမင်းစားကြတာပေါ့၊ ရီရီရေ မင်း မမရယ်၊ အောင်နဲ့မောင်ရယ်ကို ခေါ်လိုက်တော့...'

ကေသီတာ၊ ခင်မေအောင်နှင့် မှုယာမောင်တို့ ရောက်လာကြသည်။

ကေသီတာသည် တမင် ပျံလန်နေအောင် ခြယ်သမထားပါ။ အဖြူရောင်ဇာထိုး လက်ဇကအင်္ကျီကလေးနှင့် ပန်းနုရောင်ထဘီကိုသာ ဝတ်ဆင်ထားသည်။ ပြီးတော့ မျက်လွှာကို ချထားသည်။

ဒေါ်ထက်မေအောင်နှင့် ဒေါ်မြနွယ်တို့ကတော့ ဆန်ဈေး၊ ဆီဈေးအကြောင်း၊ ဆရာတော်ဘုရားနှင့် ယခု ဆောက်လုပ်လှူဒါန်းနေသော ဆွမ်းစားကျောင်းအကြောင်းတို့ ဖြစ်သည်။

ပြီးတော့ (၁၀) ရက်စခန်းအကြောင်းပြောနေရင်းမှ ဒေါ်ထက်မေအောင်က တိုက်လေယာဉ်တစ်စင်း ပုံမှန်ပျံသန်းနေရာမှ လမ်းကြောင်းချိုးချလိုက်သလို စကားကို သူလိုချင်သည့်ဘက်သို့ ချိုးကွေ့ချလိုက်သည်။

'တရားကတော့ စခန်းကိုဝင်ရလိမ့်မယ် မြရေ... ဒါလေးပဲ ကိုယ့်အတွက်ပါမှာ၊ တစ်ခြားလူတွေလို ခြောက်ဆယ်နားနီးတဲ့အထိ စားဝတ်နေရေးကြောင့် တရားစခန်းမဝင်နိုင်တာထားတော့ ကိုယ်တို့မှာတော့ ဖြတ်စရာ သံယောဇဉ်ပဲရှိတာ၊ ကဲ... အခုပဲကြည့်လေ... ဒီနေ့ပွဲဟာ တရားသဘောနဲ့ဆင်ခြင်ရင် သံယောဇဉ်ဖြတ်ပွဲပဲ မဟုတ်လား!'

ဒေါ်ထက်မေအောင်၏ စကားဆုံးတော့ ကေသီတာသည် အသက်ရှူပိုမြန်လာကာ ခေါင်းကိုငုံ့ထားသည်ထက် ပို၍ငုံ့ပစ်လိုက်၏။ နိုင်ဝင်းထွန်းကတော့ ရင်ဘတ်ကကြယ်သီးကိုပဲ စမ်းသလိုလို၊ ဆိုဖာလက်တင်ကိုပဲ ပွတ်သလိုလိုနှင့် အူတူတူလုပ်နေလေသည်။

'အတူတူပဲပေါ့ ထက်ရယ်... ကိုယ်က သားလေးတစ်ယောက်ရှိတာ၊ ဒီသားလေးကို ကေသီတာလို မိန်းကလေးမျိုးနဲ့ ထားခဲ့ရမှာ ဘာမှ စိတ်မချစရာမလိုဘူး၊ ကျန်တာတွေကတော့ တဖြည်းဖြည်းဖြတ်ယူရမှာပေါ့'





'ဒါပေါ့မြရဲ့ မြက သံယောဇဉ်နဲ့ပတ်သတ်တဲ့ကိစ္စ ပြီးသွားပေမယ့် ထိုယ့်ဘက်ကတော့ မပြီးသေးဘူး မြရေ၊ အောင်နဲ့မောင် နှစ်ကောင်ကျန်သေးတယ်'

အောင်နှင့်မောင်သည် တစ်ယောက်နှင့်တစ်ယောက်ကြည့်ပြီး မျက်လုံးမြူးကာ အချင်းချင်း လျှာထုတ်ပြလိုက်ကြ၏။

'ပြီးတော့... ရီရီလည်း ရှိသေးတာပေါ့၊ သူတို့အသီးသီး လူလားမြောက်ပြီး ကိုယ့်အိမ်ထောင်နဲ့ကိုယ် အခြေကျပြီဆိုရင်တော့ ကိုယ်က ဖားအောက်ကိုသွားမယ်လို့ စိတ်ကူးတာပဲ'

'စစ်ကိုင်းချောင်ရော...'

'ဖားအောက်မှာက ငယ်ဆရာတော်ရှိတယ် မြရဲ့၊ အဲဒီက ပိုအဆင်ပြေလားလို့'

'ဒါဆိုရင်တော့ ကောင်းပါတယ်...'

'အခုတော့ အိမ်မှာနေရရင် သံယောဇဉ်အသေးလေးတွေကို စဖြတ်နေတယ်၊ ကိုယ်သိပ်ကြိုက်တဲ့ဟင်းချက်ရင် မစားဘူး၊ TV တို့ဘာတို့ဆိုရင် သတင်းကလွဲလို့ ဘာဇာတ်လမ်းတွဲကိုမှ မကြည့်တော့ဘူး၊ အဲဒီလိုကွာ နေ့စဉ်နက်လင်းကတည်းက စိတ်ဆန္ဒအသေးကလေးတွေကို ချိုးနှိမ်ပြီးနေတယ်'

'တယ်ဟုတ်ပါလား ထက်ရဲ့၊ ထက်ရဲ့ နည်းမဆိုးဘူး၊ ကိုယ်လည်း အိမ်မှာ စမ်းကြည့်ဦးမှပဲ'

'ကဲ... ကဲ... ဒါဆို အခု သမီးကေသီတာ ချက်ထားတဲ့ဟင်းတွေကိုတော့ ကိုယ်မသိဘူး၊ အဲဒီဟင်းတွေထဲက အကောင်းဆုံးဟင်းကို မစားပဲ စ,ကျင့်စမ်းကွာ...'

ဦးစောမောင် စကားကြောင့် အားလုံးပွဲကျသွား၏။

'ဒါကတော့ ဘယ်ဖြစ်မလဲရှင့်၊ ကျုပ်က အိမ်ကိုရောက်မှ ကျင့်မယ်လို့ပြောတာ၊ ကိုယ့်သမီးလက်ရာတော့ ကိုယ်မြည်းရဦးမှာပေါ့'

'ကဲ... ဟုတ်ပါပြီ၊ ရီရီ၊ ကေသီ၊ အောင်နဲ့မောင် ထမင်းစားပွဲပြင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြတော့'

'ဟုတ်ကဲ့ မေမေကြီး'

ကေသီတာနှင့် အပေါင်းအပါတွေ အားလုံးထသွားကြပြီး ထမင်းပွဲကို ပြင်သည်။ ငါးဖယ်ဂျုံကပ်ကြော်ကို ပူသွားအောင် ပြန်ကြော်ရင်း ပူစပ်စပ်ရှိတော့မှ နွားနို့ကို ထည့်သည်။ ပြီးတော့ ပုဇွန်ထုတ်ကြီးတွေကို အနေတော်လှီးကာ ကြက်သွန်၊ ပူစီနံ၊ နံနံပင်၊ ခရမ်းချဉ်သီးတို့နှင့် ရောပြီးနယ်သည်။

ကေသီတာ နွေးပေးသောဟင်းများကို ရီရီက ချပေးသည်။ အောင်နှင့်မောင်က ထမင်းခူးကြသည်။

စားသောက်ပွဲလေး စ,လေသည်။

'ဟော့... ရီရီ ဘာဖြစ်လို့ ရပ်နေတာလဲ ဝင်စားလေ...'

'သမီး ပြီးတော့မှစားပါ့မယ် မေမေကြီး'

'မလိုချင်ဘူး၊ ဒါ ငါ့တစ်အိမ်သားလုံး အတူစားဖို့ စီစဉ်တာ...'

'ဟုတ်ပါတယ် မေမေကြီး၊ ထမင်းကုန်တာတို့ ဟင်းချိုကုန်တာတို့ ကျရင် အားလုံးစားနေတော့ အခက်တွေ့မှာစိုးလို့ပါ ရီရီ ပြီးမှစားပါရစေ'

ဒေါ်ထက်မေအောင် ဘာမှ မပြောတော့။

'ဟား.... ကောင်းတယ်ဟေ့၊ ဒီနွားနို့နဲ့ဟင်းက ဘာဟင်းလဲ!'

'ငါးဖယ်ကို ဂျုံနဲ့နှစ်ပြန်ကြော်ပြီး နွားနို့ဆမ်းထားတာပါ'

'ကောင်းတယ်ကွာ... တစ်ခါမှ မစားဖူးဘူး၊ ပုဇွန်ထုပ်သုပ်ကလည်း တော်တော်လိုက်ဖက်တာပဲ ငါတော့ ကြိုက်တယ်ဟေ့'

'ရှင်... ဟင်းချိုကိုလည်း သောက်ကြည့်စမ်းပါဦး၊ ရှင်သောက်ခဲ့ဖူးတဲ့ ဟင်းချိုတွေနဲ့ တူရဲ့လားလို့'

ဦးစောမောင် ဟင်းချိုကို သောက်သည်။ ပြီးတော့ 'အား' ကနဲ အော်သည်။ အမိပ္ပာယ်က ကောင်းလိုက်တဲ့ ဟင်းချိုပေါ့။

ထမင်းဝိုင်းဝင်ထိုင်တုန်းက ဝတ်ကျေတန်းကျေသာစားမည်ဟု စိတ်ကူးထားခဲ့သော နိုင်ဝင်းထွန်းသည်ပင်လျှင် ခင်ရီလွင်က ထမင်းထပ်ထည့်ပေး





ရသည့် အခြေအနေသို့ ရောက်ရှိသွားသည်။

အချိုးမွမ်းခံရသောဟင်းများ ကြက်သားအစာသွပ်၊ အာလူးကက်သလိပ်ဝက်နံရိုးပေါင်း၊ မလေးရှားဟင်းချိုနှင့် ငါးဖယ်ဂျုံလုံးကပ် နွားနို့ဆမ်းတို့ ဖြစ်သည်။

'ဟော်တယ်မှာ သွားစားရသလိုပါပဲလား မြရေ... ဒီအတိုင်းတာ ရတိုင်းစားရမယ်ဆိုရင်တော့...ငါကုန်တာတွေအားလုံးကို ရှော့နိုင်တယ်ဟေ့'

'ဟုတ်ပါ့ ထက်ရယ်၊ ကေသီတာ့လက်ရာ ဒီလောက်ကောင်းတယ်ဆိုတာ ထင်မထားမိတာအမှန်ပဲ'

နိုင်ဝင်းထွန်းကတော့ ချီးမွမ်းစကား ဘာမျှမဆို၊ တတိယအကြိမ် ရီရီက ထမင်းထပ်ထည့်ပေးခြင်းဖြင့်သာ အသံတိတ် ချီးမွမ်းလိုက်၏။

သို့သော်... ဒေါ်မြနွယ်က ထိုသို့ အသံတိတ် ချီးမွမ်းခြင်းကို အလိုရှိပုံ မရ။

'ဒါ တတိယမြောက်လား! ဟင်...အိမ်မှာကျတော့ ကြောင်စာလောက် ထမင်းကို အကြိမ်ငါးရာလောက် ကျွေးနေရတဲ့ကောင် အခုတော့မှတ်ပြီလား!'

'ဟာ... မေမေကလဲ'

'ဘာ မေမေကလည်း... လဲ'

ဘာကြောင့်မှန်းမသိ၊ သားကို ဒေါ်မြနွယ်က ပြန်ရန်တွေ့တာကို ကေသီတာနှင့် နိုင်ဝင်းထွန်းတို့နှစ်ယောက်ကလွဲပြီး အားလုံး ရယ်လိုက်ကြလေသည်။

အိမ်ရှေ့ရောက်၍ အချိုပွဲကျပြန်တော့လည်း နနွင်းမကင်းကို ချီးမွမ်းကြပြန်သည်။ ပြီးတော့မှ ကေသီတာနှင့် နိုင်ဝင်းထွန်းတို့ကိစ္စကို လက်ဖက်နှင့် ရေနွေးသောက်ကြစားကြရင်း ဆွေးနွေးကြသည်။

'ကွန်မကတော့ သုံးလလောက်ခွာပြီးတော့မှ စေ့စပ်ချင်တယ်၊ ဘာကြောင့်လဲဆိုတာ မြန့်ကျွန်မ တိုင်ပင်ထားပြီးသားပါ၊ မိကေသီက အပြင်အတွက်နည်းတယ်၊ မစေ့စပ်ရသေးခင် သုံးလအတွင်း မိကေသီကို ရှုချည်ထိုးလုပ်ငန်းနဲ့ အကျွမ်းဝင်စေချင်တယ်၊ အဲဒါတော့ မောင်နိုင်ဝင်းထွန်းကပဲ



www.burmeseclassic.com

www.burmeseclassic.com

စိစဉ်ပေးပေါ့'

'ကဲ... ဘယ်လိုလဲ သား'

'ဟုတ်ကဲ့ပါ မေမေ'

'လက်ထပ်ကြပြီးရင်လည်း ဒီလုပ်ငန်းကို သူပဲဦးစီးရမှာဆိုတော့ ကြိုသိထားတာ ပိုကောင်းတာပေါ့'

'ဟုတ်ပါပြီဗျား ဟုတ်ပါပြီ၊ ဘာဖြစ်လို့ သုံးလခွာပြီး စေ့စပ်ဖို့ရက်ကို ရွေးတယ်ဆိုတာ ကျွန်တော်မျိုးကြီး နားလည်ပါပြီ'

ဦးစောမောင်စကားကြောင့် ကာယကံရှင်နှစ်ဦးမှတပါး အားလုံးရယ်မောလိုက်ကြသည်။ ဦးစောမောင်သည် တစ်ခါတစ်ရံ အတည်နှင့်ဝင်နောက်တတ်သော လူပျော်ကြီးတစ်ယောက်သာ ဖြစ်သည်။

'ကဲ... အဲဒီတော့ သားက မနက်ဖြန်ကိုးနာရီလောက်ကို သမီးဆီရောက်အောင်လာရလိမ့်မယ်၊ ပြီးတော့ company ကိုသွားပြီး လိုအပ်တဲ့သိသင့်သိထိုက်တာ မှန်သမျှအားလုံးပြပြီးတော့မှ သမီးကေသီအတွက် နေရာကို စဉ်းစားမယ် ဟုတ်ပြီလား!'

ဧည့်သည်တွေပြန်သွားကြတော့ သိမ်းစရာဆေးစရာတို့ကို သိမ်းရင်းဆေးရင်းဖြင့် ဒေါ်ထက်မေအောင်က ပြောသည်။

'အရည်အချင်းရှိတဲ့ မိန်းကလေးဆိုတော့ တွေ့တယ်မဟုတ်လား! ငါ့သမီးကေသီ့ကို ငါတစ်သက်လုံး ပြုစုပျိုးထောင်လာရကျိုးနပ်ပါပြီ၊ ကျန်တဲ့ ငါ့သမီးတွေလည်း မမကြီးရဲ့လိမ္မာပါးနပ်မှုကို အတုယူဖို့ ကြိုးစားကြ'

အောင်၊ မောင်နှင့် ရီရီတို့သည် တစ်ယောက်နှင့်တစ်ယောက် ကြည့်၍ ပခုံးများကို ပြိုင်တူတွန့်လိုက်ကြလေသည်။

❖





မိုးအကုန်ဆောင်းအကူးမို့ ရာသီဥတုသည် မှိုင်းပျပျကလေးဖြစ်နေပြီး အိပ်ရာမှ နိုးကာစလူတစ်ယောက်၏ စိတ်ကို တက်ကြွခြင်းမရှိစေပဲ လွမ်းမောတွေဝေနေစေသည်။ ထို့ကြောင့် ကေသီတာသည် အိပ်ရာမှနိုးနိုးချင်း မထသေးပဲ အိပ်ရာထဲတွင် ကွေးရင်း တွေးနေမိသည်။

အလျင်တုန်းကဆိုလျှင်တော့ ကေသီတာသည် ခြောက်နာရီထိုးသည်နှင့် အိပ်ရာကထပြီ။ ရီရီကို နှိုးပြီး ထမင်းအိုးတည်၊ ကြက်သွန်ဖြူနီခွာ၊ ပြေပ်သီးထောင်း ၇ နာရီလောက်မှာမှနိုးမည့် ကျန်အိမ်သားများအတွက် ပဲပြုတ်နှင့်ထမင်းကြမ်း နယ်လျှင်နယ်၊ ကြော်လျှင်ကြော် လုပ်နေကြဖြစ်သည်။

အခုတော့ ကေသီတာသည် အိပ်ရာထဲမှ မထ, ဘာကိုမှလည်း မလုပ်ချင်၊ ၉ နာရီထိုးလျှင် ကိုနိုင်က သူ့ကိုလာကြိုပြီး သူတို့၏ ရွှေချည်ထိုးလုပ်ငန်းရှိရာဆိုင်သို့ ခေါ်သွားပြီး သူ့ကို လုပ်ငန်းသဘာဝတွေပြမည်။ ဒီအချက်ကို သူ ငြင်းခွင့်ရှိလျှင် ငြင်းချင်ပါသည်။ သို့သော်... သူ့အပေါ် တစ်ဘဝလုံး ကောင်းစားရေးအတွက် မိခင်အရင်းကဲ့သို့ တာဝန်ယူခဲ့သော မေမေကြီး၏ ဆန္ဒကို သူ မငြင်းရဲပါ။

ဘာကြောင့် သူ့ကို ဒီလုပ်ငန်းမှာ ထည့်ရတာလဲဆိုတာကိုလည်း သူသိပါသည်။ သူနှင့် ကိုနိုင်တို့ ရင်းနှီးသွားအောင် ဖြစ်ပါသည်။ ကိုနိုင်သည်



www.burmeseclassic.com

www.burmeseclassic.com

ရုပ်ရည်အရရော၊ ကိုယ်ကျင့်သိက္ခာအရရော၊ ငွေကြေးပိုင်ဆိုင်မှုအရရော မငြင်းသင့်သည့် ယောကျ်ားတစ်ယောက်ဆိုတာကို သူ သိပါသည်။

သို့သော်... ကိုနိုင်ကို သူက ချစ်သလား! ...ဟု သူ့ကိုယ်သူ မေးတိုင်း မေးတိုင်း အဖြေကထွက်၍မလာပါ။ ဒါဖြင့်လျှင် သူ့မှာ အခြားချစ်နေရသော ချစ်သူရှိနေ လို့လား! ဆိုတော့လည်း မဟုတ်ပါ။ ကိုနိုင်ကလည်း သူ့ကို ဆန္ဒပြင်းပြင်းပြပြဖြင့် လိုချင်သောအမူအရာ... စကား... ဘာတစ်ခုမှ မရှိပါ။ ကိုနိုင်လည်း သူ့လိုပင် လူကြီးစကား မလွန်ဆန်နိုင်၍သာ ဖြစ်လိမ့်မည်ဟု သူထင်သည်။

ဒါကိုသိသော မေမေကြီးနှင့် ဒေါ်မြနွယ်တို့က စိမ်းနေကြသော သူတို့နှစ်ယောက်ကို ပိုမိုရင်းနှီးခင်မင်ပြီး သံယောဇဉ်တွယ်လာအောင် စေ့စပ်ရက်ရွေးမည်အကြောင်းပြပြီး ရွှေချည်ထိုးလုပ်ငန်းထဲသို့ သူ့ကို ရောက်အောင်ပို့သွားခြင်းသာဖြစ်ပါသည်။ ဒီလို ရှင်းရှင်းပြတ်ပြတ်တွေးမိတော့ ကေသီတာသည် မိမိဘာလုပ်ရမည်ဆိုတာကို သိသွားသဖြင့် မနေ့ကလို တွေဝေငေးမောမနေတော့၊ အနည်းဆုံး ဆယ့်ငါးရက်လောက် လက်တွဲလိုက်လျှင် ကိုနိုင် အဆိုးအကောင်းကို သူ အကဲခတ်ခွင့်ရပြီဖြစ်သည်။

သူ လက်မခံနိုင်သောအပြစ်တစ်ခုနှစ်ခုတွေ့ခဲ့လျှင် မေမေကြီးကို ဖွင့်ပြောပြီး စေ့စပ်ပွဲ မလုပ်ဖြစ်အောင် သူ တားခွင့်ရှိသည်မဟုတ်လား!

အပြစ်ပြောစရာ မရှိလျှင်တော့ ဖိုနှင့်မ အတူသွားလာနေထိုင်ရင်း သူ့အကြိုက်၊ ကိုယ့်အလိုက်နှင့် သံယောဇဉ်၊ ခင်မင်မှုကတဆင့် အချစ်ဆိုတာ ဖြစ်လာရနိုင်သည် မဟုတ်လား! ။

ထို့ကြောင့် ကေသီတာသည် ရွှေချည်ထိုးလုပ်ငန်းကြီးတွင် သွားရောက်လေ့လာပြီး လုပ်ကိုင်ရမည့်ကိစ္စကို အော်ပရေးရှင်းတစ်ခုလို စိတ်ထဲမှာ မှတ်ထားလိုက်လေသည်။

ထိုဆုံးဖြတ်ချက်ကို ချပြီးတော့ ရင်ထဲပေါ့သွားပြီး အိပ်ရာမှထသည်။ ရီရီက ထမင်းအိုးတည်နေပြီ၊ သူ မျက်နှာသစ်ပြီးသည်နှင့် မီးဖိုခန်းသို့





ဆင်တော့သည်။

ခုနှစ်နာရီခွဲလောက်မှာ မေမေကြီးနိုးလာပြီး မီးဖိုချောင်ထဲမှ သူ့ကို တွေ့သောအခါ...

'မိကေသီ၊ ဒီနေ့ကစပြီး မီးဖိုချောင်အလုပ်ကို လုပ်စရာမလိုတော့ဘူး၊ ဒါ အောင်နဲ့ရီရီကို လွှဲထားလိုက်ပြီ။ ညည်းလုပ်ရမှာက ၈း၃၀ မှာ မောင်နိုင်လာခေါ်ရင် အဆင်သင့်ဖြစ်နေအောင်သာ ညည်းကြိုးစားပါ'

'အစောကြီးရှိပါသေးတယ် မေမေကြီးရဲ့ မီးပါတယ်'

'မိကေသီ ငါက စကားတစ်ခွန်းပြောရင် ပြောတဲ့အတိုင်းတည်မှ ကြိုက်တာနော်...အခု မီးဖိုချောင်ကထွက်ပြီး လုပ်စရာရှိတာ ပြင်စရာရှိတာပြင်တော့'

စကားဆုံးသည်နှင့် မေမေကြီးက လှည့်ထွက်သွားလေသည်။ အောင်က မီးဖိုချောင်အခန်းထဲရောက်လာရင်း စကားဆိုသည်။

'သြော်... ကြီးပွားချင်တဲ့လူများကျတော့လည်း နေ့ချင်းညချင်းပါလား! တို့လည်း ဒီလိုကြီးပွားချင်လိုက်... အား... နာလိုက်တာ'

ကေသီက အောင့်ခေါင်းကို 'ဒေါက်'ခနဲ မြည်အောင် ခေါက်ခဲ့ပြီး မီးဖိုချောင်ထဲမှ ထွက်ခဲ့သည်။ ဆုံးဖြတ်ချက်ကလေး တစ်ခုရှိထားသဖြင့် စိတ်ထဲမှာလေးပြီး ရှုပ်မနေတော့သော်လည်း ထိုကိစ္စကြီးကို မလုပ်ချင်တာတော့ အမှန်ပင်ဖြစ်သည်။

ကိုးနာရီမထိုးခင် ငါးမိနစ်လောက်တွင် ကိုနိုင် ရောက်လာသည်။

ကားပေါ်တက်ကြတော့ သူက နောက်ဖက်က တံခါးကိုဖွင့်၍ တက်ထိုင်လိုက်သည်။ မေမေကြီးက ကားအောက်မှ တစ်ခုခုပြောရန် ဟန်ပြင်နေတုန်းမှာ ကားကထွက်သွားသဖြင့် ထိုစကားကို မေမေကြီးပြောခွင့် မရလိုက်ပါ။

မေမေကြီးပြောမည့်စကားသည် ဘာစကားဆိုတာကို ကေသီတာ သိပါသည်။ သူ့ကို ရှေ့ခန်းမှာ ကိုနိုင်နှင့် ယှဉ်ထိုင်ဖို့စကားပင် ဖြစ်လိမ့်မည်။

'ဟဲ့... မိကေသီ ရှေ့ခန်းကထိုင်လေ... 'ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ကိုနိုင်သည် ကားကို ပုံမှန်အရှိန်လောက်နှင့်သာ မောင်းနေရသည်။ ကားသာမောင်းနေရသည် သူနောက်မလုံသလို ခံစားရ၏။ ပြီးတော့ စိတ်ကျဉ်းကြပ်၍နေသည်။ ကားသာမောင်းနေရသည် ခံစားချက်မှာက လီဗာနှင့် ခြေထောက်ပဲ မထိသလို၊ လက်နှင့် စတီယာရင်နှင့်ပဲ မထိသလို တစ်မျိုးကြီး ဖြစ်၍နေသည်။

သူ့ဘက်က စကားစပြောဖို့ကောင်းသည်ဆိုတာကို သူ သိပါသည်။ သို့သော်...သူ့မှာ ကေသီတာ့ကိုပြောဖို့ စကားရှာ၍မရ၊ ကားမောင်းရတာကိုက ဒုက္ခတစ်ခုလိုဖြစ်နေပြီး သူ့အတွက် ပင်ပန်းလွန်းလှပါသည်။ ပါဂျဲရိုးကားလေးကတော့ အေးဆေးပြေးနေသည်။

ကေသီတာကလည်း ကားကြီးကိုစီးရင်း စိတ်ထဲမှာ မွန်းကြပ်၍လာနေသည်။ အခုဖြစ်နေသည့်ပုံစံက ကျိုကျိုတက်အောင် ချမ်းသာနေသည့် သူဌေးမကလေးတစ်ယောက်ကို ဒရိုင်ဘာက သွားချင်တဲ့နေရာကို လိုက်ပို့နေသလိုမျိုးဖြစ်နေသည်။ အမှန်ဆိုလျှင်တော့ ကိုနိုင်က ဘာစကားပဲဖြစ်ဖြစ် စ,ပြောဖို့ သင့်သည်ဟု သူထင်သည်။ ကိုနိုင်က ဘာစကားမှမစ,တော့ ဒီ ပါဂျဲရိုးကြီးပေါ်မှာ အရသာခံပြီး ငြိမ့်ငြိမ့်မစီးရဘဲ စိတ်အိုက်မွန်းကြပ်၍နေလေသည်။

မှန်အလုံပိတ်၍ Air-con ပေးထားသော ပါဂျဲရိုးကားကြီးသည် ဆူညံပေါက်ကွဲနေသော အပြင်လောကထဲသို့ လေးလေးမှန်မှန်ကြီးတိုးဝင်၍ လာနေသည်။ ကားထဲတွင်ရှိနေသော တိတ်ဆိတ်မှုသည် ကားထဲရှိ သက်ရှိလူနှစ်ယောက်ကို ဖိညှစ်၍ထားလေသည်။ ရုတ်တစ်ရက် ကားမောင်းနှုန်းအရှိန်မြင့်သွားကြောင်း ကေသီတာ သိလိုက်သည်။ 'ကောင်းတာပေါ့ မြန်မြန်ရောက်မှပဲအေးမှာ' ဟု စိတ်ထဲက ပြောလိုက်မိ၏။

'မြစောနိုင်' ရွှေချည်ထိုးလုပ်ငန်း ဆိုင်းဘုတ်ကြီးအောက်မှာ ကားဝင်သွားသည့်အခါကျမှပင် ကေသီတာ၏ တင်းကြပ်နေသောစိတ်များ လျော့ကျ၍သွားသည်။





သို့သော်လည်း ထိုစိတ်ကျဉ်းကြပ်မှုမှာ ခဏသာခံပြီး ရွှေချည်ထိုး company ထဲသို့ဝင်လိုက်သည်နှင့် နိုင်ဝင်းထွန်းနှင့်အတူ ကားပေါ်ကဆင်းပြီး နိုင်ဝင်းထွန်းနှင့် အတူတွဲလျှောက်လာသော သူမကို ဝိုင်းကြည့်လိုက်ကြသည့် ဝန်ထမ်းတွေက ဇာတ်ပွဲတွေမှာ မင်းသမီးကို ဝိုင်းထိုးပေးလိုက်သည့် စလိုက်မီးများလို စူးရှပြင်းထန်လွန်းသဖြင့် ကေသီတာ ခေါင်းကိုငုံ့၍ထားရသည်။

company ရုံးခန်းထဲသို့ အတူဝင်သွားကြတော့ ပိတ်လိုက်သောတံခါးရဲ့နောက်မှာ အကြည့်မြားတွေ ဘယ်လောက်စိုက်ဝင်နေကြမလဲဟု သူမ တွေးနေမိသည်။

ကေသီတာ ခံစားရသလို နိုင်ဝင်းထွန်းလည်း ခံစားရပါသည်။

နိုင်ဝင်းထွန်းသည် တစ်ခါမှ company ထဲသို့ မိန်းကလေးတစ်ယောက်နှင့် အတူတွဲပြီး မဝင်ခဲ့ဖူးပါ။ ယခု ကေသီတာနှင့် အတူဝင်လာခြင်းသည် ပထမဦးဆုံးအကြိမ်ဖြစ်ပါသည်။ သူ့ရှေ့တွင်ရှိသော ခလုတ်ကလေးကို နှိပ်ပြီးမှ နိုင်ဝင်းထွန်းက ထိုင်သည်။

ကေသီတာကတော့ ဘာမှ မေးမနေတော့ပဲ ချထားသည့်ခုံသုံးခုံထဲမှ အစွန်ခုံတွင် ဝင်ထိုင်လိုက်သည်။ တစ်ယောက်နှင့်တစ်ယောက် မကြည့်ကြ၊ စကားလည်း မပြောဖြစ်ကြ၊ ပြောစရာစကားလည်း မရှိကြ။ ၂-မိနစ်လောက်ကြာတော့ မိန်းကလေးတစ်ယောက်အဖို့ စိတ်ကျဉ်းကြပ်မှု အမြင့်ဆုံးသို့ ရောက်ရှိလာသည်။

'ရွှေချည်ထိုးတာက company ပဲ complete လုပ်ရတာလား!'

'ဟာ...ဒီမှာပဲ ကျွန်တော်တို့က အပြီးလုပ်ပေးရတာပေါ့၊ အငှားချုပ်ပေးရသလိုပါပဲဗျာ...သူတို့လိုချင်တဲ့ဆိုဒ်နဲ့ သူတို့လိုချင်တဲ့ပုံကို ကျွန်တော်တို့လူတွေက အပြီးအစီးလုပ်ပေးရတာပါ'

'Marketing ဆင်းတော့ရော...'

'Marketing ကတော့ ကျွန်တော်တို့ ဒီမှာမဆင်းဘူး၊ ကျွန်တော်တို့ နိုင်ငံက Hotel တွေက ရွှေချည်ထိုးပန်းချီကို သိပ်ကပ်လေ့မရှိဘူး၊ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com

တို့ဈေးကွက်က စက်ာပူရယ်၊ ဂျပန်ရယ်၊ အင်ဒိုနီးရှားရယ် အဲဒီလိုရှိတယ်'

'ဩော်...'

ထိုသို့ရှင်းပြနေချိန်တွင် နိုင်ဝင်းထွန်းရှေ့ရှိခုံပေါ်တွင် တင်ထားသော ဆောင်းဘောက်(စ) အသေးကလေးမှ အသံမြည်သည်။ သူက ဘာများလိမ့်ဟု စူးစမ်းမိသည်။ နိုင်ဝင်းထွန်းက ခလုတ်တစ်ခုကို နှိပ်လိုက်သောအခါ သူတို့ဝင်လာခဲ့သော အခန်းတံခါးက အလိုလျောက်ပွင့်၍သွား၏။ ဂိမ်းစဘွန်းကားထဲကလိုပါပဲလားဟု သူ တွေးနေမိသည်။

'ထိုင် နွေးနွေး'

နွေးနွေးဆိုသော ကောင်မလေးက သူမ ညာဘက်ကခုံတွင် ဝင်ထိုင်လိုက်သည်။

တစ်ယောက်နှင့်တစ်ယောက် ၃-စက္ကန့်လောက် မျက်ဝန်းချင်းဆုံမိကြသည်။ ထို ၃-စက္ကန့်အတွင်းမှာပင် နွေးနွေးဆိုသော မိန်းကလေးသည် ခင်မင်နှစ်လိုဖွယ်ကောင်းသော မိန်းကလေးတစ်ယောက်ဖြစ်လိမ့်မည်ဟု သူမ ထင်လိုက်သည်။

နိုင်ဝင်းထွန်းက ကေသီနှင့် နွေးနွေးကို မိတ်ဆက်ပေးသည်။ ပြီးတော့မှ...

'သူဟာ ကျွန်တော်တို့ ရွှေချည်ထိုးလုပ်နေ်းမှာ ဝန်ထမ်းတစ်ယောက်ဖြစ်လာလိမ့်မယ် နွေးနွေး အဲဒီတော့ အခု ကျွန်တော်တို့လုပ်ငန်းရဲ့ အောက်ခြေကနေစပြီး လုပ်ငန်းပြီးတဲ့အထိ ပြပေးပါ။ မကေသီတာ ဒီလုပ်ငန်းမှာ နွေးနွေးဟာ အတော်ဆုံး၊ လုပ်ငန်းသဘာဝကို အကျွမ်းကျင်ဆုံးမိန်းကလေးပါ၊ မကေသီတာ သိချင်တာရော၊ မသိတာရော အားလုံးမေးလို့ရပါတယ်'

'ဘယ်နေ့က စ,ရမှာလဲ ဆရာ...'

'အခုပဲ စ,လိုက်ပါ နွေးနွေး'

❖





ကေသီတာ အိမ်ပြန်ရောက်သည့်အချိန်တွင် မေမေကြီး တရားထိုင်နေသဖြင့် ကေသီတာလည်း ရေချိုးပြီး အခန်းထဲတွင်ခဏလှဲ၍ အနားယူနေစဉ် အောင်နှင့် မောင်တို့နှစ်ယောက်ရောက်လာပြီး ကေသီတာ့ကို စပ်ဖြဲဖြဲအမူအရာနှင့် ကြည့်လေသည်။

သူတို့ကြည့်သော အဓိပ္ပာယ်ကို သူမ သိပါသည်။ သို့သော် မသိချင်ယောင်ဆောင်ထားလိုက်၏။ အောင်နှင့် မောင်တို့ထင်ထားသည်က ကေသီတာသည် အိမ်ကိုပြန်ရောက်လျှင် စကားကို ရေပက်မဝင်အောင်ပြောပြီး သူတို့ကို ကြွားမည်။ ပြီးတော့ ကိုနိုင်ဝင်းထွန်းက သူ့ကို ဘယ်လိုဂရုစိုက်တာတွေ ဘာတွေပါလာမည်ဟု ကြွားလိမ့်မည် ထိုသို့ကြွားလျှင် နားမထောင်ဘဲနေခြင်းဖြင့် ကေသီတာ့ကို စ,ရန် ကြံညိုထားခဲ့ကြသော်လည်း ကေသီတာက သူတို့ထင်သလို မဟုတ်သဖြင့် ခံစစ်မှ တိုက်စစ်သို့ပြောင်းပြီး ကေသီတာ့အခန်းထဲသို့ ဝင်လာခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

'မကေ... နေမကောင်းဘူးလား! မကေကိုကြည့်ရတာ တစ်မျိုးကြီးပဲ ဘာတွေ အဆင်မပြေဖြစ်လာလို့လဲဟင်!'

ထိုစကားနှင့်အတူ အောင်က ကေသီတာ့နံဘေးတွင် ဝင်ထိုင်သည်။

'မေမေကြီးက မကေကို လေးနာရီခွဲကတည်းက မျှော်နေတာ၊ မမလှကြီးက အိမ်မှာဆက်ဆံသလိုပဲ ကောင်းကောင်းမွန်မွန် ဆက်ဆံရဲ့လား!'

ထိုအမေးစကားနှင့် မောင်ကလည်း လှဲနေသော မကေ၏ခြေရင်းဘက်တွင် ဝင်ထိုင်သည်။

'ဆက်ဆံရေးက အိမ်မှာ ဆက်ဆံသလိုပါပဲ၊ အဆင်ပြေပါတယ်'

'မမကေကို ဒီနေ့သူတို့က တော်တော်ခိုင်းလိုက်ကြသလား!'

'အခိုင်းမခံရပါဘူး၊ မကေက အဲဒီအဆင့်ကို မရောက်သေးဘူး၊ ဒီနေ့က မကေ သိသင့်တာနဲ့ သိချင်တာတွေကို လျှောက်မေးလျှောက်ကြည့် လုပ်တာပါ'

'အစအဆုံးပြောပြ မကေရာ...'

'မေမေကြီး ဘုရားရှိခိုးပြီးရင် ထမင်းစားကြမှာ မဟုတ်လား၊ ထမင်းဝိုင်းကြမှ ဒီနေ့ကြုံခဲ့ရတာကို မေမေကြီးကို ပြောပြရင်းနဲ့ တစ်ခါတည်း ပြောပြမယ်သိလား၊ ခုတော့ မမ ခဏလောက်နားပါရစေ အောင်နဲ့မောင်ရယ်နော်...'

ညနေထမင်းစားပွဲကျတော့ ကေသီတာက ရွှေချည်ထိုးလုပ်ငန်း၏ နက်နဲပုံ၊ အခက်အခဲများကို အားလုံး ဝိုင်းစဉ်းစားကြရပုံ၊ ပြီးတော့ ရွှေချည်ထိုးဈေးကွက်၊ မြန်မာနိုင်ငံ၏ တရားဝင် ခေါ်လာရှာနိုင်သည့်လုပ်ငန်း၊ နိုင်ငံတော်တော်များများက သူတို့ တန်ဖိုးထားကြသော အဆောက်အဦးများကို ဓာတ်ပုံလေးဘက်လေးတန်မှ ရိုက်၍ပို့သောပုံတွေကို ရွှေချည်ထိုးရတာခက်ခဲပုံ၊ အလင်းအမှောင်၊ အမှိန်အဖျော့ကို ကြိုးအရောင်နှင့် ရွေးရသည့်အခက်အခဲစသည်တို့ကို ပြောပြသည်။

'ဒါဆို မောင်နိုင်က သမီးကို တော်တော်လေးဂရုတစိုက် ရှင်းပြလိုက်တာပဲ၊ သမီး ကြိုးစားပြီး လေ့လာပေါ့'

'အဲဒီအကြောင်းတွေကို ကိုနိုင်က သမီးကိုရှင်းပြတာ မဟုတ်ဘူး မေမေကြီး၊ Company ကိုရောက်ကတည်းက သူ မျက်နှာလွှဲထားရသောက်အောင် ရွှေချည်ထိုးလုပ်ငန်းမှာ ကျွမ်းကျင်တဲ့ နွေးနွေးဆိုတဲ့ ကောင်မလေးတစ်ယောက်က တစ်နေကုန်ရှင်းပြတာပါ၊ ကိုနိုင်ကလည်း နာရီဝက်လောက်နေပြီးတော့ ကားနဲ့ထွက်သွားတာ သမီးကို ပြန်ပို့ချိန်ကျမှပဲ ပြန်ရောက်လာတာ မေမေကြီးရဲ့...'

အင်း... ခုတ်ရာတလွဲ ရှရာတခြားတွေတော့ ဖြစ်ကုန်ပြီထင်ပါရဲ့ဟု ဒေါ်ထက်မေအောင် တွေးမိသည်။

'သမီးဟာ သိပ်မကြာခင် သူနဲ့လက်ထပ်မယ့် အမျိုးသမီးဆိုတာကိုရော ဝန်ထမ်းတွေက သိကြသလား!'

'အဲဒီလိုကြီးတော့ သိကြပုံမရသေးဘူး မေမေကြီး၊ သမီးနဲ့သူ Company ထဲကို အတူတွဲဝင်သွားတော့ ဝိုင်းကြည့်တဲ့မျက်လုံးတွေကတော့ ကြောက်စရာကောင်းတယ် နွေးနွေးရဲ့ပြောပုံအရဆိုရင်တော့ ကိုနိုင်က တစ်ခါမှ မိန်းကလေးတစ်ယောက်နဲ့ အတူတွဲပြီး Company ထဲကို မလာဖူးဘူးတဲ့'

'ဒါဆို သမီးက ပထမဦးဆုံး သူနဲ့ တွဲဝင်တဲ့မိန်းကလေးပေါ့'

'နွေးနွေးကတော့ အဲဒီလိုပြောတာပဲ မေမေကြီး၊ ပြီးတော့ ကိုနိုင်က ဘယ်ဝန်ထမ်းမိန်းကလေးကိုမှ သူ့အခန်းထဲမှာ တစ်ယောက်တည်း ဘယ်တော့မှ ခေါ်မတွေ့ဖူးဘူးတဲ့၊ အဖော်တစ်ယောက်နဲ့အတူ လာရတာချည်းပဲတဲ့'

'ဒါ ယောကျ်ားကောင်းတွေရဲ့ ဆင်ခြင်သင့်တဲ့နေရာမှာ ဆင်ခြင်တဲ့ စရိုက်လက္ခဏာပဲ ကောင်းတဲ့အပြုအမူတစ်ခုပဲ သမီး'

ထမင်းစားပွဲပြီးတော့ မြဆီ Phone လှမ်းဆက်ပြီး ဒီနေ့ကိစ္စကို ပြောပြရလျှင်ကောင်းမလားဟု တွေးလိုက်သေးသည်။ သို့သော် ဒီနေ့မှ စ,သောရေ... ဖြစ်သဖြင့် ကိုယ့်ဘက်က သိပ်လောရာကျမည်၊ လောဘကြီးရာကျမည်... မပြောတော့ပါ။

www.burmeseclassic.com



အချိန်တန်လျှင် ထိရအောင် အိုးနှစ်လုံးထားပြီးပြီပဲ၊ ကြိုးနှစ်ကြိုး ထားပြီးပြီပဲ၊ ဘာလို့ မထိရ၊ မငြိရမှာလဲ!။

နွေးက ရွှေချည်ထိုးလုပ်ငန်းအတွက် ဆောင်ရွက်ရသော တာဝန်အသီးသီးကို ကေသီတာ့ကို အားလုံးရှင်းလင်းပြသပြီးချိန်မှာ ၇-ရက်တိတိကြာသည်။ ကေသီတာနှင့် အချို့သောဝန်ထမ်းများပင် ရင်းနှီးစပြုလာပြီဖြစ်ပြီး နွေး၏ ချစ်စရာကောင်းသောစိတ်ထားမှာ ကေသီတာ့ကို သူတို့ဆရာ နိုင်ဝင်းထွန်းနှင့် ဘာလားညာလား! ဆိုတာကို လုံးဝ မမေးခြင်းပင်ဖြစ်သည်။

ပါဂျဲဒိုးကားကြီးပေါ်မှာတော့ အသွားအပြန် တိတ်ဆိတ်ခြင်းသည် ယခင်တုန်းကအတိုင်းပင် ဖြစ်သည်။

ဒီနေ့တော့ ကိုနိုင်က နွေးနှင့်ကေသီတာ့ကို သူ့ရုံးခန်းတွင် ခေါ်တွေ့သည်။

'မကေသီတာ ရွှေချည်ထိုးလုပ်ငန်းကို အစကနေအဆုံးအထိ အဆင့်ဆင့်လုပ်ကိုင်ရတာတွေကို အားလုံး အစီအစဉ်စနစ်တကျသိပြီလို့ နွေးနွေးက ကျွန်တော့်ကို တင်ပြထားပါတယ်'

'ဟုတ်ကဲ့...'

'ဒီတော့ မကေသီတာ ဘယ် Subject ကို စိတ်အဝင်စားဆုံးပါလဲ!'

'ကျွန်မစိတ်ကြိုက် ရွေးခွင့်ရမယ်ဆိုရင်တော့ ဒီဇိုင်းတွေပုံဖော်တဲ့ ဌာနမှာ လုပ်ချင်ပါတယ်၊ အဲဒီမှာ လုပ်ချင်တာကလည်း အချက် ၂-ချက်ရှိပါတယ်၊ ပထမတစ်ချက်က ကျွန်မကိုယ်တိုင်ကိုက ဒီဇိုင်းကို ဝါသနာပါတာရယ်၊ ဒုတိယအချက်က အဲဒီဌာနရဲ့အကြီးဆုံးတာဝန်ခံက ကျွန်မနဲ့ခင်သွားပြီဖြစ်တဲ့ နွေးဖြစ်နေတာကြောင့်ပါ'

နွေးက ဘာဖြစ်လို့ အဲဒီလိုပြောရတာလဲ ဆိုသောသဘောနှင့် ကေသီတာ့ပခုံးကို သူ့ ပခုံးဖြင့်အသာတိုက်ပြီး ရှက်ပြုံးကို ပြုံးသည်။ နိုင်ဝင်းထွန်းကတော့ ဘောလ်ပင်ကို မေးဖျားတွင်ထောက်၍ စဉ်းစားနေသည်။ သူဘာကို စဉ်းစားနေသနည်း။





'ကောင်းပြီ၊ နွေးနွေးတို့ Section မှာ မကေသီတာ မနက်ဖြန်ကစပြီး အလုပ်ဝင်လို့ ရပါပြီ'

အပြန် ပါဂျဲဒိုးကားပေါ်မှာတော့ ကေသီတာပင် တိတ်ဆိတ်မှုကို စတင်ဖြိုခွင်းပြီး စကားစ ပြောသည်။

'ကေ့ကို နွေးရဲ့ဌာနမှာ လုပ်ခွင့်ပေးတာ ကျေးဇူးအရမ်းတင်ပါတယ် ကိုနိုင်'

'ရပါတယ်၊ တကယ်လို့ မကေသီတာက တခြား Section ကို ပြောရင်တောင်မှ ကျွန်တော်က နွေးနွေးနဲ့ပဲ တွဲပေးမလို့ပါ။

'ကျွန်မ ကိုနိုင့်ကို နောက်တစ်ခု တောင်းဆိုစရာရှိသေးတယ်'

'ဟုတ်ကဲ့ ပြောပါ'

'ကျွန်မကို နေ့တိုင်းကြိုပို့ရတာ ကိုနိုင့်အတွက် တာဝန်ကြီးလွန်းပါတယ်၊ ဒီတော့ ကျွန်မဘာသာပဲ ရုံးတက်ရုံးဆင်း လုပ်ပါရစေလားရှင်!'

ကိုနိုင်သည် ကားကို ဘယ်ဘက်သို့ ချိုးကွေ့လိုက်သည်။

ထိုသို့ ကားကွေ့လိုက်ရသည့်အတွက် ရုတ်တစ်ရက် စကားပြန်မပြောနိုင်တာလား! ဘာပြောရမယ်ဆိုတာကို စဉ်းစားနေ၍ စကားပြန်မပြောနိုင်တာလားဆိုတာကိုတော့ ကိုနိုင်တစ်ယောက်သာ သိပါသည်။

'ကျွန်တော် မကေသီပြောတာကို နားလည်ပါတယ်၊ ကားကောင်းကြီးစီးပြီး စိတ်မလွတ်လပ်တာထက်စာရင် လူကြပ်နေတဲ့ကားထဲမှာ စိတ်ချောင်ချောင်နဲ့စီးရတာကို မကေသီ ပိုနှစ်သက်တယ်ဆိုတာ ကျွန်တော်သိပါတယ်၊ ဒါပေမယ့် ဒီကိစ္စကိုတော့ ကျွန်တော် လိုက်လျောလို့မရဘူး မကေသီ၊ မေဖေနဲ့မေမေက ကျွန်တော့်ကို အသေအချာမှာထားတဲ့ ကိစ္စမို့ပါ'

'ဒါဆို ကျွန်မက အန်တီကို Phone ဆက်ပြီး ပြောပြရင်ရော...'

'ခက်တယ် မကေသီ၊ အဲဒီလိုပြောလိုက်ရင် အဲဒီစကားရဲ့နောက်မှာ အဓိပ္ပာယ်တွေက အများကြီးဖြစ်သွားနိုင်တယ်၊ မကေသီရဲ့ မေမေကြီးကို ဗိုင်တယ်ဆိုရင်တော့ ကျွန်တော် ဘာမှမပြောလိုပါဘူး၊ ကျွန်တော်ကတော့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မိဖနှစ်ပါးကို လုံးဝမပိုင်ပါဘူး'

ဒီတစ်ခါတော့ ကိုနိုင်ပြောတာ ဟုတ်သည်၊ ဒီကားနှင့် အတူမသွားနိုင်ဘူးဆိုလျှင် ကိုနိုင်နှင့်ဓေ့စပ်ဖို့ လက်ထပ်ဖို့ဆိုသော ကိစ္စမှာ ပို၍ပင်ခက်ခဲသွားလိမ့်မည်။ ဘာ့ကြောင့် မစီးချင်တာလဲဆိုသော မေးခွန်းကို ထိုအချိန်လူကြီးတွေက မေးလာလျှင် ဘယ်လိုဖြေရမည်နည်း။

ဒီတော့ ကေသီတာသည် တိတ်တိတ်ကလေးလိုက်လာတာ အကောင်းဆုံးပဲဟု ဆုံးဖြတ်ပြီး ဘာမှမပြောတော့ပဲ လိုက်ခဲ့သည်။ ဤအကြိမ်သည် သူမနှင့် နိုင်ဝင်းထွန်းတို့ ကားပေါ်မှာ ပထမဦးဆုံးအကြိမ် စကားပြောမိခြင်းသာ ဖြစ်ပါသည်။

အိမ်ကိုရောက်တော့ ကေသီတာသည် အရင်နေ့တွေထက် ပို၍ ရွှင်လန်း၍ နေသည်ကို အိမ်ကလူတွေအားလုံး ရိပ်မိကြသည်။ သို့သော် မေမေကြီးကအစ မျက်နှာနွဲ့ကာ ကျေနပ်နေသလိုရှိသဖြင့် 'မောင်'က, ကလေးနွဲ့နွဲ့သလို စ,မေးသည်။

'မမကြီး ဒီနေ့ ဘာကောက်ရလာလဲဟင်!!'

'ကောက်ရတယ်၊ ဘာကောက်ရ,ရမှာလဲ!၊ ဘာကို မေးတာလဲ!'

'သြော်... မမကြီးပျော်နေလို့ တစ်ခုခုတော့လွဲနေပြီလို့ မောင်ကထင်လို့ပါနော် အော်...'

မှူယာမောင်က ခင်မေအောင်ကို သက်သေလုပ်သည်။ အောင်က ခေါင်းကို လေးငါးခါညိတ်၏။

'ဘာမှတော့ မကောက်ရပါဘူး၊ နည်းနည်း စိတ်လွတ်လက်လွတ်ကလေးဖြစ်လာတယ်ဆိုရင်တော့ ဟုတ်ပါတယ်၊ ဒီလို မေမေကြီးရယ်... ဒီနေ့ ကိုနိုင်က သမီးကို သူ့လုပ်ငန်းထဲက ကြိုက်တဲ့ဌာနမှာ လုပ်ဖို့ရွေးခိုင်းတယ်'

မေးသူက မှူယာမောင်နှင့် ခင်မေအောင်ဖြစ်သော်လည်း ကေသီတာက ဒေါ်ထက်မေအောင်ကိုသာ ရှင်းပြသည်။





'အဲဒီတော့...'

'သမီးက နွေးလည်းရှိ သမီးလည်းဝါသနာပါတဲ့ ဒီဇိုင်းဘက်ကို ရွေးချယ်လိုက်တာပေါ့၊ ကိုနိုင်ကလည်း သဘောတူတယ်၊ နွေးဟာ သူ့ပြီးရင် ဒီလုပ်ငန်းမှာ အကျွမ်းကျင်ဆုံး မိန်းကလေးပါတဲ့၊ အဲဒါကြောင့် သမီးချီးမြှုးနေတာ၊ ငယ်ငယ်တုန်းက အရုပ်ကလေးတွေလုပ်ပြီး အင်္ကျီချုပ်ပေးတာလောက်ပဲ ကစားခဲ့တာလေ၊ အခု နိုင်ငံခြားကိုပို့မယ့် ပစ္စည်းတွေကို ဒီဇိုင်းထုပ်ပေးရမှာ ဘယ်လောက်ပျော်စရာကောင်းသလဲ! ကဲ...'

ကေသီတာက အားရဝမ်းသာရှင်းပြနေသော်လည်း ဒေါ်ထက်မေအောင်က အားရကျေနပ်ကြောင်း အမူအရာမပြဘဲ တစ်စုံတစ်ခုကို အလေးအနက်ဉီးစားနေသည့်ပုံစံမျိုး ရှိနေသည့်အတွက် မောင်နှင့်အောင်လည်း ငြိမ်နေရသဖြင့် ကေသီတာ၏ ပျော်ရွှင်မှုဖြင့် ထွန်းလင်းနေသော မျက်နှာတစ်ခုသာ ကျွံထွက်နေသည်။

ဒေါ်ထက်မေအောင်သည် လူကြီးပီပီ ဤကြွေရရှနှင့် ဖြစ်သင့်ဖြစ်ထိုက်သော အစီအစဉ်ကို စီစဉ်ခဲ့ပြီးဖြစ်သည်။ သို့သော် ယခု ကေသီတာပြောပြနေသော အကြောင်းအရာတွေက အမှန်တွေသာဆိုလျှင် သူတို့စီစဉ်မှုသည် အလကားတွေ ဖြစ်ကုန်တော့မည်။

ကေသီတာသည် ရွှေချည်ထိုးလုပ်ငန်းသို့ဝင်တာ တစ်လနီးပါးရှိတော့မည်။ နိုင်ဝင်းထွန်းအကြောင်းကို မပြော၊ သူ့ကိုမှမဟုတ် အောင်၊ မောင်နှင့် ရီရီကိုလည်း မပြော။

ဒေါ်ထက်မေအောင်က သူ့သမီးနှစ်ယောက်နှင့် ရီရီကို နိုင်ဝင်းထွန်းအကြောင်းစ,ပေးရန်၊ စကားလမ်းကြောင်းတည်ပေးရန် ခိုင်းသော်လည်း

'သူက သိပ်အလုပ်များတာဟ၊ ငါ့ကို ကားပေါ်ကချပေးပြီးတာနဲ့ သူ့ အခန်းထဲဝင်သွားရော၊ ငါ့ကို နွေးက လိုက်ပြပြီး ထမင်းစားကြမယ့် အချိန်ကျတော့ သူက အပြင်ကိုထွက်ပြီး၊ ငါ့ကို ပြန်ပို့ဖို့အချိန်ကျမှ ပြန်ရောက်တာ'



www.burmeseclassic.com

www.burmeseclassic.com

'ဟင်...ဒါဆို ကိုနိုင်နဲ့မမက ရုံးမှာ အတူနေအတူစား မဟုတ်ဘူးလား!'

'အာ... ဘယ်ကလာ ငါ့ကို မနက်ပို့မယ်၊ ညနေ အိမ်ပြန်ပို့မယ် ဒါပဲတွေ့တာ'

'ကားပေါ်မှာရော စကားတွေ ဘာတွေ မပြောကြဘူးလား!'

'ဒီနေ့ကြည့်ရတာ အဆင်ပြေရဲ့လား! ဘာလား ဒီလောက်တော့ ရှိတာပေါ့ဟာ'

'ဒီလိုပုံစံဆို ကိုနိုင်က မမကို လူကြီးတွေ စီစဉ်ထားတာကလွဲပြီး ဘာမှ ပိုတာမရှိဘူး၊ ပြီးတော့ မတွေ့ရအောင် ရှောင်နေသလိုကြီးဖြစ်မနေဘူးလား!'

'အဲဒီလိုကြီးတော့ မဟုတ်ပါဘူး၊ သူ ဟာကယ်အလုပ်များတယ်ဆိုတာ အမှန်ပါ၊ သူ ရောက်တဲ့နေရာကနေ Phoneနဲ့ သူ့ပစ္စည်းတွေလှမ်းမှာတာတို့ ကျွမ်းကျင်တဲ့လူကို ခေါ်ခိုင်းပြီး အလုပ်အပ်တာတို့ လူသုံးလေးယောက်ခေါ်တာတို့က နေ့တိုင်းပဲ၊ အခု အင်္ဂလန်က ပြပွဲတစ်ခုမှာ သူ့ရွှေချည်ထိုးတွေ ပြခွင့်ရဖို့အတွက်စီစဉ်နေတာ တော်တော်လေးနီးစပ်နေပြီတဲ့ နွေးက ပြောတာပဲ၊ အဲဒီ ဒီနိုင်းကို ငါကိုင်ရရင်တော့ ရှယ်ကိုင်လိုက်မယ်' ဆိုသော စကားလောက်သာရသည်။ အခု နွေးဆိုတာ တစ်ယောက်ထပ်ရောက်လာပြန်၊ ဟိုကလေးမ ထ တေသီတာ့ထက် မောင်နိုင်ကို ပိုခင်ခင်မင်မင် ဆက်ဆံရပုံပေါ်သည်။

'အဲဒီ နွေးဆိုတဲ့ကောင်မလေးက ချောလား မိကေ'

'ချောတယ် မမကြီး၊ သူက သိပ်ဝတ်ရဲတာပဲ၊ ပြီးတော့ တော်လည်း တော်တယ်၊ ဂျပန်လိုတတ်တယ်၊ အင်္ဂလိပ်လိုကတော့ မွတ်နေတာပဲ၊ အခု ပြပွဲမှာ ကိုနိုင်က သူ့ကို ခေါ်သွားရမှာတဲ့'

ဒေါ်ထက်မေအောင် စိတ်ပူသည့်အဆင့်သို့ ရောက်သွားပြီဖြစ်သည်။

ဒီအဆင့်လောက်မှာ ကိုယ့်ဘက်က လောဖို့မလိုသေးဘူးဟုလည်း ဆင်ခြင်ရသေးသည်။ ဈေးစပ်ပွဲသည် ကြည်ဖြူစွာ အပ်နှင်းကြခြင်းသာ ဖြစ်သင့်သည်။ ရှောင်းမလား ဝယ်မယ်၊ ရှောင်းမယ် ဝယ်မလား အဆင့်သို့





မရောက်သင့်ပေ။

ဒီတော့ အချိန်ကို စောင့်ဖို့သာ လိုပါသည်။

'ဒီလို အလုပ်မှာတော်တဲ့ မိန်းကလေးတစ်ယောက်နဲ့ အတူလက်တွဲပြီး အလုပ်လုပ်ရတာ တန်ဖိုးရှိတယ်သမီး၊ သူ့ဆီက ပညာရအောင်ယူပေါ့၊ အလုပ်ကိစ္စနဲ့ ပတ်သက်လို့ကတော့ ငါ့သမီးကို မေမေကြီးက ယုံပြီးသားပါ'

ထိုနေ့ စကားဝိုင်းသည် ထိုမျှနှင့်ပင် ပြီးကြရလေသည်။

❖


www.burmeseclassic.com

www.burmeseclassic.com



ပါဂျဲဒိုးကားကြီးသည် ငြိမ့်ငြိမ့်မှန်မှန်ကလေး ပြေး၍နေသည်။

ကားပေါ်တွင်မတော့ ထုံးစံအတိုင်း တိတ်ဆိတ်မှုက လွှမ်းမိုးနေပြီး နိုင်ဝင်းထွန်း၏ မျက်နှာမှာ နေ့စဉ်တွေ့နေကျအတိုင်း အားနာစိတ်၊ ရှက်စိတ်တို့ဖြင့် နီရဲလျက်ရှိသည်။ သူ့ဆီမှ ကေသီတာ့ကို ပြောစရာစကားများ ရှိပါသည်။ သို့သော် နှစ်ဖက်မိဘများက တမင်ပွင်ဆင်ပေးလိုက်သော အခြေအနေပေါ်မှာ သူက စကားပြောလျှင် သူသည် အခွင့်အရေးယူတတ်သော ယောကျ်ားတစ်ယောက်ဟု ကေသီတာ ထင်သွားမှာကို သူ စိုးရိမ်သည်။

နှစ်ဖက်မိခင်က အိုးချင်းထားအိုးချင်းထိ အစီအစဉ်ကို ကေသီတာကလည်း သိမှာကိုရှုံးသေသည်။ သိလို့သာ စကားစ,မပြောတာပေါ့၊ ရှေ့ခန်းမှာ ဘယ်တော့မှ မထိုင်တာပေါ့၊ စကားပြောသင့်သော သူနှစ်ဦး ကားတစ်စင်းတည်းပေါ်တွင် စကားမပြောဖြစ်တာကိုက တစ်ခုခုမှားယွင်းနေကြောင်း သေချာနေသည်။

ကေသီတာကလည်း သူမက စ,ပြောလျှင် မိန်းကလေးဣန္ဒြေပျက်သည်ဟု နိုင်ဝင်းထွန်းကလည်း သူက စ,ပြောလျှင် အခွင့်အရေးယူသည်ဟု ယူဆသည်။ ထို့ကြောင့် ပါဂျဲဒိုး ကားကြီးသည် တိတ်ဆိတ်နေ၏။

သို့သော် ဒီနေ့တော့ ကေသီတာ့မှာ ပြောစရာစကားရှိနေပြီ ဖြစ်သည်။ စကားကို ဘယ်က စ,လျှင်ကောင်းမလဲဟု စဉ်းစားနေသဖြင့်သာ တိတ်ဆိတ်





နေခြင်းဖြစ်ပါသည်။ နောက်ဆုံးတော့ ရိုးရိုးပဲပြောတာ ကောင်မလေး

ကေသီတာ ဆုံးဖြတ်လိုက်သည်။

'ကိုနိုင်… ကိုနိုင့်ကို ပြောစရာစကားတစ်ခုရှိတယ်'

တိတ်ဆိတ်ခြင်းကို ဖြိုခွင်းပြီးထွက်လာသော စကားကြောင့် နိုင်ဝင်းထွန်း ရုတ်တရက် အံ့သြသွားသည်။

'ဟုတ်ကဲ့'

'ပြောစရာဆိုတာထက် အကူအညီတောင်းတာဆိုရင် ပိုမှန်မလားပဲ ကိုနိုင်'

'ဟုတ်ကဲ့…'

'ကျွန်မတို့ Section က လှဲလှဲမင်းဆိုတဲ့ ညီမလေးက ကျွန်မတို့လမ်းထိပ်နားမှာနေတာ ကိုနိုင်၊ သူ့အိမ်က အဲဒီလမ်းထိပ်ကနေလျှောက်ရင် ၁၀-မိနစ်လောက်ပဲ လျှောက်ရတယ်တဲ့၊ အဲဒါ ကျွန်မနဲ့အတူတူ သူ့ကိုပါ ခေါ်ပါရစေလို့ ကိုနိုင့်ကို ခွင့်တောင်းတာပါ'

ထုံးစံအတိုင်းပင် ကိုနိုင်သည် ချက်ချင်း အဖြေမပေး၊ သူ့ရှေ့က မိန်းကလေးတစ်ယောက်ကို သူ့ကားဖြင့် တင်ခေါ်ဖို့ကို ဘယ်တုန်းကမှ မစဉ်းစားခဲ့။ အခုတော့ စဉ်းစားရတော့မည်။ ထိုကောင်မကလေး သူ့ကားပေါ်ပါလာလျှင် မိန်းကလေးနှစ်ယောက်မို့ သူတို့ချင်း စကားပြောအဖော်ရလျှင် သူ အသက်ရှူချောင်မည်။ အခုလို နှစ်ယောက်တည်း ဘာစကားပြောရမှန်းမသိသဖြင့် စိတ်ကြီးတင်း၍နေရတာမျိုး မဖြစ်တော့၊ ဒီလိုဆိုလျှင် ခေါ်သင့်သည်ဟု သူ ယူဆလိုက်သည်။

'ဟုတ်ကဲ့… လမ်းကြုံတယ်ဆိုရင်ခေါ်ပါ၊ ကျွန်တော့ကို အားမနာပါနဲ့'

'ကြုံတယ် ကြုံတယ်၊ ကျွန်မ အိမ်အဝင်လမ်းကို မကွေ့ခင်ကလေးမှာ သူ ဆင်းမှာပဲ၊ မနက်ကျတော့လည်း သူ အဲဒီနေရာလေးကပဲ စောင့်လိမ့်မယ်၊ ဒါဆို ဒီနေ့ညနေကစပြီး သူ့ကို အဖော်ခေါ်ခဲ့တော့မယ်နော်'

'ဟုတ်ကဲ့ ခင်ဗျ'



www.burmeseclassic.com

www.burmeseclassic.com



ပထမတော့ လှဲလှဲမင်းက သူ့ သူဌေးကားကို လိုက်မစီးရဲကြောင်း၊ ရုံးက သူငယ်ချင်းများနှင့် သူ့ပတ်ဝန်းကျင်က သိမြင်လျှင် တစ်မျိုးတွေးကြည့်မည် ဖြစ်ကြောင်းပြောရာ ကေသီတာက သူမ၏အကြောင်းကို အကုန်ဖွင့်ချပြောပြ တော့မှပင် ကားအတူလိုက်စီးခြင်းသည် ကေသီတာ့ကို ကူညီခြင်းဖြစ်ကြောင်း သဘောပေါက်နားလည်၍ သဘောတူခဲ့သည်။

ထိုနေ့ညနေအပြန်တွင် ကားပေါ်၌ ရယ်သံရွှင်သံကလေးများ၊ ကိုရီးယား အခန်းဆက်ကားများအကြောင်း၊ ကိုရီးယား Company များ၏ ပြိုင်ဆိုင်မှု များအကြောင်း၊ ပါတိတ်ဈေး၊ ရွှေဈေးနှင့် နောက်ဆုံးပေါ် ဆံပင်ဖြောင့် ကိရိယာ တစ်ခါတစ်ခါ 'ဆရာ ဟုတ်တယ်မဟုတ်လား!' ဆိုသော လှမ်း တိုင်ပင်သံ၊ တစ်ခါတရံ 'ဆရာက သိပ်ဘက်လိုက်တာပဲ' ဆိုသော စိတ်ဆိုး သံ၊ တစ်ခါတလေလည်း အကြောင်းအရာတစ်ခုကိုပြောပြီး သုံးယောက်စလုံး သဘောကျ ရယ်ကြသံများဖြင့် ကားစီးရခြင်းအရသာသည် ပျော်စရာကြီး ဖြစ်၍လာသည်။

ကိုးအကြောင်းကို အောင်နှင့် မောင်မှတစ်ဆင့် ဒေါ်ထက်မေအောင် သိသွားသောအခါ သူတို့ဆင်သည့်အကွက်ထဲသို့ မဝင်ကြောင်း နှစ်ဦးစလုံး သိရှိ၍...

'မြကတော့ ရှေ့အပတ်ထဲ စီစဉ်ချင်ပြီ ထက်ရေ... နွေးဆိုတဲ့ ကောင် မကလေးကို တွေ့ပြီးပြီ၊ သွားလေ့လာတဲ့သဘောပါ၊ အမလေး ဘိုဆန်လိုက် တာမှလွန်ရော၊ ရုပ်ရည်ကလည်း လှပါရဲ့၊ ပညာလည်းတော်ပါရဲ့၊ ဒါပေမယ့် မဖြစ်ဘူး ထက်၊ အဲဒီတော့ ရှေ့အပတ်ထဲ နေ့ကောင်းရက်သာသာ ရွေးလိုက် ပါတော့'

'ကောင်းပြီ မြ၊ ဒီနေ့ညကို ရှေ့အပတ်ထဲစီစဉ်မယ်ဆိုတာ မိကေကို ဖွင့်ပြောလိုက်တော့မယ်၊ မြလည်း မြရဲ့သားကို ဖွင့်ပြောလိုက်တော့နော်... ဒါပဲ'

❖





ပါကျဲဒိုး ကားပေါ်ကို တက်လိုက်ပြီး မကေသီတာမျက်နှာကို မြင်လိုက် ရကတည်းက တစ်ခုခုတော့ ဖြစ်နေပြီဆိုတာကို လှဲလှဲမင်း စိတ်ထဲကသိလိုက် သဖြင့် ယခင်နေ့များကဲ့သို့ ရယ်စရာ ပျော်စရာစကားများကို မပြောဘဲ လိုက်လာခဲ့သည်။

မကေသီကလည်း သူမကို ယဲ့ယဲ့ကလေးမျှ ပြုံးရုံပြုံးပြသဖြင့် သူမ လည်း အပြုံးကို အားကုန်မသုံးဘဲ မကေသီတာ၏အပြုံးကို လက်ခံရရှိပါသည် ဆိုရုံမျှသာ ပြုံးလိုက်လေသည်။

ထိုသို့ပြုံးပြပြီးချင်း ကားထဲမှာ တိတ်ဆိတ်နေသောကိစ္စသည် သူမနှင့် များ ပတ်သက်နေမလားဟု စဉ်းစားမိသေးသည်။ သို့သော် သူမသည် မကေသီကိုရော ဆရာနိုင့်ကိုပါ ဘာမျှ အမှားကျူးလွန်ခြင်းမရှိဟု ယုံကြည် ထားပါသည်။ ထို့ကြောင့် ကားပေါ်မှာ ထိုသို့ တိတ်ဆိတ်နေရခြင်းသည် မကေသီနှင့် ဆရာနိုင်တို့၏ ကိုယ်ရေးကိုယ်တာကိစ္စသာ ဖြစ်ရမည်ဟု ယူဆ လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအတွေးသည် မှန်ကန်ခြင်းရှိကြောင်းကို နေ့ခင်းထမင်းစားကြသောအခါ လွဲလွဲမင်း သိရလေသည်။ လွဲလွဲမင်းသည် မကေသီတို့အကြောင်းကို တစ်ကြိမ်တစ်ခါမျှ မမေးခဲ့။ ယခုလည်း မကေသီကိုယ်တိုင်က ပြောပြ၍ သိခြင်းဖြစ်ပါသည်။

'မမကလည်း မမ ကံကောင်းတာပေါ့၊ အဲဒါကို မမက ဘာဖြစ်လို့ ခပ်တည်တည်ကြီးနဲ့ စကားမပြော ဘာမပြော လုပ်နေရတာလဲ'

'မင်းကလည်း ကိုယ့်ဘက်ကသွားပြီး ပျော်ပျော်ရွှင်ရွှင်ကြီး သွားလုပ်နေလို့ ဘယ်သင့်တော်ပါ့မလဲ၊ မသကာ သူကစပြီး နည်းနည်းပါးပါး ပြောရင် တော်သေးတာပေါ့'

'ဒါဆို မမက အခုကတည်းက အနိုင်ယူဖို့ ကြိုတင်စီစဉ်နေပြီလား!'

'အိုး... မမက မနိုင်ချင်ပါဘူး၊ ဒါပေမယ့် ကိုယ့်ဣန္ဒြေပျက်လောက်အောင်လည်း မလိုက်ရောနိုင်ဘူးလေ၊ ဒီနေ့ညနေ သူနဲ့ အဲဒီကိစ္စကို ဆွေးနွေးရောရှိလို့ မင်း ကိုယ့်ဘာသာပဲ ပြန်လိုက်တော့နော်'

လွဲလွဲမင်းသည် ကေသီတာ့ကို အားကျခြင်း၊ ဝမ်းသာခြင်း စသောမျက်နှာဖြင့် ငေးကြည့်ဂုဏ်ယူနေသော်လည်း ကေသီတာ၏မျက်နှာမှာမူ ပျော်ရွှင်ခြင်း မရှိရုံသာမက၊ ကျေနပ်ခြင်းလောက်ပင် မရှိသလိုဖြစ်နေသဖြင့် အားမလို အားမရဖြစ်၍ ကေသီတာ့လက်ကို ဆုပ်ကိုင်ရင်း

'မမက ဘာဖြစ်လို့ မပျော်တာလဲဟင်!'

'အင်း... ဒီလိုကိစ္စက ဘာဖြစ်လို့ ပျော်ရမှာလဲ!'

'အာ... မမကလဲ... မိန်းကလေးတစ်ယောက်ဘဝမှာ ဒါဘယ်လောက်ပျော်စရာကောင်းတဲ့ကိစ္စမျိုးလဲ! ဘာလဲ မမမှာ ချစ်သူရှိနေလို့လား!'

'အိုး... ကြီးကြီးစည်ရာ... မရှိပါဘူး မင်းရဲ့'

'ဒါဖြင့် ဆရာမှာရှိတယ်လို့ မမ သတင်းရထားလို့လား'

'မဟုတ်ပါဘူး မင်းရယ်၊ မင်းထင်နေတာတွေ တစ်ခုမှမဟုတ်ဘူး၊ မမ မပျော်တာ မဟုတ်ဘူး၊ မမအပေါ်ကျေးဇူးရှိတဲ့ မေမေကြီးကို ကျေးဇူး





မကျေတောင်မှ ရင်ထဲမှာရှိတဲ့ဆန္ဒအတိုင်း ပြုစုချင်သေးတယ်၊ ပြီးတော့ အခုလို အလုပ်ကလေးလုပ် အားရက်မှာ လည်ချင်တဲ့နေရာတွေကို သူငယ်ချင်းတွေနဲ့လျှောက်လည်၊ အဲဒီလို လွတ်လွတ်လပ်လပ်နေချင်သေးတယ် မင်းရဲ့'

လွဲလွဲမင်းသည် ကေသီတာ့ကို စိုက်ကြည့်ရင်းပြုံးလေသည်။ ကေသီတာ ညာထားတာတစ်ခုခုတော့ ရှိပြီဆိုတာကို 'မင်း' သိသွားသည်။

'စိတ်မဆိုးနဲ့နော် မမ၊ မင်း မမကို တစ်ခုပဲမေးမယ်၊ မမ ဆရာနိုင်ကို မချစ်ဘူးမဟုတ်လား' တဲ့။ လွဲလွဲမင်း၏မေးခွန်းကြောင့် ကေသီတာ တွေဝေသွားသည်။ 'ဆရာနိုင့်ကို မချစ်ဘူး မဟုတ်လား'တဲ့။ ကေသီတာက အေးဆေးစွာပင် ပြန်ဖြေပါသည်။

'ဆရာနိုင်ကိုမှ မဟုတ်ပါဘူး၊ ဘယ်ယောကျ်ားလေးကိုမှ မကေ မချစ်ခဲ့ဖူးပါဘူး'

'ဒါဆိုရင် မမက စေ့စပ်တာကို လက်မခံဘူးပေါ့၊ ဟုတ်လား!'

❖



www.burmeseclassic.com

www.burmeseclassic.com

ကန်တော်ကြီးရေပြင်ပေါ်က လှိုင်းကြက်ခွပ်ကလေးတွေကို ကြည့်မည်ဆိုလျှင် လေနုနုကလေးသာ သူ့မိခင်လေပြင်းထံမှ ခိုးထွက်လာပြီး ကန်တော်ကြီးရေပြင်နှင့် ကစားနေသည်ဟု တွေးချင်လျှင်တွေးနိုင်ပါသည်။

ချစ်သူတွေလည်း ရေပြင်ကိုမျက်နှာမူပြီး တစ်ယောက်နှင့်တစ်ယောက် အကြင်နာပါသော လိမ်နည်းမျိုးနှင့် သူက ကိုယ့်ကို စွဲလမ်းအောင်သာ ပြုနေကြကုန်၏။

သို့သော် ကန်ရေပြင်ကိုကျောပေးပြီး တောင်ကုန်းကလေးနှင့် သစ်ပင်ကြီးများကိုသာငေးနေသော ထူးဆန်းသည့် အတွဲတစ်တွဲကို ကန်တော်ကြီးထဲမှာတွေ့ရသည်။

'အရိုးသားဆုံးပြောရရင်တော့ အခုလိုစေ့စပ်ပွဲကို လက်ခံခဲ့တာဟာ ကျွန်မကို ငယ်စဉ်ကတည်းက သမီးတွေနဲ့ တန်းတူအခွင့်အရေးပေး၊ စိတ်ဓာတ်အားမြှင့်တင်ပေး၊ ဆုံးမပေးခဲ့တဲ့ မေမေကြီးရဲ့ ကျေးဇူးကို အကြီးမားဆုံးဆပ်ခြင်းလို့ မှတ်ယူတဲ့အတွက်ပါပဲ၊ ကိုနိုင့်ဆီမှာ အပြစ်တစ်စုံတစ်ရာကိုမှလည်း ကျွန်မ ရှာမတွေ့ပါဘူး'



နိုင်ဝင်းထွန်းသည် ခေါင်းကိုညိတ်သည်။ ခေါင်းကိုတုတ်သည်။ ပြီးတော့ နဖူးကိုပွတ်သည်။ သူကရော ဘာများထူးသနည်း။ ငယ်စဉ်ကတည်းက မိဘစကားကို နားထောင်ခဲ့ရသည်။ အခုမှ မငြင်းရဲတော့ မေမေကပြောလျှင် ငယ်စဉ်ကတည်းက ပြီးခဲ့ရသည်။ အခုမှ မပြီး၍မရတော့။

'ပွင့်ပွင့်လင်းလင်း မေးပါရစေဗျာ၊ မကေသီတာမှာ ချစ်သူတွေ ဘာတွေများ ရှိထားလား!'

'အို... မရှိပါဘူး'

'သေချာတယ်နော်...'

'ဒီမှာကိုနိုင် ကျွန်မမှာသာချစ်သူရှိခဲ့ရင် မေမေကြီးက ကိုနိုင်နဲ့ရည်ရွယ်ပါတယ်လို့လာပြောကတည်းက ကျွန်မမှာ ချစ်သူရှိကြောင်းကို တစ်ခါတည်းပြောမှာပါ၊ ပြီးတော့ ပေးတွေ့မှာပါပဲ၊ ကဲ... ဒါဆို ကိုနိုင်မှာရော...'

'အာ... ကျွန်တော့်မှာလည်း မရှိပါဘူး၊ ယုံပါဗျာ...'

'ကိုနိုင့်လိုလူမျိုးကို ကြိုက်ချင်တဲ့ မိန်းကလေးတွေနဲ့၊ မိန်းကလေးရဲ့မိဘတွေကတော့ အများကြီးနေမှာပေါ့နော်'

နိုင်ဝင်းထွန်းက ယဲ့ယဲ့ကလေးပြုံးသည်။

'အဲဒါတော့ မှန်တယ်၊ ဒါကြောင့်မို့ ကျွန်တော် မကေသီတာဆီရောက်ခဲ့တာပေါ့၊ အမေက မကေမှမကေပဲ၊ အော် ပြီးတော့ ပြောရဦးမယ်၊ မကေ မနက်ဖြန်ကစပြီး အလုပ်မဆင်းနဲ့တော့နော်၊ စေ့စပ်ပွဲပြီးလို့ နောက်တစ်နေ့ကျမှပဲဆင်းတော့... တဲ့'

''တဲ့'ဆိုတော့ အဲဒီ 'တဲ့'က ဘယ်သူ့ရဲ့ 'တဲ့'လဲ!'

'မကေရဲ့ မေမေကြီးရဲ့တဲ့ပါ'

ဖြည်းဖြည်းကလေး ကန်ရေပြင်နှင့်ကစားနေသော လေညှင်းကလေးနောက်သို့ သူ့မိခင်ကြီးက အားနှင့်လိုက်လာသဖြင့် ကန်ရေပြင်သည် လှိုင်းကြီးတွေဖြစ်သွားပြီး ကေသီတာ့ဆံပင်တွေ လေထဲတွင် ဝဲ၍သွားလေသည်။

❖



www.burmeseclassic.com

www.burmeseclassic.com

'အာ... မကောကလည်း၊ အောင် အမြဲတမ်းပြောတယ်၊ နှစ်ယောက်ချင်း တွေ့ကြရင် 'ကျွန်မကိုချစ်ရဲ့လား' ဆိုတာ မေးပါဆိုနေ...'

'အဲဒီဘက်ကို စကားမှမရောက်ပဲ အောင်ရဲ့'

'ရည်းစားရှိ၊ မရှိ အပြန်အလှန်မေးပြီးရင် အဲဒီမေးခွန်းကို ထုတ်မေးလို့ ရတာပဲ'

'သူ့မှာလည်း ချစ်သူရည်းစားမရှိဘူးလို့ ပြောပြီးပြီပဲ အောင်ရဲ့'

'သူ့မှာ ချစ်သူမရှိတာနဲ့ မမကြီးကို ချစ်တာမချစ်တာ တစ်ခြားစီပဲဆိုတာ မောင်တောင်သိတယ် မမကြီး၊ ရီရီရော သိလား!'

'သိတာပေါ့... သူ့မှာ ချစ်သူမရှိဘူးဆိုတော့ ကိုယ့်ကိုလည်း မချစ်ဘူးလို့ ဆိုလိုတာလားလို့ မမကြီးက မေးရမှာ...'

'ကဲ...မမကြီး၊ ရီရီပြောတာ ရှင်းမနေဘူးလား!'

အောင်က အားမလိုအားမရနှင့် မေးသည်။

ကေသီတာသည် ညီမလေးယောက်၏ အချစ်ခုံရုံးတွင် အကျအဆုံးများ စွာဖြင့် ရင်ဆိုင်နေရရှာသည်။ သူ့ညီမတွေကြားချင်တာက ကိုနိုင်ကို သူက ဘယ်လိုနဲ့လိုက်သည်။ ကိုနိုင်က သူ့ကို ဘယ်လိုချော့သည်။ သူ့ကို ဘယ်လို ဖက်ထားသည်။ လက်ကလေးကို ကိုင်ပြီး ချစ်စကားကို ပြောသည်ဆိုတာ မျိုးသာ ဖြစ်လေသည်။

သို့သော်... သူမနှင့်ကိုနိုင်က တွေ့လိုက်သည်နှင့် ဂူဖြေနှင့်သိက္ခာ ပြိုင်ဆိုင်ပွဲသာကျင်းပလေ့ရှိသဖြင့် သူတို့ကြားချင်သောစကားတွေ မကြားရ သည့်အတွက် ကေသီတာ့ကို မကျေနပ်ကြခြင်းဖြစ်သည်။ အခုလည်း ကေသီ တာ့ထံမှ မကျေမနပ်နှင့်ပင် ထွက်သွားကြသည်။

ကေသီတာသည် ခုတင်ပေါ်လှဲချရင်း မျက်စိများကို မှိတ်ထားလိုက် သည်။ ပြီးတော့... 'ငါ အိမ်ထောင်ကျရတော့မည်' ဟု စဉ်းစားမိသည်။ မှိတ်ထားသောမျက်စိထဲတွင် အဖေ့မျက်နှာကို ခပ်ရေးရေးမျှသာ မှတ်မိ သလောက် ပေါ်လာသည်။ ပြီးတော့... သူ့ရှာထိပ်က ညောင်ပင်ကြီး... ပြီးတော့ မျက်နှာရေးရေးသာရှိတော့သော ကစားဖော်များ... ။

ထိုသို့ မျက်စိကိုမှိတ်၍ စဉ်းစားနေရင်း ကေသီတာမျက်လုံးများကို ဖွင့်၍ ထထိုင်သည်။ သူ အစီအစဉ်ဆွဲရမည်။ စေ့စပ်သည့်နေ့မှာ သူ့ဘက်က တစ်စုံတစ်ရာ အမှားခံ၍မရပါ။

စေ့စပ်ပွဲနေ့အတွက် ဆံပင်၊ မိတ်ကပ်၊ အင်္ကျီ၊ ထဘီနှင့် ဖိနပ်တို့ကစပြီး တစ်ခုချင်းစီ စာအုပ်တစ်အုပ်နှင့် အသေးစိတ် အစီအစဉ်ရေးဆွဲနေလေသည်။ ထိုအပြုအမူသည် နိုင်ဝင်းထွန်းကို ချစ်ခြင်းလား! နိုင်ဝင်းထွန်း၏အချစ်ကို ရရှိရေးအတွက်လား! သူ့ဂုဏ်ဖြေကို ကာကွယ်ခြင်းလား! တစ်စုံတစ်ခုတော့ ဖြစ်လိမ့်မည် ထင်ပါသည်။

❖



www.burmeseclassic.com

www.burmeseclassic.com

ဧစ့စပ်သည့်နေ့ မနက်တွင် မေမေကြီးသည် ကေသီတာ့ကို နေ့စဉ်မနက် ခြောက်နာရီတွင် ပြုနေကျ ဘုရားသောက်တော်ရေချမ်း ကပ်သည်ကိုပင် မလုပ်ရတော့၊ ဘုရားဝတ်ပြုခွင့်တော့ ပေးပါသည်။

ခုနစ်နာရီခွဲတွင် အောင် ခေါ်လာသော မိတ်ကပ်ဆရာ မာမီနှင့် အခန်းတွင်း မိတ်ကပ်ပြင်ရသည်။

အောင်၏ မိတ်ကပ်ဆရာ မာမီနိုင်လင်းခိုင်သည် တော်တော်စေ့စပ်သော မာမီတစ်ယောက်ဖြစ်သည်။ သူမကို ဆပ်ပြာရည်နှင့်မျက်နှာသစ်ပြီး မျက်နှာကို အနီးကကြည့်သည် အဝေးကကြည့်သည် ပြီးတော့ ဝတ်မည့်အင်္ကျီကို မျက်နှာသစ်ထားသော ဘာမှုမလိမ်းရသေးသောမျက်နှာနှင့် ဝတ်ပြရသည်။

ပြီးတော့မှ သူ့မိတ်ကပ်လိမ်းခြင်းကို စတင်သည်။

'အောင့် မမမျက်နှာက အငြိမ် အောင်ရဲ့၊ ဝတ်မယ့်အင်္ကျီနဲ့ဆို အငြိမ်ပြင်တာ အကောင်းဆုံးပေါ့'





အောက်ခံဖောင်ဒေးရှင်းလူးပြီးတော့ သူရွေးပေးသော လက်သည်းနီအရောင်ကိုသာ ဆိုးရသည်။ သူမ လက်သည်းနီဆိုးနေတုန်း အောင်နှင့်မောင်တို့ကို ဖောင်ဒေးရှင်းချသည်။ ပြီးတော့ ကေသီတာ့ကို ဆက်ကိုင်သည်။

မိတ်ကပ်များပြင်ဆင်ပြီး၍ နှုတ်ခမ်းနီဆိုးနေချိန်တွင် အိမ်ရှေ့ဧည့်ခန်းမှ မေမေကြီးနှင့် အန်တီမြတို့အချင်းချင်း နှုတ်ဆက်သံ၊ ရယ်မောသံ၊ နေရာပေးသံတို့ကို ကြားလိုက်ရသောအခါ တိတ်ဆိတ်ငြိမ်သက်နေသော ဘုရားပရဝဏ်ထဲတွင် ကြေးခေါင်းလောင်းကြီးကို ကြီးစွာသောခေါင်းလောင်းတံနှင့် အားရပါးရထိုးချလိုက်သကဲ့သို့ ကေသီတာ့နှလုံးသားကို ထိုအသံများက အားရပါးရ ထိုးချလိုက်လေသည်။

ကေသီတာသည် 'ဆတ်'ခနဲ တုန်သွားသဖြင့် နှုတ်ခမ်းနီက နှုတ်ခမ်းအစွန်းကိုကျော်၍ ပါးပေါ်သို့ အနည်းငယ်စွန်းသွားသည်ကို မာမီနိုင်လင်းခိုင်က ပြုံးသည်။

'စိတ်မလှုပ်ရှားပါနဲ့၊ ဒါက ပထမအဆင့်ပါ၊ ရင်းနှီးထားပြီးသား မဟုတ်လား! မျက်တောင်ကလေးတွေပြီးရင် ပြီးပါပြီ၊ ဟိုကလည်း မြင်ချင်စောနဲ့မျှော်လှရောပေါ့'

ကေသီတာ့ကို အားလုံးပြင်ဆင်ပြီးသွားသောအခါ မာမီနိုင်လင်းခိုင်က အောင်တို့ဘက်သို့ လှည့်သည်။ သူမ အစီအစဉ်စာအုပ်ကလေးကို ထုတ်ကြည့်တော့မှ ရင်တွေတုန်နေရုံသာမက လက်တွေပါတုန်နေကြောင်းကို သူမ သိရသည်။

အစီအစဉ်ပြီးသွားသော အစီအစဉ်တွေကို အနီရောင်ဘောလ်ပင်နှင့် ခြစ်ပစ်ရင်း ကျန်သည့်အစီအစဉ်တွေကိုကြည့်တော့ သဇင်ပန်းပန်ရန်နှင့် အိမ်သာတက်ရန် နှစ်ခုသာရှိတော့သည်။

ကေသီတာတွင် ဆီးကျဉ်တတ်သောရောဂါ ပါးပါးကလေးရှိသည်။ ထို့ကြောင့်လူကြီးများနှင့် ထိုင်ရမည့်အချိန်တွင် ထိုဝေဒနာမခံစားရစေရန်နှင့် ပွဲက ကိုယ့်ပွဲဖြစ်နေသဖြင့် လူကြီးတွေရှေ့က ထထွက်သွား၍မကောင်းသော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ထိုကိစ္စကို ပြုရမည့်အစီအစဉ်ထဲတွင် ထည့်ထားရခြင်းဖြစ်သည်။

ကေသီတာ မတ်တပ်ရပ်လိုက်သည်။ ပြီးတော့ မောင့် ပခုံးကိုတို့ကာ 'အိမ်သာ' ဟုပြောပြီး အောက်ထပ်မီးဖိုချောင်ကို ရောက်၍ အောင့်အခန်းထဲမှ ချောင်းကြည့်ရာ ကိုနိုင်ဝင်းထွန်းဘက်မှ လူဆယ့်နှစ်ယောက်ခန့်ပါပြီး မေမေကြီး ဖိတ်ထားသော လူရှစ်ယောက်ခန့်လည်း ရောက်နေပြီး နိုင်ဝင်းထွန်းနှင့် မေမေကြီးတို့ စကားပြောနေကြတာကို တွေ့ရသည်။

သူ အသာခြေဖျားထောက်ထွက်လာပြီး အိမ်သာသို့ဝင်သည်။ အိမ်သာထဲရောက်၍ တံခါးကိုပိတ်ပြီးမှ စေ့စပ်ပွဲဝတ်စုံကြီးနှင့် လာခဲ့တာမှားပြီဟု သိလိုက်ရသည်။ သို့သော် ဆီးကသွားချင်နေပြီဖြစ်သဖြင့် စေ့စပ်ဝတ်စုံမှ ထဘီကို မပေမစွန်း မကြေမတွန့်စေရန် ခေါက်တင်ပြီး၍ အိမ်သာအထိုင်တွင်...

အိမ်သာတံခါးကို ဆွဲဖွင့်ခြင်း ခံလိုက်ရပြီး...

'ဟာ...'

'အမလေး'

ကေသီတာသည် မျက်နှာကိုအုပ်၍ အိပ်ခန်းထဲသို့ပြေးဝင်ပြီး ခုတင်ပေါ်တွင် မျက်နှာကိုမှောက်ချပြီး အားရပါးရ ငိုကြွေးလိုက်သည်ကို မည်သူမှ နားမလည်နိုင်အောင်ဖြစ်နေသည်။

အောက်ထပ်မှာလည်း အသံတွေ ဆူဆူညံညံတွေ ကြားရ၏။

'တောင်းပန်ပါတယ်ဗျာ၊ စေ့စပ်ပွဲကို ကျွန်တော်ကပဲ တောင်းတောင်းပန်ပန်နဲ့ ဖျက်ပါရစေ'

'မင်း ဒီလိုပြောလို့ရရိုးလားကွဲ့၊ ဒါဟာ ဝင်းရွက်ကန်စွန်း ရောင်းနေတဲ့ ကိစ္စမှမဟုတ်ပဲ၊ လူကြီးသူကြီးတွေနဲ့ သဘောတူလုပ်ကြတဲ့အလုပ် တို့ဘက်က မိန်းကလေးကွဲ့၊ မင်းက ဘာကိစ္စနဲ့ စေ့စပ်ပွဲကို ဖျက်ချင်ရတာလဲ!'

'ကျွန်တော် မပြောပါရစေနဲ့၊ ကေသီတာကလည်း ကျွန်တော့်ကို ယူတော့မှာ မဟုတ်ပါဘူး၊ အမှားကတော့ ကျွန်တော့်အမှားပါ'





'သားအမှားက ဘာလဲ! ပြော... မေမေတို့ လူကြီးချင်းညှိနိုင်းလို့ရပါတယ်'

'မရဘူး မေမေ၊ ဒီတစ်ခါတော့ မေမေ့စကားကို ကျွန်တော် နားမထောင်နိုင်တော့ဘူး၊ အမှားက ကျွန်တော့်အမှားပါ၊ ဒါပေမယ့် ကေသီတာရဲ့သိက္ခာနဲ့ ဂုဏ်ရွေကို ထောက်ထားခြင်းအားဖြင့် ကျွန်တော် ဘာမှားတယ်ဆိုတာ မပြောပါရစေနဲ့တော့ဗျာ'

'မင်း ဒီလိုမလုပ်ပါနဲ့ကွယ့်၊ တစ်ဖက်သတ် ဆုံးဖြတ်လို့ဘယ်ရမလဲ၊ ညှိသည်တွေကိုတော့ တောင်းပန်ပါတယ်ရှင် ခဏသည်းခံကြပါဦး၊ ကျွန်မသမီးကို ကျွန်မမေးပါဦးမယ်၊ ကဲ... မြတို့လည်း ထိုင်ကြပါဦး၊ ဒီမယ်မောင်နိုင် မိကေက စေ့စပ်မယ်ဆိုရင် မင်းက ငြင်းဦးမှာလား!'

'အဲဒါဆိုရင်တော့ ကျွန်တော် မငြင်းပါဘူး၊ ဒါပေမယ့် သူကလည်း လက်ခံမှာ မဟုတ်ပါဘူး၊ ကျွန်တော် သိပါတယ်'

'ဒါ မင်းကိစ္စ မဟုတ်ပါဘူးကွယ့်၊ ငါ့သမီးကို ငါလက်ဆွဲပြီး ခေါ်လာခဲ့မယ်၊ ဒီစေ့စပ်ပွဲ ဖြစ်ကိုဖြစ်ရမယ်'

ဒေါ်ထက်မေအောင်သည် အိမ်ပေါ်သို့ တည်ငြိမ်အေးဆေးစွာပင် တက်သွားလေသည်။

အပေါ်ထပ် အလှပြင်ခန်းကိုရောက်တော့ အောင်နှင့်မောင်တို့ ဝိုင်းအုံနေသည့်ကြားထဲမှာ ငိုနေသော ကေသီတာ့ကို တွေ့ရလေသည်။ ဒေါ်ထက်မေအောင်ကိုတွေ့လိုက်ရတော့ အားလုံး နံဘေးသို့ရှဲ၍သွားကြသည်။

'သူ ဘာပြောသေးလဲ!'

'ဘာမှမပြောဘူး မေမေကြီး၊ မေးလို့လဲမရဘူး၊ ငိုချည်းနေတော့တာပဲ'

ဒေါ်ထက်မေအောင် ခေါင်းတစ်ချက်ညိတ်သည်။

'ကဲ... ဖယ်ကြစမ်း... ။ မိကေသီ မေမေ့မျက်နှာကို ခဏမော့ကြည့်စမ်း'

ကေသီတာသည် မှောက်လျက်ကပင် တသိမ့်သိမ့်ငိုကြွေးရင်း ခေါင်းကို ခါသည်။ ကေသီတာ့ဘဝတွင် မေမေကြီး၏တိုက်ရိုက်အမိန့်ကို ပထမဦးဆုံး



www.burmeseclassic.com

www.burmeseclassic.com



ဆန့်ကျင်ခြင်းပင်ဖြစ်သည်။

'သမီး... မိကေသီ... အနုကိစ္စဟာ ပေါ့သေးသေးမဟုတ်ဘူးဆိုတာ သမီးသိမှာပါ၊ မင်းနဲ့မောင်နိုင် ဘာပြောပြီး ဘယ်လိုပြဿနာတက်လို့ ဒီပွဲဖျက်တယ်ဆိုတဲ့စကားက ထွက်လာရတာလဲ!'

ကေသီတာသည် ငိုရှိုက်သံနှင့်ပင် ပြန်ပြောသည်။

'ဒီပွဲကို ဖျက်လိုက်ပါတော့ မေမေကြီးရယ်... သမီးသူ့ကို လက်မထပ်ချင်တော့ပါဘူး၊ အမှားက သမီးရဲ့အမှားပါ'

'မိကေသီ ညည်း စေ့ကိုစေ့စပ်ရမယ်'

'သတ်လိုက်ပါတော့ မေမေကြီးရဲ့ ဟောဒီအမိုက်မကိုသာ သတ်လိုက်ပါတော့ မေမေကြီးရဲ့...'

နောက်တစ်နေ့ထုတ်သတင်းစာတွင် မောင်နိုင်ဝင်းထွန်းနှင့် မကေသီတာတို့ စေ့စပ်ပွဲပျက်ရခြင်းမှာ မကေသီတာ၏ အမှားကြောင့် မဟုတ်ဘဲ မောင်နိုင်ဝင်းထွန်း၏ အမှားကြောင့်သာဖြစ်ကြောင်း တောင်းပန်ပါသည်ဟု ကြော်ငြာတစ်ခု ပါလာလေသည်။

ဒေါ်ထက်မေအောင်က ထည့်ခိုင်းခြင်းမဟုတ်ဘဲ ဒေါ်မြနွယ်တို့ဘက်မှ မိန်းကလေး၏ဂုဏ်သိက္ခာအရ ထည့်ပေးရသော်လည်း နှစ်ဖက်စပ်ပုံးသော လူကြီးများသည် ဘာ့ကြောင့် စေ့စပ်ဖို့ကို နှစ်ယောက်စလုံးက တစ်ပြိုင်နက် ငြင်းကြကြောင်းကို လုံးလုံးမသိကြချေ။

တစ်သက်လုံးလည်း သိ သွားကြလိမ့်မည်မဟုတ်ချေ။

■





# အခန်း (၂)

## မိုးယံစိုး



www.burmeseclassic.com

www.burmeseclassic.com



အလျှင်တုန်းက 'မိကေသီ၊ အောင်ရေ...'၊ 'မောင် ဘယ်ရောက်နေလဲ ရှိရှိရေ... ငါ့ဆီခေါ်လာခဲ့စမ်းပါဦး'၊ 'မေမေကြီးရေ...အောင် ဒီမှာ သူ့ရည်းစား အကြောင်းပြောလို့ လိုက်ရိုက်နေတယ် အော်ပါဦး... 'စသောအသံများနှင့် အမြဲပျော်စရာကောင်းခဲ့သော အိမ်ကြီးသည် တိတ်ဆိတ်၍နေသည်မှာ မိမိ ကြောင့်ဟု လုံးဝဆုံးဖြတ်ထားသဖြင့် ကေသီတာမှာ စိတ်ဆင်းရဲသဖြင့် ညှိုးခြုံး၍ ပိန်ကျသွားရာ ထိုကိစ္စမတိုင်ခင် တစ်ကြိမ်နှစ်ကြိမ်သာမြင်ဖူးသူ တို့မှာ မှတ်ပင်မမှတ်မိတော့ပေ။

ယခင်က စနေ၊ တနင်္ဂနွေ ဒါမှမဟုတ် ဈေးပိတ်သောဝါတွင်းဥပုသ် နေ့မျိုးဆိုလျှင် လက်သုပ်စုံလုပ်စားလိုက်၊ လက်ဖက်သုပ်စားလိုက်၊ ကြာခံ ချက်၊ ကျောက်ကျောနှင့် သာကူလုပ်စားနေကျအိမ်ကြီးမှာ ယခု ထိုကဲ့သို့ အပျော်များမရှိတော့...။

မေမေကြီးသည် မည်သူ့ကိုမှ သိပ်စကားမပြောတော့။

ကေသီတာ့ကိစ္စကိုလည်း မေးခြင်းပြောခြင်း အလျှင်းမရှိရလေအောင် အားလုံးကို တင်းကြပ်စွာ ပိတ်ပင်ထားသည်။ ကေသီတာမှာ ယခင်တုန်းက





အချိန်ကိုထ, ယခင်တုန်းက အလုပ်တွေကိုပင်လုပ်သော်လည်း တစ်စုံတစ် ယောက်က ကေသီတာ့၏ဝိညာဉ်ကို ထုတ်ယူထားပြီး ထိုထုတ်ယူထားသူ ထပင် အမိန့်ပေးသမျှ လိုက်လုပ်နေရသလို ဖြစ်၍နေသည်။

အချင်းချင်း စကားပြောကြသည့်အခါတွင်လည်း မည်သူကမျှ အမိန့် ပေးမထားဘဲ ခပ်တိုးတိုးသာ ပြောဆိုကြသည်။

တစ်နေ့တွင် မေမေကြီးထံသို့ ဒေါ်မြနွယ် ရောက်လာသည်။

'ထက်ရယ်... အဆင်မပြေခဲ့တာတွေအတွက် တို့လည်းတောင်းပန်ပါ တယ်၊ ဟိုကောင့်ကိုလည်းမေးတာ ခုထိကိုမေးလို့မရတာ ဘာကြောင့်များလဲ ဆိုတာ စဉ်းစားမိတိုင်း စိတ်ထဲမှာ တနုံ့နုံ့နဲ့ ခံရသိပ်ခက်တာပဲ'

'မမေးပါနဲ့တော့ မြရယ်၊ ဆရာတော်ဘုရားပြောတာ သိပ်မှန်တယ်၊ ဒါငါ့ခြေ၊ ဒါငါ့လက်၊ ငါ့မျက်လုံး၊ ငါ့ကိုယ်လုံးထင်နေကြတာတဲ့၊ တကယ် တော့ ကိုယ်ပိုင်တာ ဘာမှမရှိဘူးတဲ့၊ ကိုယ်တို့က ကိုယ်ပိုင်တယ်လို့ထင်ပြီး လုပ်ကြတာကိုး၊ ဒီကိစ္စဟာ ကိုယ့်ကို တရားပြတယ်လို့ပဲ မြင်တယ်... ဒါ့ကြောင့် တရားနဲ့ပဲ ဖြေတယ်၊ ဘယ်သူ့ကိုမှ အပြစ်မတင်ဘူး၊ ငါ့ကိုယ် ငါတောင် မပိုင်တာ သူ့ကိုငါပိုင်ဖို့ အတော်ဝေးပါလားလို့လေ...'

'ကောင်းတယ် ထက်ရယ်၊ ထက်က သမီးတွေမွေးထားတော့ မီးနို ချောင် လှည့်မကြည့်ရတော့ ဘာသာရေးအတွက် တစ်ပန်းသာတာပေါ့၊ ဒါ့ကြောင့် မိကေကို ကိုယ်ကလိုချင်တာ၊ အခုတော့ ကံစီမံရာပေါ့၊ ဒါထက် မိကေကရော အဲဒီနေ့က ဘာဖြစ်တယ်ဆိုတာ ပြောပြီလား!'

'မပြောဘူး မြ၊ တို့လည်း မမေးရဘူးလို့ တားထားတယ်၊ သူလည်း ဒီကိစ္စအတွက် တော်တော်လေးနောင်တရပြီး မျက်နှာချင်းတောင် မဆိုင်ဝံ့ လောက်အောင်ပါပဲ'

ထိုသို့ ဧည့်ခန်းတွင်ပြောနေကြသော စကားများကို အပေါ်ထပ်တွင် ကြမ်းတိုက်နေသော မိကေသီတာကြားသည့်အခါ မျက်ရည်များဝဲ၍ စီး၍ ကျသည်။ နှာခေါင်းများလည်းနီရဲပြီး ကြမ်းတိုက်နေရာမှာ ကုန်းနေရာကလေး



www.burmeseclassic.com

www.burmeseclassic.com

တအစ်အစ်နှင့်အသံမထွက်ရဲဘဲ ငိုရှာသည်။

'ကလေးမကိုလည်း အပြစ်မဆိုပါနဲ့၊ သူကလည်း သူ့အမှားပြော၊ ဟိုကလည်း သူ့အမှားပြောနဲ့ပါ၊ ဒါနဲ့ ထက်ရေ ဘယ်လိုမှတော့သဘောမထားပါနဲ့၊ ကိုနိုင့်ကိုတော့ သူ့အလုပ်ထဲက နွေးနွေးလှိုင်နဲ့ပဲ လက်ထပ်ဖို့ ဆုံးဖြတ်လိုက်ကြတယ်၊ အခုလ ၂၈-ရက်နေ့မှာ၊ သူငယ်ချင်း မြအပေါ်မှာ ဘယ်လိုမှသဘောမထားပါဘူးဆိုရင် မင်္ဂလာဆောင်လာခဲ့ပါလား သူငယ်ချင်းရယ်'

'တို့ ရောက်အောင်လာခဲ့မယ် မြ၊ စိတ်ချပါ'

ဒေါ်မြနွယ်ထွက်သွားတော့ မျက်စိမှုန်နေပြီး မျက်မှန်တပ်မှ သွားလို့လာလို့ရသော ဒေါ်ထက်မေအောင်က မောင့်ကိုခေါ်ပြီး ဖိတ်စာကိုဖတ်ခိုင်းသည်။ ဖိတ်စာကိုဖတ်ပြီးတော့ မောင်က ဒေါ်သဖြင့်ပြောသည်။

'မေမေကြီး အဲဒီမင်္ဂလာဆောင်ကို သွားစရာမလိုဘူး၊ ဒါ သက်သက်လာရိသွားတာ မေမေကြီးရဲ့'

'သမီးတို့လူငယ်အတွေးမှာတော့ မှန်ပါတယ်၊ မေကြီးတို့ လူကြီးအတွေးအရတော့ သွားရမယ်၊ မြနွယ်ဟာ မေမေကြီးနဲ့ သူငယ်တန်းကတည်းက ခင်ခဲ့တဲ့ ငယ်သူငယ်ချင်းအစစ်၊ ဒါကို အခုဖြစ်တဲ့ကိစ္စနဲ့ လဲပစ်လို့မရဘူး သမီး၊ သမီးတို့တော့ မလိုက်ပါနဲ့၊ မေကြီးနဲ့ရီရီ သွားလိုက်ပါ့မယ်၊ သဘောထားကြီးတယ်ဆိုတာ ခန္တီပါရမီရဲ့အချက်တစ်ခုပဲ သမီး'

ဒေါ်ထက်မေအောင့်စကားကြောင့် ကေသီတာကစပြီး ခေါင်းကိုအောက်သို့ ငုံ့ချထားလိုက်သည်။

'ကဲ... သမီးတို့ အောက်ထပ်မှာ တီဗွီကြည့်ချင်ကြည့်၊ နားချင်လည်းနားကြတော့၊ မေမေကြီး ပုတီးစိတ်တော့မယ်'

ကေသီတာတို့ မေမေကြီးကိုရှောင်ပြီး အောက်ထပ်သို့ ဆင်းလာခဲ့ကြသည်။ မည်သူမှ တီဗွီမကြည့်ကြပါ။ အငယ်ဆုံးမောင်က သူ့ဆေးပညာစာအုပ်ကို ကောက်ကိုင်သည်။





'မေမေကြီးက မမေးနဲ့ဆိုပေမယ့် အောင်ကတော့ မေးရဦးမှာပဲ၊ အခု ကိုနိုင်လက်ထပ်တဲ့ နွေးနွေးလှိုင်ဆိုတာက မမကြီးကားနဲ့ Company ကို သွားကတည်းက ကိုနိုင်နဲ့ကြိုက်နေတာလား!'

'ကိုယ်ကပဲ ရိုးရိုးကြည့်လို့လား၊ သူတို့ကပဲ အနေအထိုင်ပိရိကြလို့လားတော့မသိဘူး၊ ချစ်သူရည်းစားပုံစံ လုံးဝမရှိဘူး'

'မကြီးနဲ့ကားအတူစီးကြတာကို နွေးနွေးက မမေးဖူးဘူးလား'

'မမေးဖူးဘူး...'

'မဖြစ်နိုင်ဘူး မကြီး၊ သူ မကြီးနဲ့မတွေ့ခင်ကတည်းက သူ့နဲ့ငြိနေတာဖြစ်မှာ၊ လူကြီးတွေစီစဉ်နေတာကို ရှန်းလို့မရလို့ လိုက်နာနေပြီး အနားရောက်မှ ကပ်ဖြုတ်သွားတာ၊ မကြီးရဲ့အရှက်ကို တမင်ခွဲ၊ ခုတုံးလုပ်ပြီး ဟိုငတိမကိုယူသွားတာ...'

'မဟုတ်ဘူး အောင်၊ အပြစ်က သူ့အပြစ်မဟုတ်ဘူး၊ ဣန္ဒြေသိက္ခာကို ကိုယ့်အသက်လို့ ငယ်စဉ်ဘဝကတည်းက ယုံကြည်မြတ်နိုးခဲ့တဲ့ မကေ့ရဲ့အပြစ်ပါ'

'ကဲ... အဲဒါဆို ဘာဖြစ်လဲ! အဲဒီနေ့က ဘာတွေနှစ်ယောက်တည်းကြိတ်ဖြစ်လိုက်ရတာလဲပြော...'

ကေသီတာက ပြုံးရင်းထရပ်လိုက်သည်။

'အခြေအနေတွေအားလုံး ပြီးသွားတော့မှ ဘာဖြစ်လို့ ဒါတွေကိုသိချင်နေရတာလဲ ညီမတို့ရယ်၊ အခုအချိန်ဟာ မမကိုယ်မမ ပြန်ရအောင်မနည်းကြိုးကြိုးစားနေရတဲ့အချိန်ပါ၊ အဲဒီအကြောင်းတွေကို အမေးခံရတာပဲဖြစ်ဖြစ် ဖြေရရင်ပဲဖြစ်ဖြစ် မကြီးအတွက် ရင်နာစရာတွေမဆုံးအောင် ဖြစ်ဖြစ်လာလို့ မမေးကြပါနဲ့တော့ ညီမတို့ရယ်နော်...'

ကေသီတာသည် သူ့ညီမတွေ၏အဖြေကို မစောင့်တော့ပဲ ပန်းခြံထဲက ခုံကလေးမှာ တစ်ယောက်တည်း သွားထိုင်နေလေသည်။

'မကြီး သနားပါတယ် အောင်ရာ၊ နောက်ကို သွားမေးမေးမနေပါနဲ့



www.burmeseclassic.com

www.burmeseclassic.com

တော့၊ ပြောလို့မရတာတစ်ခုခုမို့ သူမပြောတာပါ'

'အေးပါဟာ၊ ငါကလည်း အဲဒီလိုကိစ္စမျိုးဆို သိပ်သိချင်တာဟ၊ ဒါပေမယ့် မမေးတော့ပါဘူးဟာ...'

'ရီကတော့ မကြီးကို မကြည့်ရက်လို့ မေးကိုမမေးတာ၊ ဟော... မောင်... မောင် နင့်သူငယ်ချင်း ပို လာနေပြီ၊ မမကြီးကိုတွေ့ပြီး သွားမေးနေဦးမယ်၊ ဒီကို နင်လှမ်းခေါ်လိုက်မောင်'

ရီရီ ပြရာကိုကြည့်လိုက်တော့ ငြိမ်းငြိမ်းပိုဆိုသော မောင့်သူငယ်ချင်းသည် တံခါးကိုပြန်စေ့ရင်း လမ်းအတိုင်းလျှောက်လာနေသည်။ စကြာယန်းပင် ကျော်လျှင် မမကြီးနှင့်တွေ့တော့မှာမို့ မောင်က...'

'ငြိမ်းပို... ဟေ့၊ ငြိမ်းပို လာ... လာ... ဒီကိုလာ...'

မောင်လှမ်းခေါ်အပြီးမှာပင် 'ပို' ကေသီတာနှင့် တွေ့သည်။

သို့သော် မောင်က အခေါ်ဦးသဖြင့် မောင်တို့ရှိရာသို့သာ ပိုလာရှာပါသည်။

'မိန်းမ လမ်းကြုံလို့ဝင်လည်တာမဟုတ်လား! ရီရေ သူ့ကို ရေပဲတိုက်၊ ရေတောင်မှ ရေခဲသေတ္တာထဲကရေ မတိုက်နဲ့၊ သဲအိုးထဲကရေပဲ တိုက်...'

'အောင်မယ်... တမင်လာလည်တာပါနော်၊ ဟိုကိစ္စကို သိချင်လို့ မကေသီတာ စေ့စပ်ပွဲကိစ္စကိုလေ'

မောင်က နှုတ်ခမ်းကို 'ကျွတ်'ခနဲ အသံမြည်အောင်စုတ်လိုက်ပြီး နှုတ်ခမ်းတို့ကို ဆွဲဆန့်သည်။ ပြီးတော့ ခေါင်းကိုလည်းခါသည်။ သို့သော် ငြိမ်းငြိမ်းပိုက မရ အတင်းကိုမေးနေသည်။ လုံးဝမပြောပဲနေလိုက်လျှင် ထင်ချင်ရာထင်သွားနိုင်သည့်အတွက် မောင်ကဖြစ်သမျှကို အမှန်တိုင်းပြောပြသည်။

'ဘာဖြစ်လို့ အဲဒီလိုဖြစ်ကြတယ်ဆိုတာကို နင်တို့ တစ်ကယ်မသိကြဘူးပေါ့'

'တို့အပေါ်ထပ်က မကြီးအခန်းမှာပဲ မိတ်ကပ်အလိမ်းခံနေတာလေ...'





'မဟုတ်ပါဘူးကွာ၊ မင်းတို့ တစ်ခုခုကိုညာတာပါ'

'ဒီမှာပို... မင်းနဲ့ငါနဲ့က ငယ်သူငယ်ချင်းတွေပါ၊ ဒါကြောင့်မို့ မင်း မေးတာကို ငါတို့သိသမျှ အမှန်အတိုင်း ပြောပြတာပါ၊ အဲဒါကို မင်းက မယုံဘဲ ငါတို့ကတစ်ခုခု ညာထားလိမ်ထားတယ်ထင်နေရင် မင်း ငါတို့အိမ်ကို နောက်မလာနဲ့တော့...'

'ဟဲ့... မောင်၊ နင် ဘယ်လိုပြောလိုက်တာလဲ!နင်ဟာလေ ရှေ့စကား နောက်စကား ဘယ်တော့မှမကြည့်ဘူး'

'ရပါတယ် မမအောင်ရယ်၊ သူက ကျောင်းမှာလည်း ဒီလိုပါပဲ၊ ဒါ အမှန်ပဲဆိုရင်တော့ ငါ မကေကို အရမ်းသနားတာပဲဟာ၊ ဒါငါတို့မိန်းကလေးတွေ အကြောက်ဆုံးကိစ္စမျိုး မဟုတ်လား'

ငြိမ်းငြိမ်းပိုသည် စကြာယန်းပွင့်ကလေးတွေနှင့် ကစားနေသော ကေသီတာကို လှမ်းကြည့်ရင်းပြောသည်။

'မမကြီးက ကျန်တာတွေအကုန်လုံး ဟိုးအရင်တုန်းကအတိုင်းပဲ၊ ဒါပေမယ့် သူမှာ အသက်ဓာတ်မပါသလိုပဲ၊ တစ်ယောက်ယောက်က ခိုင်းထားလို့ ဒါမှမဟုတ် အခြေအနေတစ်ခုခုကြောင့် အကျင့်ပါနေလို့ လုပ်သလိုမျိုးဖြစ်နေတယ်'

'အဲဒီလိုဖြစ်တာ ရေရှည်တော့မကောင်းဘူး 'မောင်'၊ မင်းက ဆရာဝန်ဆိုတော့ ငါ့ထက်ပိုသိမှာပါ'

'အေး... ငါလည်း ဘာလုပ်ပေးရရင်ကောင်းမလဲလို့ စဉ်းစားနေတာ'

'ငါသာဆိုရင်တော့ မင်းတို့မမကြီးကို လူတွေများများနဲ့ မနားတမ်းလုပ်ရတဲ့ အလုပ်တစ်ခုခုမှာ သွင်းပေး ချင်တယ်'

'ဒီတစ်ခါတော့ ပို ပြောတာမှန်တယ် အောင်၊ မောင်တို့ မေ့နေကြတာ'

'ခွေးမ၊ ဒီတစ်ခါတော့မှန်တယ်ဆိုတော့ ငါက အရင်စကားတွေက အာဖျံကွီး ရှီးနေတယ်ပေါ့ ဟုတ်လား!'

ပို့ ရန်တွေ့စကားကြောင့် အားလုံး ရယ်ဖြစ်ကြသည်။


www.burmeseclassic.com

'ဟုတ်တယ် စိတ်ညစ်တဲ့အချိန်မျိုးမှာ အလုပ်လုပ်တာဟာ အကောင်းဆုံးဖြေဆေးပဲ၊ ကဲ... ဒီတော့ မကေကို ဒီလိုစီစဉ်ထားတယ် ဘယ်အလုပ်လုပ်ချင်သလဲလို့ မေးရမယ်'

'အမလေး... ရှာတော်မှုမနေပါနဲ့၊ ဟောဒီက အမိုက်အမဲမကလေး မိဗိုမှာ အလုပ်ပါတစ်ခါတည်း ပါပါတယ်ရှင်... မကေက B.A (Business Management) နော်၊ ဒါဆို OK ပဲ'

'ကဲ... ဒါဆိုရင် မကေကို အရင်ပြောပြီးမှ မေမေကြီးကို ပြောရမယ်'

'ဟာ... အောင်ကလည်း မေမေကြီးကို အရင်ရှင်းပြ ပြောပြပြီးမှ မေမေကြီးက မိကေ ညည်း ဒီလိုနေမယ့်အစား ဒါလုပ်ဆို ပြတ်ပြီပေါ့၊ မေမေကြီးကို အရင်ပြောရမယ်'

'မကေကို အရင်ပြောရမယ် ဟုတ်တယ်မဟုတ်လား ရီရီ'

'မေမေကြီးကို ပြောမှဖြစ်မှာ အောင်ရ...'

'တကယ့်လုပ်ရမယ့် ကာယကံရှင်က မကေမို့ မကေကိုအရင်ပြောရမှာ'

'ကဲ... ဒီလိုလုပ်ကြပါလား ကွယ်တို့၊ မကေရော၊ မေမေကြီးရော၊ အောင်၊ မောင်နဲ့ရီရီတို့အပြင် ဟောဒီကအမိုက်မပါ တစ်ခါတည်းပြောကြတာပေါ့'

'ဟယ်... အခုပြောမလို့လား!'

'အာ... အခုတော့ ဘယ်ဟုတ်မလဲ၊ မနက်ဖြန်မနက်ပေါ့၊ ပို လာခဲ့မယ်လေ'

❖





'ကောင်းတယ် သမီး၊ မေမေကြီး သဘောတူပါတယ်၊ သမီးမှာအခု ဖြစ်နေတဲ့ဝေဒနာက စိတ်ကိုအခြေပြုပြီးတော့ ဖြစ်တဲ့ဝေဒနာပဲ၊ ငါတို့မြတ်စွာဘုရားကတော့ 'အကြောင်းမှန်သမျှသည် စိတ်ကြောင့်ဖြစ်တော်မူ၏' 'အကျိုးမှန်သမျှသည်လည်း စိတ်ကြောင့်ပင် ဖြစ်ကြကုန်၏' လို့ဟောခဲ့တာပေါ့'

ဒေါ်ထက်မေအောင်က မောသွားဟန်ဖြင့် ရှေ့တွင်ရှိသော ရေနွေးအိုးမှ ရေနွေးတစ်ခွက်ကို ငှဲ့၍ထည့်ပြီးသောက်သည်။

'အခု ငါ့သမီးကလေးမှာ ခံစားနေရတဲ့ဝေဒနာက စိတ်မှာဖြစ်တဲ့ဝေဒနာပါ၊ အဲဒီဝေဒနာဟာ ခေတ်ပညာဆေးဝါးနဲ့ ကုလို့မရဘူး၊ နေရာရယ် အချိန်ရယ် အလုပ်ရယ်နဲ့ပဲ ကုလို့ရတာ၊ အလုပ်လုပ်ရင် စိတ်ကအလုပ်ထဲမှာရှိနေတဲ့အတွက် သူ့အလိုလိုကုစားပြီးသားဖြစ်တာပေါ့၊ ကောင်းတယ် မေမေကြီး သဘောတူတယ်၊ ဒါနဲ့ အလုပ်က ဘာလုပ်ရမှာလည်း'

'အဲဒါတော့ ဘယ်နေရာရယ်လို့ ကျိန်းသေပြောလို့မရသေးဘူး အန်တီ၊ လူရွေးစာမေးပွဲကလေး ဖြေရဦးမယ် ပြီးတော့... အင်တာဗျူးကလေးတစ်ခု ဖြေရဦးမယ်၊ အဲဒါတွေပြီးတော့မှ ဘယ်သူက ဘယ်နေရာဆိုတာသိမှာ အန်တီ'



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းငြိမ်းပိုက သွက်သွက်လက်လက်ပင် ရှင်းပြသည်။

'သြော်... ဒီလိုလား၊ ဒါဆိုရင်လည်း ဖြေပေါ့၊ ငါ့သမီးကြီး အောင်မှာပါ၊ အောင်လည်း အောင်ပါစေကွယ်၊ မီးဖိုချောင်ကိစ္စကိုတော့ ရီရီက အောင်တို့နဲ့တွဲပြီး တာဝန်ယူပေါ့ ဈေးထဲကဆိုင်ကိုတော့ တစ်ပတ်တစ်ယောက် အလှည့်ကျဝင်ပေါ့'

ဒေါ်ထက်မေအောင်တို့၏ အဓိကစီးပွားရေးမှာ လက်ဖက်နှင့်အကြော်စုံများကို သိမ်ကြီးဈေးတွင် ဆိုင်ကြီးဖွင့်၍ လက်လီလက်ကား ရောင်းဝယ်ခြင်းသာဖြစ်သည်။ ထိုအလုပ်ကို ကေ့အားမခိုင်းရခြင်းမှာ ကိုနိုင်မေမေ 'မြ'၏ ရွှေဆိုင်နှင့် နီးသောကြောင့်ဖြစ်သည်။

'အလုပ်ကရရင်တောင်မှ ကိုးနာရီလောက်မှသွားရမှာပါ မေမေကြီး၊ သမီးလိုအပ်တာကိုတော့ ဝင်လုပ်ဖို့အချိန်ရှိပါသေးတယ်'

'ကောင်းပြီလေ... အဲဒါဆို သမီးတို့ချင်းညှိလိုက်ကြပေါ့ ဟုတ်လား!'

'ဟုတ်ကဲ့ မေမေကြီး'

ဒီလိုနှင့်ပင် ကေသီတာသည် အလုပ်အတွက်ပြင်ဆင်ရတော့သည်။ မေမေကြီးပြောတာ 'သိပ်မှန်တာပဲ' ဟု ကေသီတာ မကြာခဏတွေးမိသည်။

စာမေးပွဲကလေးတစ်ခုပါသည်ဆိုတော့ ပြိုင်ဆိုင်ရလျှင် အနိုင်ရမှုကျေနပ်လေ့ရှိသော ကေသီတာမှာ စာမေးပွဲအတွက် ပြင်ဆင်ရသည်။ ဖြေရမည့် ဘာသာရပ်တွေက အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတတို့ပင်ဖြစ်သည်။

စာနှင့်တော်တော်လေး (၂-နှစ်နီးပါးခန့်) ဝေးနေသော ကေသီတာသည်၊ အင်္ဂလိပ်စာကို အစကပြန်ကောက်ရသည်။ အထွေထွေဗဟုသုတကိုတော့ မြန်မာနိုင်ငံအနှစ်ချုပ် (၂၀၀၈) ကို ကိုင်ရသည်။

ရေးရ၊ မှတ်ရ၊ ဆိုကြည့်ရနှင့် သူ့ကိုယ်သူ ကျောင်းသူကလေးတစ်ယောက်လို ပြန်ခံစားရသည်။ ပိုကလည်း နေ့တိုင်းလိုလို အိမ်ကိုလာသည်။ အဲဒီနေ့က မောင်ကမေး ကေသီတာက စာဆိုနေတုန်း 'ပို' ရောက်လာသည်။ ရုံးမှပြန်လာဟန်တူသည်။





'အမယ်လေး... အဲဒီလောက်လည်း ကြိုးစားမနေပါနဲ့ မကေရယ်၊ ဒီအလုပ်က မကေရဲ့အလုပ်ပါ မကေရမှာပါ'

'လုပ်စရာတွေလည်း အကုန်လုပ်ပြီးပြီဆိုတော့လေ၊ အပျင်းပြေလုပ်နေကြတာပါ'

'ရှေ့အပတ် လေးရက်နေ့မှာဖြေရမှာ မကေ၊ ပိုကြည့်လာခဲ့ပြီးပြီ၊ အင်္ဂလိပ်စာက ပထမရက်၊ ဒုတိယရက်က အထွေထွေ၊ သူတို့ကပ်ထားတဲ့လူစာရင်းအရဆိုရင် ဖြေမယ့်လူ ၈၇ ယောက်ရှိတယ်၊ မကေရဲ့ခုံနံပါတ်က လေးဆယ့်သုံး မကေသွားကြည့်မနေနဲ့တော့ ဟုတ်ပြီလား!'

'ကျေးဇူးတင်ပါတယ် ပိုရယ်၊ ပို့ကို ဘယ်လို...'

'ဘယ်လိုတွေ ဘယ်ဒင်းတွေပြောမနေနဲ့၊ ဒီကလည်း အကြံနဲ့ကူညီနေတာ၊ အခုရုံးသွားဖော်မရှိတော့ တစ်ယောက်တည်း ဘယ်လောက်စိတ်ညစ်ဖို့ကောင်းလဲ၊ မကေ အလုပ်ရရင် ရုံးသွားဖော်ရပြီဆိုပြီး ကူညီတာ အဲဒါအမှန်အတိုင်းပြောတာပဲ'

'ပို့'စကားဆုံးတော့ အားလုံး ဝိုင်းရယ်ကြသည်။

ပိုသည် ချစ်ဖို့ကောင်းသော ပိုးကရင်မကလေးဖြစ်သည်။ စကားပြောပွင့်လင်းသည်။ အမြဲတမ်းသွက်လက်ပြီး ပျော်ပျော်နေကတတ်သည်။ ကေသီတာက ပြက္ခဒိန်မှာကြည့်တော့ စာမေးပွဲဖြေရမည့်ရက်တွေက စနေနှင့် တနင်္ဂနွေနေ့တွေ ဖြစ်နေသည်။

'မကြည့်နဲ့ မကေ စနေကရုံးဆင်းရတယ်၊ တနင်္ဂနွေတစ်ရက်ပဲ ရုံးပိတ်တာ၊ ဒီတော့ စနေနေ့ ပိုနဲ့အတူသွား တနင်္ဂနွေနေ့ကျရင်လည်း ပိုအဖော်လိုက်ပေးမှာပေါ့'

'ဟင်... မောင်လည်း လိုက်မယ်လေ'

'OK...'

❖



www.burmeseclassic.com

www.burmeseclassic.com



စာမေးပွဲရော လူတွေ့ကိုပါ ကေသီတာ ကောင်းမွန်စွာဖြေဆိုနိုင်ခဲ့သည့်အတွက် အလုပ်ရသည်။ ကေသီတာရသည့်နေရာက ပို့ထက်ပင် တစ်ဆင့်မြင့်သေးသည်။ ကေသီတာ့အလုပ်သည် Plaza ကြီးတစ်ခုလုံး၏ တစ်နေ့တာရောင်း၍ရသမျှငွေနှင့် ကုန်သွားသောပစ္စည်းများကို ပြန်ဖြည့်ရန် စာရင်းတင်ရသည်။

ထို့ကြောင့် ကေသီတာ့အလုပ်သည် အလုပ်ဝင်ကာစ,က မကျွမ်းကျင်သေးသဖြင့် ငိုချင်သလိုလိုဘာလိုလိုဖြစ်ပြီး အလုပ်မှထွက်ချင်စိတ်ပင်ပေါ်သည်။ သို့သော် အလုပ်နှင့်ပတ်သက်လျှင် ဖွဲမလျှော့ချင်သော ကေသီတာသည် ငိုချင်စိတ်ကို ဘေးချိတ်ပြီး Computer ပေါ်မှ ကိန်းဂဏန်းများနှင့် ရန်ဖြစ်ရသည်မှာ အခြားလူကိုမဆိုထားနှင့် ကိုယ့်နာမည်တောင်မှ ကိုယ်မေ့ချင်ချင်ဖြစ်ခဲ့သည်။

တစ်နေ့တော့ ကေသီတာ ဒုက္ခတစ်ခုဖြစ်သည်။ ညနေစောင်းမှာ ရောင်းရငွေနှင့် ပစ္စည်းစာရင်း မကိုက်ခြင်းပင်ဖြစ်သည်။ ကက်ရှ်ယာများက သွင်းသောငွေအမောင့်က ကေသီတာ့လက်ထဲတွင်ရှိသော ငွေအမောင့်နှင့် ညီသော်လည်း ရောင်းရသောပစ္စည်းစာရင်းနှင့်ကျတော့ ကွာနေသည်။ ကွာနေတာက လိုတာမဟုတ် ပိုနေခြင်းဖြစ်သည်။





ငွေဆယ့်နှစ်သိန်းလောက် ကေသီတာ့လက်ထဲတွင် ပိုနေ၏။ ကေသီတာ ချွေးပြန်နေပြီဖြစ်သည်။ နောက်ဆုံးလုပ်စရာတစ်ခုသာ ရှိတော့သည်။ ကောင်တာဆယ့်နှစ်ခုစလုံးက ဒီနေ့ရောင်းရသော ပစ္စည်းများစာရင်းကို တစ်ခုစီလိုက်ရှုပ်ရှိသည်။ ဘောလ်ပင်တစ်ချောင်းကအစ ခဲတံတစ်ချောင်း၊ အချိုရည်ပုလင်းတစ်ပုလင်းတို့ကအစ ပြန်လိုက်ရတော့မည်။

ကေသီတာသည် သူ့အလုပ်ကို စိန်ခေါ်လိုက်သည်။

ပို သူ့နာရီသေးသေးကလေးကို ငုံ့ကြည့်တော့ သုံးနာရီလေးဆယ့်ငါးတောင်ရှိနေပြီ၊ မကေ ဘာကြောင့် ထွက်မလာရသေးသနည်း။

'ဟဲ့… မိပို နင်ဒီမှာ ဘာလုပ်နေတာလဲ!'

ပခုံးကိုပုတ်လိုက်ပြီး အမေးခံလိုက်ရသဖြင့် ငြိမ်းပို လန့်၍သွားသည်။

'နင်ကလည်းဟာ ကောင်းကောင်းမေးစမ်းပါ နာလိုက်တာ'

'ဘယ်သူ့ စောင့်နေတာပါလဲခင်ဗျာ… ကဲ ကောင်းကောင်းမေးပြီ'

'မိန်းကက်ရှ်ယာက ငါ့မိတ်ဆွေကို စောင့်နေတာ…'

'ဩော်..အသစ်ဝင်တဲ့ထဲကလား! အဲဒါများ အထဲဝင်စောင့်ရောပေါ့ဟ'

'အမလေး… နင်တို့ ကက်ရှ်ယာတွေက ဖိနပ်ခေါင်းက ခပ်ကျယ်ကျယ်အထဲမဝင်ရဘူးဆို'

ပိုက ရန်တွေ့သည်။

'မဟုတ်ပါဘူးဟာ၊ အဲဒါက သူစိမ်းတွေကို ပြောတာပါ၊ အမှတ်တံဆိပ်ဝင်ပြီး ခလုတ်ကလေးတစ်ချက်နှိပ်လိုက်တာနဲ့ ငါတို့ဈေးထဲရောက်မှာဆိုးလို့ရင်ကိုယ့်လူခံရှိရင် ဝင်ပေါ့ဟ'

'အေး… ဒါဆိုဝင်မယ်၊ ဒါပဲနော် နင်ဝင်ခိုင်းလို့ ငါဝင်တာနော်'

အခန်းထဲကို ပိုရောက်သွားတော့ ကေသီတာစစ်နေတာ ကောင်တာတစ်ခုပင်မရသေး၊ ကေသီတာ့မျက်နှာမှာ ချွေးပျံနေပြီ။ လေးနာရီမှကိုးနာရီအထိဝင်မည့် ကက်ရှ်ယာကို မည်သို့လွှဲပေးရမည်နည်း။

'ပိုရယ် ကေတော့ဒုက္ခပဲ… နောက်လူရောက်လာရင် ပြဿနာပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို ခဏနေဦး မကေ၊ အပြင်မှာ ပို့သူငယ်ချင်းရှိတယ်၊ သူ့ကို အကူအညီတောင်းရင် ရနိုင်မယ်ထင်တယ်'

'သူက ဒီကက်(ရှ)ကပဲလား!'

'ဟုတ်တယ် သူက ပစ္စည်းအဝယ်နဲ့ ဘဏ်ကိစ္စတွေကိုင်တာ၊ Computer ကို ဟောဒီလိုဟောဒီလို ကျွမ်းတယ်၊ မကေ ခဏစောင့်...'

'ကူပါဦးဟယ်... စောင့်ပါ့မယ်'

ပိုအခန်းထဲကထွက်ပြီး ချက်ချင်းပြန်ဝင်အလာတွင် လူတစ်ယောက်ပါလာသည့်အတွက် ကေ တော်တော်အံ့သြသွားသည်။ လမ်းရောက်တော့မှ မေးမည်ဟု စိတ်ကူးလိုက်သည်။ ကေက သူဖြစ်နေတာကို ရှင်းပြလိုက်၏။

'ဟာ... ဒီလို Base က,စစစ်နေရင် ဘယ်ဖြစ်မလဲ၊ နောက်နေ့အထိ ကူးသွားမှာပေါ့၊ ဒီပြဿနာမျိုးက ဖြစ်နေကျပါ၊ ကက်(ရှ်)ရှာက ကောင်မလေးတွေကို သူတို့အပ်ငွေအတွက် လက်မှတ်ယူထားပြီးတော့ နောက်တစ်ယောက်ကို ဒီက... ဘယ်သူ...'

'ကေသီတာပါ'

'ဗျာ...!'

'ကေသီတာပါလို့...'

'ဪ ဟုတ်ပြီ၊ နာမည်က နည်းနည်းဆန်းနေလို့ပါ၊ စိတ်မရှိပါနဲ့ ကျွန်တော်က မိုးယံစိုးပါ၊ ပို့သူငယ်ချင်း အတူဝင်ကြတာ၊ ခဏစောင့် ကက်(ရှ်)ရှာတွေကို ကျွန်တော်သွားခေါ်လိုက်မယ်'

ကက်(ရှ်)ရှာတွေရောက်လာတော့ အချို့က လက်မှတ်မထိုးနိုင်ဟု ငြင်းကြသည်။

'ကျွန်တော် ရှင်းပြမယ်ဗျာ၊ အခုလက်မှတ်ယိုးခိုင်းတယ်ဆိုတာ တစ်ခြားလူရဲ့ငွေကို ထိုးရမှာမဟုတ်ပါဘူး၊ ကိုယ့်ငွေကိုယ် လက်မှတ်ထိုးရုံပါ၊ ကိုယ်က တစ်ရာအပ်ထားရင် တစ်ရာအပ်ပါကြောင်း ဒါပဲ ဘာမှမစိုးရိမ်နဲ့ ပိုက်ဆံကလိုနေတာ မဟုတ်ဘူး ပိုနေတာ၊ ပစ္စည်းစာရင်းကွာတယ်၊ ငွေအမောင့်က





ပိုနေတယ် ဒါပဲ၊ အဲဒီတော့ ကျေးဇူးပြုပြီး ကိုယ့်အပ်ငွေကိုယ် တာဝန်ယူပေးကြပါဗျာ'

ဒီလိုနှင့်ပင် လက်မှတ်ထိုးသွားကြပြီး ညနေလေးနာရီဝင်သူကို လွဲနိုင်ခဲ့သည်။

'တော်ပါသေးရဲ့ ကျေးဇူးတင်ပါတယ်ရှင်၊ ကေတစ်ယောက်တည်းဆို ဘာလုပ်ရမယ်ဆိုတာ ဘယ်လိုမှမသိနိုင်ဘူး'

'ရပါတယ်၊ ဒါမျိုးကဖြစ်နေကျပါ၊ အရေးကြီးတာ ကက်(ရှ်)ကအပ်တဲ့ ငွေစာရင်းမှန်ဖို့ပဲ၊ အဲဒီငွေစာရင်းမှန်ရင် ကျန်တာဆက်လုပ်လို့ရသွားပြီ'

'ပို... မနက်ဖြန် ကေ ဘယ်လိုလုပ်ရမလဲဟင်!'

'အာ... ပို ဘယ်သိမှာလည်း၊ ပိုက စတိုဘက်ကဆိုတော့ ကက်(ရှ်)တွေ နားမလည်ဘူး မိုးယံကိုပဲမေး'

ကေသီတာသည် မိုးယံဘက်သို့ မျက်နှာလှည့်လိုက်သည်။ မိုးယံက အပြုံးနှင့်ခေါင်းကို တစ်ချက်ညိတ်ရင်း၊ 'မနက် သူ ပစ္စည်းစာရင်းအပ်တဲ့အခါကျရင် ကိုယ့်စာရင်းနဲ့မပေါင်းနဲ့ဦးပေါ့' ဟု အပြုံးနှင့်ပြောသည်။

'ပြီးတော့ရော...'

'ပြီးတော့ မကေသီနဲ့ကျွန်တော် စာရွက်တွေကိုင်ပြီး ပစ္စည်းစာရင်းစစ်ကြတာပေါ့၊ စိတ်ချပါ ကျွန်တော် စတိုက ပိုပိုတို့အရာရှိကို ပစ္စည်းထပ်ထည့်မထားဖို့ပြောပေးပါ့မယ်'

ကေသီတာ အမောပြေပြီး သက်ပျင်းကြီးချမိသည်။ ပြီးတော့ မိုးယံစိုးဆိုသူကို ကျေးဇူးတင်ခြင်းနှင့် အားကိုးခြင်းဆိုသောအကြည့်နှင့် ကြည့်သည်။ မိုးယံကတော့ လိမ္မာပါးနပ်စွာဖြင့် ကေသီတာ့အကြည့်ကို 'အချစ်'ဆိုသော အကြည့်ဖြင့် ပြန်လည်လက်ခံလေသည်။

ဤသို့ဖြင့် ကေသီတာ့ဘဝသို့ 'မိုးယံစိုး'ဆိုသော လူတစ်ယောက် ဝင်ရောက်လာခဲ့လေသည်။

❖



www.burmeseclassic.com

www.burmeseclassic.com

အိမ်ပြန်ရောက်၍ ရေမိုးချိုး ညီအစ်မတွေ ထမင်းစားပြီးတော့မှ တရားထိုင်ပြီးသော မေမေကြီးအတွက် ထမင်း ပြင်ဆင်ပေးရသည်။ မေမေကြီးသည် ညဘက်တွေမှာ ထမင်းသိပ်မစားတော့၊ တစ်ချို့ညမျိုးဆိုလျှင် နို့တစ်ခွက်နှင့် ပြီးသည့်ညမျိုးပင် ရှိသည်။

ပြီးတော့ မေမေကြီးသည် အရင်တုန်းကလို ဟိုဟာစားချင်သည် ဒီဟာကို ဒီလိုချက်စမ်းဆိုတာတွေ မရှိတော့။ အတွက်ကို ဖြည်းဖြည်းချင်းလျှော့၍ရသမျှ လျှော့နေသည်ဟု ကေသီတာတို့ နားလည်ကြသည်။ ပြီးတော့ မေမေကြီးသည် သက်သတ်လွတ်မစားသော်လည်း သားငါးနှင့်အသီးအရွက်ယှဉ်လာလျှင် အသီးအရွက်ကိုသာ ပိုစားလေ့ရှိသည်။ ထိုအသီးအရွက်ကို သက်သတ်လွတ်ချက်ပေးပါဟူ၍တော့ ဘယ်တော့မှ မပြော...။ ကေသီတာတို့ ချက်ပေးသမျှ စားသည်။

ဒီနေ့လည်း ပဲပုတ်နှင့် ခရမ်းချဉ်သီးချက်ကလေးနှင့် မကျီးရွက်သုပ်ကို ထမင်းနှင့် တော်တော်များများ စားသဖြင့် ကေသီတာတို့ ညီအစ်မတွေ တော်တော် ဝမ်းသာကြသည်။





ထမင်းစားပြီးသည်နှင့် မေမေကြီးသည် ဝရံတာတွင် စကြံလျှောက်လေ့ရှိ၏။ ထိုအချိန်တွင် ကေသီတာတို့ ညီအစ်မတွေက မနက်ဖြန် မနက်ချက်ပြုတ်ရန်အတွက် ကြက်သွန်ဖြူနီကိုထောင်း၍ ငရုတ်သီးအကျက်မှုန့်နှင့် ရောထောင်းပြီး ဆီစိမ်ထားတတ်ကြသည်။ ဂျင်း၊ ကြက်သွန်ဖြူ စသည်တို့ကို မနက်ခန့်မှန်းဟင်းအတွက် ကြိုတင်စီစဉ်သည်။ ဥပမာ မနက် ငါးဘတ်ချွေမည်ဆိုလျှင် ဂျင်းနှင့် စပါးလင်ကို ရောကာ ထောင်းထားပြီး အဆင်သင့်လုပ်ထားသည်။ ပြီးတော့၊ သနပ်ရွက်နှင့် မန်ကျည်းရွက်ချဉ်ရေဆိုလျှင် အရွက်များကို အနုအရင့် သင်ခြင်း သန့်စင်အောင် သင်ထားတတ်ကြသည်။

ထိုအလုပ်များအားလုံး ပြီးလျှင်တော့ ကေသီတာ့ အခန်းတွင် ညီအစ်မတွေ စကားပြောကြသည်။ အခန်းတွေ၏ ဖွဲ့စည်းပုံအကျယ်အဝန်းမှာ အတူတူပင် ဖြစ်သော်လည်း ငယ်စဉ်ကာလတုန်းက သူတို့ထက် အသက်ကြီးသော ကေသီတာက ညဘက်ဆိုလျှင် သူတို့ ညီအစ်မနှစ်ယောက်ကို အိပ်ခါနီးပုံပြောပြသည့်အခါ ကေသီတာ့အခန်းတွင်ပင် ပြောတတ်သဖြင့် အကျင့်တစ်ခုလိုဖြစ်ပြီး အခုထိ ညအိပ်ခါနီး စကားပွဲသည် ကေသီတာ့ အခန်းတွင်ပင် ဖြစ်သည်။

'သူကတော့ ပူဆာပြီကွာ။ ဒါပေမယ့် မောင်က ဆ/မ လိုင်စင်အတွက်နယ် (၂)နှစ်သွားပြီးတော့မှပဲ မင်္ဂလာဆောင်အတွက် စဉ်းစားပါရစေဆိုတော့ သူက စေ့စပ်ထားပါရစေတဲ့'

'ဒါ... သွယ်ဝိုက်တဲ့နည်းနဲ့ မောင့်ကို စိတ်မချဘူးလို့ ပြောတာပဲ'

'ဟုတ်ချင်လည်း ဟုတ်မှာပေါ့။ မောင်က လက်ထပ်လိုက်ရင်—သံယောဇဉ်တန်းလန်းကြီးနဲ့ နယ်ကို မသွားချင်ဘူး။ စိတ်လွတ်ကိုယ်လွတ်နဲ့ပဲ သွားချင်တာ...'

မောင်ပြောတာကိုလည်း ညီအစ်မတွေ သဘောပေါက်ကြသည်။

'ဒါဆို လက်ထပ်ပြီးတော့ လင်တော်မောင်ကိုပါ ဆေးအလုပ်သင်တန်းပေးပြီး ဝင်ကူခိုင်းပေါ့'



www.burmeseclassic.com

www.burmeseclassic.com

ရိရိကဝင်ပြီး အရွှန်းဖောက်သည်။

'ရပါလိမ့်မယ် အားကြီးကြီး။ သူ့အိမ်က သူမရှိရင် သံပတ်ကုန်သွားတဲ့ စက်ရုပ်လို ရပ်သွားမှာပေါ့'

ဟုတ်သည်။ ကိုကျော်စွာမြင့် (မောင့်ချစ်သူ) မှာ ကွမ်းသီး၊ ကွမ်းစားဆေး၊ လက်ဖက်၊ လက်ဖက်ခြောက်နှင့် အကြော်စုံ၊ နယ်မှပဲမျိုးစုံရောင်းသော လက်လီလက်ကားဆိုင်ကြီး ဖြစ်သည်။ မောင်တို့ ငါးပိ၊ ငါးခြောက်ဆိုင်တွင်လည်း ကုန်ခြောက်ဖြစ်သော လက်ဖက်၊ ကွမ်းသီး၊ အကြော်စုံနှင့် ပဲမျိုးစုံတို့ကို ရင်းနှီးနေသော ကိုကျော်စွာတို့ထံမှ လက်ကားယူရင်း မောင်နှင့်တွေ့၍ ချစ်သူများ ဖြစ်သွားကြခြင်းဖြစ်သည်။ ကိုကျော်စွာသည် သာမန်မေဂျာနှင့် ဘွဲ့ရ၍ ရိုးသားကြိုးစားသူတစ်ယောက်ဖြစ်သည်။ အသောက်အစားကင်းပြီး ကတိတည်သည်။ အပြစ်ပြောဆိုလျှင်တော့ ညီအစ်မသုံးယောက်စလုံးက အားကိုးနေရသော အစ်ကိုကြီးတစ်ယောက်ဖြစ်ခြင်းကြောင့် ထိုညီအစ်မတွေနှင့် မောင် မတည့်မှာတစ်ခုပဲ စိုးရိမ်ရသည်။

မောင်က စိတ်ဆတ်သည်။ ပညာမာန နည်းနည်းလေးရှိသည်။

အနေအထိုင် ပွင့်လင်းရဲတင်းသည်။

'သူပြောတာလည်း မဆိုးပါဘူး မောင်ရဲ့။ စေ့စပ်ထားလိုက်တော့ သူ့စိတ်ထဲမှာ နှလုံးငြိမ်သွားတာပေါ့။ သူလည်း ဒီမှာ အလုပ်လုပ်ရတာ စိတ်ဖြောင့်တာပေါ့'

'ကဲ…ထားပါတော့၊ အဲဒီစေ့စပ်ဖို့ကိစ္စကို မေမေကြီးက လက်ခံအောင် ဘယ်သူကပြောပေးမှာလဲ!' ရုတ်တရက်ပြောလိုက်သော မောင့်စကားကြောင့် ကေသီတာ မျက်နှာတစ်ချက်ပျက်၍သွားသည်။ သူ့အမှားသည် သူချစ်ရပါသော ညီမကလေးတစ်ယောက်ကို ဒုက္ခရောက်စေသည်ဆိုတာကို သူ စိတ်မကောင်းဖြစ်ရသည်။

'မောင် နင်ဟာလေ စကားပြောရင် ဘယ်တော့မှ ရှေ့နောက်မကြည့်ဘူးသိလား'





အောင်က ကေသီတာ မျက်နှာပျက်သွားတာကို တွေ့လိုက်သဖြင့် မောင့်ကို ဝင်ဟန့်လိုက်သည်။ မောင်လည်း သူပြောတာ မှားသွားကြောင်းကို ပြောပြီးမှ သိသည်။

'sorry ကွာ။ အဲဒါကိုလည်းသိလို့ မောင်က သူပူဆာတာကို လှည့်ပတ်ရှောင်နေရတာပေါ့။ ဘာပဲဖြစ်ဖြစ် မောင့်ဆုံးဖြတ်ချက်ကတော့ နယ်က ပြန်ပြီး posting ကျမှပဲ လက်ထပ်မယ်။ ဒါပဲ'

'မမကြီးရော company မှာ အဆင်ပြေရဲ့လား!'

အောင်က စကားလမ်းကြောင်းပြောင်းရန် ကြိုးစားသည်။ ကေသီတာသည် သူ ဒီနေ့ကြုံခဲ့ရသည့်ကိစ္စကို ပြောရလျှင်ကောင်းမလား! မပြောဘဲထားရလျှင် ကောင်းမလားဆိုတာကို ရုတ်တရက် ဝေခွဲ၍မရနိုင်အောင် ဖြစ်နေမိသည်။ မပြောဘဲထား၍ တစ်ချိန်ကျမှသိသွားလျှင် သူ့ အပြစ်ဖြစ်နိုင်သလို။ ပြောပြန်လျှင်လည်း လာပြန်ပြီလားတစ်ယောက် ဟူသော အကြည့်မျိုးဖြင့်ကြည့်လျှင် ကေခံနိုင်မည်မဟုတ်ပါ။

ဒီလို စဉ်းစားမိပြီးတော့မှ…မိုးယံစိုးကို ဘာ့ကြောင့် သူမအပေါ် မရိုးသားသူဟု ယူဆပြီး ပြောရင်ကောင်းမလား! မကောင်းဘူးလားတွေ စဉ်းစားနေရတာလဲဆိုသော အချက်ပင်ဖြစ်သည်။ ကေသီတာ့မျက်နှာ 'ရဲ'ခနဲ တစ်ချက်ဖြစ်သွား၏။

အမှန်တော့ ယခုဖြစ်သောအဖြစ်သည် 'သာမန်'အဖြစ်အပျက်လေး တစ်ခုသာ ဖြစ်ပါသည်။ အလုပ်ခွင်ဝင်ကာစ မကျွမ်းကျင်သေးသူ ဝန်ထမ်းကောင်မကလေးများ၏ ဖြစ်နေကျထုံးစံတစ်ခုသာ ဖြစ်ပါ၏။

'ဒီနေ့ ကံကောင်းလို့ပေါ့…'

ကေသီတာသည် သူ ကြုံခဲ့ရသည့်အဖြစ်ကို လေးနက်တည်ကြည်စွာ ပြောပြဖြစ်သည်။

'ဒါဆို မမကြီး မနက်ကျရင် ဘယ်လို လုပ်မလဲ!'

'သူကတော့ 'ပို'က စတိုကိုင်တာ သူက ဘဏ္ဍာနဲ့ ပူးတွဲတာဝန်'


www.burmeseclassic.com

www.burmeseclassic.com



ကိုင်ရမှာဆိုတော့ မနက်ဖြန်စောစောထွက်ပြီး တစ်နေ့ကလက်ကျန်ပစ္စည်းစာရင်းနဲ့ မကေရေးပြီးသား စာရင်းရယ် မကေနောက်က ဆက်လက်ခံပြီးရောင်းတဲ့ မူမူရဲ့ ပစ္စည်းစာရင်းရယ် သုံးခုစစ်မှ ဘယ်နေရာမှာ လွဲနေတယ်ဆိုတာကို သိမှာတဲ့'

'မမကြီး ကံကောင်းတာပေါ့နော်... တစ်ယောက်တည်းဆိုရင် ဘယ်လိုလုပ်မလဲ'

'အစက ပြန်စစ်မယ်လို့ စိတ်ကူးထားတာ။ ဘော(လ်)ပင်တစ်ချောင်းကစပြီး ခဲဖျက်တစ်ခုအထိ'

'အမလေး စတိုးဆိုင်တစ်ဆိုင်ကို အဲဒီလိုသာ စစ်ရရင်တော့ သေရချည့်ရဲ့။ ဟိုအစ်ကို ကယ်ပေလို့ပေါ့နော်...'

'ဒီလိုပဲ ပြောရတော့မှာပဲ'

'ငွေက ပိုတာဆိုတော့ ပြဿနာမရှိဘူး မဟုတ်လား!'

'စာရင်းနဲ့မကိုက်ရင်တော့ ပြဿနာတက်မှာပဲ'

ရီရီက ပုခုံးကိုတွန့်ပြီး လျှာကို တစ်လစ်ထုတ်သည်။

'ကြောက်စရာကြီး...'ဟူသော သဘောထင်ပါသည်။

'ပိုက စတိုကိုင်ပြီး သူက ပစ္စည်းစာရင်းကိုင်လို့သာ မကေ သက်သာတာ။ နို့မို့ဆို ဘယ်ချောင်မလဲ!'

'အဲဒီလူနာမည်က ဘယ်သူ...'

'မိုးယံစိုး'

'မိုးယံစိုး... ဟုတ်လား'

❖





မိုးယံစိုးသည် အင်မတန်သွက်လက်ဖျတ်လတ်ပြီး အကင်းပါးသူ၊ အလိုက်သိတတ်သူ၊ စကားပြောကောင်းသူ...။ အင်္ဂလိပ်စကားပုံအရဆိုလျှင်တော့ မိုးယံစိုးလို လူစားမျိုးကို 'ပေါင်မုန့်ကို ဘယ်ဘက်က ထောပတ်သုတ်ရမည်ဆိုတာကို သိသောသူ' ဟု ခေါ်သည်။

မိုးယံစိုးသည် ကောင်တာက မမကြီးတွေ ငိုင်ပြီး ပါးစပ်ကြီးတွေ ဖြဲနေအောင် စကားပြောကောင်းသည်။ အခုမှအလုပ်ဝင်သော ကောင်မလေးတွေက ခင်မင်လာအောင် ကူညီပေးတတ်သည်။ ဘယ်ပစ္စည်းကို ရွေးရမှန်းမသိသော ဈေးဝယ်သူကို အနားကပ်ပြီး ပစ္စည်းများအကြောင်းကို ရှင်းပြတတ်သည်။

ဆီးချိုသမားတွေအတွက် အဆီထုတ်ထားသောနို့၊ ကလေးငယ်လေးတွေအတွက် သံဓါတ်များများပါအောင်ထည့်ထားသော နို့၊ အရုပ်ဝယ်ချင်သည့် ကလေးတွေအတွက် ပါဝါရိန်းဂျားနှင့် အန်ထွာမင်း... စသည့်ပစ္စည်းပေါင်းများစွာကို သူမသိတာမရှိ။ ဖြစ်နိုင်ရင် သူက ဘောလ်ဘောလီကိုပင် ဘယ်တံဆိပ်က ပိုကောင်းသည်ဟု ပြောပြချင်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မိုးယံစိုးကို 'သင်္ကေတ' ရုပါမားကတ်ကြီးအတွက် ဂျိုကာတစ်ကောင်ဟု အားလုံးက သဘောတူခေါ်ဆိုထားကြသည်။

မိုးယံစိုး၏ ဘဝပေးကုသိုလ်ကံကလည်း ရုပ်ရည်နှင့် ပတ်သက်၍ ဖြောင့်သည်ဟု ပြော၍ရသည်။ နှုတ်ခမ်းပါးပါးရယ်လိုက်လျှင် ပါးချိုင့်ခွက်ခွက်က ညာဘက်ပါးပေါ်တွင် အထင်းသားရှိသည်။ နှာတံပေါ်ပေါ်၊ မျက်ဝန်းက ကြည်လင်ပြီး စူးရှသည်။ မျက်ခုံးမွေးက အထူကြီး မဟုတ်သော်လည်း စိမ်းမြနက်မှောင်လွန်းသည်။ ကိုယ်လုံးကိုယ်ပေါက်ရှိပြီး ဒိုက်ထိုး၊ အလေးမ နည်းနည်းလိုက်စားသဖြင့် ဂျင်းဘောင်းဘီတွေ ဘာတွေ ဝတ်သည့်အခါတွင် ကြည့်လို့ကောင်းသည်။

ဝန်ထမ်းဝတ်စုံဖြစ်သော စတိုင်ယန်(နု)အနက်ရောင်၊ အပြာရောင် နက်(ခ)တိုင်နှင့် ရှူးဖိနပ်တို့မှာ မိုးယံစိုးဝတ်လိုက်လျှင် ပို၍ကြည့်ကောင်းသွားတတ်သည်။ မိုးယံရောက်လာလျှင်... Rool တစ်ခုလုံးကို နှုတ်ဆက်ရင်း စ,သွားတတ်သည်။ သူ့အစ,ကို ခံလိုက်ရသော ကောင်မလေးတွေကလည်း ပျော်ကြသည်။ မိုးယံစိုးက နည်းနည်းပါးပါးစကားစ,လျှင် ပါလာမည့်အပျိုကြီးသုံးလေးယောက်နှင့် ရွယ်တူ နှစ်ယောက်သုံးယောက်လောက်ရှိသည်။

သို့သော်... မိုးယံစိုးသည် သူတို့ကို သူငယ်ချင်းလို၊ ကိုယ့်နှမလိုသာ ပေါင်းလေသည်။ သူတို့လို Plaza လုပ် ကောင်မကလေးတွေနှင့် ရည်းစားဖြစ်ပြီး မတော်တဆယူလိုက်ရလျှင် သွားပြီ။

မိုးယံစိုးတို့ မိသားစုသည် ကျယ်ဝန်းသော ခြံကြီးထဲမှာ နှစ်ထပ်တိုက်နှင့် နေကြသည်။ သို့သော် နှစ်ထပ်တိုက်က ပေါင်ထားသော နှစ်ထပ်တိုက်မှန်းကိုတော့ ဘယ်သူမှမသိ။ မိုးယံစိုးတို့ မောင်နှမ လေးဦးရှိသည်။ သူကနို့ညှာဖြစ်ပြီး သူ့အောက်မှာ အငယ်ဆုံး နန္ဒာစိုးတစ်ယောက်ရှိသည်။ အစ်မကြီးနှစ်ယောက်စလုံးက သူတို့ အခြေအနေ ယိမ်းယိုင်နေပြီဆိုတာကို သူတို့ကိုယ်တိုင်လက်မခံသေးသော အထည်ကြီးပျက်များ ဖြစ်သည်။





မိုးယံစိုးတို့မှာ ကြီးကြီးပိုင်းက လူတွေနှင့် ခွေးရောယှက်တင် နေတတ်သည်။ ပါတီ၊ ညစာစားပွဲ၊ မွေးနေ့၊ ပျော်ပွဲစား... အဲဒီနေရာတွေမှာ သာယာပြီး ပိုင်ပြီထင်သော ငတိနှစ်ကောင်ကို အပိုင်ရွေးယူခဲ့သော်လည်း ယူပြီး လေးငါးနှစ်ကြာမှ အိမ်ဆိုင်ပိုင်ရှင်တစ်ယောက်လောက်မျှပင် ငွေကြေးကိစ္စကို စိတ်မချရသူတွေ ဖြစ်သည်။

တစ်ခါတစ်ရံ ပွပေါက်တိုးသော အချိန်များလည်း ရှိပါသည်။ အဲဒီလိုကျတော့လည်း မိသားစုတွေ တက်ညီလက်ညီ သုံးဖြုန်းကြသည်။

မိုးယံစိုး အမေနှင့်အစ်မတွေက နှစ်လုံးထိုးခြင်းနှင့် ရှမ်းကိုးမီးဖဲရိုက်ငြိနေကြသည်။ ဒုတိယအစ်မ၏မောင်က မိုးလင်းတာနှင့် စကစ်တတ်သည်။ သို့သော် ဆူဆူပူပူတော့မရှိ သူ့လစ်မစ်ရောက်လျှင် အိပ်သွားတတ်သည်။

ဖခင်ဆုံးသွားပြီးနောက် ယိမ်းယိုင်သွားသော စီးပွားရေးကို ပြန်မတ်အောင်မလုပ်ဘဲ ထင်ရာပျော်ပါးကြသဖြင့် မိုးယံစိုးတို့အိမ်ကြီးသည် ခရုခွံနှင့်တူနေသည်။

'မိုးယံ... ငါတို့ မိသားစုမှာ နင်က ရုပ်အဖြောင့်ဆုံးပဲ။ စကားလည်း အတတ်ဆုံးပဲ ဒီတော့ နင့်မှာ အားကိုးစရာ ဒါပဲရှိတယ်။ ချောတာမချောတာထက် ထောတာ မထောတာကို နင်ရှာရမှာ၊ ငါတို့ကို ကြည့်စမ်းအယူမှားတော့ ကုလားမယားလိုတောင် သော့မကိုင်နိုင်ဘူး။ ထောလည်း ထော၊ ချောလည်း ချောဆိုရင်တော့ ပိုကောင်းတာပေါ့ဟာ' ဟူသော သူ့အစ်မနှစ်ယောက်၏ ဆုံးမစကားမှာ မိုးယံစိုး ၏လုံးသားထဲတွင် မြားတစ်စင်းလို စွဲငြိ၍နေသည်။

သို့သော် လူငယ်များသဘာဝ သမီးရည်းစားတော့ ထားခဲ့ဖူးပါသည်။ ရည်စားဦးဆိုကြပါစို့။ ကောင်မလေးက ခပ်မိုက်မိုက်လေး၊ သူ့ကိုလည်း တော်တော်ချစ်ရှာပါသည်။ သူ့ကို ဂျင်းဘောင်းဘီနှင့် Tရှပ်တွေ ဝယ်ပေးတတ်သည်။ နောက်မှသိရသည်က ငတိကြီးတစ်ယောက်၏ ကော်ထဝ်စာချုပ်မရှိသော ဇနီး။ သူ အတန့်တန့်တောင်းပန်ပြီး ဒီငတိကြီးကို ဖြတ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com

ပြောသော်လည်း ကောင်မလေးက ‘မင်းမသိပါဘူးကွာ’ဟုသာ ပြောတတ်သည်။

ပြတ်သွားကြတော့ သူ တော်တော်ဆွေးလိုက်ရသေး၏။

နောက်သိပ်မကြာ မမကြီးတစ်ယောက်နှင့် ငြိပြန်သည်။ ထိုမမကြီးကတော့ သူ့ကို စည်းကမ်းစနစ်တွေ ဘာတွေနှင့် နေစေချင်သည်။ သူကိုယ်တိုင်လည်း စည်းကမ်းရှိသည်။ မိုးယံစိုးက ပျော်ရမှာသာ သူ့နှလုံးသားကိုထားချင်သူဆိုတော့ ခြောက်လလောက်အကြာတွင် ပြတ်ဆဲကြပြန်သည်။

ဒီတစ်ခါတော့ မိုးယံစိုး သိပ်မဆွေးတော့ သမီးရည်းစားပြတ်လျှင် ဘာလုပ်ရမည်ဆိုတာကို ပထမအကြိမ်တည်းက သိပြီးပြီ။

မိုးယံစိုးသည် အသောက်အစားမရှိသော်လည်း ပွဲကောင်းလျှင်တော့ သူငွေးသောက် သောက်တတ်သည်။ အကင်းပါးပြီး လူတွေ ခင်မင်လွယ်အောင် နေတတ်သည်။ ရယ်စရာလေးတွေကို ပြောတတ်သဖြင့် မိုးယံစိုး ရှိသည့် နေရာတွင် ကောင်မလေးတွေရော ကောင်မကြီးတွေပါ ရယ်နေကြသော အသံကို ကြားရမြဲဖြစ်သည်။

မိုးယံစိုးသည် ဘယ်လောက် စကားပြောကောင်းသလဲဆိုလျှင် ဟမ်ဘာဂါဆိုင်မှာ လူချင်းမသိကြဘဲ အတူထိုင်ဖြစ်ကြသော မမကြီးတစ်ယောက်က ဟမ်ဘာဂါအချဉ်ရေကို အဝပိတ်နေသဖြင့် အားထည့်ပြီးဖိညှစ်ရာ မိုးယံစိုး အင်္ကျီလက်မောင်းကို အချဉ်ရေ သုံးလေးစက် စင်သွားသည်မှ တောင်းပန်ရင်းစကားပြောမိကြရာမှ ယခု ‘သင်္ကေတ’ ရုပ်ပါမားကတ်ကြီးထဲသို့ ရောက်လာခြင်း ဖြစ်သည်။

မိုးယံစိုးသည် ဟမ်ဘာဂါမမ၏ လက်အောက်တွင် မပူမပင် မကြောင့်မကျ၊ တစ်လ နှစ်သိန်းလစာနှင့် အလုပ်လုပ်ရသည်။ Market အတွင်းရှိ ဝန်ထမ်းတွေနှင့် တစ်ယောက်မှ အဆင်မပြေသော အပျိုကြီး ဟမ်ဘာဂါမမသည် မိုးယံစိုးဆိုလျှင် ပြီးသည်။

မိုးယံစိုးသည် မမကြီးကို ညှသည်။ ခရသည်။ စ,သည်။ နောက်





သည်။ တစ်ခါတစ်ရံ သမီးရည်းစားဆန်ဆန် ရန်ဖြစ်ကြပြီး၊ သမီးရည်းစားတွေလို စိတ်ကောက်လိုက်သေးသည်။

ထို့ကြောင့် ကေသီတာဖြစ်သော ကိစ္စမှာ ကေသီတာကသာ တောင်ကြီးပြုသကဲ့သို့ ထင်မှတ်နေသော်လည်း မိုးယံစိုးအတွက် ခလုံးနှင့် ခလုတ်တိုက်မိသလောက်သာရှိသည်။

နောက်တစ်နေ့တွင် ကေသီတာ၊ ပိုပိုနှင့် မိုးယံစိုးတို့ စောစော company သို့ လာပြီး ကက်(ရှ်)ကအပ်သော စာရင်းငွေနှင့်ပစ္စည်းတွေကို တိုက်သောအခါ အားကစားပစ္စည်းတစ်စုံစာဝယ်သွားသော ဘောင်ချာကို ကေသီက ကောင်တာမှားပြီး စာရင်းသွင်းထားကြောင်းသိရသဖြင့် အားလုံး ပျော်ရွှင်သွားကြသည်။

‘တော်ပါသေးရဲ့။ အခုမှပဲ ရင်ထဲက အလုံးကြီး ကျသွားတော့တယ်။ ညတုန်းက ဘုရားရှိခိုးရင်း သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တွေ ကယ်ကြပါလို့ ဆုတောင်းလိုက်ရတာ အမောပဲ။ ကျေးဇူးနော် ပိုနဲ့ ကိုမိုးယံစိုး’

‘ရပါတယ်။ ကျွန်တော်ကတော့ ညက အိပ်ပျော်ပါတယ်။ ငွေက ကိုယ့်လက်ထဲမှာရှိနေပြီး ပစ္စည်းပျောက်တယ်ဆိုတာ ရှာရအလွယ်ဆုံးပဲ။ အဲ ငွေကလိုပြီး ပစ္စည်းကကွက်တိဖြစ်နေရင်သာ စိတ်ပူရတာ။ ညက စိတ်မပူဘဲအိပ်တော့ အိပ်မက်တောင် မက်သေးတယ်’

‘ဒါပေါ့…ကာယကံရှင် မဟုတ်တဲ့သူကတော့ ဘယ်စိတ်ပူပါ့မလဲ!’

‘မိုးယံ နင့်အိပ်မက်က ဘာလဲ’

ထိုစကားနှစ်ခွန်းကို ကေသီနှင့်ပို တပြိုင်နက်တည်း ပြောမိခြင်းဖြစ်ပါသည်။ မိုးယံစိုးက ကေသီ့စကားကို အရင်ဖြေသည်။

‘ကာယကံရှင် မဟုတ်လို့ စိတ်မပူတာ မဟုတ်ပါဘူး မကေသီတာရယ်၊ ကျွန်တော့် လုပ်သက်၊ ပြီးတော့ ကျွမ်းကျင်မှုနဲ့ တွေးလိုက်ရင်…Base တွေမှာ ရှာစရာမလိုပါဘူးဆိုတာ သိပြီး ပစ္စည်းတွေကို တွေ့မယ်လို့ [illegible]လို့ စိတ်မပူတာပါ။ အဲဒီနေ့က အချိန်မရှိတော့လို့၊ နာရီဝက်လောက်သာ [illegible]


www.burmeseclassic.com

www.burmeseclassic.com



ရှင် ချက်ချင်းရှာလို့တောင် ရတယ်။ နောက်ဝင်တဲ့ ကောင်မလေးက ကျွန်တော်နဲ့ တော်တော်ရင်းနှီးပါတယ်။ သူ့ကို ဖွင့်ပြောပြီး ဆင်းရှာလိုက်ရင် ရတာပေါ့။ ဒါပေမယ့် နောင် ပိုက်ဆံနဲ့ပစ္စည်းလွဲတိုင်း မကေသီကို မသင်္ကာဖြစ်မှာစိုးလို့ မလုပ်လိုက်တာဟာ မကေသီ့ကို တစ်ညလုံး အိပ်မရဘူးဆိုတော့… ကျွန်တော် ညံ့သေးတာပဲလို့ပဲ တွေးမိပါတယ်။ အဲဒါ စိတ်ထဲကလာတဲ့ စကားပါ'

မိုးယံစိုးသည် စကားလေးတစ်ခွန်းရလျှင် ထိုစကားတစ်ခွန်းကို ဟုတ်သည် မဟုတ်သည် ခဏထား၊ စကားတွေအများကြီး ပွားပစ်နိုင်သော စွမ်းရည်ရှိသူဖြစ်သည်။ ပြီးတော့ မိုးယံစိုးစကားပြောသည့်အခါ ပြောသောအသံသည် ဘဝပေးကုသိုလ်ကံကြောင့်လားတော့ မသိ၊ တကယ့် ရင်ထဲကလာသောအသံလိုပင် တကယ်လှိုက်လှိုက်လှဲလှဲရှိလေသည်။

အခုပင် ကေသီတာသည် မိုးယံစိုး၏ စကားပြောကျွမ်းကျင်သော ပထမထောင်ချောက်ထဲသို့ ကျရောက်သွား၏။

'အာ… မဟုတ်ဘူး မဟုတ်ဘူး။ ကေဆိုလိုတာက ကာယကံရှင် လောက် ဘယ်သူမှ စိတ်မပူနိုင်ဘူးဆိုတဲ့စကား ကိုမိုးယံစိုး ပြောသလိုမျိုး မဟုတ်ဘူး။ စိတ်မဆိုးပါနဲ့'

ခေါင်းခါရင်း ကေသီတာသည် မိုးယံစိုးစကားကို အတင်းငြင်းသည်။

'စိတ်မဆိုးပါဘူး မကေသီတာရဲ့။ ကျွန်တော်က ရင်ထဲရှိတာပြော ပြတာပါ။ ရပါတယ်'

'ဟဲ့ မိုးယံ၊ နင်မက်တဲ့အိပ်မက်က ဘာလဲလို့ မေးနေတယ်'

ငြိမ်းပိုက လက်ထဲတွင် ကိုင်ထားသော file ကြီးနှင့် လမ်းလျှောက် ရင်း မိုးယံစိုးကို ရိုက်သည်။ company ထဲမှာ လမ်းလျှောက်ရင်း စကား ပြောရသဖြင့် ပထမဆုံးရသော ချည်လုံးကလေးကို ရပ်ပစ်လိုက်ရပြီး နေရာ ပြောင်းဖို့ မိုးယံစိုး စီစဉ်သည်။

'သြော်… အိပ်မက်လား! အိပ်မက်ထဲမှာ မကေသီတာ ပျောက်နေတဲ့





ပစ္စည်းက ပြန်တွေ့တယ်တဲ့။ အဲဒီတော့ မကေသီတာက ဝမ်းသာလွန်းလို့ ငါတို့ကို လက်ဖက်ရည်နဲ့ကော်ဖီ တိုက်တယ်တဲ့…'

စကားဆုံးတော့ သုံးယောက်သားရယ်လိုက်ကြသည်။

'နှင့်စကားတွေက ရှေ့နောက်မညီဘူး။ ခုနကပြောတော့ နင် အိပ် ပျော်တယ်ဆို… မစိုးရိမ်ဘူးဆို'

'စိုးရိမ်နေရင် အိပ်မက်မမက်ဘူးဟ။ အိပ်လို့မှမရတာ… အိပ်မက် မက်တယ်ဆိုတာ စိုးရိမ်လို့မဟုတ်ဘူး။ စွဲလန်းလို့ မနေ့က ရုံးဆင်းခါနီး ဖြစ်တဲ့အဖြစ်ကို ငါ စွဲလန်းသွားလို့ နေမှာပေါ့'

မိုးယံစိုးစကားဆုံးသည်နှင့် ခေါင်းငုံ့လမ်းလျှောက်နေသော ကေသီတာ သည် မိုးယံကို ဖျပ်ခနဲမော့ကြည့်တော့ သူ့ကိုငဲ့ကြည့်သော မိုးယံစိုး မျက်ဝန်းတွေနှင့် ဆုံသည့်အခါ ရင်ထဲ လှပ်ခနဲဖြစ်သွားရသဖြင့် ကေသီတာ ကမန်းကတမ်း ခေါင်းကို ငုံ့လိုက်ရလေသည်။

❖



www.burmeseclassic.com

www.burmeseclassic.com



ယမန်နေ့ညက ဖူးနေသောပန်းဖူးကလေးတစ်ခု ကေသီတာတို့ ခြံထဲမှာ ပွင့်နေသည်။ မနေ့က ပိုးမျှင်အိမ်ထဲမှာ အိပ်နေသော ပိုးတုံးလုံးကလေးတစ်ကောင် ပိုးတုံးလုံးအိမ်ကိုဖေါက်ခွဲကာ လိပ်ပြာကလေးတစ်ကောင်အဖြစ် အပြင်လောကသို့ရောက်လာသည်။ နဂျယ်အိမ်သည် အပေါက်ကလေးများ ဖြစ်သွားပြီး နဂျယ်ကောင်ကလေးများ ဖြစ်သွားကြသည်။

လောကသည် မနက်ခင်းနေရောင်တွင် ရွှန်းရွှန်းစိုနေသည်။

ကေသီတာသည် ထိုလှပသောနံနက်ခင်းကို ဝရံတာပေါ်မှကြည့်၍ နေသည်။ မည်သည့်နေရာတွင်မဆို ထောင့်တိုင်းထောင့်တိုင်း၌ ရင်ခုန်ခြင်းသည် ရှိနေပြီး သူ့သဘောနှင့်သူ ငြင်းသာစွာလှုပ်ရှားနေသည်။ ကေသီတာသည် ပန်းခြံထဲသို့ဆင်းထိုင်ပြီး ထိုအလှအပနှင့် သူ့ကိုယ်သူ ရောပစ်လိုက်သည်။

အခု အလုပ်ဝင်ပြီးသည့် နှစ်လတွင် ကေသီတာသည် ရက်ရှည်ဖျားနေရာမှ နာလန်ထလာသော သူကဲ့သို့လည်းကောင်း၊ ပန်းတိမ်ဆရာက ပြန်သပေး





ထားသော ရွှေဆွဲကြိုးကဲ့သို့လည်းကောင်း၊ ပွင့်ကာစ ပန်းကဲ့သို့လည်းကောင်း လှပတင့်တယ်ခြင်း၊ တောက်ပဝင်းလက်ခြင်း၊ စိုပြေလန်းဆန်းခြင်းနှင့် ပြည့်စုံ၍နေသည်။

ယခင်က စက်ရုပ်တစ်ရုပ်ကဲ့သို့မျက်နှာတွင် လတ်ဆတ်၍ သွေးဆုလွယ်သော မျက်နှာကို ပြန်တွေ့လာရသည်။ ယခင်က တွေဝေငေးမောနေသောနေရာတွင် စိတ်လှုပ်ရှားမှုကြောင့် သွေးဆုလွယ်နေသည့် မျက်နှာကို တွေ့ရမည်။ သူ့အတွက်အဓိပ္ပါယ်မရှိဟု ယုံကြည်ခဲ့သော လောကကြီးထဲသို့ ကိုယ်တိုင်ဝင်၍ လောကကြီး၏ အဓိပ္ပါယ်ကို သူက ပြန်ရှာဖွေနေသည်။

အခု ကေသီတာ၏ တာဝန်သည် ညနေ ၄နာရီမှ ည ၉နာရီ ဖြစ်သဖြင့် အပြန်တွင် ပို မပါတော့ဘဲ သူတစ်ယောက်တည်း ဖြစ်နေသည်။ အိမ်ရှေ့ထိရောက်အောင်ပို့ပေးသည့် ဖယ်ရီကားရှိသော်လည်း ကေသီတာက အောက်ဆိုဒ်ကားကိုသာ စီးလေ့ရှိသည်။

ဖယ်ရီကားက လူစောင့်ရသဖြင့် ၉:၁၅ နာရီလောက်မှ ထွက်ရခြင်း၊ ပန်းပဲတန်း၊ လသာ၊ သာကေတ၊ ရန်ကင်း၊ မြောက်ဥက္ကလာ စသည့် မြို့နယ်စုံ နေရာစုံကို လိုက်ပို့ပြီးမှ ကေသီတာတို့ရှိရာ သင်္ဃန်းကျွန်းရပ်ကွက်သို့ ရောက်ခြင်းဖြစ်သဖြင့် ခေါင်းမူးအောင် ဖယ်ရီကားကို တစ်လျှောက်လုံး စီးရပြီး အိမ်သို့ ၁၀:၀၀ ဒါမှမဟုတ် ၁၁:၁၅လောက်မှ ရောက်လေ့ရှိသဖြင့် ကေသီတာက အောက်ဆိုဒ်ဘတ်စ်ကားကိုသာ စီးလေ့ရှိခြင်းဖြစ်သည်။

ရုံးအတက်ကိုတော့ ကေသီတာသည် ဖယ်ရီဖြင့် သွားလေ့ရှိသည်။ အပြန်ညများတွင် ကားမှတ်တိုင်သို့ မိုးယံစိုးက နေ့စဉ် လိုက်ပို့လေ့ရှိသည်။ ပိုက လေးနာရီဆိုလျှင် ပြန်ပြီဖြစ်သောကြောင့် ထိုအချိန်သည် မိုးယံစိုးနှင့် ကေသီတာ နှစ်ယောက်တည်း အတူရှိသောအချိန်ဖြစ်သည်။

ထိုအချိန် ကေသီတာသည် ရင်ဖိုရသည်။ မြေကြီးနှင့် ခြေထောက်ထိအောင် မနည်းလျှောက်ယူရသည်။ အချစ်နတ်သားသည် နှလုံးသားကို အောက်မှပင့်မြှောက်ထားသဖြင့် လောကကြီးသည် အလေးချိန်မဲ့ပြီး ပေါ့ရှ



www.burmeseclassic.com

www.burmeseclassic.com



နေသဖြင့် ကေသီတာသည် အလိုလို အားအင်ကုန်ခန်းနေတတ်သည်။

မိုးယံစိုးအလုပ်များ၍ လိုက်မပို့နိုင်တော့သော နေ့များတွင်တော့ ကေသည် တစ်ခုခုလိုနေသည်။ ကတ္တရာလမ်းမပေါ်သို့ ခြေချရတာကအစ ခေါသဖြစ်နေသည်။ စောင့်ရတာကြာသောကားကို ခေါသဖြစ်လွယ်နေသည်။ ကားပေါ်မှ လူတွေက သူ့မကိုချည်းဖိတိုးနေသည်ဟု ထင်ရသည်။ မှတ်တိုင်မှာ ကားကြာကြာရပ်ပြီး လူခေါ်နေတာကိုလည်း ကြာလွန်းသည်ဟု ထင်ရသည်။ ယန်းဆိုးတန်းနှင့် သူ့အိမ်ခရီးအကွာအဝေးကလည်း အကြာကြီးစီးရသော ခရီးဝေးကြီးတစ်ခုလို ဖြစ်နေသည်။

အကယ်၍သာ မိုးယံက မှတ်တိုင်ကိုမျှ မဟုတ်၊ သူပါ ဘတ်(စ်)ကားစီးသည့်အခါတွင်မတော့ ထိုဝေဒနာတွေအားလုံးပျောက်၍ အချိန်သည် တိုတောင်းခြင်း ခရီးအကွာအဝေးက နီးလွန်းခြင်း ဘာကိုမဆို ကျေနပ်နေတတ်ခြင်းတို့ကို ခံစားရလေ့ရှိသည်။

ငြိမ်းပိုနှင့် မိုးယံစိုးတို့စကားပြောတာကို ကေသီတာကြည့်သောအခါ သိပ်လွယ်ကူနေသည်။ သူနှင့် မိုးယံစိုးစကားပြောသည့်အခါ ထိုသို့ မလွယ်၊ ပြောကြသော စကားထဲတွင် တစ်ခုခုပါနေတတ်သည်။ ထိုတစ်ခုခုသည် ကေသီတာ့ကို လွှ ်းမိုးထားလေသည်။

ထိုနေ့က မိုးဂလေးတစ်ဖွဲတစ်ဆုပ်ကျသည်။ ကေသီတာ ထီးထုတ်ဆောင်း၏။ နံဘေးက မိုးယံကို ထီးထဲဝင်ပါလားဟု ခေါ်ရလျှင် ကောင်းမလား မခေါ်ဘဲထားရလျှင် ကောင်းမလားဆိုသည့် မေးခွန်းထက် ခက်ခဲသော မေးခွန်းသည် ဒီကမ္ဘာမြေပေါ်တွင် မရှိ။ လှစ်ခနဲ ခိုးကြည့်တိုင်းလည်း မျက်ဝန်းချင်းက ဆုံဆုံနေသည်။ လေးကြိမ်မြောက် မျက်ဝန်းခြင်းဆုံပြီးသောအခါ ကေသီတာ ခြေလှမ်းမှားချင်လာပြီ၊ မိုးက တိုး၍ သည်းလာသည်။

ထိုအချိန်တွင် ထီးကိုင်ထားသော သူ့လက်ချောင်းတွေပေါ်ကို ပူနွေး၍ အားအင်အပြည့်ပါသော လက်တစ်ချောင်းက အုပ်မိုး၍ ထီးကို ယူသွား





ပြီး ခပ်မြင့်မြင့်မှ မိုးစက်တွေကို ကာကွယ်လိုက်သည်။

ကေသည် မိုးယံစိုးခြေထောက်ကို မကြာခဏ တက်၍တက်၍ နင်းမိသည်။

'ရှစ်ခါတောင်ရှိပြီနော်'

'ဟုတ်တယ်။ sorry ထီးနဲ့ နှစ်ယောက်တွဲမလျှောက်တတ်ဘူး'

'ဟုတ်ရဲ့လား!'

'အခု တက်တက်နင်းမိနေတာ မတွေ့ဘူးလား'

နှစ်ယောက် ရယ်မိကြသည်။

'နေ့ခင်းတုန်းက ငြိမ်းပိုနဲ့ အလောင်းစားလေးတစ်ခု လုပ်ဖြစ်တယ်'

'ဘောလုံးပွဲလား!'

ငြိမ်းပိုသည် မိန်းကလေးတန်မဲ့ ဘောလုံးပွဲတွေကို ကြိုက်နှစ်သက်တတ်သူဖြစ်သည်။ သူကတော့ ဒေးဗစ်ဘက်ခမ်းမှလွဲ၍ မည်သူ့ကိုမျှ မသိ၊ ရယ်လိုက်လျှင် အပြစ်ကင်းစင်သော ကလေးတစ်ယောက်နှင့်တူသော ဘက်ခမ်းလို မျက်နှာပေါက်မျိုးကို ကေသီတာ သဘောကျသည်။

'ဘောလုံးပွဲလောင်းတာ မဟုတ်ဘူး။ ကေသီတာ့ကို လောင်းတာ'

'အိုး... အဓိပ္ပါယ်မရှိတာ... ကေ့မှာ လောင်းစရာ ဘာရှိလဲ!'

'ရှိတာပေါ့။ ကျွန်တော်က ပြောတယ်လေ... ဒီလောက်လှတဲ့ မကေမှာ ချစ်သူရှိမှာပေါ့။ သူ့ချစ်သူက ဘာဖြစ်လို့ လာမကြိုတာလဲ... လို့။ အဲဒီတော့... ပိုပိုက မကေမှာ ချစ်သူလည်း မရှိဘူး။ ရည်းစားလည်း မရှိဘူးတဲ့'

'အဲဒီတော့... '

ကေသီတာသည် သွက်သွက်လက်လက် ဝင်ထောက်ပေးလိုက်သည်။

'သူက လုံးဝမရှိဘူး လောင်းမလားတဲ့၊ ကျွန်တော်ကလည်း ခန့်မှန်းရင် လွဲခဲ့တဲ့လူမို့ ရှိကိုရှိရမယ်၊ လောင်းမယ်လို့ သဘောတူပြီးတော့ အဲဒါ ဘယ်သူနိုင်လဲလို့ မကေသီတာကို အခုမေးတာ... '



www.burmeseclassic.com

www.burmeseclassic.com



ကေသီတာသည် ပြုံးနေသည်။ ပြီးတော့ ရင်ထဲမှာ ကျေနပ်နေသည်။ ထိုကိစ္စသည် လုပ်ဇာတ်ပင်ဖြစ်စေ... တမင်တကာပင်ဖြစ်စေ... တစ်ကယ်ပင်ဖြစ်စေ... ထိုသို့ အမေးခံရသည်ကို ကေသီတာ ကျေနပ်သည်။ ကြည်နူး၍ နေသည်။

'အဲဒါ ဘယ်သူနိုင်သလဲလို့'

'ရှင် ရှုံးတာပေါ့'

'ဟာ... သွားပြီပေါ့'

ကျေနပ်နေကြသော မျက်ဝန်းချင်း ဆုံတွေ့ကြသည်။

ထိုသို့ ဆုံတွေ့ပြီးသော မျက်ဝန်းများ၏နောက်တွင် အင်အားကြီးမားသော တစ်စုံတစ်ရာသည် ထုနှင့်ထည်နှင့် ရှိ၍နေသည်ကို နှစ်ယောက်စလုံး သိကြလေသည်။

❖





ကေသီတာသည် သူ့ပထမလခကို မေမေကြီးအား ကန်တော့ခဲ့ပြီး ဒုတိယလစာကို ညီအစ်မတွေ တစ်ခုခုလုပ်စားမည်ဟု ဆုံးဖြတ်ထားသည့်အတိုင်း ဒုတိယလစာထုတ်သောအခါ နန်းကြီးသုပ်လုပ်စားရန် ဆုံးဖြတ်ကြသည်။

အဲဒီပွဲမှာ အလုပ်ပြောပေးသည့် ပိုပိုက ဆရာဖြစ်သည်။ ကေသီတာ၏ တာဝန်ချိန်က ညနေ လေးနာရီမှဖြစ်သဖြင့် အဆင်ပြေနေသည်။ မနက်ပိုင်း ညီအစ်မတတွေ ချက်ပြုတ်ကြ၊ လုပ်ကြ၊ ကိုင်ကြမည် ဖြစ်သည်။

'ဟော့... မကေ... မိုးယံကို မဖိတ်ဘူးလား!'

'ဖိတ်လို့ ကောင်းပါ့မလား!'

'မဖိတ်လို့ကော ကောင်းပါ့မလား!'

'အိမ်က တစ်မျိုးထင်နေမှာစိုးလို့။ ဘာအကြောင်းမှ မရှိဘဲ ယောက်ျားလေးတစ်ယောက်ကို ဖိတ်ရတာ တာဝန်ကြီးတယ်'

'မကေကိုယ် မကေ လန့်နေတာဖြစ်လိမ့်မယ်။ မကေ ငွေတွေပိုနေတာနဲ့ မိုးယံကူညီတာ အိမ်ကို ပြောပြဖူးလား'

'ဒါပေါ့၊ အောင်နဲ့မောင့်ကို ပြောပြထားဖူးတာပေါ့'



www.burmeseclassic.com

www.burmeseclassic.com

'ဒါဆို အဲဒီ အဖြစ်အပျက်တုန်းက ကူညီခဲ့တဲ့သူကို မိတ်ဆက်ပေး လိုက်ရင် ပြီးပြီပေါ့'

'အောင်ကထားတော့ လူကြီးဆန်ဆန်ရှိတယ်။ မောင်က စကားပြော တာ သိပ်မစဉ်းစားဘူး တော်ကြာ...'

'အမလေး မိုးယံလို လူမျိုးကိုများ မကေကသွားပြီး စိုးရိမ်နေတယ်၊ မိုးယံက မကေညီမတွေကို ဒီလိုဒီလို စကားနဲ့ခင်အောင် လုပ်သွားလိမ့် မယ်။ စိတ်ချ... ဒီကောင့်အကြောင်း ပို အကုန်သိပါတယ်ဟာ'

ငြိမ်းပိုက လက်ညိုးကို လေထဲသို့ ဖော့ယမ်းရင်း ပြောသည်။

'အေးလေ... ဒါဆိုရင် 'ပို' ပဲ ဖိတ်လိုက်လေ'

'ဟာ... ပိုက ဖိတ်လို့ ဘယ်ကောင်းမှာလဲ။ ကာယကံရှင်ကိုယ်တိုင် ဖိတ်မှ ပိုကောင်းတာပေါ့'

'အတူတူပဲ မဟုတ်ဘူးလား!'

'ဘယ်တူမှာလည်း အဓိပ္ပာယ်တွေ အများကြီးကွာတယ်'

ကေသီတာ ငြိမ်သက်စွာစဉ်းစားသည်။ ကိုယ့်ကိုယ်ကိုယ်လန့်နေတာ ဟု သူ့ကို 'ပို'က စွပ်စွဲသွားသည်။ အဲဒါ ဟုတ်ပါသည်။ ကေသီတာ သည် မိုးယံနှင့် အိမ်မှလူများ မသင့်မတင့်ဖြစ်မှာကို စိုးရိမ်စိတ်ရှိနေသည်။

သို့သော်... သူ့ပွဲကလေးကိုတော့ ဖိတ်ဖို့ ဆုံးဖြတ်လိုက်ပါသည်။

❖





ညီအစ်မတစ်တွေနှင့် ငြိမ်းပိုတို့ တစ်မနက်ခင်းလုံး ပျော်ရွှင်စွာ တက် ညီလက်ညီ အလုပ်လုပ်လိုက်သဖြင့် ဆယ်နာရီမထိုးခင် နန်းကြီးသုပ်က ဟင်းချိုဟင်းနှင့်တကွ ပြီးသွားသဖြင့် အိမ်ကြွကိုယ်တော်တွေကို ပြင်ဆင် ထားသည့် စားပွဲဝိုင်းမှာ ဆွမ်းစားဖိတ်ထားခြင်း မရှိဘဲ ကပ်နိုင်ခဲ့သည်။ ကျောင်းဝေးသော ကိုယ်တော်တစ်ပါးသာ အိမ်တွင် ဘုန်းမပေးနိုင်ဘဲ ကျောင်းအတွက် ထည့်ပေးလိုက်ရသည်။

ဆယ်နာရီခွဲလောက်တွင် မိုးယံရောက်လာသည်။ ငြိမ်းပိုကပင် အောင်တို့ နှင့် မိတ်ဆက်ပေး၏။ ဒေါ်ထက်မေအောင်ကတော့... ယဉ်ကျေးသိမ်မွေ့စွာ ပင် စကားဆိုသည်။

'အေးကွယ်... သမီးကြီးကို အကူအညီပေးခဲ့ဖူးတယ်ဆိုတော့ ကျေးဇူး လည်းတင် ဝမ်းလည်းသာပါတယ်ကွယ်။ ကဲ... သူငယ်ချင်းတွေ ခင်ခင် မင်မင် စားကြသောက်ကြရင်းနဲ့ စကားပြောကြဦး၊ မငယ် မေမေကြီးတို့ ဘုရားခန်း လိုက်ပို့'

ဧည့်သည် လူစိမ်းဆို၍ မိုးယံစိုးတစ်ယောက်သာ ရှိသောကြောင့် မိန်းကလေးဘက်က အားကောင်းသည်ဟု ဆိုရမည်။ ဆယ့်တစ်နာရီခွဲ


www.burmeseclassic.com

www.burmeseclassic.com

လောက်မှာ စားကြတော့မည်ဆိုတော့ အောက်က ဇလုံကြီးတစ်လုံးနှင့် လူခြောက်ယောက်စာ တစ်ပြိုင်နက်တည်း ရောသုပ်ရန် စီစဉ်သည်။

ထိုအစီအစဉ်ကို မိုးယံစိုးက ဖျက်သည်။

'ခေါက်ဆွဲသုပ်၊ ကြာဇံသုပ်၊ နန်းကြီးသုပ်တို့ စားတဲ့အခါ လူတစ်ယောက်နဲ့တစ်ယောက် အကြိုက်ချင်းက မတူတတ်ကြဘူးခင်ဗျ။ အသုပ်တစ်ပွဲမှာ ထည့်ရတဲ့ပစ္စည်းတွေ အနည်းအများကိုကြည့်ပြီး အဲဒီလူတစ်ယောက်ရဲ့စိတ်ကို အနည်းဆုံး ခန့်မှန်းလို့ရတယ်။ ကျောင်းကန်တင်းမှာတုန်းက ကျွန်တော် အဲဒီလိုလေ့လာတာ တော်တော်များများ မှန်ခဲ့ဖူးတယ်။'

'ကိုမိုးယံစိုးဆိုလိုတာက ကျွန်မတို့ တစ်ယောက်ချင်း ကိုယ့်အသုပ်ကို ကိုယ်သုပ်စား၊ ကျွန်မတို့ထည့်တဲ့ ပစ္စည်းအနည်းအများပေါ်မှာ မူတည်ပြီး ကျွန်မတို့ရဲ့စိတ်တွေကို ခန့်မှန်းနိုင်တယ် အဲဒီလိုလား'

မောင်က မေးသည်။

'ဟုတ်တယ်။ ကျွန်တော်ဆိုလိုတာ အဲဒီသဘောပါပဲ။ ဒါပေမယ့် အခုလို ကြိုသိထားပြီးတော့ လုပ်တာမျိုးကျတော့ မကောင်းဘူးပေါ့ဗျာ။ တစ်ယောက်ချင်း သုပ်တာကို ကျွန်တော်က လေ့လာရင်း စိတ်ဟာခန့်မှန်းဖလို့လုပ်ထားတာ အခုပျက်သွားတယ်။ ရပါတယ်... မိန်းကလေးတစ်ယောက်စိတ်ကို တစ်ခြားအလေ့အထတွေနဲ့လည်း ခန့်မှန်းလို့ရပါတယ်'

'ကောင်းပြီလေ... ဒါဆို တစ်ခြားနည်းတွေနဲ့လည်း ကျွန်မတို့ စိတ်ကို ခန့်မှန်းကြည့်လိုက်ဦးပေါ့။ ဘယ်နည်းနဲ့ ခန့်မှန်းမယ်ဆိုတာ မပြောနဲ့သိလား!'

မောင်က ခပ်တည်တည်ပြောရင်း လူခြောက်ယောက်စာ အသုပ်ကို သုပ်ပြီးမှ အသားကိုတော့ မိမိတို့ နှစ်သက်သလို ထည့်စားနိုင်စေရန် အလယ်တည့်တည့် ပန်းကန်နှင့် ချပေးထားသည်။ အောက်ခြေသိမ်း အလုပ်တွေ အားလုံးကိုတော့ ခင်ရီလွင်က ကြုံးလုပ်ပြီး အောင်က ပန်းကန်တွေ ပြင်ပေးခြင်း၊ ပိုနှင့် ကေသီတာတို့က ဟင်းချိုထည့်ပေး





ကြရင်းနှင့် ပန်းခြံထဲတွင် ကျင်းပသော သူတို့ နန်းကြီးသုပ်စားပွဲကလေးသည် ပျော်ပွဲစားကလေးတစ်ခုလို ဖြစ်သွားသည်။

နေ့လည် ၁ နာရီမှာ မိုးယံစိုးပြန်သွားပြီး ငြိမ်းပိုကတော့ မကေနဲ့အတူ အိမ်ကပဲ ထွက်လာခဲ့တော့မယ်ဟု ဆိုကာ အိမ်တွင်နေခဲ့သည်။ ဆေးပြီးသား ပန်းကန်များသုတ်ခြင်း၊ အမှိုက်များ ရှင်းလင်းခြင်းတို့ကို မကေနှင့် ရီရီတို့က လုပ်ကြသည်။ အားလပ်သွားပြီဖြစ်သော မောင်နှင့်အောင်တို့က ငြိမ်းပိုကို စကားစ, စုံစမ်းသည်။

မောင်သည် မိုးယံစိုးအကြောင်းကို သိပ်မသိထားသော်လည်း ကေသီတာ ပြောထားသမျှနှင့် ယခု ဆက်ဆံရေးအခြေအနေ၊ မိုးယံစိုး၏ ပါးနပ်မှုနှင့် ရုပ်ရည်... စသည်တို့ကိုကြည့်ပြီး ရေရှည်စဉ်းစားလိုက်သောအခါ မိုးယံနှင့်တွင် မမကြီးတို့ ငြိမ်းပိုတို့ တရားဝင်သိထားသော ချစ်သူမရှိဘူးဆိုလျှင် မမကြီးအတွက် စိတ်မချရဆိုတာကို သဘောပေါက်ကြသည်။

'ပို... နင်တို့ ဘော်ဒါ မိုးယံစိုးမှာ ရည်းစားရှိလား'

'အခုတော့ မရှိဘူးဟ၊ အရင်တုန်းကတော့ တစ်ယောက်ရှိခဲ့ဖူးတယ်။ ပြတ်သွားပြီလို့ပြောတာပဲ ဘာဖြစ်လို့လဲဟင်!'

'သိချင်လို့ မေးကြည့်တာပါ၊ မိုးယံစိုးရဲ့သဘောထားက ဘယ်လိုလဲ!'

'ပျော်ပျော်နေတတ်တယ်။ လူချစ်လူခင်ပေါတယ်။ လူတစ်ယောက်ကို ကူညီချင်တယ်။ စကားပြောကောင်းတယ်။ မောင်နှမလေးယောက်ထဲမှာ သူက နို့ညှာခေါ်မှာပေါ့။ သူတို့အိမ်ကလည်း သားလေးတစ်ယောက်တည်း ပါလို့ ဖူးဖူးမှုတ်ထားကြတာလေ'

'မိုးယံစိုးက ဘွဲ့ရလား'

'အေးပေါ့၊ I.C (Industrial chemistry) နဲ့ ကျောင်းပြီးထားတာ။ လုပ်ရတော့ computer နဲ့ ကထာန်းတွေပေါင်းနေရတာ၊ နေပါဦး မောင်တို့ ပိုကို မိုးယံအကြောင်း ဘာဖြစ်လို့ ဒီလောက်မေးနေတာလဲ!'

'ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမိုထိရောက်သည်–



www.burmeseclassic.com

www.burmeseclassic.com

ဆိုတဲ့ စကားကို ပိုကြားဖူးတယ်မဟုတ်လား! မျက်လုံးမှာ လမ်းကြောင်းတွေ ရှိတယ်။ အဲဒီမျက်လုံးလမ်းကြောင်းတွေကို မောင် နည်းနည်း တွေ့ထားတယ်။ ဒါကြောင့် ကြိုတင်ကာကွယ်ဖို့ ပို့ကို မေးနေရတာပေါ့။မမကြီးကရော ပို့ကို မိုးယံအကြောင်းတွေ မေးသေးလား!'

'ဟင့်အင်း... မမေးဘူး'

'အဲဒါလည်း မကောင်းဘူး။ ပို့ကို အကူအညီတစ်ခုတော့ တောင်းထားမယ်။ မမကြီးနဲ့ မိုးယံရဲ့အခြေအနေ တစ်မျိုးပြောင်းသွားရင် မောင့်ကို သတိပေးသိလား။ အဲဒါလေးတစ်ချက်တော့ ကူညီပါ ပိုရယ်။ မမကြီးက ရိုးလွန်းလို့ပါ'

ဒီလိုနှင့် နောက်နေ့ရက်တွေမှာ ဘာကြောင့်မှန်းမသိ။ မိုးယံနှင့် ကေသီတာတို့ တစ်ယောက်နှင့်တစ်ယောက် ခပ်တန်းတန်းဖြစ်သွားကြသည်။ ထိုသို့ ခပ်တန်းတန်းဖြစ်သွားကြခြင်းမှာ မိုးယံဘက်ကပဲ စ,တာလား။ ကေသီတာဘက်ကပဲ စတာလားဆိုတာတော့ မကွဲပြား။ ရုံးအပြန်ရက်တွေမှာ ပုံမှန်စကားပြောတာကလွဲလို့ အခြားစကားပြောတာ နည်းသွားသည်။ အထူးခြားဆုံးက အကြည့်များမဆုံဖြစ်အောင် နှစ်ဦးစလုံး ထိန်းသိမ်းထားကြခြင်း ဖြစ်သည်။

မိုးယံစိုးဘက်ကတော့ စိမ်းသွားခြင်းဆိုခြင်းထက် ယခင်ကလို ကေသီတာကို ခပ်ပေါ့ပေါ့သဘောထား၍ မရကြောင်းကို မိသားစုနှင့် တွေ့လိုက်ရသည့်အခါ နားလည်သွားသည်။

အရင်ချစ်ခဲ့သောသူနှစ်ယောက်က သူတို့ ၂ယောက်နှင့် သူငယ်ချင်းမိတ်ဆွေသာ သိသည်။ အိမ်တွေက မသိကြ။ ယခု ကေသီတာကို သူချစ်မည်ဆိုလျှင် ဟိုဘက်ဒီဘက်နှစ်ဖက်သိထားသော ငြိမ်းငြိမ်းပို တစ်ယောက်လုံးရှိနေသဖြင့် အိမ်တွေကသိသွားနိုင်၍ သူတို့အချစ်သည် အပျော်ချစ်ချစ်၍ မရကြောင်းကို မိုးယံစိုး သဘောပေါက်သောကြောင့် ထိုကိစ္စကို စဉ်းစားရန် ကေသီတာ့ကို နည်းနည်းခွာနေမိတာဖြစ်သည်။





ကေသီတာကတော့ ဣန္ဒြေကို ထိန်းလွန်းသူဖြစ်သောကြောင့် ယောကျ်ားလေးဘက်က စ,ထိန်းလိုက်သည်နှင့် သူ့ဘက်က အလိုလို ထိန်းပြီးသား ဖြစ်သွားခြင်း ဖြစ်သည်။

ထိုသို့ ဖြစ်သွားသည်ကို အသိဆုံးလူကတော့ ငြိမ်းငြိမ်းပိုသာဖြစ်သည်။

'မကေနဲ့ မိုးယံ စိတ်ကောက်နေကြတာလား!'

'ဟင်...! မကောက်ပါဘူး၊ ဘယ်သူက ပြောလို့လဲ'

'ဘယ်သူမှ မပြောပါဘူး၊ ပိုစိတ်ထဲ အရင်တုန်းကလို စ,ဟယ်၊ နောက်,ဟယ်နဲ့ ပျော်ပျော်ရွှင်ရွှင် မရှိတော့ဘူးလားလို့ ခံစားရလို့'

'ပိုကလည်း အဲဒီလိုနေ့တိုင်းကြီးတော့ ဘယ်သူကနေနိုင်မှာလဲ ပိုရဲ့၊ သူ့မှာလည်း သူ့ အခက်အခဲရှိဦးမှာပေါ့'

ပို့ကို သင့်တင့်လျောက်ပတ်သော အဖြေကို ပေးလိုက်ရသော်လည်း ကေသီတာ စိတ်ထဲမှာလည်း ပို့ပြောသလို ခံစားနေရသည်။

သူ့အိမ်မှာ နန်းကြီးသုပ် စားပြီးသည့်နေ့ နောက်တစ်နေ့မှစ၍ ဒီလို ဖြစ်သည်ဟု ကေသီတာ သတိထားမိသည်။ မိုးယံသည် အိမ်က တစ်ယောက်ယောက်နှင့်များ အဆင်မပြေဖြစ်သွားသလားဆိုတာ တွေးကြည့်တော့လည်း ပြန်သည့်အထိ ရယ်ရယ်မောမောပင်ရှိနေသည်။

မိုးယံစိုးနှင့်ပတ်သက်ပြီး ထူးခြားမှုတစ်စုံတစ်ရာရှိလျှင် ပိုက သူ့ကို ကြိုတင်ပြီး သတိပေးပြောနိုင်သည်။ သို့မဟုတ် သူမ တိုက်ရိုက်သိရမည်။ ကေသီတာဘက်ကတော့... မိုးယံနှင့်ပတ်သက်၍ ခံစားမှုတစ်စုံတစ်ရာ အပြောင်းအလဲမရှိတာ သေချာပါသည်။

ထိုသို့ တစ်ယောက်တည်းတွေးထားသော ကေသီတာသည် အပြောင်းအလဲကို မည်သူ့ထံကမှ တစ်ဆင့်မလာဘဲ သူမဆီကို တိုက်ရိုက်ရောက်ရှိလာသည်ကို ခံစားရလေသည်။

❖


www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က ကေသီတာ section သို့ ပိုရောက်လာသည်။

ပိုသည် ကေသီတာ အလုပ်လုပ်တာကို ခဏစောင့်နေပြီး ခဏကလေး အားချိန်တွင်မှ စကားပြောသည်။

'မကေ… ဒီနေ့ အပြန် ပို မကေနဲ့ လိုက်နိုင်မှာ မဟုတ်ဘူး'

'ဘာဖြစ်လို့လဲ ပိုရဲ့…'

'ပို့ သူငယ်ချင်းရဲ့အမေ ဆေးရုံတက်နေရတာ၊ အဲဒါ သူ့နဲ့အတူလိုက်ပြီး ပို သွားမေးမလို့'

ကေသီတာလှမ်းကြည့်တော့ ပို့မျက်နှာတွင် စပ်ဖြဲဖြဲ ပြုံးစိစိ အမူအရာကို တွေ့ရသဖြင့် ကေ့စိတ်ထဲမှာ ဘဝင်မကျ။ ဒါပေမယ့် တားချရကောင်းသော ကိစ္စမျိုးမဟုတ်သဖြင့် ကေ ခေါင်းကိုသာ ညိတ်လိုက်သည်။

ပြန်ချိန်ရောက်တော့ ကေသည် ထုံးစံအတိုင်း ဖယ်ရီကားမစီးဘဲ၊ အောက်ဆိုဒ်ကားနှင့်ပင်ပြန်ရန် အထွက်တွင် မိုးစက်ပါးပါးကလေး ကျသည်နှင့် ထီးကိုဖွင့်အဆောင်းတွင် ညင်သာနွေးထွေးသောလက်တစ်စုံ ကေသီတာ့ လက်ပေါ်သို့ ကျလာပြီး ကေသီတာ့ထီးသည် ထိုလက်ထဲသို့ ပါသွားလေသည်။





'မိုးယံ'

'ဟုတ်တယ် မကေ…။ ပိုပိုက သူ့သူငယ်ချင်းအမေ နေမကောင်းလို့ သွားကြည့်တယ် မဟုတ်လား!'

'အင်း… ကေ့ကို လာပြောသွားတယ်'

'အဲဒါ ညာသွားတာကေ။ ကေ့ကို ကျွန်တော် စကားပြောစရာရှိလို့ ရှောင်ပေးပါဆိုလို့ ရှောင်သွားတာ…'

'ရှင်!'

'ဟုတ်တယ် တစ်ကယ်ကျတော့ ကေ့ကို မညာရက်ဘူး။ အဲဒါကို ဖွင့်မပြောဘဲ ပြောလည်းရတာပဲ။ ဒါပေမဲ့ ကေ့မျက်နှာကိုမြင်ရတော့ အမှန်အတိုင်းပဲ ဖွင့်ပြောတော့မယ်လို့ ဆုံးဖြတ်လိုက်တယ်။ နှလုံးသားထဲက စကားကိုပြောတဲ့နေ့မှာ လိမ်တာညာတာတွေ မပြောချင်တော့ဘူး မကေ'

'မကေ နားမလည်ဘူး။ ဘာတွေ ပြောနေတာလဲ မိုးယံ'

မိုးယံသည် အသက်ကို အားရပါးရ တစ်ချက်ရှိုက်သွင်းရင်း မိုးဆေး ထားသောထီးကို အနည်းငယ်နိမ့်ရင်း သူ့ညာလက်တွင်ရှိနေသော မကေ ကို ငုံ့၍ လေးလေးနက်နက်အသံဖြင့် ပြောသည်။

'မကေ… မကေကို ကျွန်တော် သိပ်ချစ်တယ်'

လျှပ်စီးတစ်ချက် လက်လိုက်သည်ဟု မကေထင်သည်။

သို့သော် …မဟုတ်ပါ။ မကေနှလုံးသားထဲမှာ တစ်ချက် 'လင်း' ခနဲ ဖြစ်သွားခြင်းသာ ဖြစ်ပါသည်။ မကေသည် အောက်က ပင့်တင်သော ရင်ခုန်သံကြောင့် လေထဲတွင် မျောနေသလို ခံစားရသည်။

'မကေအဖို့တော့ ဒီစကားမျိုးက ကြားနေကျ စကားမျိုးပဲဖြစ်ပါလိမ့် မယ်။ မကေနဲ့ လက်ပွန်းတတီးခင်မင်ဖူးတဲ့ ယောကျ်ားလေးမှန်သမျှက မကေကို ဒီစကားမျိုး ပြောကြမှာပဲ။ မပြောကြဘူးဆိုရင်လည်း အခွင့်အရေး မပေးလို့ မပြောဖြစ်တာပဲ ဖြစ်ရမယ်'

မိုးယံစကားဆုံးတော့ ကေသီတာ ပြုံးမိသည်။ နိုင်ငံတကာကို သတိရ



www.burmeseclassic.com

www.burmeseclassic.com



သွားသောကြောင့် ဖြစ်၏။ ထိုအချိန်ကျမှ ကောင်းကင်မှ လျှပ်စီးက တစ်ကယ်လက်ပြီး ကေသီတာ့အပြုံးကို မိုးယံက တွေ့သွားခဲ့သည်။

'ဘာကို ပြုံးတာလဲ မကေ။ မကေမှာ ချစ်သူ ရှိပြီးသားမို့လို့လား'

'မဟုတ်ပါဘူး။ ကေပြုံးတာက တစ်ခုပါ။ ပြီးတော့ ကေ့ဆီမှာ ရည်းစားမပြောနဲ့ လက်ပြွန်းတတီးနေတဲ့ယောကျ်ားလေး တစ်ယောက်မှ မရှိပါဘူး'

'ကျွန်တော်က လွဲရင်ပေါ့ ဟုတ်လား!'

'မဟုတ်ဘူး။ မိုးယံနဲ့ ကျွန်မနေခဲ့တာကို လက်ပြွန်းတတီးနေတယ်လို့ ကျွန်မ မသတ်မှတ်ဘူး။ သာမန်ခင်မင်မှုလို့ပဲ ကျွန်မ သတ်မှတ်တယ်။ ကျွန်မစိတ်ထဲမှာလည်း အဲဒီအတိုင်းပဲ သတ်မှတ်တယ်'

ကေသီတာ့ တုန့်ပြန်စကားကြောင့် မိုးယံ တော်တော်လေး အံ့ဩသွားသည်။ သူနှင့် ဆက်ဆံရေးကို ကေသီတာ သတ်မှတ်ထားပုံနှင့် 'ကျွန်မ' ဆိုသောစကားလုံးကို အရင်သုံးနေကျ 'မကေ' ဆိုသော အသုံးအနှုန်းနေရာတွင် ထည့်သုံးသွားသောကြောင့်ဖြစ်သည်။

'ကျွန်တော် မကေကို တစ်ပတ်လောက်ရောက်မလာဘဲ မေးထူးခေါ် ပြောလောက်ပဲနေတာကို မကေစိတ်ဆိုးနေတယ်ထင်တယ်'

'မဟုတ်ပါဘူး၊ မိုးယံအလုပ်ရှုပ်နေလို့ပဲလို့ ကျွန်မထင်ပါတယ်၊ လူတစ်ယောက်က ကျွန်မကိုချည်းပဲ အမြဲဂရုစိုက်နေရမယ်လို့ ကျွန်မစိတ်ထဲမှာ ဘယ်တုန်းကမှ မသတ်မှတ်ဖူးပါဘူး၊ လူဆိုတာ အတ္တဟိတ၊ ပရဟိတပါ၊ ကိုယ့်ကိစ္စပြီးမှ သူတစ်ပါးကိစ္စကို ဆောင်ရွက်နိုင်မှာပေါ့'

ကေသီတာသည် မိုးယံစိုးကို တိတ်တိတ်ကလေး စိတ်ဝင်စားခဲ့ပါသည်။ သို့သော် စိတ်ဝင်စားမှုသည် သူမ ဣန္ဒြေနှင့် သိက္ခာကို ထိပါးသော အဖြစ်မျိုးသို့ မရောက်အောင်တော့ အမြဲထိန်းခဲ့သည်။ အခု မိုးယံပြောသည့် စကားတွေက သူ့ဘက်ကခပ်ပါချင်ချင်ဟု ရည်းစားစကားကို အထက်စီးက အပြောခံရသည်ဟု ခံစားမိသဖြင့် ခပ်ဆတ်ဆတ် တုန့်ပြန်ခြင်းဖြစ်ပါသည်။





'အဲဒီလိုတော့ မဟုတ်ဘူး မကေ၊ မကေဆီကို ကျွန်တော်မလာတာ မကေကို တစ်ကယ်ချစ်မချစ် ကိုယ့်ကိုယ်ကို သေချာအောင်လို့ပါ။ မကေနဲ့ အတူတူ နေ့တိုင်းနေခွင့်ရလို့ သာယာတာလား။ မကေကို မေတ္တာစစ်နဲ့ချစ်တာလားဆိုတာကို ကွဲပြားသွားအောင်လို့ပါ။ မကေနဲ့ တွေ့ရုံတွေ့ရပြီး စကားမပြောရ၊ ရယ်ရယ်မောမောမနေရတော့ ကျွန်တော်မပျော်ဘူး။ ကျွန်တော့်စိတ်ထဲမှာရော ရင်ထဲမှာပါ တစ်ခုမကအရာပေါင်းများစွာ လစ်ဟာနေတယ်။ ဒါတောင် မကေကို ကျွန်တော် တွေ့နေရသေးတယ်နော်။ တွေ့လည်းမတွေ့ရတော့ဘူး။ ပိုင်ဆိုင်ခွင့်လည်း မရှိတော့ဘူးဆိုရင် ကျွန်တော် ဘယ်လိုမှ နေလို့ရမှာ မဟုတ်ဘူး။ အဲဒါကြောင့် မကေကို ကျွန်တော် ချစ်နေတာဟာ ပိုပြီး သိသာထင်ရှားလို့ မကေကို အခုဖွင့်ပြောရတာပါ။ တစ်မျိုးမထင်ပါနဲ့ မကေရယ်'

မကေပြုံးသည်ကို မကေမျက်နှာအား ငေးရင်းပြောနေသော မိုးယံ မြင်ရလေသည်။ မကေပြုံးသည်က နိုင်ဝင်းထွန်းနှင့် သူ့အကြားတွင် လိုအပ်နေသောစကားများမှာ အခု မိုးယံ တောင်းတောင်းပန်ပန်နှင့် ပြောနေသော စကားမျိုးဖြစ်သည်။ သူမပုံစံတစ်ချက်ပြောင်းလိုက်သည်နှင့် ထိုအပြောင်းအလဲသည် ယောကျ်ားလေးတစ်ယောက်အပေါ်၌ သက်ရောက်မှုရှိခြင်းတည်းဟူသော အရသာကို မိန်းကလေးတိုင်းနှစ်သက်ကြသဖြင့် ကေသီတာလည်း နှစ်သက်ပါသည်။

'ကောင်းပြီလေ.. ကျွန်မ စဉ်းစားပါဦးမယ်'

'ဘယ်လောက်ကြာကြာ စဉ်းစားဦးမှာလဲဟင်၊ ဘယ်တော့လောက် ကျွန်တော့်အဖြေကို ကြားရမှာလဲ'

'အို့...ကိုယ့်နှလုံးသားကို ကိုယ်မေးရတယ်ဆိုတာ ဘယ်နေ့၊ ဘယ်ရက် ဘယ်လို ပြောလို့ရပါ့မလဲ။ နှလုံးသားက အဖြေပေးတဲ့နေ့ပေါ့'

'အတိုင်းအတာတစ်ခု မရှိဘူးလား မကေရယ်'

'ကျွန်မ အဲဒါ အခု မပြောနိုင်သေးပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



ကားဂိတ်ကိုရောက်ပြီး ကားလာတော့ မိုးယံ လိုက်တက်လာသည်ကို ကေသီတာ ဘာမျှမပြောပါ။ ကားခကို နှစ်ယောက်အတွက်ပေးတာကိုလည်း ကေသီတာ တစ်ခွန်းမှမတားမြစ်ပါ။ မိုးယံသည် သီတာလမ်း မှတ်တိုင်မှာ ဆင်းရမည်ဖြစ်သော်လည်း တာမွေအထိလိုက်လာပြီး တာမွေမှတ်တိုင်တွင် လူအဆင်းများသဖြင့် လွတ်နေသောနေရာကို ကေသီတာ့အတွက်ဦးပေးပြီး သူကတာမွေမှ သီတာလမ်းသို့ နောက်ပြန် လမ်းလျှောက်ပြန်လေ့ရှိသည်။

ဒီနေ့တော့ မိုးယံပဲ ကံဆိုးတာလားမသိ။ ကေသီတာ ရပ်နေသော နေရာမှ ကောင်မလေးတစ်ယောက်က မင်္ဂလာဈေးမှတ်တိုင်တွင် ဆင်းသွားသဖြင့် မိုးယံသည် သူဆင်းရမည့် မှတ်တိုင်တွင် ဆင်းခါနီး နှုတ်ဆက်တော့ ကေသီတာက ယဉ်ကျေးစွာ ပြုံးပြခဲ့ပါသည်။

အိမ်ကို ပြန်ရောက်တော့ ကေသီတာသည် ဘာကိုမှန်းမသိ ပျော်နေသည်။ သွက်သွက်လက်လက် ချက်ချက်ချာချာလည်း ဖြစ်နေသည်။ ရွှင်မြူး လန်းဆန်း၍လည်း နေသည်။ ခွန်အားသစ်နှင့် အင်အားသစ်တို့ကိုလည်း ပြန်၍ရလာသည်။

ရည်းစားစကားအပြောခံရပြီးနောက် မိန်းကလေးတို့ရလေ့ရှိသော ပီတိနှင့် ထိုညရဲ့ လမင်းနှင့် ကြယ်များကို ဝရံတာမှ ကေသီတာ ငေးခဲ့ပါသည်။

❖





'နင်မှားတာပေါ့ မိုးယံ၊ နင်က မကေ ငါ့ကိုကျနေပြီ ငါဖွင့်ပြောရင် လွယ်လွယ်နဲ့ရမှာပဲဆိုတဲ့ စိတ်ကလေးတော့ထားခဲ့တယ် မဟုတ်လား!'

'အဲဒီလိုတော့ မဟုတ်ဘူးဟာ၊ ဒါပေမယ့် အခုလောက် ခက်ခဲသွား လိမ့်မယ်လို့တော့ ငါ ထင်မထားတာ အမှန်ပဲ'

'မကေတို့ ညီအစ်မသုံးယောက်ကို သူတို့မေမေကြီးက အဆုံးမဆုံး ကိစ္စက 'ဣန္ဒြေ' ပဲ၊ သူက သူ့သမီးတွေကို မာနကြီးခိုင်းတာ မဟုတ်ဘူး ဣန္ဒြေကိုပဲ ကာကွယ်ခိုင်းတာ၊ နင်ပြောတဲ့ စကားတွေထဲမှာက မကေက ကျနေသလိုသွားပြောတော့ ဣန္ဒြေကို ပြန်ကောက်သွားတာပေါ့'

'အေးဟာ...ငါနောက်ကျရင် အဲဒီလို စကားမျိုးကို ဆင်ခြင်ပါ့မယ်၊ နင်လည်း ငါ့ကို ကူညီပါဦးဟာ၊ အခု မကေက ဖယ်ရီပဲစီးတော့ ငါလည်း ဘာလုပ်ရမှန်းကို မသိတော့တာ၊ ငါသူ့ကိုတော့ တစ်ကယ်ချစ်တာပါ ဖိုဖို'

'အေးလေ...ငါလည်း စကားကြုံရင်ပြောပေးပါမယ်၊ သိသိသာသာ ကြီးတော့ ပြောလို့မရဘူးဟာ၊ တော်ကြာ မကေက ငါ့ပါ စကားမပြောရင် နင်ဒုက္ခရောက်လိမ့်မယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဒီမှာ ပိုပို မကေက ငါ့အကြောင်းကို သေသေချာချာသိချင်ရင် မေးစရာ နှင်တစ်ယောက်ပဲ ရှိတာပေါ့၊ နှင့်ဆီကို သူရောက်လာမှာပါ'

'အေး…နှင်က အဲဒီလို အပိုင်တွက်တာတွေကြောင့် ဒုက္ခရောက်နေတာ၊ လာမေးရင် ငါပြောပေးမယ် စိတ်ချ'

ဟုတ်ပါသည်။

ကေသီတာသည် ဖယ်ရီကားကို ပြန်စီးသည်။ မော်တင် ၁၀ လမ်းတွင်ဆင်းသော တရုတ်မလေး ၂ယောက်ရှိရာ ကေသီတာက မော်တင်ဂိတ်အထိ ဖယ်ရီကိုစီးပြီး မော်တင် ၃၉ကားဂိတ်မှ နေရာရပြီး အေးဆေးစွာ အိမ်သို့ ပြန်ရောက်သည်။ အရင်ပြန်ရောက်ချိန်ထက် မိနစ်နှစ်ဆယ်လောက် နောက်ကျခြင်းမှအပ အခြားအပြောင်းအလဲ မရှိပါ။

ထိုမိနစ် ၂၀ နောက်ကျရခြင်း အကြောင်းရင်းကို ရှင်းရင်းဖြင့် မိုးယံစိုးရည်းစားစကားပြောသည့် ကိစ္စကိုပါ ကေသီတာက တစ်ခါတည်း အောင်၊ မောင်နှင့် ရီရီတို့ကို ပြောသည်။ ရီရီက

'ရီရီ အောင့်ကို မပြောဘူးလား၊ အဲဒီအစ်ကို မမကြီးကို ကြည့်ပုံက မရိုးသားဘူးလို့'

'ဒီလို တစ်နေ့ ဖြစ်မယ်ဆိုတာ မောင်သိပါတယ်၊ အောင့်ကိုတောင် ပြောထားသေးတယ်၊ မမကြီးရဲ့လူက ကိုနိုင်ဝင်းထွန်းလို မိန်းကလေး ကြောက်တတ်တဲ့ လူမျိုး မဟုတ်ဘူး၊ မိန်းကလေးတစ်ယောက်ကို ဘယ်လို ပေါင်းရမလဲဆိုတာကို သိတဲ့လူ၊ သူ့မှာ အတွေ့အကြုံရှိခဲ့ဖူးလိမ့်မယ်၊ ဒီcompany မှာ တစ်ယောက်မှ မရှိဘူးဆိုရင်တောင်မှ တခြားမှာတော့ ရှိခဲ့ဘူးလိမ့်မယ်၊ မိုးယံဟာ လူရည်လည်တယ်ဆိုတာကိုတော့ မမကြီး မမေ့ပါနဲ့'

'ကိုယ့်စိတ်ထဲမှာ သံသယဖြစ်ချင်တဲ့ ကိစ္စရှိရင် ပိုပို့ကို မေးပေါ့'

အောင်က စဉ်းစဉ်းစားစားဖြင့် ဝင်ပြောသည်။

'မလေးကလည်း ပိုပိုက မမကြီးအရင် သူနဲ့သိတာပဲ။ ပို့ဆီက စကားက





ကောင်းတဲ့စကားပဲ လာမှာပေါ့။ ရီရီကတော့ ဒီကိစ္စမှာ ပိုပိုအကြံပါ၊ ပါလိမ့်မယ်တောင် ထင်တယ်'

ထိုသို့နှင့် ညဘက်မအိပ်ခင် စကားဝိုင်းထဲတွင် မိုးယံသည် မောင်နှမလေးယောက်အတွက် အငြင်းပွေ ဆွေးနွေးစရာတစ်ခု ဖြစ်လာသည်။ ကေသီတာပေးရသည့် ကတိစကားက မောင်နှမတွေအားလုံး မသိဘဲ မိုးယံကို အဖြေပေးခြင်း မပြုရဆိုတာပဲ ဖြစ်သည်။

Plaza မှာတော့ မိုးယံ၊ ငြိမ်းငြိမ်းပိုနှင့် ကေသီတာတို့သည် ပုံမှန်ဆက်ဆံလျှက်ရှိပြီး ယခင်ကလောက် တတွဲတွဲတော့ မတွေ့ရတော့ပေ။

တစ်နေ့တော့ ကေသီတာ့ ထမင်းစားခန်းထဲသို့ ပိုပိုရောက်လာသည်။

'မကေတို့အိမ်က လက်ရာကို စားချင်လို့…' ဟုဆိုကာ ပိုပိုက သူ့ထမင်းချိုင့်ကို ဖွင့်သည်။ ထိုနေ့ ကေသီတာ့ကို ထည့်ပေးလိုက်သည့်ဟင်းက ရေချိုငါးတန်ဆီပြန်၊ မန်ကျီးရွက်သုပ်နှင့်၊ သီးစုံကုလားဟင်းတို့ဖြစ်သည်။ ပိုပို ဟင်းက ဝက်သားနှင့် အာလူးဖြစ်သည်။

'စားလို့ ကောင်းလိုက်တာ မကေရယ်။ ပိုတို့အိမ်က ချက်လိုက်ရင် ဟင်းငတ်တုတ်ချည်းပဲ။ ဘယ်တော့မှ မကေတို့လို အတွဲအစပ်ကလေး မပါဘူး'

ငြိမ်းငြိမ်းပိုသည် သီးစုံကုလားဟင်းကို သောက်ရင်း ဆိုသည်။

ထမင်းစားပြီးသွားတော့ ချိုင့်တွေ ဆေးကြရင်း ပိုပိုက ဆိုသည်။

'မကေက အခု ဖယ်ရီနဲ့ ပြန်တယ်ဆို ဟုတ်လား!'

'ဟုတ်တယ် ပိုရဲ့၊ မော်တင် ၁၀လမ်းမှာဆင်းတဲ့ တရုတ်မလေးနှစ်ယောက်ရှိတော့ ကော့ကို မော်တင် ၃၉ကားဂိတ်အထိ ပို့ခိုင်းပြီး ၃၉ဂိတ်ကနေစီးတော့ ကြိုက်တဲ့နေရာ ရွေးရုံပေါ့၊ အိမ်ကိုတော့ အရင်ထက် မိနစ်နှစ်ဆယ်အစိတ်လောက် နောက်ကျပြီးမှရောက်တယ်၊ ထိုင်စီးရတော့ လူသက်သာတာပေါ့လေ'

'မိုးယံကြောင့်လည်း ပါတယ်မဟုတ်လား!'



www.burmeseclassic.com

www.burmeseclassic.com



'၅၀% ကတော့ ပါပါတယ်၊ နောက် ၅၀% ကတော့ စကားစပ်မိလို့ ပြောကြတော့ ကားမောင်းတဲ့ ကိုထွန်းလှက အကြံပေးတာနဲ့ စီးကြည့်တော့ အဆင်ပြေတာနဲ့ စီးဖြစ်သွားတာပါ'

ငြိမ်းငြိမ်းပိုသည် ကေသီတာနှင့် မိုးယံတို့အကြောင်းကို သိသော်လည်း မေးခဲ့ပါသည်။ ပြောလည်း ပြောခဲ့သည်။ ဒီနေ့တော့ ပိုပိုကိုယ်တိုင်က စမေးခြင်းဖြစ်သည်။ ကေသီတာတော့ မိုးယံ သူ့ကို ဖွင့်ပြောသည်ဆိုသည့် စကားမှလွဲ၍ ဘာတစ်ခွန်းမျှ ထပ်မမေးချေ။

'မကေက အခုလိုနေလိုက်တော့ မိုးယံ တော်တော်လေး နောင်တရသွားတယ်၊ သူ့အဖြစ်က တစ်နေ့တစ်လုံး ရွှေ ဥပေးနေတဲ့ ငန်းကို ရင်ခွဲပြီး ရွှေဥရှာတဲ့ လူမိုက်လိုဖြစ်သွားပြီလို့ ပို့ကို ပြောတယ်'

'ဘာဖြစ်လို့လဲ ပိုရဲ့'

'သြော်... သူဖွင့်မပြောဘဲနေရင် မကေနဲ့ပျော်ပျော်ရွှင်ရွှင် နေရဦးမယ်၊ အခု ဖွင့်ပြောလိုက်တော့ တစ်နေ့တစ်ခါ ပျော်ရွှင်လေးတောင် သူ့မှာ မရှိတော့ဘူးတဲ့'

'ဟင်... ကေက သူ့ကို ခေါ်ခေါ်ပြောပြောရှိပါတယ်၊ သူ့ကိုလည်း ပြောထားသားပဲ စဉ်းစားနေတယ်လို့'

ငြိမ်းငြိမ်းပိုက သူ့ထမင်းချိုင့်နှင့် ကေသီတာ ထမင်းချိုင့်ကို ရေစစ်စေရန် မှောက်ထားပေးရင်းမှ...

'တစ်ကယ်တော့ မိုးယံဘဝက သနားစရာကောင်းတယ်ကွ၊ မိုးယံက ငယ်ဘဝတုန်းကပဲ ကံကောင်းခဲ့တာ၊ သူ့အဖေ ဘိတ်(မြိတ်)ဘက်မှာ ကိုယ်ပိုင်စက်လှေနှစ်စင်းနဲ့ ငါးဖမ်းပြီး ငါးခြောက်တင်နိုင်တုန်းကတော့ တော်တော်လေးကို အဆင်ပြေတာ...'

ကေသီတာ ဘာမှမပြောဘဲ နားထောင်နေမိသည်။ ဘာပဲဖြစ်ဖြစ် ဒီတစ်ခါတော့ ရိရိထင်ကြေး မှန်နေသည်။

'အဲဒါ တစ်နေ့ ငါးမန်းပေါက်ကလေးတစ်ကောင်က တံတောင်ဆစ်





နားကို ဟပ်မိတာ ခပ်ပေါ့ပေါ့နေရင်းက အနာရင်းပြီး ပြည်တည်ရောင်လာပြီး အကြီးကျယ်ဖျားပြီး ပင်လယ်ထဲမှာပဲ ဆုံးတာ'

'သြော်... '

'အဲဒီငါးလုပ်ငန်းက မိုးယံအဖေတစ်ယောက်ပဲ နားလည်တာဆိုတော့ မိုးယံ ဖေဖေမရှိတော့တဲ့ နောက်ပိုင်း မရိုးသားကြတဲ့ဝန်ထမ်းတွေကြောင့် မိုးယံတို့အမေက စက်လှေနှစ်စင်းနဲ့ ငါးခြောက်လုပ်ငန်းကိုပါ အပြတ်ရောင်းပြီး သူ့အစ်ကို မိုးယံရဲ့ ဦးလေးတစ်ယောက်နဲ့ သားရေစိမ်းလုပ်ငန်းလုပ်တာလည်း တော်တော်ကလေး ပြုတ်သွားတယ်'

'အိမ်ထောင်ဦးစီးတစ်ယောက်မရှိတဲ့ အိမ်ဟာ စည်းစနစ်မရှိရင် မလွယ်ဘူး'

'ဟုတ်တယ် မကေ... ဒါကတော့ မကေတို့လည်း ကိုယ်ချင်းစာနိုင်ပါတယ်။ မကေတို့ မေမေကြီးက စည်းနဲ့ စနစ်နဲ့နေနိုင်လို့ မသိသာပေမယ့် မိုးယံတို့ မေမေက ရှမ်းကိုးမီးရိုက်တယ်။ ပိုကာဆွဲတယ်။ နှစ်လုံးသုံးလုံး ထိုးတယ်။ သူတို့နဲ့ကစားတဲ့ အသိုင်းအဝိုင်းက စီးပွားရေးခိုင်တဲ့ လူ့ဂုဏ်တန်တွေချည်းပဲ။ သူတို့နဲ့အတူပျော်၊ သူတို့ နေသလိုနေတော့ ဘယ်လိုခံနိုင်မှာလဲ'

ပိုပိုပြောပြချက်အရဆိုလျှင်တော့ မိုးယံတို့ မိသားစုသည် အထည်ကြီးပျက်ဘဝသို့ ရောက်နေကြောင်း ကေ တွက်ဆမိသည်။

'မိုးယံ အရွယ်ရောက်လာတော့ အိမ်မှာ ရှိသမျှပစ္စည်းကပြောင်ပြီး သွားသွားလာလာ ဝတ်ဖို့လောက်ပဲ ရှိတော့တာ'

'စက်လှေနှစ်စင်းရောင်းတဲ့တန်ဖိုးက နည်းသလား ပိုရယ်။ ဒါနဲ့တင် စီးပွားရေးကောင်းကောင်း လုပ်လို့ရတဲ့ဟာကို'

ပိုပိုသည် ကေသီတာ သူ့ဘက်ပါလာမှန်းသိသဖြင့် ဝမ်းသာနေသည်။ သို့သော် ထိုဝမ်းသာခြင်းမှာ မကောင်းသောစိတ်ဆန္ဒနှင့် မဟုတ်ဘဲ မိတ်ကူညီသော ကိစ္စတစ်ခုအောင်မြင်သဖြင့် ဝမ်းသာသော ဝမ်းသာခြင်းသာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ကိုယ်မကျွမ်းကျင်တဲ့အလုပ်တွေ လျှောက်လုပ်မိတာရယ်။ နဂိုကတည်းက ယောကျ်ားလုပ်စာ ထိုင်စားလာပြီး ပျော်ပျော်နေတတ်တာရယ်နဲ့ ကုန်တာပေါ့ မကေရယ်'

'အဲဒီလိုဖြစ်ရပ်မျိုးက သိပ်ရင်နာဖို့ ကောင်းတာပဲ'

'ဟုတ်တယ်၊ မိုးယံလည်း အရွယ်ရောက်ဘွဲ့ရတော့ စိုက်ထုတ်ပေးစရာ အရင်းအနှီးမရှိတဲ့အပြင် မိုးယံကတောင် ပြန်ထောက်ပံ့နေရတာ'

'သူ့အစ်မကြီးရဲ့ ယောကျ်ားက စိန်ပွဲစားဆို...'

'ဟုတ်တယ် နာမည်ကြီးထဲကပဲ၊ ဒါပေမဲ့ သူကလည်းအိမ်ထောင်နဲ့ ဆိုတော့ ဘယ်လို ထိထိရောက်ရောက် ထောက်ပံ့နိုင်ပါ့မလဲ'

'တစ်ကယ်တော့ အိမ်ထောင်ရေးဆိုတာ မလွယ်ဘူးနော်'

ကေသီတာက ငြီးသံပြုတော့မှ ပိုပိုလည်း စိတ်ညစ်စရာတွေ ဆက်ပြောနေလျှင် ကေသီတာစိတ်ညစ်သွားပြီး ပိုဝေးသွားနိုင်သဖြင့် မိုးယံကို သနားလောက်သော နေရာတွင်ပင် အိမ်ကိစ္စကို ရပ်ထားလိုက်သည်။

'ဒါ့ကြောင့် မိုးယံက ပြောတာပေါ့၊ သူ့အိမ်မှာ စိတ်ညစ်ရသမျှ အပြင်မှာ၊ ရုံးမှာ ပျော်ပျော်နေမိတယ်တဲ့၊ မကေနဲ့တွေ့တော့ သူတော်တော် ပျော်တယ်တဲ့၊ အခုတော့ သူ့ဘဝက စည်ပိုင်းထဲဝင်နေရသလိုပဲတဲ့'

ကေသီတာ သက်ပြင်းကို ချသည်။

ကေသီတာသည် ပထမတော့ သူ့အကြောင်းကို ပိုပိုအား ပြောပြလိုက်လျှင် ပိုပိုကတဆင့် မိုးယံသိပြီး သူ့လိုလူတွေ ရှိပါသေးလား ဆိုသည့် စိတ်နှင့် အားတင်းနိုင်ရန်အတွက် သူသည် မေမေကြီး၏ သမီးအရင်းမဟုတ်ကြောင်းကို ပြောပြဖို့ စဉ်းစားလိုက်မိသေးသည်။

သို့သော် မေမေကြီးက ထိုအကြောင်းကို မည်သူ့ကိုမျှ မောင်နှမတွေအားလုံးက မည်သည့်ကိစ္စနှင့်မျှ မပြောရ။ လေးယောက်သောသူတို့သည် မေမေကြီး၏ သမီးအရင်းများ ဖြစ်ကြသည်ဟုသာ မှတ်ယူရမည်ဟု တင်းကြပ်စွာ တားဆီးထားသော ကတိကြောင့် ပြော၍မထွက်တော့ပေ။





'အင်းလေ... လူတစ်ကိုယ်ကံတစ်မျိုးပေါ့၊ ဘာပဲဖြစ်ဖြစ် လောကဓံတရားရှစ်ပါးမှာ အဆိုးလေးပါး၊ အကောင်းလေးပါးရှိလေတော့ တစ်နေရာတည်းမှာတော့ ရပ်မနေပါဘူး၊ တစ်ချိန်ကံကောင်းတဲ့ ဘက်ရောက်လာမှာပေါ့ ပိုရဲ့၊ အဲဒီကျရင် မိုးယံက လိမ္မာဖို့ပဲ လိုတာ'

'မကေလည်း မိုးယံကို တစ်ချို့ကိစ္စကလေးတွေ နားလည်ပေးပါ မကေရယ်'

'အခုလို ကိစ္စတွေ ပို့ဆီက မကေသိရတာ ကောင်းပါတယ်။ ဒါပေမဲ့ သူ့ကို မကေဆုံးဖြတ်ချက်ချတဲ့အခါမှာ အဲဒီကိစ္စတွေက အဓိက မဟုတ်ဘူး ဆိုတာကိုတော့ ပို ယုံစေချင်တယ်'

❖



www.burmeseclassic.com

'ဒါဆို မမကြီးက မိုးယံကို အဖြေပေးတော့မယ်ပေါ့'

'မဟုတ်ဘူး၊ အဖြေပေးဖို့ ပြောတာမဟုတ်ဘူး၊ အဖြေတစ်ခုကိုတော့ ရွေးထားသင့်ပြီလို့ပြောတာ၊ မမကြီး ကြုံခဲ့တဲ့အကြောင်းကို အားလုံး ပြောပြထားပြီးပြီပဲ'

'ဒီအချိန်မှာ မမကြီး အဖြေပေးဖို့ ဆုံးဖြတ်တယ်ဆိုရင် စောသေးတယ်လို့ပဲ မောင်ကတော့ ပြောရမှာပဲ၊ အခု မမကြီး ခွာထားတာမဟုတ်လား၊ သူဘယ်လို ပြန်ဝင်လာမလဲဆိုတာ တစ်ချက်ရှိသေးတယ်၊ ယောက်ျားတွေကို လျော့မတွက်နဲ့ မမကြီး၊ သူပြန်အဝင်ကို တစ်ချက်စောင့်ကြည့်ပါဦး၊ အခု သူဝင်တာက အောင်သွယ်နဲ့ ဝင်တဲ့သဘောပဲရှိသေးတာ၊ မမကြီးဘက်က မထူးခြားဘူးဆိုရင် သူကိုယ်တိုင် ဝင်လာပါလိမ့်မယ်။ ယောက်ျားလေးတစ်ယောက်ဟာ ချစ်တယ်လို့ကိုယ်တိုင်ပြောပြီးရင်...အဖြေကိုလည်း ကိုယ်တိုင်လာယူသင့်တာပေါ့'

မောင်က နည်းနည်းကလေးတင်းသော လေသံဖြင့် ပြောသည်။





'မမကြီးဘက်က တစ်ခုခုဆုံးဖြတ်ထားပြီးပြီဆိုရင်လည်း ရင်ထဲမှာပဲထားဦးပေါ့၊ ကိုယ့်ဆုံးဖြတ်ချက်နဲ့ သူ့အနေအထိုင် ကိုက်ရင်တော့တစ်မျိုးပေါ့'

အောင်ကတော့ စဉ်းစဉ်းစားစား ချင့်ချိန်ပြီး ပြောသည်။ တစ်ခါက 'အောင့်'ကို အောင်စံသိန်းဆိုသော သွားကောလိပ်မှ ကျောင်းသားကလေးတစ်ယောက်က လိုက်ဖူးသည်။ အောင်က ခြောက်လလောက် ထိုကောင်လေးလိုက်ပြီးမှ စကားပြန်ပြောခဲ့ပြီး အဖြေပေးဖို့ ရှစ်လလောက် စောင့်ကြည့်ခဲ့၍ တစ်နေ့တွင် မြို့ထဲအသွား အောင်စံသိန်းကို ကုလားမကလေးတစ်ယောက်နှင့် လက်ချင်းတွဲလျက် တွေ့သည်။ အောင်စံသိန်းကတော့ အောင်တို့ကို မတွေ့။

နောက်နေ့တွေမှာ အောင်စံသိန်းသည် အောင့်ဆီမှ အဖြေကို တောင်းနေဆဲပင် ဖြစ်သည်။ အကယ်၍ အောင် ထိုနေ့ကမြို့ထဲမသွားဘဲ ထိုကောင်မလေးနှင့် အောင်စံသိန်းကို မတွေ့ခဲ့လျှင် အဖြေက okဟူသော အဖြေကို ပေးဖို့ ဆုံးဖြတ်ပြီးသားဖြစ်သည်။ ဤအဖြေကိုသာ ထိုလူရလျှင် အောင်နှင့် ထိုကုလားမလေးနှစ်ယောက်စလုံးကိုပဲ မသိရအောင်ထားမလား။ ဟိုဘက်တို ဖြတ်ပြီး အသစ်ရသော အောင်နှင့်ပဲ တွဲမလားဆိုတာတော့ မသိ။

ထိုအတွေ့အကြုံအခံကလေးများရှိခဲ့ဖူးသဖြင့် တစ်ကြိမ်ပြဿနာရှိခဲ့ဖူးသော ကေသီတာကို သူတို့ အကြံပေးနေကြခြင်းဖြစ်သည်။

'ကောင်းပြီလေ သူ့ဘက်က ဘယ်လို ပြန်စလာမလဲဆိုတာ ကြည့်ရတာပေါ့'

ကေသီတာက စိန်ခေါ်သလိုမျိုး ပြောသည်။ ကေသီတာသည် ထိုစကားကို အောင်တို့ မောင်တို့ ကျေနပ်အောင် ပြောတာလား။ သူ့နှလုံးသားကို သူ စိန်ခေါ်ရဲပါသလား!'

ထိုနေ့က ပိုပို ထမင်းအတူလာစားသည်။ ခဏကြာတော့ မိုးယံစိုးပါ ရောက်လာသည်။ မိုးယံစိုး၏ဟင်းက လမ်းဘေးဆိုင်ကလေးတွေမှာ ရောင်းသည့် ပဲပုတ်၊ ဂျုံးမြစ်ကြော်တစ်ထုပ်၊ မြေပဲတစ်ထုပ်၊ အာလူးကြော်တစ်ထုပ် နှင့် ကန်စွန်းရွက်ချဉ်ရေဟင်း...။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ကေသီတာ စိတ်မကောင်း ဖြစ်သွားသည်။

ကေသီတာဟင်းက ရဲယိုရွက်နှင့် ငါးခူစင်းကော၊ ငါးမုန့်ကြော်နှင့် ချဉ်ပေါင်ရွက်ချဉ်ရေဟင်းဖြစ်သဖြင့် ကေသီတာသည် ငါးခူစင်းကောကိုလည်း မိုးယံစိုးကို ထည့်ပေးသည်။ ငါးမုန့်တစ်ကောင်ကိုလည်း ထည့်ပေးသည်။ မိုးယံစိုး အားနာမှာစိုး၍ ပဲပုတ်ကြော်ကို ယူစားသည်။ မြေပဲကိုလည်း ယူစားသည်။

'စား မိုးယံ အားမနာနဲ့ ဒီနေ့ချက်တာ မောင့်အလှည့်။ မောင်ချက်ပေးလိုက်တာ။ မကေတို့အိမ်မှာ ဟင်းချက်အကောင်းဆုံးက မောင်ပဲ သိလား'

ကေသီတာသည် သုံးယောက်ထမင်းစားရသဖြင့် ပျော်နေဟန် ဆောင်ထားရသည်။ အမှန်တော့ ကေသီတာသည် အစားအစာ ကောင်းကောင်း မွန်မွန်မစားရသော မိုးယံကို သနားနေခဲ့သည်။ စီးပွားရေးကလည်း ကျနေသော၊ အမေ၊ ညီမနှင့် အစ်မတွေကလည်း ဖဲနှင့် နှစ်လုံးသုံးလုံးမှလွဲ၍ ဘာကိုမှ ဂရုမစိုက်သောအိမ်မှာ မိုးယံသည် အစားအသောက်ကို ဖြစ်သလိုစားရပေလိမ့်မည်။

သူထည့်ပေးသည့်ဟင်းတွေနှင့် အားရပါးရစားနေသော မိုးယံကို ကြည့်ပြီး ကေသီတာသည် သနားလည်းသနားနေသည်။ ဝမ်းလည်းဝမ်းသာနေသည်။ ပျော်လည်းပျော်နေသည်။ စိတ်မကောင်းလည်း ဖြစ်နေသည်။

'ဒီနေ့ ထမင်းစားလို့ ကောင်းလိုက်တာဗျာ။ မကေရဲ့ ညီမလေးမောင့်ကို ပြောလိုက်ပါ။ ကျေးဇူးအရမ်းတင်တယ်လို့'

'မောင်က ပိုပိုနဲ့ တစ်ခါ ဒီကိုလာဖူးတယ်။ ပိုပိုကပဲ မိတ်ဆက်ပေးတာ။ အဲဒီတုန်းက မကေက ဒီမှာ မလုပ်သေးဘူး'

'သြော်... '

စကားစ,က ပြတ်သွားသည်။

ပိုပိုသည် မိုးယံအကြောင်းတွေ သူ့ကိုပြောပြသလို သူ့အကြောင်းတွေကိုလည်း မိုးယံကို ပြောပြမှာပဲဟု ကေသီတာ သဘောပေါက်သွားသည်။





ဒါကို ဘာဖြစ်လို့ အစကတည်းက မတွေးမိတာလဲ။ ကေသီတာသည် တုံးစရာရှိလျှင် အဲဒီလိုတုန်းသော 'ငတုံး'တစ်ယောက်ဖြစ်ပါသည်။

'မကေ'

မိုးယံက ခေါ်သည်။

မကေက ခေါင်းကိုညိတ်၍ မိုးယံကို အသံတိတ်ပင် ပြန်ထူးလိုက်သည်။

'ကျွန်တော့်ကို မနှိပ်စက်ပါနဲ့တော့ မကေရယ်။ ကျွန်တော် မကေကို အရမ်းချစ်နေတယ်'

ကေသီတာ ဘာမှမပြောနိုင်။ ခေါင်းကိုငုံ၍ ထမင်းချိုင့်ကိုသာ မဲ၍ရေသုတ်နေသည်။

'မကေ ကျွန်တော့်ကို ခပ်တန်းတန်းဆက်ဆံတော့ ကျွန်တော် နေလို့မပျော်တော့ဘူး။ ဘာတွေ ဆုံးရှုံးသွားမှန်းလည်း ကျွန်တော်မသိဘူး။ ကျွန်တော့်ကို အဖြေတစ်ခုခုတော့ပေးပါ မကေ'

'ခပ်တန်းတန်းနေတာ မဟုတ်ပါဘူး၊ တစ်ခါတုန်းက မိုးယံပြောခဲ့တဲ့ အတိုင်း မိုးယံကို ခွာပြီးနေကြည့်တာပါ၊ မိုးယံနဲ့တွေ့နေကျ မတွေ့ရ၊ အရင်လို ခင်နေကျ မခင်ရဆိုရင် ဘယ်လိုများ နေမလဲလို့'

'ဘယ်... ဘယ်လိုနေလဲဟင် မကေ...!!'

မိုးယံက သိလိုဇောနှင့် အတင်းမေးသည်။ မိုးယံရင်ထဲမှာ ရင်ခုန်သံတွေ တစ်ခုနှင့်တစ်ခု လု၍နေသည်။

'တစ်မျိုးပဲ၊ ပြီးတော့ မပျော်ဘူး...'

'ဟင်... ဒါဆိုရင် ... မကေ ... မကေ ကျွန်တော့်ကို...'

မကေလက်ဖဝါးပေါ်သို့ နွေးထွေးစွာ အုပ်မိုးလာသော လက်တစ်မိုးကို ရင်ထဲနွေးသွားအောင် ခံစားလိုက်ရသည်။

အချစ်သည် ကြိုတင်စီစဉ်ထားသည့် များစွာသောအစီအစဉ်များ တွက်ချက်မှုများ၊ တိုင်ပင်တွေးတောခြင်းများကို တစ်စက္ကန့်အတွင်း ချေဖျက်



www.burmeseclassic.com

www.burmeseclassic.com



နိုင်စွမ်းရှိသည့် ထူးခြားသော စွမ်းရည်ရှိ ခံစားမှုတစ်ခုဖြစ်သည်။

မိုးယံက အဖြေတောင်းလာလျှင် စဉ်းစားဦးမည်ဟု ပြောထားပြီး အောင်၊ မောင်၊ ရီလေးတို့နှင့် တိုင်ပင်မည်ဟူသော ကတိကို ကေက ညီမတွေကို ပေးခဲ့သည်။ အခုတော့ ထိုကိစ္စကို သတိပင် မရတော့။ နွေးပြီး တစ်ကိုယ်လုံးသို့ တစ်ရှိန်ထိုး စီးဆင်းသွားသော ရင်ခုန်သံမှာ သူနစ်မျောသွားပြီဖြစ်သည်။

'ကေ... မိုးယံကို ချစ်တယ်နော်'

'မိုးယံကို ပျော်စေချင်တာလည်း ပါတာပေါ့၊ မိုးယံက ကေ့ကိုသာ ကတိပေးစရာတစ်ခုရှိတယ်'

'ဘာလဲကေ... ပြော ဘာကတိပေးရမှာလဲ။ ပေးရမယ့်ကတိက မိုးယံ အပြင်းအထန်ယုံကြည်ထားတာမဟုတ်ရင် ချက်ချင်းပေးနိုင်တယ်။ ယုံကြည်ထားတာဆိုရင်တော့ မိုးယံကို စဉ်းစားခွင့်ပေးရမယ်'

'ကေက ဘာကတိလိုချင်လို့လဲ ပြော၊ ပေးမယ်'ဆိုသော စကားထက် အခုလို ပြောလိုက်သော စကားက ပို၍လေးနက်သည်ဟု မိန်းကလေးတိုင်းက အထင်ကြီးကြသည်ဆိုတာကို မိုးယံ သဘောပေါက်ပြီးသားဖြစ်သည်။

'အမလေး ယုံကြည်ချက်တွေဘာတွေနဲ့ အဲဒီလောက် ကြီးကြီးကျယ်ကျယ် မဟုတ်ပါဘူး မိုးယံရဲ့။ မိုးယံ ဘာလုပ်လုပ် ကေ့ကို အသိပေးပြီးမှ လုပ်ပါလို့ ပြောချင်တာပါ'

'အား... ဒါများ ကေရယ်။ စိတ်ချ... အိမ်သာတက်တာနဲ့ ရှူးရှူးပေါက်တာကလွဲလို့ ကျန်တာတွေ ကေ မသိဘဲ ဘာမှ မိုးယံ မလုပ်ဘူး ကျေနပ်ပြီလား'

ဒီလိုနှင့် မိုးယံနှင့် ချစ်သူဖြစ်ပြီး တစ်ပတ်လောက်အကြာတွင်မှ ကေသီတာက အောင်နှင့် မောင့်ကို ဖွင့်ပြောသည်။ အောင်နှင့်မောင်တို့ စိတ်ဆိုးကြသည်။ ကေက ကျေနပ်သွားအောင် တောင်းပန်ရသည်။ အဲဒီ အချိန်မှာ သူ ဘာကိုမှ သတိမရတော့ဘဲ ဆေးမိသူလိုဖြစ်သွားကြောင်း ပြောပြရသည်။





'ဒါဆိုရင် ဒုတိယတောင်းတဲ့ ကတိကိုတော့ မမကြီး မောင်တို့ကို သေသေချာချာတည်အောင်ကို ကြိုးစားရမယ်'

'ဘာကတိလဲ မောင် ဒီတစ်ခါတော့ မကေကို ယုံပါ၊ ပြော... ပေးနိုင်တဲ့ ကတိသာဖြစ်ပေစေ... မကေပေးမယ်'

ကေသီတာသည် စိတ်အားထက်သန်စွာဖြင့် ပြောသည်။

'ချစ်သူအဆင့်ကနေ တခြားအဆင့်တစ်ခုကို ပြောင်းမယ်ဆိုရင်တော့...'

'အို... မဟုတ်တာ မောင်ရယ်...။ မကေက သူ့ကို လက်တောင်မှ ပေးကိုင်တာ မဟုတ်ပါဘူး။ မကေကိုယ် မကေ ကောင်းကောင်း ထိန်းသိမ်းနိုင်ပါတယ်'

မကေ၏မျက်နှာမှာ နီရဲပြီး ညှိုးနွမ်းသွားသည်။

'မောင့်ကို စကားပြောလောမကြီးနဲ့လို့ အောင်အမြဲပြောတယ်နော်။ မောင် ပြောချင်တာကဒီလို မကေ ချစ်သူဘာဝကို ထားလိုက်တော့။ မကေက သူ့ကို ဘယ်အထိ ရည်မှန်းထားလဲ။ အိမ်ထောင်ရေးအထိလား'

'ဒါကတော့ သူ့အပေါ်မှာ မူတည်တာပေါ့'

'ဟုတ်ပါပြီ။ မကေဟာ ဣန္ဒြေသိက္ခာနဲ့ ပတ်သက်ရင် ဘယ်လောက် ထိမ်းသိမ်းနိုင်တယ်ဆိုတာကို အောင်တို့ နားလည်ပါတယ်။ ကိုယ့်ဘက်က ထိန်းသိမ်းနိုင်မှ ကျန်တဲ့ကိစ္စတွေမှာ ကိုယ်က အထက်စီးကပြောလို့ရမှာ မကေ။ ကိုယ့်ဘက်က အမြဲအသာစီးရနေဖို့ မဟုတ်ပါဘူး။ မကေလည်း တစ်ခါ ကြုံပြီးသားပဲ။ အဲဒီအဆင့်ကို ပြောင်းလဲမယ်ဆိုရင် အောင်နဲ့ မောင့်ကို တိုင်ပင်ပါလို့ ကတိတောင်းတာပါ'

ကေသီတာသည် သက်ပြင်းကိုချလိုက်သည်။ သူ့ညီအစ်မတွေ ပြောသော စကားကို သူသိပါသည်။ သူ့ကို နယ်မကျွံမိစေရန် ပြောနေကြခြင်း ဖြစ်၏။

'အောင်နဲ့ မောင်က မကေကို အဲဒီလောက်အထိ အထင်သေးသ[illegible]'

'အထင်သေးလို့ မဟုတ်ဘူး မကေ။ မောင်က ချစ်သ[illegible]ပြီးသားရှေ



www.burmeseclassic.com

www.burmeseclassic.com

ဆိုတော့ သိတယ်၊ မိုးယံစိုးဟာ ကိုနိုင်ဝင်းထွန်းလို လူမျိုးမဟုတ်ဘူး၊ ခြေသွက်လက်သွက်ရှိလို့ သတိပေးတာ'

ချက်ချင်းအောင်က မောင့်ကို လှမ်းကြည့်သည်။

'မကြည့်နဲ့ အောင်၊ မောင်က ပြောစရာရှိရင် ပွင့်ပွင့်လင်းလင်းပဲ ပြောတတ်တယ်၊ စေတနာနဲ့ ပြောတဲ့စကားကို စေတနာလို့ မမြင်ဘဲ မိုးယံစိုးကို ဒီလိုပြောလို့ မောင့်ကို စိတ်ဆိုးတယ်ဆိုရင်လည်း ဆိုးပေ့စေတော့'

ကေသီတာမှာ မျက်နှာညှိုးရုံတင်မက မျက်နှာပါ ပျက်သွားသည်။ ကိုယ့်ချစ်သူကိုတော့ ဒီလို အပြောမခံချင်တာ အမှန်ပင် ဖြစ်သည်။ 'စေတနာပါသော စကားသည် မချိုပေ' ဆိုသော စကားပုံကိုလည်း ကေသီတာ သိပါသည်။ ကေသီတာ့ရင်ထဲမှာ မိုးယံအတွက် ဝမ်းနည်းသွားသည်။

'ကောင်းပါပြီကွာ၊ အောင်နဲ့မောင့်ကို ပေးတဲ့ကတိကို မကေ အသက်နှင့်အတူ ထိန်းပါ့မယ်'

ကေသီတာ၏ ချစ်သူဘဝသည် ပျော်စရာ ကောင်းခဲ့ပါသည်။ အလိုက်သိသော၊ ချစ်သူကို မည်သို့ ပျော်ရွှင်စေရမည်ဆိုတာကို နည်းလည်သော၊ အချစ်ကို ရပြီးဖြစ်သော်လည်း ချစ်သူကို ခင်အောင် သံယောဇဉ်ပိုတွယ်အောင် လုပ်တတ်သော မိုးယံစိုးကြောင့် ကေသီတာသည် မိုးယံကို နှလုံးသားထဲမှ မြတ်နိုးစွာချစ်မိသဖြင့် ကေသီတာ၏ ချစ်သူဘဝသည် ပျော်စရာကောင်းသည်ဟု ကိုယ်တိုင်ရော ပတ်ဝန်းကျင်အမြင်တွင် ရှိလေသည်။

တစ်နေ့တော့ ကေသီတာ၏ အစီအစဉ်ကြောင့် အိမ်တွင် ရုံးပိတ်ရက်၌ ကြာဇံချက်ချက်စားရန် မောင်နှမတွေ စီစဉ်ကြသည်။ ငြိမ်းငြိမ်းပိုနှင့် မိုးယံစိုးကိုလည်း ဖိတ်ရန် စဉ်းစားပြီး သဘောတူကြသည်။ မိုးယံစိုးသည် သူတင်မဟုတ် သူ့ညီမကလေးနှင့် အစ်မလေးကိုပါ ခေါ်လာချင်ကြောင်း ပြန်ပြောသည့်အခါ ကေသီတာသည် ထိုပွဲသည် တစ်ဖက်နှင့်တစ်ဖက် အကဲစမ်းကြမည့်ပွဲတစ်ပွဲဟု မြင်သော်လည်း ချစ်သူသဘောအတိုင်း သဘောတူခဲ့ပြီး အောင်နှင့်မောင့်ကို ပြောပြသည့်အခါ အောင်နှင့် မောင်ကလည်း





ကေသီတာ လက်ခံခဲ့တာကောင်းကြောင်း သူတို့ကလည်း မိုးယံစိုး အသိုင်းအဝိုင်းကို လေ့လာချင်ကြောင်းပြောသည့်အခါတွင်မှ ကေသီတာ သက်ပြင်းချနိုင်သည်။ ထိုနေ့တွင် ချစ်သူကို စကားပြောသည့်အခါ ပျော်စရာ ခပ်ပေါ့ပေါ့တွေ မပြောဖြစ်ဖို့ မှာရသေးသည်။

မနက်မိုးလင်း၍ (၈)နာရီလောက်တွင် မေမေကြီးမှာ တစ်ချက်တစ်ချက် အမောဖောက်လာပြီး ခြေ ဖျားလက်ဖျားတွေ အေးစက်လာသဖြင့် ကုနေကျ ဒေါက်တာဦးငွေစိုးကို သွားရောက်ပင့်ပြီး ကုသမှ အနည်းငယ်သက်သာရာ ရပြီး ကေသီနှင့်အောင်တို့မှာ မေမေကြီးအနားတွင် ရှိနေကြသဖြင့် အလုပ်မှန်သမျှ မောင်နှင့်ရီရီတို့သာ ကြာဇံချက်အတွက် ကြိုးလုပ်ရလေသည်။

မိုးယံနှင့် ညီအစ်မနှစ်ယောက်၊ ပိုပိုတို့ရောက်သည်အထိ ကြာဇံချက်က အိုးထဲ မရောက်သေး။ မေမေကြီးအကြောင်းပြောပြတော့ မိုးယံနှင့် ပိုပိုတို့ တက်လိုက်သွားကြသည်။

ကေသီတာနှင့် အောင်တို့ မေမေကြီးအနားတွင် ရှိနေပြီး ကေသီတာက ညင်သာစွာ ယပ်ခပ်ပေး၍ အောင်က ဖြေးညှင်းစွာနှိပ်ပေးနေပြီး မေမေကြီးကတော့ မှိန်း၍နေသည်။ ပိုနှင့် မိုးယံတို့ထိုင်တော့ မေမေကြီးက မျက်စေ့ဖွင့်၍ ကြည့်သည်။ ကြာဇံချက်ချက်စားမည်ဆိုတာကို မေမေကြီးက သိထားသည်။

'ဧည့်သည်တွေလား သမီးကြီး'

'ဟုတ်ကဲ့ မေမေကြီး ကေ့ ဧည့်သည်တွေပါ'

'ကဲ... ဒါဆို သွားကြပါကွယ်။ မေမေကြီး သက်သာပါပြီ။ ချိန်းပြုထားကြပြီးတော့မှ ကတိကဝတ်ပျက်လို့ ဘယ်ကောင်းပါ့မလဲ သွားကြ'

'ရပါတယ် မေမေကြီး အောက်မှာ ကူမယ့်လူတွေ ရှိပါတယ်။ ကေတို့ မေမေကြီးအနားမှာပဲ...'

'သမီးကြီး ...မေမေကြီးက ပြောတဲ့စကားဆိုရင် လိုက်နာတယ် လို့ ချင်တယ်နော်'

www.burmeseclassic.com

www.burmeseclassic.com

'ဟုတ်ကဲ့ပါ မေမေကြီး'

မေမေကြီး၏ စိတ်သဘောကို သိသည်ကတစ်ကြောင်း၊ ဆရာဝန်က စိတ်လှုပ်ရှားစရာ၊ ဒေါသဖြစ်စရာတို့ အဖြစ်မခံပါနှင့်ဟု တားသွားခြင်းက တစ်ကြောင်းကြောင့် ကေသီတာတို့ အောက်သို့အသာဆင်းခဲ့ရသည်။ အောက်တွင် ရီလေးက ကြာဇံချက်ထဲထည့်ရမယ့် အသီးအရွက်များကို ဆေးနေသည်။ မောင်က ကြက်သားကိုင်နေသည်။

'ရီလေး… မောင့်ကို ဓားကမ်းလိုက်စမ်း၊ အဲဒါတွေဆေးပြီးရင် ကြာဇံကို ရေနွေးဖျောထားပေး။ ကြာဇံနူးခါနီးတော့မှ ကြွက်နားရွက်ကလေးတွေကိုထည့် ကြားလား!'

'ဟုတ်ကဲ့ မမလေး'

'ပြီးရင် ရှောက်သီးစိတ်ကလေးတွေ စိတ်ပြီး ပန်းကန်နှစ်ခုထဲ ခွဲထည့် ဟုတ်လား'

ကေသီတာနှင့် ပိုလည်း လိုအပ်တာတွေကို ဝိုင်းလုပ်ကြသည်။ မိုးယံ အစ်မဖြစ်သူ ဆွေဆွေဦးနှင့် ညီမဖြစ်သူ မာလာမင်းတို့ကလည်း မျက်နှာ ရှေ့တွင် တွေ့သမျှကို အဆင်ပြေသလို လုပ်ကြသည်။

ဆွေဆွေဦးက စကားများသလောက် ညီမဖြစ်သူ မာလာမင်းက စကား အတော်နည်းသည်ကို တွေ့ရသည်။

'ပို ပြောတော့ မူယာမောင်တို့က အရင်က ငါးဖမ်းစက်လှေရှိတယ်ဆို ဟုတ်လား'

'ဖေဖေရှိတုန်းကပါ၊ အခုတော့ ရောင်းပစ်လိုက်ပါပြီ'

'ငါးဖမ်းလုပ်ငန်းလိုင်စင်ရော ရှိသေးလား!'

'ကျွန်မတို့က လုပ်ငန်းရော လှေနှစ်စင်းပါ တစ်ခါတည်း ရောင်းပစ်လိုက်တာပါ'

'ဟယ်… ဟုတ်လား၊ ဘယ်လောက်ရလဲဟင်!'

ဆွေဆွေဦး အမေးကြောင့် မောင် နည်းနည်းမျက်နှာပျက်သွားသော်





လည်း ဆွေဆွေဦးကို မကြည့်ဘဲ ပုံမှန်လေရအောင် ထိန်း၍ပြောသည်။

'အဲဒီတုန်းက ဈေးပါပဲ။ အောင်က ငယ်တော့ သေသေချာချာမသိလိုက်ဘူး'

'ဪ… ဒါဆို အဲဒီတုန်းက လိုင်စင်ဆောင်ထားတဲ့ စာရွက်တွေ ဘာတွေ၊ နှစ်စဉ်ကြေးဆောင်တဲ့ စာရွက်တွေ ဘာတွေ ရှိသေးလား။ တစ်ရွက်နှစ်ရွက်ပေါ့'

'စာရွက်စာတမ်းတွေက မေမေကြီး သိမ်းထားတာပဲ မောင်တို့ ဘာမှ မသိဘူး'

'အဲဒါဆို မောင်တို့ မေမေကြီးကို မေးလိုက်၊ လိုင်စင်ဆောင်ထားတာ ဒါမှမဟုတ် နှစ်စဉ်ကြေးဆောင်ထားတဲ့ ပြေစာရှိရင် ကမ်းရိုးတန်း phone လျှောက်လို့ရတယ်'

'ဟာ… အစ်မကလည်း ဘာတွေ လျှောက်ပြောနေတာလဲ'

မိုးယံက အားနာသလို ဝင်ပြောသည်။

'အံမယ် ဘာဖြစ်လဲဟဲ့… ဒါ ကိုယ့်အချင်းချင်းမို့ပြောတာ ဖွင့်ပဲလေ။ ကိုယ်ငွေရှိရင် ဈေးရင်းနဲ့ကိုင်ရမယ်၊ မကိုင်ချင်လို့ရောင်းရင်လည်း ၂ဖုံး လောက် အလကား သုံးရမယ့် ကိစ္စကို…'

'မကေတို့က အဲဒါတွေ နားလည်းမလည်ဘူး၊ လိုက်လည်း မလုပ် တတ်ပါဘူး မဆွေရယ်'

'အမလေး… ဒီကကောင်မကို အဲဒီ လိုင်စင်ကြေး ဖြတ်ပိုင်းဟောင်းနဲ့ နှစ်စဉ်ကြေးဆောင်ထားတဲ့ စာရွက်သာပေးစမ်းပါ…၊ ၂ ပုံးလောက် သုံးရမည် လား အောင်ရဲ့ မဟုတ်ဘူးလား!'

ဆွေဆွေ့စကားနောက်ကို လိုက်လာသော စကားမရှိ။ မာလာမင်းက နံနံပင်သင်နေရင်းက ဆွေဆွေ့ကို တံတောင်နှင့် တွတ်သည်။

'ရီလေး ရှောက်သီးစိတ်ပြီးရင် မေမေကြီးအနား ခဏသွားနေ၊ နှိပ် မပေးနဲ့နော်၊ မေမေကြီး အိပ်နေရင် နိုးသွားဦးမယ်၊ အသာယပ်ပေးပြီး ထိုင်နေ


www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပြီလား!'

'ဟုတ်ကဲ့ မမကြီး'

'မိုးယံ ခုံကို အိမ်ရှေ့မှာမခင်းတော့ဘဲ ခြံထဲမှာပဲခင်းမယ်။ မမေကြီးကို အနှောင့်အယှက်ဖြစ်မှာစိုးလို့၊ နေဦး ခြံထဲမှာခင်းဖို့အတွက် ဖယောင်းပဆိုးကို ကေ ထုတ်ပေးမယ်'

'ရတယ် ကေ… ပန်းခြံကလေးထဲမှာပဲ ခင်းလိုက်မယ်နော်'

ထိုနေ့က ကြာဖံချက်စားကြခြင်းသည် ထင်ထားသလောက်တော့ ပျော်စရာမကောင်းချေ။ မမေကြီး နေမကောင်းတာက တစ်ကြောင်း၊ ဘယ်ဒိတ်ဒိတ်ကြဲ နာမည်ကြီး company က သားနဲ့ ဘယ်အရာရှိသမီး မင်္ဂလာဆောင်အကြောင်း…။ ပွဲစားသမီးကလေး မွေးနေ့မှာ ဒင်နာပါတီ ဘယ်လိုပေးကြောင်း၊ စိန်လက်စွပ်အကွင်းနှစ်ဆယ်ကျော် မွေးနေ့လက်ဆောင်တွေ ရကြောင်းတွေ လျှောက်ပြောနေသော ဆွေဆွေကြောင့် မိုးယံ မျက်နှာပျက်ပြီး ကေသီလည်း မပျော်ရွှင်ခဲ့။ အောင်က မောင့်ကို စကားမကျွံစေရန် မျက်ရိပ်ဖြင့် သတိပေးရင်း ပွဲကို ထိန်းကာ ဆွေဆွေ့စကားကို အလိုက်သင့် လိုက်ရသည်။

ထိုစဉ်မမေကြီးကို ရီလေးက တွဲပြီး ပန်းခြံထဲ ရောက်လာကြသဖြင့် အားလုံး ပြာသွားကြသည်။

'အေးအေးဆေးဆေး စားပါကွယ်၊ ဒီလိုစုချိန်းပြီး စားတဲ့နေ့ကျမှ မမေကြီးကြောင့် မပျော်ရတာကို ခွင့်လွှတ်ပါကွယ်'

'ဟာ… ကျွန်တော်တို့ ဘယ်လိုမှ သဘောမထားပါဘူး မမေကြီး'

'ကိုယ့်ခန္ဓာဆိုပေမယ့် ကိုယ်မှ မပိုင်တာကွယ်၊ ကိုယ်သာ ပိုင်ရင် နောက်နေ့မှဖြစ်လို့ အမိန့်ပေးမိမှာပေါ့၊ ကဲ… ရီလေး စားချင်စားတော့၊ မမကြီး'

'ရှင် မမေကြီး'

'မမေကြီးကို တွဲစမ်းကွယ်။ ပန်းခြံထဲ မမေကြီး လမ်းလျှောက်ရအောင်'





'ရီလေးပဲ တွဲပေးပါမယ်။ မမကြီးနေပါ'

'ရီလေး!'

'ရှင် မမေကြီး'

'မမေကြီးက တစ်ခွန်းဆို တစ်ခွန်းပဲ ကြိုက်တယ်ကွယ်'

'ဟုတ်ကဲ့ မမေကြီး'

ရီလေးက ခေါင်းငုံ့အရိုသေပေး၍ နောက်ဆုတ်သွားပြီး ကေသီတာက မိုးယံကို တစ်ချက်ကြည့်ပြီး မမေကြီး၏လက်မောင်းကို ကိုင်လိုက်သည်။

ထို့ကြောင့် ထိုနေ့ ကြာဖံချက်ဟင်းခါးပွဲသည် ပျော်သင့်သလောက်သာ ပျော်ခဲ့ရသည်ဟု ပြောရခြင်းဖြစ်သည်။

နောက်တစ်နေ့ အလုပ်တွင်တွေ့သောအခါ ကေသီတာက မမေကြီး နေမကောင်းခြင်းကြောင့် သူတို့ ပျော်သင့်သလောက် မပျော်ခဲ့ရခြင်းကို မိုးယံအား,အားနာသလို မိုးယံကလည်း ကြွားလွန်းသော သူ့အစ်မ ဆွေဆွေဦး ကြောင့် ကေသီတာတို့အား မျက်နှာပူကြောင်း ပြောမိကြသည်။

'ဆွေဆွေက ဒီအတိုင်းပဲ ကေရယ်… စကားပြောရင် သိပ်မထိန်းဘူး၊ မာလာမင်းက ကေ့ကို အားတွေနာလို့'

'ညီမလေးက သိပ်အေးတာပဲနော်… '

'ဟုတ်တယ် မင်းက မိုးယံတို့ မိသားစုထဲမှာ သနားစရာအကောင်းဆုံးပဲ၊ သူ လူဖြစ်တဲ့အချိန်မှာ မိုးယံတို့ စီးပွားရေးက တော်တော်ကိုကျနေပြီ သူ့မှာ ဒီအရွယ်အထိ ဆွဲကြိုးငါးမူးသားကလေးနဲ့ပဲ ကျေနပ်ခဲ့ရတာ'

'သြော်… '

'ထားပါတော့ ကေရယ်၊ ကေနဲ့တွေ့တုန်းကို စိတ်မကောင်းစရာ တွေ မတွေးချင်ပါဘူး၊ မိုးယံ ဒီနေ့ ကေ့ဆီက တောင်းစရာနှစ်ခုရှိတယ်'

'တောင်းစရာ ၂ ခု!'

'ဟုတ်တယ်၊ ကေက ပေးမှာပါ၊ ပထမတစ်ခုက ဒီနေ့ ကေနဲ့အတူ ရွှေတိဂုံဘုရားကို သွားချင်တယ်'



www.burmeseclassic.com

www.burmeseclassic.com

'ရွှေတိဂုံဘုရား... သွားလေ၊ နောက်တစ်ခုကရော...'

'နောက်တစ်ခုက ရွှေတိဂုံဘုရားကို ကော့လက်ကလေးကိုင်ပြီး လက်ျာရစ် ပူဇော်ချင်တယ်'

ကေသည် ခေါင်းကိုငုံ့၍ ပြုံးနေလေသည်။

❖





ကြာသပတေးနေ့ တစ်နေ့တွင် ကေသီတာတို့အိမ်သို့ ပိုရောက်လာသည်။ ပိုသည် ကေသီတာ အိမ်တွင်မရှိကြောင်း သိလျှက်နှင့်ပင် တမင်တကာလာခြင်းဖြစ်ပြီး သူလာရသော ကိစ္စသည်လည်း ကေသီတာမရှိမှ ကောင်းမည့်ကိစ္စဖြစ်သည့်အတွက် ဖြစ်သည်။

'ပို တမင် ကေမရှိတဲ့ အချိန်လာခဲ့တာ သူငယ်ချင်း။ သူငယ်ချင်းကို အကူအညီလေးတစ်ခု တောင်းချင်လို့'

မူယာမောင်သည် ပိုပို့ကို မျက်မှောင်ကုတ်ကြည့်ရင်း 'အကူအညီ...' ဟူ၍ သံယောင်လိုက်၍ ပြောမိသည်။

'တခြားမဟုတ်ပါဘူး သူငယ်ချင်းရယ်၊ ပစ္စည်းကလေးတစ်ခု မြင်ချင်လို့ပါ၊ ပစ္စည်းပိုင်ရှင်ကလည်း စိတ်ချရတဲ့ လူမို့ပါ'

'ဘာပစ္စည်းလဲ မိပို'

'စိန်နားကပ်တစ်ရံ မောင်... ဒီမှာ'

'မိပို ဒီလို ပစ္စည်းတွေ တို့က မဝယ်တတ်ဘူး၊ လိုချင်ရင် တို့က မမကြီးကို ပြောရတယ်၊ ပြီးတော့ မမကြီးက စိတ်ချရတဲ့ သူ့မိတ်ဆွေ စိန်ပွဲစားတွေနဲ့ပဲ ဝယ်တယ်'



www.burmeseclassic.com

www.burmeseclassic.com

'အခုလည်း ဒီပစ္စည်းကစိတ်ချရပါတယ် မောင်ရယ်...၊ မောင်သံသယဖြစ်တယ်ဆိုရင် ကြိုက်တဲ့လူနဲ့ စစ်ကြည့်ပါ၊ အကူအညီတောင်းတဲ့သဘောလည်းပါတယ် မောင်၊ ဖြစ်ပုံက ဒီနားကပ်ပိုင်ရှင်က 'ယုံကြည်အပ်နှံ' စာချုပ်နဲ့ လက်မှတ်ထိုးပြီး ငွေကိုးသိန်းတိတိယူပြီး ကိစ္စတစ်ခုကိုလုပ်တာ အဲဒီကိစ္စက အဆင်မပြေတော့ ဟိုဘက်မှာ ငွေ ၁၉သိန်းက ရှုံးနေရော၊ ဒီဘက်က သူလုပ်ထားတဲ့ ကိစ္စက နောက်ထပ် ၁၀လလောက် စောင့်ရဦးမှာ၊ ဆုံးတော့ မဆုံးဘူးပေါ့လေ၊ အခု 'ယုံကြည်အပ်နှံစာချုပ်'နဲ့ လူက ဒီသတင်းကြားလို့ ငွေပြန်တောင်းတော့ မပေးနိုင်ရင် အဖမ်းခံရတော့မလို ဖြစ်နေတာ၊ အဲဒါ တစ်ခြားလူမဟုတ်ဘူး၊ မိုးယံတို့ မမကြီး ဒေါ်ဇင်မာဝင်းပဲ၊ သူကတော့ ၂၀လောက်နဲ့ ထားချင်တာတဲ့'

ပိုပို စကားဆုံးသွားသည့်အခါ မူယာမောင်မှာ တော်တော်စဉ်းစားရကြပ်၍ သွားသည်။ သည်လောက်ငွေကြေးပမာဏက သူတို့ မိသားစုအတွက် လွယ်ကူပါသည်။ သို့သော် ယခုလို ရောင်းသောပစ္စည်းမျိုးကို သူတို့တစ်ကြိမ်မှ မဝယ်ခဲ့ဘူးချေ။ သူတို့ဝတ်ထားသော လက်ဝတ်လက်စားနှင့် ဝမ်းစာအတွက်သိမ်းထားသော လက်ဝတ်ရက်စားများကို မေမေကြီး စိတ်ကြိုက်ပွဲစားများ၊ ခင်မင်ရင်းနှီးပြီးသား ဆိုင်များတွင်သာ ဝယ်လေ့ရှိသည်။

သာမန်ဆိုလျှင် 'မဖြစ်နိုင်' ဟု ငြင်းရုံသာရှိသော်လည်း မမကြီးနှင့် ပတ်သက်သော အသိုင်းအဝိုင်းမှ ဖြစ်နေသဖြင့် ရုတ်တရက် စကားမကျွံစေရန် သတိထားလိုက်သည်။

'ဒါဆိုရင်တော့ နည်းနည်းခက်တယ် မိပို၊ မေမေကြီးကိုတော့ အသိပေးရမှာပဲ၊ မေမေကြီးရဲ့ အဆုံးအဖြတ်လိုတယ်၊ မေမေကြီးက သူကိုယ်တိုင်ဝယ်ဆင်တာကလွဲလို့...မောင်တို့ လိုချင်တဲ့ပစ္စည်းရှိရင် ပြောမှကြိုက်တယ်'

'ဒေါ်ဇင်မာဝင်းရဲ့ သဘောကလေည်း သူ့လုပ်ငန်းငွေပေါ်တဲ့အခါ ဒီပစ္စည်းကို ပြန်လိုချင်တယ်၊ သူတို့ မင်္ဂလာဦးလက်ဖွဲ့လေးမို့ တော်တော်မြတ်နိုးပုံရလို့ ဆုတ်သာတက်သာရှိတဲ့ ပိုတို့ဆီကို ရောင်းချင်တာပါ'





မောင်တစ်ချက်စဉ်းစားသည်။ အောင်ရှိလျှင်လည်း အကောင်းသား၊ အောင်ကလည်း ဒီနေ့မှ အပြင်သွားနေသည်။

'ဒါဆိုရင် ဒီလိုလုပ်ကွာ မိပို။ မင်းရှစ်နာရီလောက်မှာ အိမ်ကို Phone ဆက်၊ ကိုယ်က အဆင်ပြေတယ်ဆိုရင် ပစ္စည်းကိုယူပြီး မင်းလာခဲ့၊ ပစ္စည်းကြည့်တတ်တဲ့သူကိုလည်း ခေါ်ထားလိုက်မယ်'

'အဆင်ပြေအောင် ကူညီပေးပါ သူငယ်ချင်းရာ၊ သူတို့လည်း အဲဒီကိစ္စအတွက်နဲ့ ခေါင်းစားနေကြတယ် မောင်...ပြီးတော့ ဒီပစ္စည်းပိုင်ရှင်က မိုးယံအစ်မဆိုတော့ ကေ့ကို မပြောပါနဲ့နော်...'

'အာ...အဲဒီလိုတော့ မရဘူး၊ ပြောရလိမ့်မယ်၊ မိုးယံအစ်မက အဲဒီလိုလုပ်တယ်ဆိုတာကို မကေသိရမယ်၊ ဒီကိစ္စကို မကေ မိုးယံကို ပြန်မပြောဖို့ကတော့ စိတ်ချ'

'အေးပါကွာ...မောင့်ကို ခင်တယ်၊ အားကိုးတယ်၊ မကေကိုတော့ ယုံကြည်ပါတယ်၊ ဒေါ်ဇင်မာဝင်းကိုရော ခေါ်လာခဲ့ရဦးမလား!'

'မိပို နင်နဲ့ပဲပြီးတယ် မဟုတ်လား!'

'ပြီးတာပေါ့ဟာ'

'ဒါဆိုရင်လည်း ခေါ်မလာပါနဲ့တော့ဟာ၊ မကေနဲ့ကိစ္စ သူတို့လည်း သိထားတော့ မျက်နှာပူတယ်ဟ'

'အေး ဒါဆို ၈နာရီ Phone ဆက်မယ်နော်၊ ပြေလည်ပါစေဟာ'

'ပစ္စည်းလည်း သေချာထည့်သွားဦး'

'အေးပါဟ'

ငြိမ်းငြိမ်းပိုသည် သူရမည့်ပွဲခကိုတွက်ရင်း မောင်တို့အိမ်မှ ပြန်လာခဲ့လေသည်။

❖



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းငြိမ်းပိုက ငွေကို သေချာစေ့ငုစွာရေတွက်ပြီး ကျောပိုးအိတ်ထဲသို့ သေသေချာချာထည့်သည်ကို မေမေကြီးက ကြည့်ပြီးနောက် အောင်နှင့် မောင့်ဘက်သို့ လှည့်၍...

'အောင်နဲ့ မောင် အဖော်လိုက်သွားလိုက်...'

'ဟာ... ရပါတယ် မေမေကြီး၊ ပိုနဲ့ ပါလာတာက ပိုဦးလေးအရင်းပါ၊ အိမ်မှာပဲ အတူနေတာပါ၊ ကားကလည်း ပိုတို့အိမ်ကပိုင် TAXI ကားပါ၊ ဦးလေးက လူပိုကြီးလေ ...ဒီကားမောင်းရင်း ပိုတို့ အိမ်မှာနေတာမို့ စိတ်ချပါ'

'စိတ်ချပါ အန်တီ၊ ဒီကလေးမ ပိုတို့အိမ်ကို လာလို့ကြုံတဲ့အခါ ကျွန်တော် လိုက်ပို့နေကျပါ၊ အန်တီ မမှတ်မိလို့နေပါလိမ့်မယ်'

'အေးကွယ်၊ ကြီးတော့ မျက်စိကလည်း မွဲပြီဆိုတော့ မမှတ်မိဘူးကွဲ့'

'စိတ်ချပါ မေမေကြီးရဲ့၊ ဒါပိုဦးလေးအရင်းပါ'

'အေး... အေး ငွေကများတော့ကွယ်၊ စိတ်ပူရတာပေါ့'

'အဲဒီအတွက် ကျေးဇူးပါပဲ မေမေကြီး၊ သွားဦးမယ်နော်၊ အန်တီ သွားပြီ'





ငြိမ်းပိုက စိန်အကဲဖြတ်ပေးသော မေမေကြီး၏ ငယ်သူငယ်ချင်း ပွဲစား အန်တီကိုပါ နှုတ်ဆက်သည်။

'အေး... အေး ကောင်းပါပြီသမီးရယ်'

ငြိမ်းပိုတို့ ဆင်းသွားကြသည့်အခါ မေမေကြီးက ဒေါ်မြကြည်ကို စာအိတ်တစ်အိတ်ထုတ်၍ ပေးသည်။

'ဒါ ဘာလုပ်တာလည်း ထက်'

'ပညာရှင်ကြေးလေ ... မြရဲ့'

'မိထက် ညည်းနဲ့ ကျုပ်နဲ့က ငယ်သူငယ်ချင်းတွေလေ၊ သူငယ်ချင်း အချင်းချင်း ဒီလို လုပ်စရာလား'

'ပေးကတည်းက ပညာရှင်ကြေးလို့ ပြောပါတယ်ကွာ'

'မြ မလိုချင်ဘူး၊ အဲဒီတော့ ဒီလိုလုပ် ထက်၊ တို့ ဥပုသ်နေ့တိုင်း ဆရာတော့်ကျောင်းကို ဆွမ်းဟင်းချိုင့်ပို့တယ် မဟုတ်လား၊ အဲဒီငွေကို မြ နာမည်နဲ့ ပို့ပေး'

'သာဓုတော် သာဓု၊ ဒီလ ဟင်းကိုင် ဘယ်သူတွေလဲဟေ့'

'အောင်နဲ့ ရီလေးပါ မေမေကြီး'

'အေး... ဒါဆို အလှူငွေ သူတို့ကိုပေးထားလိုက်'

စကားဆုံးသည်နှင့် မေမေကြီးသည် ပစ္စည်းကို ဗူးကလေးထဲက ထုတ်၍ ကြည့်သည်။

'မိထက်... ဒီပစ္စည်းက အရည်တော်တော့်ကို လက်တယ်၊ ပစ္စည်း ကောင်းလေးပဲ၊ သူတို့ တော်တော်ဗိုက်နာလို့ ထုတ်တာဖြစ်လိမ့်မယ်၊ စောင့် ရောင်းရင် အနည်းဆုံး ၂၅ လောက်တောင်ရနိုင်တယ် မိထက်၊ ဒါကြောင့် ယူစေချင်တာ'

မေမေကြီးက ကျေနပ်သောအပြုံးနှင့် ခေါင်းကို တစ်ချက်ညိတ်သည်။ ပြီးတော့ မေမေကြီးသည် မျက်ဝန်းက ပြုံး၍ မျက်ရည်ဝဲလာသည်။

'ခင်ရီလွင်၊ သမီး... ရီလေး'



www.burmeseclassic.com

www.burmeseclassic.com

ရုတ်တရက် မေမေကြီးခေါ်သံက ငိုသံပါနေသဖြင့် အားလုံး ထိတ်လန့်သွားကြသည်။ ရီလေးလည်း ကြောင်၍နေသည်။

'လာ... မေမေကြီးအနားကို လာဦး'

ရီလေး မေမေကြီးကို ငေး၍ ကြောင်နေသည်။

'ရီလေး... သွားလိုက်လေ၊ မေမေကြီး ခေါ်နေတာကို'

အောင်က ခပ်ဆတ်ဆတ်လေးပြောတော့မှ ရီလေး မေမေကြီး အနားသို့ သွားရပ်တော့ မေမေကြီးက လက်ကိုဆွဲ၍ နံဘေးတွင် ထိုင်ခိုင်းသည်။ ပြီးတော့မှ

'ရီလေးရဲ့ ကျောက်နားကပ်ကလေးကို ချွတ်လိုက်စမ်း ရီလေး'

'ရှင်...'

မေမေကြီးက ဘာတစ်ခွန်းမှ ဆက်မပြောတော့။ ကြည့်နေကြသူအားလုံးကတော့ ဘာဆိုတာကို သိလိုက်ကြပြီဖြစ်သည်။

ရီလေးချွတ်ပေးသော ကျောက်နားကပ်ကလေးကို မေမေကြီးက ခုံပေါ်သို့တင်ပြီး သူ့လက်ထဲက စိန်နားကပ်ကို ရီလေးအား ပေးသည်။

'ရော့... ဒါ ဝတ်လိုက်သမီး'

'မေမေကြီး... ဒီလောက်တန်ဖိုးကြီးတာကို ရီလေး မယူပါရစေနဲ့'

'မေမေကြီး...စကားနှစ်ခွန်း မပြောချင်ဘူးကွယ်'

ရီလေး ဘာမှ မတတ်နိုင်တော့ဘဲ စိန်နားကပ်ကို ပန်ရာ လက်တွေတုန်နေသဖြင့် ပန်၍ မရ။ ကေသီတာက ဝင်ပန်ပေးရသည်။ စိန်နားကပ်ကို ပန်ပြီးသွားသော ရီလေးကို မေမေကြီးက မျက်ရည်များဝဲလျက် နှုတ်ခမ်းကပြုံးလျက် ငေး၍ကြည့်ရင်း...

'မေမေကြီးကို ကိုယ့်မိခင်တစ်ယောက်လို၊ အောင်နဲ့မောင်နဲ့ ကေသီတာတို့ကို ကိုယ့်အစ်မတွေလို ပြုစုခဲ့၊ ကူညီခဲ့၊ ချစ်ခဲ့၊ သံယောဇဉ်ထားခဲ့၊ အနစ်နာခံခဲ့တဲ့ နှလုံးသားလှတဲ့ ရီလေးကို မေမေကြီးက ဂုဏ်ပြုတယ်၊ ကဲ သမီးတို့ ကျေနပ်ကြရဲ့လား'





'ကျေနပ်ပါတယ် မေမေကြီး၊ ဟေး... ရီလေးကွ'

ကေ၊ အောင်နှင့်မောင်တို့က လက်ခုပ် တဖြောင်းဖြောင်းတီးပြီး ကျေနပ်ကြောင်းကို ပြသလိုက်သည်။

ထိုအခါ ရီလေးသည် မေမေကြီးကို ဖက်၍ ငိုလေသည်။

ဒေါ်မြကြည်က ခေါင်းကိုညိတ်၍ ပီတိ အပြုံးကို ပြုံးသည်။ ပြီးတော့

'မိထက်ရေ...ငါ မင်းကိုလည်း ချီးကျူးပါတယ်၊ အားလည်း ကျပါရဲ့၊ ငါ့အိမ်က သားတွေနဲ့တော့များ တစ်ခြားစီပါလားကွယ်'

ဒေါ်ထက်မေအောင်သည် ကြည်လင်ငြိမ်းချမ်းစွာပြုံး၍ သူ့သမီးများအား ပီတိလွှမ်းသောမျက်ဝန်းများဖြင့် ကြည့်ပြီးလျှင် 'ဒီလို ဖြစ်လာဖို့ဆိုတာ ငယ်စဉ်ကတည်းက စီမံကိန်းနှင့် ပြုစုပျိုးထောင်ရတာ မြရ... အခုတော့ ငါ သေမယ်ဆိုရင်လည်း စိတ်ချလက်ချသေလို့ရပါပြီ...'ဟု ဝမ်းသာအားရ ဆိုလေသည်။

ဒေါ်မြကြည်ပြန်ပြီးနောက် ဒေါ်ထက်မေအောင် အိပ်ရာသို့ဝင်လျှင် ညီအစ်မတစ်တွေ ခဏ စကားပြောပြီးနောက် အသီးသီး အိပ်ရာဝင်ကြသည်။ အိပ်ရာထဲသို့ ရောက်သော်လည်း ရီလေးမှာ အိပ်၍မရ။ ငုတ်တုတ်ထိုင်ပြီး ကျောက်နားကပ်ကိုချွတ်၊ စိန်နားကပ်ကိုပန်ပြီး ကြည့်နေကျ မှန်အဝိုင်းကလေးဖြင့် ကြည့်သည်။ တစ်ခါ စိန်နားကပ်ကို ပြန်ချွတ်၍ ကျောက်နားကပ်ကိုပြန်ဝတ်ပြန်၏။ ပြီးတော့ ကုတင်ပေါ် ပြန်မလှဲမီ စိန်နားကပ်ကို သေသေချာချာကြည့်၍ ဘူးထဲ ပြန်ထည့်ပြီး ခေါင်းအုံးအောက်တွင် ထည့်။ ကျောက်နားကပ်ကို ပြန်ပန်၍ ပြန်လှဲသည်။

ခဏကြာလျှင် စိန်နားကပ်ဘူးကို ခေါင်းအုံးအောက်သို့ လက်လျှို၍ စမ်းကြည့်ပြီး တစ်ဖန်ထုတ်။ ကျောက်နားကပ်ချွတ်၊ စိန်နားကပ်ပန်၊ မှန်ကြည့်...။ ခေါင်းကလေးမော့ကြည့်။ ခါကြည့်။ ငုံ့ကြည့်။ ကျောက်နားကပ်ပြန်ပန်။ စိန်နားကပ် လက်ထဲထည့်ကြည့်။ ဘူးကလေးထဲထည့်။ ခေါင်းအုံးအောက်ပြန်လှဲ ...။


www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ကြိမ်ခေါင်းအုံးအောက်မှ ...... ။

ချောင်းကြည့်နေကြသော ကေသီ၊ အောင်နှင့်မောင်တို့ ဗိုက်ကိုနှိပ်၍ တခွီးခွီးနှင့် ရယ်ကြသည်။ နောက်ဆုံးတော့ ရီလေးနှင့် အခန်းချင်းကပ်လျှက်ရှိသော မောင်က မနေနိုင်တော့ ... ကေသီတို့ကို တစ်စုံတစ်ခု တိုင်ပင်သည်။

'ဒေါက်... ဒေါက်... ဒေါက်'

တံခါးခေါက်သံကြောင့် ရီလေး လန့်သွားသည်။ နားတွင် ပန်ထားသော စိန်နားကပ်ကို အရင်ကမန်းကတမ်းချွတ်ရသည်။ မေမေကြီးက ပွဲလမ်း၊ သွားစရာလာစရာရှိမှသာ ဝတ်ရမည်ဟု အလုံးရှေ့မှာ ပြောထားသည် မဟုတ်လား။ အလျှင်စလို ချွတ်ရသဖြင့် စိန်နားကပ်က ရုတ်တရက် ချွတ်၍မရ။

'ဒေါက် ... ဒေါက် ... ဒေါက်'

တံခါးခေါက်သံက ပိုပြင်းထန်လာလေ... ရီလေးမှ ချွတ်၍ မရလေဖြစ်ပြီး အခန်းထဲမှ ချောင်းကြည့်နေကြသော ကေသီနှင့် အောင်တို့မှာ ဗိုက်ကို နှိပ်၍ ပါးစပ်များကို ပိတ်၍ ရယ်ကြရလေသည်။

'ဒေါက်... ဒေါက်'

'လာပြီ ... လာပါပြီ'

ရီလေးက ချွတ်၍ရသွားသော စိန်နားကပ်၊ ဘူးနှင့် ကျောက်နားကပ်ကိုပါ ခေါင်းအုံးအောက်သို့ ထိုးထည့်ပြီး အပြေးဖွင့်တော့ ရယ်ချင်စိတ်ကို ဖိနှိပ်မြိုသိပ်ရင်း ခပ်တည်တည်လုပ်ထားရသော မောင့်ကို တွေ့ရသည်။

'မငယ်! ဘာလိုချင်လို့လဲဟင်'

'ဘာမှ မလိုချင်ဘူး၊ ရီလေးကို ဆေးလာပေးတာ'

'ဆေး!'

'ဟုတ်တယ်။ ရီလေး ညအိပ်မပျော်မှာစိုးလို့... ရော့ အိပ်ဆေး'

ယောင်ယမ်းပြီး ရီလေး လှမ်းယူတော့ မောင်က လျှာပွတ်ဆေးတွေ ထည့်ပေးလိုက်သည်။ ရီလေး ကြောင်နေတုန်း တစ်ဖက်အခန်းမှ ရယ်သံတွေ ထွက်လာသည်။ ရီလေး သဘောပေါက်သွားပြီး မောင့်ကို လိုက်ရိုက်သည်။

မောင်က အခန်းထဲ ဝင်ပြေးသည်။ အခန်းထဲမှာ ဗိုက်ကို နှိပ်၍ ရယ်နေကြသော ကေသီတာနှင့် အောင်တို့ကို တွေ့ရတော့ ရီလေးသည် ရယ်နေသူတွေ အားလုံးကို လိုက်ရိုက်သဖြင့် ညီအစ်မလေးယောက် ဆူညံစွာ အော်ဟစ်နေကြလေသည်။

ထိုအသံများကို အိပ်ခန်းထဲမှကြားနေရသော မေမေကြီးသည် တစ်ယောက်တည်း ကျေနပ်စွာ ပြုံး၍နေလေသည်။

❖





www.burmeseclassic.com

www.burmeseclassic.com

ထို့နေ့သည် 'သင်္ကေတ' ရုပါမားကတ်ကြီးထဲတွင်ရှိသော ဝန်ထမ်းများအားလုံး ပျော်ရွှင်သောနေ့ ဖြစ်သည်။

နှစ်သစ်သကြံန်တွင်း ပိတ်ရက်ရှည်မစခင် နောက်ဆုံးနေ့ကို နေ့ဝက်သာဆိုင်ဖွင့်ပြီး ကျန်သည့်နေ့ဝက်ကို ဝန်ထမ်းအချင်းချင်း သင်္ကြန်အကြို ရေပက်ကြခြင်း၊ ဘူဖေး(လ်) ကျွေးခြင်းတို့အပြင် ဝန်ထမ်းများအားလုံးကို အလုပ်ဆင်းရက်ပြည့်ဆု၊ အနေ ်းရဆုံး ထူးချွန်ဆု၊ အမှားအနည်းဆုံးဆုနှင့် ဘာဝန်ကျေဝန်ထမ်းဆုတို့ ပေးပြီးနောက်၊ အပိုဆုကြေးငွေများကိုပေးပြီး ဝန်ထမ်းများထဲမှ ရှယ်ယာဝင် သူဌေးများကသဘောကျသော ဝန်ထမ်းများကိုလည်း ရာထူးတိုးပေးတတ်သည်။

ရာထူးတိုးသူတစ်ဦးကို ကြေညာလိုက်တိုင်း ခင်မင်သူဝန်ထမ်းများက ထိုသူကို ဂုဏ်ပြု သင်္ကြန်အကြို ရေပြေးလောင်းကြသည်။ မှတ်တမ်းတင် (VDO) ကလည်း ရိုက်လျက်ရှိသည်။ အော်စကာဆုပေးပွဲနှင့် တော်တော်တူပါသည်။

'အခု ကြေငြာမယ့် ရာထူးကတော့ မန်နေဂျာချုပ် ဦးခန့်မင်းရဲ့ ကိုယ်ရေးအရာရှိ (Personal assistant) ရာထူးပါခင်ဗျာ'





ဆူညံနေသူများ ခေတ္တတိတ်သွားကြ၏။

'ဟုတ်ကဲ့ အဲဒီရာထူးကိုတော့ ...'

ကြေညာသူက ရာထူးရသူကို မကြေညာသေးဘဲ ဝန်ထမ်းတွေကို လျှောက်ကြည့်နေသဖြင့် တော်တော်အူယားကြသည်။ ထိုရာထူးကို ရသူသည် မန်နေဂျာချုပ်နှင့် နေ့စဉ် အတူနေ အတူတွေ့ ခင်မင်ရင်းနှီးနေသဖြင့် သူက လူတိုင်းကို အကူအညီပေးနိုင်သလို ဒုက္ခလည်းပေးနိုင်သဖြင့် လူတိုင်းလိုချင်သော ရာထူးတစ်ခုလည်းဖြစ်သည်။

'ဟုတ်ကဲ့ ... အဲဒီရာထူးကိုတော့ ... ဌာနစိတ် ... လေးက မ... ကေသီတာက ရသွားပါတယ်ခင်ဗျား'

'ဟေး ...'

ခင်မင်သူတွေ ပြေးလာကာ ကေ့ကို ရေလောင်းကြသည်။ ငြိမ်းမိုက နံဘေးမှာ ရှိသဖြင့် ရေ့ဆုံးကဖြစ်သည်။

ထိုသို့ ရေလောင်းသူတွေထဲမှာ မိုးယံစိုး မပါ။ ဘာကြောင့်လဲဆိုတာကေလည်း မသိ။ ခင်မင်သူတွေက ဂုဏ်ပြုနှုတ်ဆက်၊ အခုမှ ဖားချင်သူတွေကလည်း မိတ်ဆက်။ နှုတ်ဆက်နေသဖြင့် ကေသည် အကယ်ဒမီရသော မင်းသမီးတစ်ယောက်လိုဖြစ်၍နေသည်။ အချို့ကလည်း စပ်ဖြဲဖြဲနှင့် နှာခေါင်းရှုံ့ကြပြီး တစ်ချို့ကလည်း ပြုံးတုံ့တုံ့ဖြင့် ခေါင်းကို ညိတ်ကြလေသည်။

ထို့နောက် ရာထူးတိုးများကို ဆက်ကြေညာရင်း 'Market'ကြီးအတွက် အဝယ်တော်များ စာရင်းကို ကြေညာရာတွင်

'ဦးမိုးယံကို စားသောက်ကုန် ပစ္စည်းများနှင့် စတေရှင်နယ်ရီ(စာရေးကရိယာများ) အဝယ်တော်အဖြစ် ခန့်အပ်ပါတယ်ခင်ဗျား'

မိုးယံစိုးမှာ ခင်မင်သူများသည့်အတွက် တစ်ယောက်တစ်ချက်ပက်သော ရေသန့်ဘူးများအောက်မှ ရုန်းမထွက်နိုင်။ ထိုရာထူးမှာလည်း outside အတော်ရှိသော ရာထူးဖြစ်သည့်အတွက် လူတိုင်းလိုချင်ကြသော နေရာတစ်နေရာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်...အများသူငါ တပ်မက်ကြသော ရာထူးကိုရသော ချစ်သူနှစ်ယောက် ပျော်ရွှင်နိုင်ကြသလားဆိုတော့ မပျော်ရွှင်နိုင်ကြပါ။

ကေက ထိုနေ့က ရာထူးအတွက်အသုံးလိုသော Hand phone အသစ်တစ်လုံးနှင့် ခရက်တစ်ကဒ်ကို ရရှိသည်။

'မိုးယံကို တမင်အပြင်လွှတ်ပြီး ကော့ကို သူ့အနားကို ခွဲခေါ်ထားတာကို လုံးဝ မရိုးသားဘူးလို့ မိုးယံထင်တယ်'

'မိုးယံပြောတဲ့စကားက နေရင်းထိုင်ရင်း ကော့သိက္ခာကို စော်ကားသလိုဖြစ်နေတယ်မိုးယံ'

ကိုယ့်ကျင့်သိက္ခာနှင့် ပတ်သက်လာလျှင် တစ်ချက်မှ အထိပါးမခံနိုင်သော ကေက မိုးယံကို ခပ်ဆတ်ဆတ် တုန့်ပြန်သည်။

'ဒီလူကြီးတွေအကြောင်းကို ကော့ထက် မိုးယံက ပိုသိတယ်၊ ဒါဟာ ထောင်ချောက်တစ်ခုပဲ၊ မရိုးသားမှုတစ်ခုပဲ၊ မိုးယံ ဒီငနဲကြီးတွေကို မယုံဘူး၊ ကော့ကို စိတ်မချဘူး'

'မိုးယံ...အခု ပြောလိုက်တဲ့ စကားကို ပြန်ရုတ်သိမ်းလိုက်ပါ၊ ကေဟာ ဣန္ဒြေနဲ့သိက္ခာကို တစ်စက်မှအထိမခံတဲ့ မိန်းကလေးဆိုတာ မိုးယံအသိပါ၊ သူတို့ပေးတဲ့ Phone ဆိုတာ ကေ ဒီနေ့လိုချင် ဒီနေ့ဝယ်လို့ရတဲ့ပစ္စည်းပါ၊ စိတ်ချ မိုးယံ သူတို့ မရိုးသားဘူးလို့ထင်တာနဲ့ ချက်ချင်းထွက်ပစ်လိုက်မယ်၊ ကေက ဘာရာထူးကိုမှ ဣန္ဒြေသိက္ခာနဲ့ မလဲဘူး'

'သူတို့မှာ ထောင်ချောက်တွေ ရှိတယ် ကေ'

'အလုပ်တောင် မလုပ်ရသေးဘူး ကော့ ဣန္ဒြေနဲ့သိက္ခာကို မယုံကြည်တဲ့ ချစ်သူမျိုးကိုရတာတော့ ဝမ်းနည်းလို့မဆုံးဘူး'

'မယုံကြည်တာ မဟုတ်ပါဘူး၊ စိုးရိမ်တာပါ'

'တော်ပြီ မိုးယံ၊ ဒီစကားကို ဒီမှာပဲ ရပ်လိုက်ကြစို့'

❖





'အဲဒီရာထူးတိုးတာရဲ့ အကျိုးဆက်ကတော့ ...သူက ကော့ကို စေ့စပ်ခွင့်တောင်းတာပဲ၊ သူလည်း ဒီအလုပ်က ထွက်မယ်၊ ကော့ကိုလည်း ထွက်၊ ကေနဲ့ သူ စေ့စပ်ပြီးရင် သူ နိုင်ငံခြားကိုသွားမယ်တဲ့၊ သူ ဟိုမှာငွေရပြီးပြန်လာရင် လက်ထပ်မယ်ဆိုပါတော့၊ သူက ခုမှတရားဝင်ပြောလို့ အောင်တို့ကို တိုင်ပင်တာ'

ကော့စကားကို အောင်၊ မောင်နှင့် ရီလေးတို့က စိတ်ဝင်စားစွာနားထောင်နေကြသည်။ အောင်က...

'နိုင်ငံခြားမှာ အလုပ်သွားလုပ်တယ်ဆိုတာက ကိုယ်ဖြစ်ချင်တဲ့သူနဲ့ဟိုကိုရောက်တဲ့အခါ ဖြစ်တာနဲ့တစ်ထပ်တည်းကျတဲ့သူ နည်းတယ်နော်၊ အဲဒီအလုပ်က သေချာတဲ့အလုပ်မဟုတ်ဘူး'

'ဟုတ်တယ်၊ ကဲ ...နေစမ်းပါဦး၊ အခု ကော့ မန်နေဂျာချုပ်ကရော ကော့ကို သူပြောသလို ကိစ္စမျိုးရှိလား'

'အင်း အချိန် ၂လကြာတဲ့အထိတော့ သူလည်း သူ့အလုပ် သူ့သိက္ခာနဲ့ပါပဲ၊ မိုးယံလာကြိုတာကိုလည်း ခွင့်ပြုနေတာပဲ၊ ပေးထားတဲ့ Phone



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း လုပ်ငန်းအတွက်ကလွဲလို့ ကိုယ်ရေးကိုယ်တာ တစ်ခါမှ သူတို့ဘက်က အသုံးမပြုဖူးဘူး၊ ကေက အိမ်ရောက်လို့ ၅း၃၀ မှာ Phone ပိတ်ခွင့်တောင်းတာကိုလည်း ခွင့်ပြုကြတယ်၊ အဲဒါတွေကိုလည်း သူ့ကို ပြောပြထားပြီးသားပဲ'

အောင်နှင့်မောင် သက်ပြင်းကို ချသည်။

'မိုးယံ နည်းနည်း အချစ်လွန်နေပုံရတယ်၊ အေးဆေးရှင်းမှ ရလိမ့်မယ်ထင်တယ် မမကြီး'

'သူ အချစ်လွန်တာက ကိုယ့်သိက္ခာကို ထိနိုက်သလို ဖြစ်နေတယ်'

'မဟုတ်သေးဘူး မမကြီး၊ သူ နိုင်ငံခြားကို သွားချင်သွားပေါ့၊ ဒီမှာ စေ့စပ်ထားလိုက်၊ မမကြီးရဲ့ လူကြီးတွေကိုလည်း ဖိတ်၊ company က သူငယ်ချင်း သုံးလေးယောက်လောက်ကိုလည်း ဖိတ်လေ၊ ဒါဆို သူနိုင်ငံခြားကို စိတ်ချလက်ချသွားလို့ရပြီပဲ၊ မမကြီးကလည်း ရတဲ့လစာကိုစုပေါ့၊ သူလည်းစု၊ အများဆုံးစောင့်ရ နှစ်နှစ်ပေါ့၊ အဲဒါ မကောင်းဘူးလား'

မောင်နှမတွေ အားလုံး ရီလေးကို ကြည့်လိုက်သည်။

သူတို့ တိုင်ပင်ကြတိုင်း ရီလေးကို မိန်းကလေး ဘာသာဘာဝအရသာ ဝင်နှားထောင်ခွင့်ပေးထားသည်။ ရီလေးက ထောက်ခံလျှင် ထောက်ခံ၊ ကန့်ကွက်လျှင် ကန့်ကွက်။ ဒီလောက်သာ ရှိသည်။ အခုတော့ ရီလေးပေးသည့် အကြံက ကေသီတာ့အတွက် အဆင်ပြေနေသည်။

'အံမယ် ဒေါ်ခင်ရီလွင် ... ရှင်က ဒါတွေ ဘာတွေတောင် တွေးတတ်နေပြီပေါ့ ဟုတ်လား'

'ရီလေးက အမြဲတမ်း နားထောင်နေကျဆိုတော့ ဓာတ်လမ်းကို သိနေလို့ပါ၊ မမကြီးက အလုပ်လည်း ထွက်ရဦးမယ်၊ စေ့လည်း စေ့စပ်ရဦးမယ်ဆိုတော့ နာတာပေါ့၊ ဂုဏ်သိက္ခာအရလည်း နာတယ်၊ အချိန်နဲ့ ငွေအတွက်လည်း နာတယ်၊ ဒါကြောင့် ပြောမိတာပါ'

'အေးကွာ... ရီလေးပြောတာက မှန်နေတယ်၊ မင်း အဲဒီအတိုင်းမေးကြည့်





လိုက်ကွာ၊ လူကြီးစုံရာနဲ့ စေ့စပ်ပြီးတာကိုမှ စိတ်မချဘူးဆိုရင်တော့ မကေ...'

'တော်ပြီမောင်... အဲဒီကျရင် မကေ ဘာပြောရမယ်ဆိုတာ မကေသိတယ်၊ အခု မကေဘက်က လိုက်လျောနိုင်တာ သူ့ကို ပြောပြမယ်လေ၊ ညီကြတာပေါ့'

သူတို့ ညပိုင်း အစည်းအဝေးကလေး ပြီးသွားသဖြင့် ကေ့အခန်းမှာ ကေတစ်ယောက်တည်း ကျန်ခဲ့သည်။

အမှန်တော့ ကေသည် စေ့စပ်တာတွေ ဘာတွေ မလုပ်ချင်ဘဲ တစ်ခါတည်းလက်ထပ်လိုက်ချင်တာ ဖြစ်သည်။ သို့သော် ... မေမေကြီး ကျန်းမာရေးက အခုကောင်းချင်ကောင်းပြီး တော်ကြာ လဲချင်လဲနေတတ်သည်။ သွေးတိုးအတက်အကျက မမှန်၊ ဒီလိုအချိန်မျိုးမှာ သူမက ကိုယ့်အတွက်ကိုယ် ရှေ့တန်းမတင်သင့်ဟု နားလည်သည်။

ညီအစ်မတွေကလည်း လက်ထပ်ဖို့ထက် စေ့စပ်ထားဖို့လောက်ကိုသာ အလေးပေးကြသည်။ အချိန်ဆွဲနိုင်သမျှဆွဲ၍ မရလျှင် စေ့စပ်ကြရန်ဖြစ်သည်။

မနက်ဖြန် ညှိနှိုင်းပွဲတွင် ဘယ်လို အဖြေမျိုးရောက်ပြီး ဘာစကားတွေ ထပ်ပြောရဦးမယ်ဆိုတာ ကေ မသိပါ။

'အချစ်'သည် အချစ်၏ ကြည်နူးမှုထက်၊ အချစ်ကြောင့်ဖြစ်သော အကျိုးနှင့်အကြောင်းကို အခြေအနေနှင့် လိုက်လျောညီထွေအောင် လိုက်ညှိနေရသော ဖြစ်စဉ်တစ်ခုဟုသာ ကေသီတာ သဘောပေါက်လာသည်။

'အချစ်'ဆိုတာကို မရခင်တုန်းကတော့ ရလျှင် ငြိမ်းချမ်းလိမ့်မည်ဟု ကေသီတာ ထင်ခဲ့သည်။ ရခဲ့သည့်အခါတွင် စိတ်လွတ်ကိုယ်လွတ် ငြိမ်းချမ်းရသည့် အချိန်ကနည်းပြီး၊ အကျိုးအကြောင်းနှင့် အချစ်ကို မထိခိုက်အောင် တိုက်ခိုက်နေ့ရသည့် အချိန်ကာသာများသည်ဟု ကေကောင်းကောင်း နားလည်သွားပြီ ဖြစ်လေသည်။

❖



www.burmeseclassic.com

www.burmeseclassic.com



မိုးယံစိုးသည် ...ချစ်သူ ကေသီတာ ပြောသမျှကို နားလည်ပါသည်။ ကေသီတာ၏ အစီအစဉ်သည် ငြင်းပယ်ဖို့ခက်လောက်အောင်ပင် ပြည့်စုံနေသည်။ သို့သော် ထိုအစီအစဉ်ကို ဆောင်ရွက်လျှင် သူ နိုင်ငံခြားသို့ သွားဖို့ကိစ္စနှင့် စေ့စပ်ပွဲကပါ ပါလာပြီဖြစ်သည်။

ဤတွင် မိုးယံစိုး၏ အခက်အခဲမှာ ငွေဖြစ်သည်။

စေ့စပ်ပွဲအတွက်နှင့် နိုင်ငံခြားသို့ ပို့ပေးသူကို ပေးရန် ငွေ သူ့ဆီမှာ မရှိပါ။ သူ သွားရေးလာရေး၊ ဝတ်ရေးစားရေးအတွက် အစ်မဖြစ်သူ မဖင် (ဒေါ်ဖင်မာဝင်း) ကနှစ်လများစွာ ကူညီနိုင်ခဲ့သော်လည်း ဒီလို တစ်လုံးတစ်ခဲတည်းကုန်ကျငွေကို ထုတ်ပေးနိုင်လောက်သော အင်အားမရှိပါ။

စေ့စပ်ပွဲအတွက်လက်စွပ်ကလေး တစ်ယောက်တစ်ကွင်းစီလဲဖို့ကတော့ သူ့လခဖြင့် လက်စွပ်တစ်ကွင်း ရနိုင်ပါသည်။ ကျေးဖို့မွေးဖို့နေရာ၊ ... အစရှိ ကုန်ရန်ငွေ သူ့မှာ မရှိပါ။ သူသွားချင်သည့်တောင်ကိုရီးယားသို့ ပို့ပေးမည့် company က ဒီနိုင်ငံမှအတွက် သိန်းငါးဆယ်၊ ဟိုရောက်အလုပ်ရပြီး ၂လ၊ သိန်း ၃၀ဖြစ်သည်။





ထို့ကြောင့် မိုးယံစိုးမှာ ရှေ့ကို မာန်နှင့်တက်ချင်သော်လည်း အားကမသန်ချေ။ ထိုအကြောင်းကို မိုးယံစိုးသည် တစ်ကိုယ်တည်းကြိတ်၍ ဖြေရှင်းကြည့်သော်လည်း သူ့မိသားစုက မကူညီနိုင်။ သူငယ်ချင်းအပေါင်းအသင်းက နားလည်ပေးနိုင်ကြသည်။ သို့သော် မကယ်တင်နိုင်။

နောက်ဆုံးတော့ ချစ်သူကိုသာ ပြောရတော့သည်။

ချစ်သူကလည်း သူကိုယ်တိုင် မဆုံးဖြတ်နိုင်။ သူ့မိသားစုနှင့် သူ့မိခင်ကို တိုင်ပင်ရဦးမည်ဟူသော စကားသာ ပထမရ၏။

'ပိုပို ပြောပုံအရဆိုရင်တော့ သူတို့မိသားစုက တော်တော်ချမ်းသာပုံပေါ်တယ် မိုးယံ၊ သူတို့မှာ ယောကျ်ားသားမရှိလို့သာ စားစရိတ်တွေလုံလောက်တဲ့ ငါးခြောက်ဆိုင်ကြီးတစ်ဆိုင်နဲ့ ငြိမ်နေရတာ၊ နင် လိမ်လိမ်မာမာနဲ့ နေတတ်ထိုင်တတ်ရင် အဲဒါ နင့်အတွက်ချည်းပဲ'

ဒါက သူ့အစ်မလေး ဆွေဆွေဦး၏ စကားဖြစ်သည်။

'ကောင်မလေးကတော့ နင့်ကို တော်တော်ချစ်ပုံပဲ ငမိုး၊ ငါ နင့်တို့ တစ်သက်လုံး ကြည့်လာခဲ့ရတာ နင်အဆင်ပြေရင် ငါတို့ကို တစ်လှည့်တော့ ပြန်ကြည့်ဦးပေါ့ဟာ၊ ငါလည်း အခု စုန်းစုန်းမြုပ်နေပြီ၊ နင့်ဆီကပဲ မျှော်လင့်ချက်ရှိတော့တာ'

ဒါက သူ့ကို တစ်လျှောက်လုံး အထည်ကြီးပျက်မှန်း မသိရအောင် ရှေ့တွင်တစ်မျိုး၊ ကွယ်ရာမှာတစ်ဖုံ စောင့်ရှောက်ခဲ့သော အစ်မအကြီးဆုံး ဒေါ်ဖင်မာဝင်း၏ စကားဖြစ်သည်။

သူတို့ အိမ်၏ စီးပွားရေး အခြေအနေကို သူ သိပါသည်။ အခုလက်ရှိနေနေသည့် တိုက်နှင့်ခြံကလည်း ဘဏ်ကို ပေါင်ထားနှင့်ပြီးပြီ။ ဒီအပူတွေကိုတော့ ချစ်သူ မသိစေချင်ပါ။ သူ့အစ်မတွေကတော့ ပတ်ဝန်းကျင်ရောထိတွေ့ဆက်ဆံသူတွေပါ မရိပ်မိရအောင် ဟန်နှင့်မာန်ကို မွေးထားကြသူဖြစ်သည်။ သူတို့ကို သူတို့ နေနိုင်စားနိုင်ဟူ၍ မာန်တင်းနေတုန်းပင်ရှိသည်။

မိုးယံစိုးအနေဖြင့် ကေသီတာ့ကို လက်ထပ်လိုက်လျှင် သူတို့ဘက်က



www.burmeseclassic.com

www.burmeseclassic.com



အပူတစ်ခုတော့ လျော့သွားမည်။ သူတို့ ကျဆင်းနေသောစီးပွားရေးကို မိုးယံစိုးက ကေသီတာ၏အကူအညီဖြင့် ပြန်ရနိုင်ဦးမည်ဟူသော မျှော်လင့်ချက်ကြီးတစ်ခုကို မာလာမင်းဆိုသော ညီမလေးမှလွဲ၍ အစ်မအကြီးဆုံးနှင့် သူ့ခင်ပွန်း၊ အစ်မလတ်နှင့် သူ့ခင်ပွန်းတို့က ကြီးကျယ်စွာထားနေကြသည်။

ထို့ကြောင့် မိုးယံစိုးက ကေသီတာအပေါ်မှာ အချစ်နှင့်ဘဝအတွက် မျှော်လင့်ချက် ၂ခုစလုံးကို ခိုင်မာစွာ ထားခဲ့ကြခြင်းဖြစ်ပြီး ...စေ့စပ်ရေးနှင့် နိုင်ငံခြားထွက်ရေးဆိုသော အိပ်မက်ကို ကေသီတာ၏ ဖြူစင်သောအချစ်ပေါ်တွင် အားကိုးခဲ့လေသည်။

ထိုနေ့က ကေသီက ဆိုသည်။

'ကေ... မေမေကြီးကို တိုင်ပင်ထားကြတာနဲ့ မိုးယံ တောင်းဆိုထားတာတွေကို အားလုံးဖွင့်ပြောလိုက်တော့ မေမေကြီးက စေ့စပ်ဖို့ကို သူတာဝန်ယူတယ်တဲ့၊ မိုးယံ နိုင်ငံခြားသွားဖို့ကိစ္စကိုတော့ စေ့စပ်ပြီးမှပဲ ဘယ်လိုလုပ်ရင်ကောင်းမလဲဆိုတာ နှစ်ဖက်တိုင်ပင်ချင်ပါတယ်တဲ့၊ မိုးယံက စေ့စပ်ဖို့ကိစ္စက အဓိက မဟုတ်လား'

အမှန်တော့ မိုးယံအတွက်က နှစ်ခုစလုံး အရေးကြီးနေပါသည်။ နိုင်ငံခြားသို့ မလွှတ်တော့ဘဲ ထိုငွေနှင့်ပင် ဒီမှာ ရင်းနှီးစားသောက်နိုင်အောင် ဖန်တီးပေးမှာလားဆိုတာကို မိုးယံ စဉ်းစားရပြီ။

'ဒါဆို...မင်းကောင်မလေးကို တို့အခြေအနေကို အားလုံး ပြောပြလိုက်ပြီပေါ့'

'မဇင်တို့အကြောင်း ဘာမှ မပါ,ပါဘူး၊ ကျွန်တော် လုပ်ချင်တာကိုတော့ ပြောပြရတာပေါ့'

'ငါတို့ နင့်တစ်ယောက်ကိုပဲ အားကိုးစရာရှိတော့တာတော့ ဟုတ်တယ် မိုးယံ၊ ဒါပေမဲ့... ငါတို့မှာလည်း ငါတို့မာန်နဲ့ ငါတို့နော်... သိက္ခာတော့ အကျမခံနိုင်ဘူး'

'စိတ်ချ မဇင်၊ ကျွန်တော် စေ့စပ်တဲ့ကိစ္စက မဇင်တို့နဲ့ ဘာမှမဆိုင်ပါဘူး။





ကျွန်တော်နဲ့ ကေ့သဘောချည်းပါပဲ'

'ဒါနဲ့ စေ့စပ်ပွဲက စနေနေ့နော်...'

'အင်း... လေ'

'အင်း... ငါ့မောင် အခုကတည်းက ဟိုဘက်က ဖြစ်စေချင်တဲ့အတိုင်းတွေ လိုက်လုပ်နေရပြီဆိုတော့ မဇင်တော့ ရင်ခပ်လေးလေးပဲ'

အစ်မအကြီးဆုံး မဇင်မာဝင်းစကားကြောင့် မိုးယံစိုး တော်တော်လေးအာရုံနှောက်သွားသည်။ သူ ကေ့ကိုချစ်ခဲ့တုန်းက ဒီကိစ္စတွေမပါခဲ့။ အခုကျတော့လည်း သူ့အကျိုးနှင့်သူ့အကြောင်းအရ ရောက်လာကြသည်။

အမှန်တော့...ချစ်သူနှစ်ဦး ရိုးရိုးကလေး လက်ထပ်လိုက်လျှင်ပြီးသောကိစ္စသည် ဘယ်လိုအကြောင်းတွေကြောင့် ဘယ်လိုဖြစ်ကုန်သနည်းဆိုတာ မိုးယံစိုး သိသော်လည်း နားမလည်နိုင်တော့။ သူသည် အရာပေါင်းများစွာ၏ ကာဆီးမှုထဲမှာ ပိတ်မိနေသည်ဟု ခံစားရသည်။

သူ ကေသီတာ့ကို ချစ်ခဲ့သော 'ချစ်ခြင်း'သည် ဘယ်ကိုရောက်သွား၍ အကြောင်းအရာများသည် ဘယ်က ရောက်လာကြသနည်းဆိုတာကို နားမလည်နိုင်တော့...။ ချစ်သူ ကေကတော့ သူ့ကို ရိုးရိုးသာမှာသည်။

'မိုးယံ... ရိုးရိုးကလေးပဲ ဝတ်လာခဲ့နော်၊ ကေ... အိမ်ကပဲ စောင့်နေမယ် သိလား'

အခုပဲ သူ့အစ်မက ခဏငှားလာသော နီလာလက်စွပ်တစ်ကွင်းနှင့် ရတနာခုနှစ်သွယ် လက်စွပ်တစ်ကွင်းကို လာပေးသည်။ မိုးယံ ခဏဝတ်ကြည့်ပြီး ချစ်သူ့စကားကိုပဲ နားထောင်ရန် ဆုံးဖြတ်လိုက်ပါသည်။

❖

www.burmeseclassic.com

www.burmeseclassic.com



ကေတို့ ညီအစ်မတွေအားလုံး အလှပြင်ဆင်ပြီးချိန်တွင် company မှ ဖိတ်ထားသူများရောက်လာကြပြီး ကေနှင့်မောင်တို့က ဧည့်ခံကြသည်။ ကေသီတာသည် ဒီတစ်ခါ စေ့စပ်ပွဲမှာတော့ အဖြူပေါ်မှာ အဝါနုဖောက်ထားသော အချိတ်ဝမ်းဆက်ကလေးကိုသာ ဝတ်ထားပါသည်။

သူ့ခါးလည်ထိ ဆံပင်ကိုတော့ ပွဲထိုင်ဆံထုံးကလေးထုံး၍ သဇင်ပန်းပန်ထားသည်။ လည်တိုင်မှာ ပုလဲသွယ်လည်ဆွဲ၊ လက်သူကြွယ်မှာ မောင်နံ့ခုနှစ်ဖော် လက်စွပ်နှင့် နီလာပါ လက်စွပ်ကလေးတစ်ကွင်း၊ နားတွင်ပန်နေကျ နားကပ်နှင့် စိန်တန်းစီ လက်ကောက်ကလေးတစ်ရံသာ ဝတ်ထားသည်။

မျက်နှာကိုတော့ ထုံးစံအတိုင်း မိတ်ကပ်ဆရာပြင်ပေးသည့်အတိုင်း ခပ်ပါးပါးသာ ခြယ်သထား၏။ ပိုပိုရောက်လာတော့ ဝိုင်းက ပိုဆူညံ၍သွားသည်။ မေမေကြီးလည်း ဒီနေ့ မျက်နှာကြည်ရွှင်၍ ကျေနပ်ပျော်ရွှင်နေပုံရသဖြင့် ကေ သက်ပြင်းချနိုင်သည်။





'မကေရယ် လှလိုက်တာ ... ကြည့်စမ်း မင်းတို့တော့ မသီဘူး ပိုကတော့ မကေကို နှမြောလာပြီ...'

ငြိမ်းပိုက မကေကို ဖက်ထားရင်းက ဆိုသည်။

'အံမယ်... နှမြောတယ်ဘာတယ်နဲ့ အစီအစဉ်တွေ လာမေး လာမှတ်ပြီး ကြိတ်ကြံနေတာ မဟုတ်လား'

အောင်စကားကြောင့် အားလုံးက ပို့ကို ဝိုင်းရယ်ကြသည်။

'မသီဘူးများ မှတ်နေလား၊ မမကြီးပြီးရင် မမလေး၊ မမလေးပြီးရင် မမလတ် အစီအစဉ်အတိုင်းဆိုပြီး ထိပ်ဆုံးက ပွင့်သွားလို့ နောက်ယန်းတွေ ကြိတ်ပျော်နေကြတာ မသီဘူးများ ထင်လို့လား'

ပို့စကားဆုံးတော့ အောင်တို့ကို company မှ ဧည့်သည်တွေက ဝိုင်းရယ်ကြပြန်သည်။ မောင်က ပို့ကို 'ခွေးမ' ဟု တိုးတိုးကျိန်ဆဲသည်။ ထိုအချိန်တွင်ပင် မန်နေဂျာချုပ် ဦးခန့်မင်း၊ ဒုတိယမန်နေဂျာများဖြစ်ကြသော ဒေါ်စိုးစိုးမူ၊ ဦးမင်းဇော်နှင့် ဆရာကျော်သီဟတို့ ရောက်လာကြသည်။

ဦးခန့်မင်းက 'ကွန်ကရက်ကျူလေးရှင် ကေသီတာ' ဟု ဝမ်းသာအားရ ပြောရင်း လက်ဆွဲနှုတ်ဆက်သည်။ အသီးသီးနေရာချထားပေးပြီးချိန်တွင် ရှေ့နေကြီးဦးဝေမင်းဆန်းလည်း ရောက်ရှိလာသည်။ ကိုးနာရီခွဲရန် ၈ မိနစ်ခန့်သာ လိုတော့သည့်အထိ မိုးယံစိုးတို့ ရောက်မလာသေးသဖြင့် ကေသီတာ အနည်းငယ် စိုးရိမ်စိတ်ကြောင့် မျက်နှာနည်းနည်း ပျက်ချင်နေသည်။

တစ်ကြိမ်အမှားကြုံထားသူ ဖြစ်သည့်အတွက် ... နောက်တစ်ကြိမ် အမှားဆိုတာကို အခြားလူတွေထက် ပိုပြီး ထိတ်လန့်နေမိတာ အမှန်ပင် ဖြစ်သည်။

ကေသီစိတ်ပူနေတာကို အောင်နှင့်မောင်လည်း သိပါသည်။ ရီလေးက တော့ နာမည်ကြီး ကိတ်မုန့်တိုက်မှ ကိတ်မုန့်ထည့်သူ ဒိတ်မုန့်လိုးသူတို့နှင့် သတ်နေရသည်။ စေ့စပ်ပွဲသည် တီးတိုးစကားဖြင့်သာ ငြိမ်သက်နေပြီး တစ်ခုခု လိုနေသလို ထင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကေသီတာ မျက်နှာပျက်တာ တော်တော်လေး သိသာလာတော့မှ မေမေကြီးက ဆိုသည်။

'သမီးကြီး မိကေ…မောင်မိုးယံတို့အိမ်ကို Phone ဆက်ကြည့်လိုက်လေ… တစ်ခုခုများ လွဲသလားလို့!'

ကေ… မထရဲပါ။ သူ့ Phone လည်း မဆက်ရဲပါ။ မျက်ရည်က ချက်ချင်း ဝဲချင်နေသည်။ ဒေါ်မြကြည်(စိန်ပွဲစား သူငယ်ချင်း)ရောက်လာသည်။ ဘာမှမသိသူတွေကတော့ အေးအေးဆေးဆေးပင်။ သတို့သားလောင်းဘက်က ထိုင်ဖို့ပြင်ဆင်ထားသော ခုံတွေကိုသာ တစ်ချက်တစ်ချက် ကြည့်နေကြသည်။

ကေက မောင့်ကို အားကိုးတကြီးဖြင့် ကြည့်သည်။

မောင်သည်…ခေါင်းကိုတစ်ချက်ညိတ်ပြီး …ထိုင်နေသည့်ခုံမှ လူတွေကို တောင်းပန်၍ Phone ရှိရာသို့ ထသည်။ အောင်ကတော့ company မှ ဧည့်သည်များနှင့် အလိုက်အထိုက် စကားပြောနေရသော်လည်း မျက်နှာမှာ စိုးရိမ်စိတ်က ထင်းနေသည်။

မောင် Phone ကို နှိပ်နေသော အချိန်မှာပင် ခြံထဲသို့ ကားသုံးစင်း ဝင်လာသည်။

'လာပြီ လာပြီ… မိုးယံတို့ လာကြပြီ'

ကေသည် မျက်ရည်ပေါက်ခနဲ ကျသွားသဖြင့်… မိုးယံတို့ကို ပရိတ်သတ်က ထကြည့်နေသည့်အချိန်တွင် အခန်းထဲသို့ ကမန်းကတန်းဝင်၍ မျက်ရည်ကိုသုတ်… တို့ပတ်ကို အုပ်ရသည်။

ဖိုလှိုက်နေသော ရင်ကို အသာဖိရသည်။ လည်မြို့မှာ တစ်နေသော ဘာမှန်းမသိသည့်အရာကို မြိုချရသည်။ ပြီးတော့… ချက်ချင်း အိမ်ရှေ့ကို ပြေးထွက်တော့ ဦးခန့်မင်းက မိုးယံစိုးကို လက်ဆွဲနှုတ်ဆက်နေသည်။ ဒေါ်စိုးစိုးမူ၊ ဆရာမင်းဇော်၊ ဆရာကျော်သီဟ… ။

မိုးယံက ကေ့ကို လှမ်းပြုံးပြပြီး နှစ်ယောက်ထိုင် ကျွန်းသားကနုတ်





ထိုင်ခုံပေါ်မှာ ထိုင်သည်။ မေမေကြီးက လှမ်းကြည့်သဖြင့် ကေလည်း မေမေကြီးကို လက်အုပ်ချီ၍ မိုးယံနံဘေးမှာ အသာလေးခွာ၍ ဝင်ထိုင်သည်။

ရုတ်တစ်ရက် မည်သူက စတင်လိုက်သော လက်ခုပ်သံမှန်းမသိ စကျလာရာ နောက်ထပ် လက်ခုပ်သံများ မစဲအောင် ဖြစ်သွားသည်။

ရိုးရိုးကလေးနှင့် မင်္ဂလာရှိသော လက်ထပ်ပွဲကလေးတစ်ပွဲဟု မေမေကြီးက ထင်သည်။ အောင်နှင့်မောင် ပျော်နေကြသည်။ ရီလေးက သူ့တာဝန်ဖြစ်သော ရေခဲမုန့်နှင့် ဆိတ်သားပတ်(ဖ)နှစ်ခု၊ အီကလဲယားတစ်ခု၊ သစ်သီးကိတ် ၁ ချပ်ပါသော ရေခဲမုန့်ယန်းကန်များကို ဆိုင်မှ ဝန်ထမ်းများနှင့်အတူတူ ချကျွေးသည်။

မေမေကြီးကို အရင်၊ ပြီးတော့ ကေနဲ့ မိုးယံစိုး…စသည်ဖြင့် အစဉ်လိုက် တည်ခင်း ဧည့်ခံပေးသည်။

ရီလေး လာပေးသော ရေခဲမုန့်ခွက်ကိုယူရင်း ဒေါ်ဇင်မာဝင်း မျက်နှာတစ်ချက် ပျက်၍သွားသည်။ ပြီးတော့ ရီလေး၏ ရေခဲမုန့်ကို ယူနေသော ဆွေ့ဆွေ့ကို တစ်ချက်ကြည့်သည်။ ဆွေဆွေကတော့ ပုံမှန် ရယ်မောနေသည်။ အောင်နှင့်မောင်တို့ ဝတ်ထားသော စိန်တွေကို စိတ်ကူးဖြင့် ဈေးဖြတ်နေမိသည်။ ကေသီတာကတော့ ပစ္စည်းအနည်းငယ်သာ ဝတ်ထားသည်။ ကေသီတာသည် သူ့ချစ်သူကို အားမငယ်စေချင်သော ဆန္ဒရှိဟန်တူသည်ဟု တွေးသည်။

ထိုစဉ်…မိုးယံတို့နှင့်ပါလာသော ဧည့်သည်ထဲမှ မိန်းမကြီးတစ်ယောက်က ရှေ့သို့ မုန့်ယန်းကန်ကိုကိုင်ရင်း တက်လာပြီး ဒေါ်ဇင်မာဝင်းကို တိုးတိုးကပ်၍ ပြောသည်။ ဒေါ်ဇင်မာဝင်း မျက်နှာပျက်စ,ပြုလာပြီဖြစ်သည်။

'ကျွန်တော်က လာလာကြိုတော့ မေးပါတယ်၊ ကိုမိုးယံစိုး ဘယ်တော့လဲဆိုတော့ လိုပါသေးတယ်တဲ့၊ တစ်ခါ ဒေါ်ကေသီတာမေးတော့လည်း ဆရာရယ် ဝေးပါသေးတယ်တဲ့… ဟော့ အခုတော့ ကြိတ်ကြဲထားတာ ပေါ်ပြီ'



www.burmeseclassic.com

www.burmeseclassic.com

ဆရာ ဦးခန့်မင်းစကားကို company ကလူတွေ တော်တော်များများနှင့် ညွှန့်ပရိသတ်တွေက ရယ်ကြသည်။ ကေသီတာတို့က ခေါင်းကိုငုံ့၍ ရှက်ပြုံးပြုံးနေကြသည်။ ထိုအချိန်တွင် ဒေါ်ဇင်မာဝင်း၊ ဒေါ်ဆွေဆွေဦးနှင့် သူတို့ဘက်က ပရိသတ်တီးတိုးဖြစ်နေတာကို မည်သူမှ သတိမထားမိချေ။

မိုးယံစိုးတို့ဘက်က မိန်းကလေးတစ်ယောက်က စားပြီးသွားသော မုန့်ပန်းကန်ကိုကိုယ်တိုင်သွားသိမ်းရင်း နောက်ဖေးဘက်မှာ ပန်းကန်တွေနှင့် အလုပ်ရှုပ်နေသော ရီလေးကို မေးသည်။

'မမ… မမစိန်နှားကပ်က အစစ်လားဟင်'

'ဟုတ်ပါတယ် ဘာဖြစ်လို့လဲဟင်'

'လှလို့ပါ၊ ကိုယ်ပိုင်လားဟင်၊ ဘယ်လိုမှ မထင်နဲ့နော်၊ ကိုယ်ပိုင်ဆိုရင် ဘယ်က ဝယ်တာလဲလို့ သိချင်လို့ပါ'

'တစ်လောကပဲ လာရောင်းလို့ မေမေကြီး ဝယ်ပေးတာ'

'ဪ… ဆိုင်က မဟုတ်ဘူးလား'

'မဟုတ်ဘူးရှင့်'

'ဪ… ဪ'

မိန်းကလေးသဘာဝ ကိုယ်ဝတ်ထားသော လက်ဝတ်ပစ္စည်းကို အထင်တကြီးလာမေးသည့်အတွက် ရီလေး ဝမ်းသာနေရှာသည်။ ရေမှာ သယ်ရမှာ တွေရှိသဖြင့် ပြန်ထွက်ခဲ့သည်။

'ပိုပိုကို မေးနေစရာမလိုဘူး၊ ကြာဇံချက် စားတုန်းကလည်း အဲဒီကလေးမလေးကို တစ်အိမ်လုံးက ခိုင်းနေကြတာပဲ၊ ငါတောင် ခိုင်းခဲ့သေးတယ်၊ မဟုတ်ပါဘူး၊ ပေးဝတ်မယ်ဆိုရင်လည်း ဝတ်ပါ၊ ဒီနေ့ကိုတော့ … ရှောင်သင့်တာပေါ့၊ ဒါ သက်သက်တို့ကို ပညာပေးတာပဲ'

ထိုအချိန်မှာ ပိုပိုရောက်လာသည်။

'ပိုပို… မုန့်လိုက်ချတဲ့ ကောင်မလေးက ကေသီတာနဲ့ ဘာတော်သလဲ'

'ဘာမှ မတော်ဘူး မဇင်။ စိန်နားကပ်ကိစ္စလား'





'မကေကလည်း ဘာတွေ လျှောက်လုပ်နေလဲ မသိဘူး။ သူဝတ်ရင် တော်သေးတယ်။ အိမ်ဖော်ကို ပေးဝတ်ရတယ်လို့'

'နင်တို့ ပစ္စည်းလောက်ကတော့ ငါတို့က အိမ်ဖော်ဆင်တာလောက်ပဲ ရှိတယ်ဆိုတဲ့ သဘောပဲ၊ ဒါ တင်စီးတာပေါ့'

ထိုစဉ် ခုနက ရီလေးကိုမေးသော ကောင်မလေးကပြန်လာ၍ ပြော သည့်စကားကို ခေါင်းချင်းဆိုင်၍ နားထောင်ကြသည်။ ပြီးတော့ ထိုခေါင်း ချင်းဆိုင်နေသော အုပ်စုသည် တစ်စစ များလာကြလေသည်။

ထိုသို့ ဖြစ်နေသည်ကို မေမေကြီးနှင့် အောင်၊ မောင်တို့က သတိထား မိသည်။ ကေသီတာနှင့် မိုးယံတို့ကတော့ ခေါင်းချင်းဆိုင်၍ ဘာတွေ ပြောနေမှန်းမသိ။ မိုးယံက ကေသီတာ့ လက်ကလေးကို ဆုပ်ကိုင်၍ ထား သည်။

ထိုင်နေသော ဦးခေါင်းများ ကွဲပြီး ရှဲသွားကြသည်။

ဒေါ်ဇင်မာဝင်းနှင့် ဒေါ်ဆွေဆွေဦးတို့ မျက်နှာပေါ်မှာ ဒေါသကို တွေ့ ရသည်။

'ဟုတ်ကဲ့… ပရိသတ်ကြီးခင်ဗျား၊ အခုလို မင်္ဂလာအချိန်လေးမှာ မင်္ဂလာစကားကလေး ပြောကြရအောင်ပါ'

ရှေ့နေကြီး ဦးဝေမင်းဆန်းက သူ့တိုက်ပုံအင်္ကျီကို သပ်ရပ်အောင်ဖြင့် ရင်း ချောင်းကိုဟန့်၍ စကားကိုဆိုသဖြင့် စကားပြောနေသူတွေ… ရယ်နေ သူတွေ… လွတ်လွတ်လပ်လပ်နေနေကြသူတွေ အားလုံး တိတ်ဆိတ်သွားပြီး ရှေ့နေကြီးကို လှမ်းကြည့်လိုက်ကြသည်။ ဒီတော့မှ ရီလေးလည်း ပွဲအစ အပြေးအလွှား ဝင်ထိုင်ရရှာ၏။

ထိုအချိန်မှာပင် … ။

'ရှေ့နေကြီးရဲ့ မင်္ဂလာစကားမတိုင်ခင် ကျွန်မတို့ကို ခဏလေးတစ် စကားပြောခွင့်ပြုပါလားရှင်'

ထ ,ရပ်ပြီးပြောလိုက်သော ဒေါ်ဇင်မာဝင်း၏ စကားကြောင့် အားလုံး


www.burmeseclassic.com

www.burmeseclassic.com

အံ့ဩသွားကြသည်။ တချို့က မိုးယံစိုးအကြောင်း ဂုဏ်တင်စရာ စကားကလေးတွေ ပြောလိမ့်မည်ဟုသာ ထင်ကြသည်။ ရှေ့နေကြီးကလည်း သတို့သားဘက်က စကားပြောခွင့်ကို မငြင်းပါ။

'ဩော်… ဟုတ်ကဲ့ ပြောနိုင်ပါတယ်ခင်ဗျာ၊ ပြောပါ'

မိုးယံနှင့် ကေသီတာတို့ တစ်ယောက်နှင့်တစ်ယောက် ကြည့်၍ ပြုံးလိုက်ကြသည်။

'ကျွန်မပြောချင်တာက မကေသီတာရဲ့ မိခင် ဒေါ်ထက်မေအောင်ကိုပါ'

မေမေကြီးက ပြုံး၍… ခေါင်းကိုညိတ်ပြီး ပြောခွင့်ပြုသည်။

'ကျွန်မက ဒေါ်ထက်မေအောင်တို့ကို လွန်ခဲ့တဲ့ ၁လက စိန်နားကပ်တစ်ရံကို ငွေ သိန်း ၂၀နဲ့ ရောင်းခဲ့ဖူးပါတယ်'

'ကျွန်မ ဒီလို ပြောရတာကို မရှက်ပါဘူး၊ အသံတိတ် စော်ကားခံရတာကိုတော့ မခံနိုင်ပါဘူး၊ ဒေါ်ထက်မေအောင်က ကျွန်မရောင်းခဲ့တဲ့ စိန်နားကပ်ကို သူ့အိမ်က မုန့်လိုက်ချပေးတဲ့ အိမ်ဖော်မလေးကို ပေးဝတ်ထားတာ ဘာသဘောလဲဆိုတာ သိချင်ပါတယ်'

ခါးထောက်ရင်း မေးလိုက်သော ဒေါ်ဇင်မာဝင်း စကားကြောင့် မိုးယံ ထိုင်နေရာမှ ဝုန်းခနဲ ထသည်။ လူတွေက ရီလေးကို ဝိုင်းကြည့်ကြသည်။

**'မမကြီး… '**

'မမကြီး ဘာတွေ လျှောက်ပြောနေတာလဲ။ ဘာတွေ ပြောနေတာလဲ'

'မင်း မသိရင် နားထောင်နေလိုက် မိုးယံ၊ ငါတို့က ပွင့်ပွင့်လင်းလင်း သမားတွေ ဖြောင်အနှိမ်ခံတာတော့ မခံနိုင်ဘူး၊ ဖြေပါ ဒေါ်ထက်မေအောင်'

အားလုံး မေမေကြီးကို ကြည့်လိုက်ကြတော့ မေမေကြီးမျက်နှာက အေးအေးချမ်းချမ်းပင် ရှိသည်။ သူ့ကို ခါးထောက်ပြီးပြောနေသော ဒေါ်ဇင်မာဝင်းကို ငြိမ်းချမ်းစွာပင် ကြည့်ရင်းပြောသည်။

'ဟုတ်ပါတယ်၊ ကျွန်မ အဲဒီ စိန်နားကပ်ကို သူတို့ဆီဈေး သိန်း ၂၀





နဲ့ပဲ ကျွန်မရဲ့သူငယ်ချင်း စိန်ပွဲစား ဒေါ်မြကြည်က သင့်တော်တယ်ဆိုလို့ ပွဲစားအဖြစ် အဲဒီတုန်းက တာဝန်ယူခဲ့တဲ့ ကျွန်မသမီး မှုယာမောင်ရဲ့ သူငယ်ချင်း ငြိမ်းငြိမ်းပိုဆီက ဝယ်ခဲ့ပါတယ်၊ အဲဒီတုန်းက သူ့တို့ မပါပါဘူး'

မေမေကြီးက စကားကို အေးချမ်းစွာပင် ဆိုသည်။

'ကျွန်မတို့ ရောင်းတယ်ဆိုတာကို ပိုပိုက မပြောဘူးလား'

'ပြောပါတယ်… ကေသီတာရဲ့ ချစ်သူမမရဲ့ ပစ္စည်းဖြစ်ကြောင်း ပြောပါတယ်'

မေမေကြီးစကားဆုံးတော့ ဒေါ်ဇင်မာဝင်းက ဟက်ဟက်ပက်ပက် ရယ်သည်။

ပရိသတ်က ဒေါ်ဇင်မာဝင်းကို ကြောင်၍ ငေး၍ ကြည့်နေကြ၏။ မိုးယံစိုးမှာ ငွေကြေးအရရော၊ လူမှုရေးပါ တစ်သက်လုံး မှီခိုအားထားခဲ့ရသော အစ်မတစ်ယောက် ဖြစ်နေသည့်အတွက် ရုတ်တစ်ရက် ဘာမှ ဝင်မပြောသာ။ ကြောင်ပြီး ငေးကြည့်နေမိသည်။

ကေသီတာလည်း ထို…ည်းတူပင် ဖြစ်သည်။

ဒေါ်ဇင်မာဝင်းသည် အားရပါးရ ရယ်ခြင်းကို ရပ်ပြီး မာနသံဖြင့်…

'ဒါဆိုရင် …ဒေါ်ထက်မေအောင်က သိသိကြီးနဲ့ ကျွန်မတို့ကို တမင် တကာ ချိုးတာပေါ့၊ နှိမ်တာပေါ့'

'မမကြီး၊ မမကြီး… အဲဒါတွေ… မဟုတ်ဘူးလို့ ပြောလိုက်လေ'

ရီလေးကဝင်ပြီး ကြုံးအော်သည်။ ကေသီတာက ဘာလုပ်ရမှန်းမသိ။ မေမေကြီးကို လှမ်းကြည့်တော့ မေမေကြီးက ကေသီတာ့ကို လက်လှမ်းပြ၍ကာပြီး ဒေါ်ဇင်မာဝင်းကို ကြည့်သည်။ မေမေကြီးမျက်နှာတွင် အပြုံးသည် မရှိတော့။ တည်ငြိမ်ခန့်ငြားခြင်းသာ ရှိတော့သည်။ ဒီတော့ ရီလေးလည်း ငြိမ်လိုက်ရ၏။

'ယောဒီက ခင်ရီလွင်ဟာ အိမ်ဖော်တစ်ယောက်ဆိုတာ ဟုတ်ပါတယ်၊


www.burmeseclassic.com

www.burmeseclassic.com



သူ ဆယ့်တစ်နှစ်သမီးကတည်းက ကျွန်မအိမ်ကို ရောက်လာပြီး ဆယ့်သုံးနှစ်သမီးမှာ သူ့ရဲ့ တစ်ဦးတည်းသော အားကိုးရာ မိခင်ကြီး ဆုံးပါးသွားခဲ့တယ်၊ ဆယ့်လေးနှစ်အထိ ကျွန်မအိမ်မှာ အိမ်ဖော်အလုပ်ကို ကြိုးကြိုးစားစား၊ လေးလေးစားစားလုပ်ခဲ့လို့ ကျွန်မက ချစ်ခင်ပြီး သူ့ကို ယခု ပရိသတ်ရှေ့မှာရှိတဲ့ ရှေ့နေကြီး ဦးဝေမင်းဆန်းနဲ့ပဲ တိုင်ပင်ပြီး အမွေးစား အမွေခံအဖြစ်နဲ့ မွေးစားခဲ့တာပါ၊ ခင်ရီလွင်ဟာ ကျွန်မရဲ့ သမီးတစ်ယောက် ပါပဲ'

ဒေါ်ဇင်မာဝင်းက ခေါင်းကိုခါရမ်းပြီး ဒေါ်ဆွေဆွေဦးက ဒေါသသံဖြင့် ဆိုသည်။

'မွေးစားလည်း အိမ်ဖော်က အိမ်ဖော်ပါပဲ၊ ပြီးတော့ သူ့ကို အများကလည်း ဒီအိမ်ရဲ့ အိမ်ဖော်လို့ပဲ ထင်ကြတယ်၊ အခု လုပ်လိုက်တာ သိပ်ပညာသားပါတဲ့ နှိမ်နည်းပါ၊ ကျွန်မတို့လည်း ကျွန်မတို့ ဂုဏ်သိက္ခာနဲ့ မာနနဲ့ပါ၊ အဆင်မချောတာလေးတစ်ခုကြောင့် နားကပ်တစ်ရံ ရောင်းတာဟာ ကျွန်မတို့ စီးပွားရေး ချွတ်ချုံကျနေတာ မဟုတ်ပါဘူး၊ နင်တို့ ပစ္စည်းလောက်ကတော့ ငါတို့က အိမ်ဖော်ပဲ ပေးဝတ်တယ်ဆိုတာမျိုး အသံတိတ် နှိမ်တာကတော့ ကျွန်မက်ို့ မခံနိုင်ဘူး၊ ကျွန်မတို့ကို သိန်း ၂၀ဖိုး နှိမ်လိုက်တယ်ပေါ့လေ... ဒါ လူကြီးလူကောင်းလား'

'မဆွေ...မဆွေရဲ့ စကားတွေ သိပ်ကို လွန်နေပြီနော်...၊ မေမေကြီး ကျွန်တော် တောင်းပန်ပါတယ်ခင်ဗျာ၊ အဲဒီကိစ္စတွေ ကျွန်တော် သိလည်း မသိခဲ့ပါဘူး၊ အခုလို သိလိုက်ရလို့လည်း ကျွန်တော့်စိတ်ထဲမှာ ဘယ်လိုမှ မနေပါဘူး၊ မဇင်နဲ့ မဆွေတို့ရာ လူကြီးတွေရဲ့ မျက်နှာနဲ့ ကျွန်တော့်သိက္ခာကိုထောက်ကြပါဦးဗျာ၊ ဒါတွေက အရေးမကြီးတဲ့ ကိစ္စတွေပါ'

မိုးယံစကားဆုံးသည်နှင့် ရှေ့နေကြီး ဦးဝေမင်းဆန်းက ကြားဝင်ရတော့သည်။

'ဟုတ်ပါတယ်ဗျာ၊ ကလေးတွေ အနေရ ခက်ကုန်ကြတာပေါ့၊ ဒီလိုကိစ္စမျိုးဆိုတာက နှစ်ဖက်ဆွေရယ်မျိုးရယ် ဖြစ်ကြပြီဆိုတော့ အေးဆေးတဲ့





စိတ်နဲ့ ရှင်းလို့ရတဲ့ ကိစ္စတွေပါ... ကျွန်တော် စေ့စပ်ပွဲကလေးကို ဆက်ရအောင်ပါ'

'ဒါ စေ့စပ်ပွဲမှ မဟုတ်ဘဲ၊ ကျွန်မတို့ကို ခေါ်ပြီး အရှက်ကွဲအောင်ခွဲတဲ့ပွဲပဲ'

**'မမဇင်'**

မိုးယံ ကြုံး၍အော်သည်။

'ကျုပ်ကို ရူးအောင် မလုပ်ကြပါနဲ့ဗျာ၊ ကြာရင် ကျုပ် ရှက်လို့ ရူးလိမ့်မယ်'

'အေး... အရှက်က နင်တစ်ယောက်တည်း ရှိတာမဟုတ်ဘူး မိုးယံ၊ ငါတို့မှာလည်း ရှိတယ်၊ ငါတို့ကရော မရှက်ရဘူးလား၊ ဒါ တစ်သက်လုံး ရှက်နေရမယ့် အရှက်မျိုးဟဲ့ မိုးယံရဲ့'

မောင်နှမနှစ်ယောက် အော်ဟစ်သည့်အချိန်တွင် ပွဲတက်ပရိသတ်လည်း ပွစိပွစိဖြင့် ပွက်လောရိုက်စ ပြုလာသည်။ မေမေကြီးသည် အခြေအနေအားလုံးကို တစ်ချက်ကြည့်လိုက်ပြီး ...တစ်ခုခုတော့ ပြတ်သားရတော့မယ်ဆိုတာကို နားလည်လိုက်သည်။

'ကဲ... အခု စေ့စပ်ပွဲကိုလာကြတဲ့ ပရိသတ်ကို ကျွန်မတစ်ခုပြောချင်ပါတယ်၊ ယခု သတို့သားလောင်းဘက်က စွပ်စွဲတဲ့ သူတို့ကို နှိမ်တယ်၊ အရှက်ခွဲတယ်ဆိုတာ မဟုတ်ခဲ့ရိုးမှန်သော်လည်း သူတို့အနေနဲ့ သူတို့ဘက်က ဒီလို ခံစားရတယ်ဆိုရင် မွေးစားသမီးပင် ဖြစ်သော်လည်း သမီးရင်းတစ်ယောက်လို စိတ်ထားခဲ့မိတဲ့ ကျွန်မရဲ့ အပြစ်ကြောင့်လို့ ဝန်ခံပြီး တောင်းပန်ပါတယ်'

မေမေကြီး၏စကားကြောင့် အောင်၊ မောင်နှင့် ကေသီတာတို့ အံ့သြသွားကြသည်။ စိတ်ကို ထိန်းထားသော မောင်သည် မေမေကြီးထံမှ ထိုစကားကို ကြားသောအခါ စိတ်ကို ထိန်း၍ မရတော့ပြီ။ လတ်ဆတ်သော လူငယ်တစ်ယောက်၏ ဒေါသသည် နှတ်ဖျားသို့ ခုန်တက်လာသည်။



www.burmeseclassic.com

'ဒီမှာ… ကျွန်မတို့ လက်ဝတ်လက်စားဝတ်တဲ့အခါ ဘယ်တော့မှ သူတစ်ပါးလာရောင်းတဲ့ ပစ္စည်းကို ဝယ်မဝတ်ခဲ့ဖူးဘူး၊ ဒါပေမယ့် အဲဒီနေ့က ပိုပိုက ရှင်းပြတော့ မိုးယံနဲ့ ပတ်သက်နေတယ်ဆိုတာ တစ်ချက်ကို မေမေကြီးက စဉ်းစားပြီးတော့မှ နောင် ချွေးမျိုးဖြစ်မယ့်သူတွေဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ ဝယ်ခဲ့တာပါ၊ အဲဒါကို မေမေကြီးက ဘာမှ တောင်းပန်နေစရာ မလိုဘူး၊ ကိုယ်ဝယ်ပြီးတဲ့ ပစ္စည်းကို သိမ်းပဲထားထား၊ လှူပဲ လှူလှူ ပေးချင်တဲ့သူ ပေးပေး၊ ခွေးပဲ ဆွဲပေးပေး ရောင်းပြီးတဲ့လူနဲ့ ဘာမှ မပတ်သက်ဘူး၊ မကျေနပ်ရင် လဲသာ သေလိုက်ကြပေတော့'

မောင့်စကားဆုံးတော့ ဒေါ်ဇင်မာဝင်းနှင့် ဒေါ်ချွေချွေဦးတို့ ဝုန်းကနဲ ထရပ်သည်။ မောင့် တပ်လှန့်သံသည် စိန်ခေါ်သံ ဖြစ်သွားလေပြီ။ မောင်တို့ကလည်း ထရပ်ကြသည်။ မိုးယံက သူ့အစ်မတွေကို ဆွဲသည်။ ကေသီတာက အောင်နှင့် မောင့်ကို ဆွဲသည်။ company ကဝန်ထမ်းတွေလည်း ဘာလုပ်ရမှန်းမသိ ဖြစ်ကုန်ကြသည်။

'မဇင် တော်ကြတော့ဗျာ၊ ဘာလဲ! မဇင်တို့က ကျွန်တော့်ပွဲကို ဖျက်မလို့လား၊ ဖျက်ကြမလို့လား'

'မိုးယံ နင်ဝင်မရှုပ်နဲ့၊ နင့်ဟာတွေက ငါတို့ကိုပြောနေတာ ကြားရဲ့လား'

'မချွေတို့ကလည်း ပြောနေတာပဲ မဟုတ်လား'

ကေသီတာလည်း အောင်နှင့်မောင့်ကို ဆွဲရင်း တောင်းပန်သည်။

'အောင်နဲ့ မောင်ရယ် သည်းခံလိုက်ပါ၊ ဒီကိစ္စတွေက အရေးမကြီးပါဘူး၊ မကေကို သနားရင် သည်းခံပေးကြပါ၊ မကေ တောင်းပန်ပါတယ်'

'မမကြီးကို သနားလို့ တစ်လျှောက်လုံး သည်းခံနေခဲ့တာပေါ့ မမကြီးရဲ့ ဒီလောက်စော်ကားလာတာတော့ မောင် မခံနိုင်တော့ဘူး၊ ဘယ်နဲ့ ကိုယ်ကလည်း ကူညီရသေးတယ်'

'အောင်တို့ ငြိမ်ခံနေရင် ညည်သည်တွေရှေ့မှာ သူတို့ ပိုကဲလာတော့မှာ'





ဟိုဘက်ဒီဘက် စကားတွေဆုံပြီး စေ့စပ်ပွဲသည် ရန်ပွဲအသွင်သို့ ရောက် မှန်းမသိ ရောက်လာကြသည်။ ဒေါ်ထက်မေအောင်ကတော့ ဘာကိုမျှ မပြော တော့။ ဒေါ်ဇင်မာဝင်းအသံကလည်း စာချ် ဒေါ်ချွေချွေဦး အသံကလည်း ရူးနေသည်။ ပရိသတ်ကလည်း နီးရာလူကို ပြန်ပြောကြသည်။ မရေး

ထိုအချိန်တွင် အော်သံနက်ကြီးတစ်ခု ထွက်လာသည်။

'ကျွန်တော့ကို စကားခဏ ပြောခွင့်ပေးပါဗျာ။ ကျွန်တော့်ကို စကား ခဏ ပြောခွင့် မပေးကြတော့ဘူးလား'

မိုးယံ၏ အော်သံကြီးကြောင့် ပရိသတ်က ခဏ ငြိမ်ကျသွားသည်။

'အခုပြောတဲ့ကိစ္စကို ကျွန်တော်မသိရတာ အမှန်ပါ၊ ကြိုပြီးသိ ထားခဲ့ရင်လည်း အဲဒီကိစ္စက ကျွန်တော်နဲ့ မကေအတွက် ဘာမှထူးခြားတဲ့ ထိခိုက်မှုတစ်ခုလို့ ကျွန်တော် မခံစားရပါဘူး၊ ကျွန်တော်တို့ နှစ်ယောက်ရဲ့ စေ့စပ်ပွဲကို စာနာနားလည်ပေးသောအားဖြင့် ဒီကိစ္စတွေကို ပြီးတော့မှပဲ ပြောကြပါလို့ ကျွန်တော် အနူးအညွှတ်တောင်းပန်ပါတယ်'

စကားပြောရင်း ငိုသံ နည်းနည်းကလေးပါလာသော မိုးယံစိုး၏ အသံ ကြောင့် လူတွေ တော်တော်များများ နားလည်သွားကြသည်။ ဒီတော့မှ မေမေကြီးက ဆိုသည်။

'မောင်မိုးယံနဲ့ သမီးကြီးကို ကျွန်မ နားလည်ပါတယ်၊ ဒါပေမဲ့ ကျွန်မ နောက်ဆုံးစကားကို ပြောမှဖြစ်တော့မယ်လို့ ဆုံးဖြတ်ပြီး၊ အခုရှုပ်မှ နောင်ရှင်းဆိုတဲ့ စကားအတိုင်း ရှေ့နေကြီးလည်းရှိတုန်း တစ်ခါတည်း ပြော ပါရစေ'

လူတွေ ဒေါ်ထက်မေအောင်ရှိရာဘက်သို့ တစ်ခါပြန်လှည့်ကြပြန် သည်။

'အခု စေ့စပ်မယ့် ကျွန်မက သမီးကြီးလို့ခေါ်တဲ့ (ထိုအချိန်တွင် ဒေါ်ထက်မေအောင်နှင့် ကေသီတာတို့ မျက်ဝန်းခြင်းဆုံကြသည်) ကေသီတာ ဟာ အများသိသလို ကျွန်မရဲ့ သမီးအရင်း မဟုတ်ပါဘူး၊ သူလည်း —



www.burmeseclassic.com

www.burmeseclassic.com

မွေးစား... သမီး... ဆိုတာပါပဲ'

ပရိသတ်အားလုံး တိတ်၍ သွားသည်။

ကေသီတာသည် မိုးယံကို ဆွဲကိုင်ထားသော လက်ကိုလွှတ်ချပြီး မျက်နှာကိုတစ်ချပ်အုပ်၍ အားရပါးရ ရှိုက်ပြီး ပုခုံးနှင့်ရင်တို့ တဆတ်ဆတ် တုန်၍နေသည်။ မိုးယံက ကေသီတာ၏ ပုခုံးကို ကိုင်သည်။ ပုခုံးကို ကိုင်ထားသော မိုးယံလက်များပါ တုန်၍ နေသည်။

'ကေ၊ မကေ... ပြောတာ ဟုတ်သလား၊ ဟုတ်လား'

တသိမ့်သိမ့်တုန်၍နေသော ပုခုံးသည် ဖြည်းညှင်းစွာ ရပ်၍ သွားသည်။ ကေသည် မျက်နှာကို လက်ဖဝါးနှင့် အုပ်ထားတုန်းပင် ဖြစ်သည်။ ပြီးတော့မှ လက်များကို မျက်နှာမှ ခွာသည်။ ကေ မျက်ရည်တွေ ကျနေသည်။

သို့သော် မငိုပါ။

'ဟုတ်ပါတယ်၊ ကျွန်မကလည်း ရီလေးလိုပဲ မေမေကြီးရဲ့ မွေးစားသမီးတစ်ယောက်ဆိုတာ အမှန်ပါပဲ...'

ကေသီတာ့ စကားဆုံးသောအခါ... အော်သံဟစ်သံတွေ ဆူညံ၍ သွားသည်။ ဘယ်သူတွေက ဘာတွေပြောလို့ ဘယ်သူတွေက ဘာတွေ အော်နေသည်ဆိုတာကို ကေသီတာ မမှတ်မိတော့။ ကေသီတာ ရပ်နေရာမှ နေရာမရွေ့...

မိုးယံစိုး၏ အော်သံကိုလည်း ကြားရသည်။ သူ့အစ်မတွေနှင့် အောင်တို့ မောင်တို့ အော်သံတွေကိုလည်း ကြားရသည်။ မေမေကြီးက ဘာတစ်ခွန်းမှ မပြောတော့ပဲ အိမ်ပေါ်သို့ တက်သွားသည်ကိုလည်း မြင်သည်။ အသံတွေကို ကြားသည်။ ထိုအသံတွေသည် ဘာအသံတွေမှန်းကို မသိတော့။ ရက်စက်သော တိုက်ပွဲကြီးအလယ်မှာ ရောက်နေသော တပ်သားသစ်လေးလို ကေသီတာသည် ကြောင်ပြီး ရပ်နေသည်။

ခြံထဲက ကားမောင်းထွက်သွားသံများကို ကြားရသည်။





တိုးတိုးတိတ်တိတ် နှုတ်ဆက်ထွက်ခွာသွားသံများကို ကြားရသည်။ ကေသီတာ အမြင်တွေအားလုံး ဝါးနေသည်။ အသံတွေကိုတော့ ဗလုံးဗထွေးနှင့် အားလုံး ကြားနေရသည်။ သူက မွေးစားသမီး...တဲ့ ဆိုသော အသံကိုလည်း ကြားရသည်။

အရာအားလုံးသည်...

အားလုံးပြီးဆုံးသွားပြီ ဖြစ်လေသည်။

❖


www.burmeseclassic.com

www.burmeseclassic.com

မေမေကြီးကို စမ်းသပ်နေသော ဒေါက်တာ ဦးခင်ထွန်းမှာ ကေသီတာတို့အိမ်၏(family Doctor) မိသားစု ဆရာဝန်တစ်ဦးဖြစ်သည့်အတိုင်း မေမေကြီး၏ ရောဂါဖြစ်မြစ်နှင့် ဖြစ်ဖူးခဲ့သမျှ ရောဂါအားလုံးကို သိပြီးဖြစ်သည့်အတွက် ကေသီတာတို့ ညီအစ်မတွေ ဘာမှ ပြောနေစရာ မလိုဘဲ အေးအေးဆေးဆေးပင် လိုအပ်တာကို ဆောင်ရွက်ပေးဖို့သာ ရှိပါသည်။

ဒေါက်တာ ဦးခင်ထွန်းက မေမေကြီးကို ဆေးထိုးပေးသည်။

ပြီးတော့ သောက်ဆေးကို ရီလေးဆီ အသေအချာပေးသည်။ ပြီးတော့ ဆေးတိုက်ချိန်ကို အသေအချာ မှာသည်။

'ဒေါထက်မေအောင်အရင်အိပ်နေကျ အချိန်ကျမှ ညဆေးကို သောက်ပါ၊ ဒေါထက်မေအောင် အိပ်မပျော်လို့ တွေးတဲ့ အတွေးတွေအတွက် နှလုံးက ပိုပြီး အလုပ်လုပ်နေရလို့ ပိုအားနည်းနေပါတယ်၊ ဒီညတော့ အိပ်ပျော်မှာပါ၊ ကျွန်တော် ဆေးလည်းထိုးပေးထားခဲ့ပါတယ်၊ ဒေါထက်မေအောင် အနားမှာ အိပ်မပျော်ခင်ထိ တစ်ယောက်လောက်တော့ နေပေးစေချင်ပါတယ်'

'စိတ်ချပါ ဒေါက်တာ...'





ဒေါက်တာကား ထွက်သွားပြီးနောက်...သူတို့အိမ်ကြီးသည် တိတ်ဆိတ်သွားပြန်သည်။ သူတို့ ညီအစ်မတွေ တိုင်ပင်မထားကြပါဘဲနှင့် စကားကို လိုမှသာ ပြောတော့သည်။ ပြောသည့်အခါတွင်လည်း စကားသံသည် အလိုလို တိုးနေတတ်သည်။ ကေသီတာသည် အိပ်ပေါ် ပြတင်းခန်းစီး အကွယ်မှ အိမ်ရှေ့သံတံခါးကို ကြောက်မက်ဖွယ်ရာကောင်းသော နေရာတစ်ခု လို ကြည့်နေမိသည်။ သူ ခြံအပြင်ကို မထွက်တာ ဘယ်နှစ်ရက်ရှိပြီလဲ။

'မမကြီးကို မေမေကြီးက ခဏတဲ့...'

ရီလေးက ခပ်တိုးတိုး လာပြောသဖြင့် ကေသီတာ လိုက်လာခဲ့ရသည်။

မေမေကြီးက သူ့ခေါင်းရင်းနားမှာ ကပ်ထိုင်ဖို့ လက်ဟန်ဖြင့် ပြသည်။ ကေထိုင်ပြီးတော့ မေမေကြီးက ကေ့လက်ကလေးတွေကို ဆွဲယူ၍ သူ့လက်များဖြင့် အုပ်မိုး၍ ထားသည်။ ပြီးတော့ မေမေကြီးသည် ...မျက်ဝန်းများကို မှေး၍ မှိတ်ပစ်လိုက်သည်။ ရီလေးက မေမေကြီး ခြေဖဝါးကို နှိပ်ပေး၍ နေ၏။

'ငါ့သမီးကြီးဟာ မွေးစားသမီးပါလို့ မေမေကြီး ပြောလိုက်တာကို ငါ့သမီးကြီး စိတ်ဆိုးသလား'

ကေသီတာသည် နှုတ်များက ဖွင့်မပြောဘဲ...ခေါင်းကိုသာ ခါရမ်းလိုက်သောကြောင့် ခေါင်းခါရမ်းခြင်းကို မေမေကြီး မမြင်ရသော်လည်း သူအုပ်မိုးထားသော လက်နှစ်ဖက်ဘယ်ညာရမ်းသွားသဖြင့် မေမေကြီးက ပြုံးသည်။

'ဧစပ်ပွဲမှာ ဘာမှ မဟုတ်တဲ့ ကိစ္စလေးကိုတောင်မှ သူတို့ ဒီလောက် အကဲဆတ်နေရင်...ငါ့သမီးကြီးက သူ့မောင်နဲ့ အိမ်ထောင်ကျပြီးမှ မွေးစားသမီးမှန်းသိရင် ငါ့သမီးလေးကို ပြဿနာရှာကြတော့မယ်၊ စိန်နားကပ်နေ့ကတည်းက ပြောပါလား၊ မွေးစားသမီးကို တမင်ချန်ထားပြီး ထိုးထည့်တယ်ဆိုတဲ့ သူတို့ဘက်က ယူဆချက်တွေနဲ့ ငါ့သမီးကလေး စိတ်ချမ်းသာရမှာ မဟုတ်ဘူး၊ ဒါကြောင့် သူတို့ ကြည်ဖြူရင်ယူစေဆိုပြီး သမီးလေးအကြောင်းမှန်ကို ဉာဏ်နဲ့ဆင်ခြင်ပြီးမှ မေမေကြီး ပြောခဲ့တာပါ'


www.burmeseclassic.com

www.burmeseclassic.com



'သမီး ကျေနပ်ပါတယ် မမေကြီး။ တကယ်လို့ မေမေကြီးက မပြောရင်တောင် သမီးက ဖွင့်ပြောတော့မှာပါ၊ မေမေကြီးပြောတော့ သမီးအတွက် ပိုကောင်းသွားတာပေါ့'

ဒေါ်ထက်မေအောင်… ချောင်းတော်တော်လေး ဆိုးပြီးတော့ မောဗျနေသည်။ ရေပုလင်းကို လက်ညှိုးထိုးသဖြင့် ကေသီတာက ရေတိုက်ရသည်။

'ငါ့သမီးကြီး မေမေကြီးအပေါ် မကောင်းမမြင်ဘူးဆိုတာကို ယုံပါတယ်၊ ဒါပေမဲ့… ငါ့သမီးကြီးအတွက် မေမေကြီး စိတ်မကောင်းဖြစ်မိတာလည်း တစ်ကယ်ပါပဲ'

'မေမေကြီး… မကေဆိုတဲ့ မေမေကြီးရဲ့ သမီးအကြီးကိုချစ်ရင်… မေမေကြီး အိပ်ရေးဝအောင်အိပ်တော့၊ ညဘက် ဒီအကြောင်းတွေကို တွေးမနေနဲ့တော့၊ ဖြစ်ခဲ့တဲ့ ကိစ္စဟာ အကြောင်းအရာတစ်ခု၊ လူတစ်ယောက်ကြောင့်ဖြစ်ခဲ့တာ မဟုတ်ဘဲ အကြောင်းအရာပေါင်းများစွာ၊ တိုက်ဆိုင်မှုပေါင်းများစွာ၊ လူပေါင်းများစွာနဲ့ ပတ်သက်တိုက်ဆိုင်ပြီးတော့မှ အချိန်ကိုက်ဖြစ်ခဲ့တာပါ၊ သမီးရဲ့ကံကြမ္မာက စီစဉ်ထားသလိုအတိအကျ ရောက်လာခဲ့တာပါ၊ မေမေကြီးရဲ့ မှန်သောစကားတစ်ခွန်းတည်းကြောင့် မဟုတ်ဘူးဆိုတာ သမီး အမြဲတမ်းနားလည်ပါတယ် မေမေကြီး…မေမေကြီး သုံ့ပါ'

'လိမ္မာလိုက်တဲ့ သမီးကြီးဂုယ်…'

ဒေါ်ထက်မေအောင်က ပြုံးရင်း ဖွဖွ ဆုပ်ကိုင်ထားသော ကေ့လက်များကို ဖိညှစ်ဆုပ်ကိုင်လိုက်သည်။ ခြေရင်းဘက်တွင် သံပုရာသီးဖြင့် မေမေကြီး၏ ခြေဖဝါးကို လိမ့်၍နှိပ်ပေးနေသော ရီလေးက 'အိ'ခနဲ ကြိတ်၍ ငိုသံ ထွက်လာသည်။ ရီလေးကလည်း ထိုကိစ္စကို သူ့ကြောင့်ဟု ထင်ထားသူ ဖြစ်သည်။

'ရီလေး… ဒီအကြောင်းပြောရင် မငိုရဘူးလို့ မမကြီး ဘယ်နှစ်ခါ ပြောရမှာလဲ'

ရီလေး… ဘာမှ ပြန်မပြောဘဲ မျက်ရည်ကို သုတ်သည်။





'ကဲ… သမီးတို့ သွားကြတော့… မေမေကြီး ခဏမှေးလိုက်ဦးမယ်၊ အိပ်ပျော်တော့လည်း ပျော်တာပေါ့၊ မေမေကြီး ရင်ထဲမှာ ရှင်းပြီးအေးသွားပါပြီကွယ်'

'ဆရာဝန်က မေမေကြီးအနားမှာ နေပေးရမယ်တဲ့'

'မေမေကြီးကို စိတ်ချပါ၊ တစ်ယောက်တည်း စိတ်လွတ်ကိုယ်လွတ် နားချင်လို့ပါ'

ဒါနဲ့ပင် ကေနှင့် ရီလေးတို့ မေမေကြီးအခန်းနံဘေးက ဝရံတာသို့ ထွက်လာခဲ့သည်။

'သူ့အစ်မတွေက ကိုမိုးယံကို အတင်းဆွဲခေါ်သွားတော့ မေမေကြီးကလှမ်းပြီး ကိုလေးကို ပြောသေးတယ်၊ မိုးယံစိုး သား…တဲ့၊ မင်းမေမေကြီးကို နားလည်ရင် တစ်ယောက်တည်း လာခဲ့ပါတဲ့၊ မေမေကြီးတို့ မျှော်နေမယ်တဲ့၊ အဲဒီလို ပြောတာ မမကြီး၊ ကိုလေး ရောက်ချင်ရောက်လာမှာပါ'

ရီလေးစကားကြောင့် ကေ မျက်လွှာကိုချပြီး ခေါင်းကို ရမ်းသည်။ ပြီးတော့ တည်ငြိမ်သောအသံဖြင့် ငြင်သာစွာပင် ပြောသည်။

'သူ မလာတော့ပါဘူး ရီလေး…၊ သူ …သူ့အစ်မတွေရဲ့ စကားကို နားထောင်သွားပါပြီ၊ သူ့အစ်မတွေက မကေဆီ သူပြန်မလာတော့အောင် သူတို့အိမ်ကိုရောင်းပြီး သူ့ကို နိုင်ငံခြားကိုပို့လိုက်ကြပါပြီ၊ သူဟာ သူ့အတွက် ပေးဆပ်ခဲ့ရတဲ့ သူ့မိသားစုကို ပြန်လည်ကူညီနိုင်တဲ့ ယောကျ်ားကောင်းတစ်ယောက်ဖြစ်ပါစေလို့ပဲ မကေ ဆုတောင်းရတော့မှာပါ၊ အဲဒါ ပိုပို့ဆီက နောက်ဆုံးရခဲ့တဲ့ သတင်းပဲ'

ကေသီတာ့ စကားဆုံးတော့ ရီလေး တိတ်သွားသည်။ ဘာမှ မပြောတော့။ ကေသီကာ ပန်းခြံကလေးထဲမှာ တိတ်တဆိတ်ပွင့်နေသော ပန်းကလေးတွေကို ဝရံတာမှ ငေးကြည့်ရင်း ငယ်စဉ်တုန်းက အဖေဖြစ်သူနှင့် ကျောပေါ်မှာထိုင်ရင်း ဘုရားပွဲသွားခဲ့ရတာကို အဆက်အစပ်မရှိ သတိရသည်။ အဖေ့ပုံရိပ်ကို ဖမ်းကြည့်တော့ ဝိုးတဝါးမျှ…သာ။ မထင်ရှားတော့။



www.burmeseclassic.com

www.burmeseclassic.com



ကေသီတာသည် သူ့နှုတ်ခမ်းကို သူကိုက်လိုက်သည်။

သူသည်... ငယ်ကမကောင်းခဲ့သဖြင့် မိရင်း၊ ဖရင်းဖြင့် မနေခဲ့ရပါ။ ဒေါ်ထက်မေအောင်နှင့်တွေ့၍ ဘဝလတ်ကကောင်းပြီး အေးချမ်းစွာဖြင့် ငြိမ်ဝပ်ပိပြား၍ ပညာတတ်သော မိန်းကလေးဘဝကို မွေးစားသမီးဘဝနှင့် ရရှိခဲ့သော်လည်း ...အိမ်ထောင်ရေးကံမှာမူ စေ့စပ်ပွဲအထိသာ ခံခဲ့သော ကြောင့် ဆိုးဝါးသည်ဟုသာ ဆိုရမည်။

သို့သော်...သူ တစ်စုံတစ်ယောက်ကိုတော့ မျှော်လင့်နေချင်သေးသည်။

'မွေးစားသမီး' တစ်ယောက်အနေဖြင့် သူ ကောင်းမွန်စွာ နေထိုင်ခဲ့ သည့်အတွက် သူ့ကံကြမ္မာထဲမှာ တစ်စုံတစ်ခုသော မျှော်လင့်စရာလေး ရှိမည်ဆိုလျှင် မျှော်လင့်ချင်ပါသည်။

မွေးစားသမီးတစ်ယောက်၏ဘဝမှာ...ရင်နှင့်ရင်း၍ ရသော နွေးထွေး သည့် မျှော်လင့်ချက်ကလေးမျိုးမျှသာ ဖြစ်သည်။ သူမျှော်လင့်၍ နေသည်။

ပန်းခြံကိုငေးကြည့်ရင်း ကေသီတာ ပန်းခြံထဲမှာ တစ်ယောက်တည်း သွားထိုင်ချင်နေသည်။

ခုနက မေမေကြီး ပြောခဲ့သလို 'တစ်ယောက်တည်း စိတ်လွတ်လက် လွတ်'ကို နားပစ်လိုက်ချင်ပါသည်။ မေမေကြီးကို သွားကြည့်တော့ အိပ်ပျော်နေပြီ ဖြစ်သည်။ ထို့ကြောင့် ရီလေးကို ပုခုံးအသာတို့ပြီး

မေမေကြီးအနားမှာ ခဏနေဖို့ သတိပေးလိုက်သည်။

ပြီးတော့ သူပန်းခြံထဲသို့ တစ်ယောက်တည်းဆင်းပြီး ပန်းကလေးတွေ ပွင့်နေသော ခုံတန်းကလေးတွင်ထိုင်ပြီး အသံမဲ့ အရောင်တစ်ခုတည်းနှင့် သာပွင့်နေသော ပန်းကလေးတွေကို ငေးနေမိသည်။

ပြီးတော့...သူ့အတွေးထဲမှာ ...စေ့စပ်ရက်ရွေးသည့်နေ့တုန်းက သူ ချက်သော ဟင်းကို အားရပါးရစားနေသော ကိုနိုင်ဝင်းထွန်း၏ မျက်နှာကို မြင်ယောင်သည်။

မိုးဖွဲကလေးများ ကျလာ၍ ထီးထုတ်အဆောင်းတွင် သူ့လက်ဖမိုးပေါ်





သို့ ရုတ်တရက် ရောက်လာသော နွေးထွေးစေသည့် လက်အစုံကြောင့် ရင်ဖို၍ မော့ကြည့်သောအခါ သူ့ကို ငုံ၍ ငေးနေသော မိုးယံစိုး၏ မျက်နှာ ကို ပြန်လည် မြင်ယောင်သည်။

သူ့နံဘေးမှာ ပန်းကလေးတွေက အရောင်တစ်ခုတည်းနှင့်သာ တည် ငြိမ်စွာ ပွင့်၍ နေကြသည်။ ပန်းကလေးတွေသည် လောကကြီးကို သူတို့ ရသော အရောင်တစ်ခုတည်းနှင့် တည်ငြိမ်စွာ ရင်ဆိုင်နေပါသည်။

ကေသီတာလည်း 'မွေးစားသမီး'ဆိုသော အရောင်ကလေးနှင့် ပန်းကလေး တစ်ပွင့်လို လောကကြီးကို တည်ငြိမ်စွာ ရင်ဆိုင်ချင်ပါသည်။

ကေသီတာ့တွင် ထိုမျှော်လင့်ချက်ကလေးသာ ရှိပါသည်။

❖



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၃)

## ကောင်းဇော်

www.burmeseclassic.com

www.burmeseclassic.com

ဟင်းရည်ထည့်ထားသော ချိုင့်ကို သတိထား၍ ကိုင်ရမည်ဟု ကေသီတာက သတိထားရင်း... ခြံတံခါးကို ခပ်မြန်မြန် သော့ခတ်ရသည်။ ဒီနေ့ အုန်းနို့ငါးဖယ်ဟင်းကြောင့် နည်းနည်းလက်ဝင်ပြီး... နေ့စဉ် ထမင်းပို့ချိန်၏ မိနစ်အစိတ်ခန့်နောက်ကျနေပြီ ဖြစ်သည်။

ခြံရှေ့တံခါးသော့ပိတ်ပြီး လှည့်အထွက်တွင် သူတို့အိမ်ရှေ့ လမ်း၊ ဂလေးပေါ်မှ တစ်လမ်းတည်းသား မိန်းမကြီးနှစ်ယောက်က 'ထမင်းပို့လား'ဟု ကေသီတာ့ကို လှမ်းမေးကြသည်။

'ဟုတ်ကဲ့ အန်တီ၊ ထမင်းပို့ပါ'

'ဒီနေ့ နည်းနည်း နောက်ကျသလားလို့'

'ဟုတ်တယ် အန်တီရယ်၊ လက်ဝင်တဲ့ဟင်း ချက်မိလို့'

သုံးယောက်သား ရယ်လိုက်ကြပြီး လမ်းထိပ်ရောက်တော့ လမ်းကွဲသွားကြသည်။ ကေသီတာ ကားမှတ်တိုင်သို့ ခပ်သွက်သွက်လျှောက်ရင်း ၁၀ မိနစ်လောက် စောင့်လို့မှ ကားမလာလျှင် ကက ငှားဖို့ ဆုံးဖြတ်လိုက်သည်။ နေ့လည်ခင်းလည်းဖြစ်၊ လူဆင်းလူတက်ကလည်းနည်းသော မှတ်





တိုင်လည်းဖြစ်သဖြင့် လူရှင်း၍ ကားစောင့်သူ ကေသီတာတစ်ယောက်တည်းသာရှိသည်။

ကေသီတာသည် မှတ်တိုင်မှ ကျောက်ထိုင်ခုံပေါ်တွင် ထမင်းချိုင့်ကိုတင်၍ ကားအတက်ထမီနိုင်စေရန် လှည့်၍ပြင်အဝတ်တွင် ကားမှတ်တိုင်နောက်ဘက်ရှိ မြောင်းထဲတွင် ထိုအရာကို တွေ့ရခြင်းဖြစ်သည်။

ယောကျ်ားလေးကိုင် ပိုက်ဆံအိတ်တစ်အိတ် ပွင့်ဟလျက် ခပ်စောင်းစောင်းရှိပြီး အညိုရောင်ရှိသည်။ နံဘေးမှာ ကြက်သွေးရောင် စာအုပ်တစ်အုပ်၊ မှတ်ပုံတင်ဟု ထင်ရသော အရာတစ်ခု၊ နောက်ထပ် စာအုပ်ကလေးတစ်အုပ်နှင့် စာရွက်ခေါက်လေးများ... ။

ဆောင်းရာသီဖြစ်သဖြင့် ရေခန်း၍ ဗွက်စခန်းထနေသော ရေမြောင်းထဲတွင်... နစ်နေခြင်းဖြစ်သည်။ မြောင်းနှုတ်ခမ်းမှာက အမည်မသိသော ရေကြိုက်ပင်တွေ ပေါက်နေကြ၏။ ပတ်ဝန်းကျင်ကိုကြည့်တော့လည်း လူကမရှိ။ မြောင်းနား အသေအချာတိုးကပ်၍ကြည့်သောအခါ... မှတ်ပုံတင်မှန်းသေချာသဖြင့် ကေသီတာ ဘယ်လို လုပ်ရမလဲဆိုတာ စဉ်းစားသည်။ ကူညီချင်လျှင် မြောင်းအစပ်သို့ တိုးကပ်၍ ကောက်ယူယုံမှတစ်ပါး အခြားမရှိ။

ကေသီတာ မြောင်းအစပ်သို့ အရဲစွန့်ပြီး ဆင်းလိုက်သည်။ သူ့ဘယ်ဘက်ခြေထောက်သည် 'ဖိ'ခနဲ မြေကြီးခြောက်ဟန်ဆောင်ထားသော ရွှံ့ဗွက်ထဲသို့ တိုးဝင်၍သွားသည်။

ကေလက်လှမ်းတော့ မှတ်ပုံတင်ကို ရသည်။ စာအုပ်ကလေးကို လှမ်းနေတုန်း ကိုရွှေကားက လာသည်။ မြုပ်နေသည့် ခြေထောက်က ပြန်နှုတ်လို့ မရတော့။ ရဦးတော့ ခြေထောက်မှာ ရွှံ့တွေနှင့် သူ့ကို တင်တော့မည်မထင်။

ရှေ့ ရွှံ့မြောင်းထဲသို့ ကိုယ်ကို လဲကျမသွားစေရန် အတော်ကြိုးစားယိမ်းရင်း တွေ့သမျှအားလုံးကို ကေသီတာကောက်ပြီး ပြန်တက်လာတော့ ခြေထောက်နှစ်ဖက်စလုံး ဗွက်တွေပေနေပြီ ဖြစ်သည်။ အိမ်ထဲခေါက်ပြန်၍



www.burmeseclassic.com

www.burmeseclassic.com



ရေဆေးရုံမှလွဲ၍ ဘာမျှ မတတ်နိုင်တော့...။

ထမင်းချိုင့်ကိုဆွဲ ထမီကိုဆွဲ ခြေထောက်မှာ ဖွက်တွေနှင့် သူ့ကို လူတွေက ဝိုင်းကြည့်ကြသည်။ သူဘာမှ ရှင်းပြမနေတော့။ ခြေထောက်ရေဆေးရင်း၊ ဖိနပ်လဲရင်းနှင့်မှ ဖတ်ကြည့်တော့ တစ်ခုက နိုင်ငံသားစိစစ်ရေးကဒ်ပြား။

မောင်ကောင်းဇော်

၄-၈-၁၉၈၅

ဗမာ

ဗုဒ္ဓ... ...တဲ့။

နောက် ကြက်သွေးရောင် စာအုပ်ကလေးကိုကြည့်တော့ pass port စာအုပ်ကလေးဖြစ်သည်။ သက်တမ်းတစ်ကြိမ်သာ တိုးရသေး၏။ လိပ်စာနှစ်ခုကိုကြည့်တော့ မတူ။ pass port ထဲမှာပါသည့် လိပ်စာပေါ်မှာထိုးထားသည့်လက်မှတ်နှင့် နေ့စွဲက ၂၀၀၇မို့ ထိုလိပ်စာက အမှန်ဖြစ်ပုံရပေလိမ့်မည်။

သိမ်ကြီးဈေးသို့သွားနေသော ကားပေါ်တွင် ကေသီတာ တွေးရင်းပါလာသည်။ သူ ဘာလုပ်ရရင် ကောင်းမလဲ။ ရီလေးတော့ ခုလောက်ဆိုဆာလို့ မဖြူတို့ဆိုင်ကပဲ ထမင်းဝယ်စားနေပြီလား။

မေမေကြီး လွန်ခဲ့သည့် (၂)နှစ်က ဆုံးသည်။

မေမေကြီး ဆုံးပြီး တစ်နှစ်အကြာမှာ အောင်ကအလျင် အိမ်ထောင်ကျသွားသည်။ အောင်သည် မောင့်ဆီကို လာလာနေသော မောင့်သူငယ်ချင်း ဆရာဝန်ကလေးနှင့် အိမ်ထောင်ကျသွားသည်။ ဟိုတစ်ဖက်ကလည်း ပြည့်စုံသူတွေမို့ အောင့်ကို သမီးကလေးတစ်ယောက်လိုပဲ ခေါ်သွားချင်ကြသည်။

ထို့အပြင် မောင်ကလည်း ဆ/မလိုင်စင်အတွက် နယ်သို့ (၂)နှစ်သွားပြီးလျှင်လည်း ရန်ကုန်သို့ပြန်ရရန် ခဲယဉ်းသဖြင့် နယ်ဆေးရုံမှာပဲ တာဝန်ထမ်းဆောင်ရမည်ဖြစ်သည့်အတွက် မထူးတော့ပြီဟု သဘောထားပြီး လက်ထပ်





ရန် စဉ်းစားသောအခါ... သူတို့နေခဲ့သော အိမ်ကြီးကိစ္စကို ရွှေနေဦးဝေမင်းဆန်းနှင့်ပင် တိုင်ပင်၍ အားလုံးသဘောတူသောဈေးနှင့် ရောင်းချ၍ ဘဏ်ငွေ စုဆောင်းပစ္စည်း၊ လက်ဝတ်လက်စားအားလုံးကို ရှေ့နေနှင့်သက်သေများရှေ့တွင် မေမေကြီး၏ ဆန္ဒအတိုင်း ခွဲဝေကြသည်။

ဤတွင် ကေသီတာက သိမ်ကြီးဈေးမှ မေမေကြီး တစ်သက်လုံးရောင်းခဲ့သော မိတ်လည်းရှိနေပြီဖြစ်သော...ငါးခြောက်နှင့် လက်ဖက်ကုန်စုံဆိုင်ကို ငွေနှိမ်၍ယူရာ၊ ရီလေးကလည်း ကေသီတာနှင့်ပင် အတူနေမည်ဆိုသဖြင့် ရီလေးကပါ ငွေတစ်ဝက်စိုက်ပါသည်။

အောင်နှင့်မောင်ကလည်း အခြေအနေအရ သူတို့ ဆက်မထိန်းသိမ်းနိုင်တော့သောဆိုင်ကို သူစိမ်းလက်သို့ပို့ရမည့်အစား ကိုယ့်ချင်းပေးရသဖြင့် ဝမ်းသာအားရပင် ငွေအလိုက်အထိုက်နှင့်ပင် ကျေနပ်လိုက်ကြသည်။

ထို့ကြောင့် ကေသီတာနှင့် ရီလေးတို့နှစ်ယောက်သည် ရန်ကုန်မြို့အစွန်ရပ်ကွက်ကလေးတစ်ခု၌ ပေ(၈၀)မြေတစ်ကွက်ဝယ်ပြီး အိမ်ဆောက်၍ နှစ်ယောက်အတူနေကြသည်မှာ တစ်နှစ်နီးပါးရှိပြီ ဖြစ်သည်။

ဆိုင်ကိုရောက်တော့ ရီလေးမှာ ထမင်းဝယ်မစားဘဲ၊ ကော့ကိုစောင့်နေသည်ကို တွေ့ရသည်။

'မမကြီးတစ်ခုခုကြောင့် ကြာနေတာ လာကိုလာမှာလို့ ရီရီက ကျိန်းသေတွက်ထားတာပဲ၊ ဘာဖြစ်လို့ ဝယ်စားရမှာလဲ၊ နေဦး... ထမင်းစားပြီးမှ ရီလေးကို မိုက်ဆာအောင်လုပ်တဲ့ ငနဲကို ကြည့်ရဦးမယ်'

ရီလေးသည် သူချက်လာသော အုန်းနို့ငါးဖယ်ဟင်းကို ထမင်းနှင့်အားရပါးရစားရင်းက ပြောနေသည်။ ရီလေး ထမင်းစားတုန်း ကေသီဈေးရောင်းပေးရသည်။ ညနေဈေးသိမ်းတော့ ညီအစ်မနှစ်ယောက် အတူပြန်ကြသည်။ အပူအပင်ဆို၍ ဘာမှမရှိ။

ရီလေးက ထမင်းစားပြီး လက်ဖက်ရည်တစ်ခွက်ကို သောက်ရင်းကေပေးသော ပိုက်ဆံအိတ်ကို ဖွင့်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



'အံမယ်... နာမည်က ကောင်းဇော်ဆိုပါလား၊ ပိုက်ဆံအိတ်ထဲမှာ တစ်ပြားမှ ပါလာပုံမရှိတော့ ဇကေနွှခါးပိုက်နှိုက်နဲ့တွေ့ပြီး ဟိုက သူတို့သုံးမရတာတွေ လွှင့်ပစ်သွားတာနေမှာပေါ့၊ ဟော... ဒါက ဘာလဲ၊ ကာလာနဲ့ ကြောင်လျှာသီးတွေဘာတွေနဲ့ဆိုတော့ ရုပ်တော့ဖြောင့်သားပဲ... ဟင်း မမကြီးတို့ကတော့ လုပ်ပြန်ပြီပေါ့လေ...'

ရီလေးက pass port ကို လက်ဖဝါးနှင့် တဖတ်ဖတ်ရိုက်ရင်း ဆိုသည်။

'တော်စမ်းပါ ရီလေးရယ်... အဲဒါက အရေးကြီးတယ်၊ နိုင်ငံခြားသွားဖို့လုပ်ထားတဲ့ လက်မှတ် ရီလေး'

'လာပြန်ပြီလား နိုင်ငံခြားတစ်ယောက်'

'မမနဲ့ ဘာဆိုင်လို့လဲ ရီလေးရဲ့၊ မနေနိုင်မထိုင်နိုင် ကောက်မိတာတော့ ဝန်ခံပါရဲ့၊ ကောက်မိပြီးတော့ အကြောင်းကိုသိတော့ ပိုဆိုးတာပေါ့၊ အဲဒီလက်မှတ်မရှိရင် သူတော်တော် ဒုက္ခရောက်မှာ... ပြန်ပေးဖို့ သင့်တာတော့ အမှန်ပဲ'

'ဒါကတော့ ပေးရမှာပေါ့၊ ကိုယ့်ဆီထားလို့ ဘာမှ အကျိုးမှမရှိတာ'

'ဟုတ်တယ်... အဲဒါ ပြန်လည်း ပေးချင်တယ်၊ ပတ်လည်း မပတ်သက်ချင်ဘူး... ဘယ်လိုလုပ်ရရင် ကောင်းမလဲ'

ရီလေးက နှုတ်ခမ်းကို ဆွဲဆန့်ပြီးမဲ့၍ ကေသီကို မေးထိုးသည်။

ပြီးတော့ pass port ကိုင်ပြီး နားထင်ကို တဖတ်ဖတ်ရိုက်ရင်း အကြံထုတ်နေပြန်သည်။

'လိပ်စာက ရန်ကင်းမြို့နယ်ဆိုတော့ အဝေးကြီးတော့ မဟုတ်ဘူး မမကြီးကေရဲ့၊ ဒီတော့... ရန်ကင်းကိုသွားပြီးတော့ ဟာ ရှုပ်ပါတယ်၊ ကိုယ်ကကြားက ပင်ပန်းဦးမယ်၊ တွေ့ရရင် တော်ကြာ ဘာညာကလာဦးမယ်...'

ကေက ရီလေးပြောတာတွေကို နားထောင်မနေတော့ဘဲ ဝယ်သူပါးတုန်း မနေ့ကရောက်သည့် ငါးမြွေထိုးခြောက်တွေကို ခြောက်လွှန်းသဖြင့်





ရေတောက်ပေးနေလိုက်သည်။

'ဟာ... အကြံရပြီ မကြီးကေ... ဒီလိုလုပ်... ရုပ်ကွက်ရုံးခန်းကို ညဘက်ကျရင် သွားပေးလိုက်မယ်၊ ကျွန်မတို့ မြောင်းထဲက ကောက်ရတယ်ပေါ့၊ အဲဒါ ဥက္ကဋ္ဌကြီးတို့ကတဆင့် လိပ်စာအတိုင်း ပို့ပေးပါပေါ့၊ မကောင်းဘူးလား၊ ကိုယ်နဲ့လည်း မပတ်သက်တော့ဘူး အေးရော'

'အေး... ကောင်းတယ် ရီလေး... ငါ့ညီမလေးက ဒါတွေ အားကိုးနေရတာ'

ရီလေးက သူ့ကို လှည့်မကြည့်ဘဲ ငါးခြောက်ရေတောက်ရင်း ကျောပေးပြောနေသော ကေ့ကို နောက်ဘက်မှ ပြောင်ပြလိုက်သည်။ ပြီးတော့ pass port ထဲက ကောင်းဇော်ဆိုသည့် လူ၏ခပ်တည်တည်ပုံကို ကြည့်၍ မဲ့လိုက်၏။

❖



www.burmeseclassic.com

ထို့နေ့သည်... ဥပုသ်နေ့ဖြစ်သဖြင့် ကေသီတာတို့ ညီအစ်မနှစ်ယောက် မြန်မာစာတန်းထိုး ကိုရီးယားတစ်ခွေ၊ လက်ဖက်သုပ်၊ ရေနွေးကြမ်းနှင့် နေ့ခင်းဘက် ငြိမ့်နေကြသည်။ အရေးထဲ ကိုးရီးယားဇာတ်လမ်းက မကေလို စေ့စပ်ဖို့အတွက် ကောင်လေးက အလုပ်ရှာသော ဇာတ်လမ်းဖြစ်နေ၏။ ထိုးနေသော မြန်မာစာသားတွေက ကေ့အတွက် အနှောင့်အသွားမလွတ်တွေ ဖြစ်နေသဖြင့် ရီလေးက...

'အခွေလဲလိုက်မယ် မကြီးကေရာ၊ ကားကြီးက ဘာကားကြီးမှန်း မသိဘူး၊ အာဖျံကွီးပဲ၊ ဒီမှာ 'တံတိုင်းနီနဲ့ တိုက်ပွဲ'တဲ့... ဖိုက်တာတွေ ပါမယ်ထင်တယ်၊ ရှေးကား မကြီးကေရဲ့၊ ကိုရီးယားကို ရှေးအဝတ်အစားနဲ့ ပိုကြိုက်တယ်'

ရီလေးက သူ့ဘာသာသူ ပြောပြီး သူ့ဘာသူ ခွေလဲသည်။

ထိုစဉ်မှာပင်... 'အစ်မတို့... အစ်မတို့' ဟူသော ခေါ်သံ ခြံအပြင်ဘက်မှ ကြားရသဖြင့် ကေထကြည့်တော့ တံခါးဝမှာ လူလေးငါးယောက်ကို တွေ့သည်။





'ဘာကိစ္စလဲ မသိဘူးရှင့်'

'အော်... အစ်မ ရုံးခန်းကို လာပို့သွားတဲ့ မှတ်ပုံတင်နဲ့ pass port လေ...၊ အဲဒါ ပိုင်ရှင်က ပြန်ရပြီး အစ်မကို တွေ့ချင်တယ်ဆိုလို့... လိုက်ပို့တာ...'

ထိုအချိန်တွင် ရီလေးလည်း နောက်မှ ရောက်လာသဖြင့် ရီလေးက 'ပြေးလို့ မလွတ်ပါလား'ဟု ခပ်တိုးတိုးပြောပြီး အိမ်ထဲမှထွက်၍ အိမ်ရှေ့ တံခါးကို ဖွင့်ပေးသည်။ ကေက အိမ်ထဲကို ပြန်ဝင်သည်။

'ကောက်ရတဲ့လူက သူပါ၊ ကျွန်မရဲ့မမပါ...'

'ကျေးဇူးတင်လိုက်တာ သမီးရယ်... အန့်တီ့သားကလေး အဲဒီ pass port ပျောက်ရင်တော့ အသေအချာကို ဒုက္ခရောက်မှာ... သားက လုံးချင်း အိမ်ရာတွေဆောက်တဲ့လုပ်ငန်းမှာ ဝရိန်ဆရာလေ...၊ သားရဲ့ဆရာက အခု ဂျပန်ကို သွားနှင့်ပြီ၊ သူ့ဆရာနဲ့ သူဒီ pass port ကို အတူလုပ်တာလေ သူ့ဆရာက သူ့ pass port နံပါတ်ကို မှတ်သွားတာ ခေါ်ရင် သူက အဲဒီ နံပါတ်နဲ့ခေါ်မှာမို့ ပျောက်တော့ ဒေါင်းတောက်သွားတာပဲ သမီးရယ် ကျေးဇူးပါပဲ'

မေမေကြီးတို့ အရွယ်လောက်ရှိမည့် မိန်းမကြီးကတော့ လက်ကို စုံကိုင် လှုပ်ရမ်းရင်း ဝမ်းသာအားရ ပြောသည်။

ကေကလည်း သူကောက်ရသည့်အဖြစ်ကို အကျဉ်းချုံး၍ ပြောပြ လိုက်သည်။

'အိမ်ကို လာပေးတော့ အရမ်းဝမ်းသာသွားကြတာပေါ့၊ ဒါနဲ့ လာပေး တဲ့ ကလေးတွေကိုလည်း ကျေးဇူးတင်တာနဲ့ မုန့်ဖိုးပေးပါတယ်၊ သူတို့က မယူဘဲ ငြင်းတယ်၊ သူတို့ကောက်ရတာ မဟုတ်ဘူးဆိုပြီးပြောပြတော့မှ သမီးတို့မှန်းသိရတာ... သူတို့ကိုလည်း မုန့်ဖိုးအတင်းပေးရတာပေါ့၊ ဟဲ့ သား မောင်ကောင်း ပေးလိုက်လေ...'

အဲဒီတော့မှ အားနာနေသောမျက်နှာနှင့် ဇာတ်ပုံထဲက လူသည်



www.burmeseclassic.com

www.burmeseclassic.com

သူဆွဲလာသော ကျွတ်ကျွတ်အိတ်နှစ်အိတ်ကို လှမ်း၍ ကမ်းပေးသည်။

'ဟာ... မလုပ်ပါနဲ့၊ ကျွန်မတို့ မယူပါရစေနဲ့၊ ဒါ... ထုံးစံအတိုင်း ပို့ပေးတာပါ၊ မယူပါရစေနဲ့...'

'မလုပ်ပါနဲ့ အစ်မရယ်၊ ကျွန်တော်ဒီပစ္စည်းသာ ပျောက်ရင် တစ်ကယ့်ကို ဒုက္ခမို့ ၃ ရက်လောက် အိပ်လို့ကိုမရတာပါ၊ ဘယ်လောက်အထိများလဲဆို အိပ်မရတဲ့အဆုံး ည ၂ နာရီလောက်ကြီး မထူးတော့ဘူးဆိုပြီး ဓာတ်မီးတစ်လက်နဲ့ အိမ်ကနေ ကားမှတ်တိုင်အထိ ညကြီးကို ပြန်ရှာတာ... တစ်နေ့ခင်းလုံး တစ်ညနေလုံးရှာပြီးသားကို စိတ်ထဲမှာနေလို့မရလို့ ရှာမိတာပါ၊ ပြန်ရတော့ ကျွန်တော် ဘယ်လောက်ဝမ်းသာမလဲဆိုတာ အစ်မပဲ စဉ်းစားကြည့်ပါ၊ ဒီတော့ ဒီမုန့်ကို လက်ခံပါ အစ်မရယ်... ယူပါ'

ရိုးသားဟန်ရသော ဟန်ပန်၊ မျက်လုံးနှင့် စကားအသုံးအနှုန်းကို ကေသီတာ သတိထားမိသည်။ သူက လက်ထဲက အထုပ်ကို ကေသီတာ့ထံ အတင်းထိုးပေးနေသည်။ ကေသီတာတို့ကြားမှ သူ့မိခင်ဖြစ်ဟန်တူသော အန်တီကြီးက ထိုသူ့လက်ထဲမှ အထုပ်တစ်ထုပ်ကို ကေသီတာ့ထံ ထိုးပေးပြီး၊ နောက်တစ်ထုပ်ကို ရီလေးထံသို့ အတင်းထိုးပေးသည်။

'အမလေး... မယူပါရစေနဲ့ ကောက်ရတာ မမကေတစ်ယောက်တည်းပါ၊ ဒီက မပါပါဘူး...'

'လာပေးတာ အစ်မနှစ်ယောက်ဆိုလို့ နှစ်ယောက်စာ ဝယ်လာတာပါ ခင်ဗျာ၊ ယူပါ'

ရီလေးလည်း ငြင်းမရသဖြင့် ယူလိုက်ရသည်။ မတ်တပ်ကြီးတွေ ဖြစ်နေသဖြင့် ကေက နေရာပေး၍ ရီလေးက လက်ဖက်သုပ်သုပ်သည်။ ထိုင်မိကြတော့ ကိုယ့်မိခင်အရွယ် မိန်းမကြီးတစ်ဦးလည်းပါသဖြင့် မေးမြန်းစုံစမ်းသောအကြောင်းတွေကို ကေက အကျဉ်းချုပ်သာ ဖြေဆိုခဲ့သည်။

'ညီအစ်မနှစ်ယောက်တည်းဆိုတော့ ကောင်းတာပေါ့၊ အန်တီတို့လည်း သားအစ်မိနှစ်ယောက်တည်းပဲ၊ အန်တီက အထက်တန်းကျောင်းဆရာမက





နေ ပင်စင်ယူလိုက်တာပါ၊ သားလေးက ဝါယာရိန်းနဲ့ YIT ပြီးတာလေ၊ အခုလည်း အဆောက်အဦးတွေ၊ ကန်ထရိုက်တိုက်တွေမှာ... မီးစင်တဲ့ အလုပ်ပဲ လုပ်နေတာ'

'ဪ... ကောင်းသားပဲ'

'သမီးတို့ အရောင်းအဝယ်တွေရော...'

'အရောင်းအဝယ်ကတော့... ဒီလိုပါပဲ အန်တီရယ်၊ သူ့ရာသီအလိုက်ပေါ့၊ ကျွန်မတို့က ဘိုးစဉ်ဘောင်ဆက်အလုပ်လို ဖြစ်နေတော့ မိတ်ရှိပြီးသားမို့ မဆိုးပါဘူးဆိုပါတော့ အန်တီ'

ကောင်းဇော်ဆိုသူက တော်တော်စကားနည်းပုံရသည်။ ဧည့်ခန်းမှာ ချိတ်ထားသော သူဘွဲ့ယူဝတ်စုံဖြင့် ရိုက်ထားသောပုံကိုသာ ငေး၍နေသည်။ လက်ဖက်သုပ်လာတော့ ဧည့်ခံရပြန်၏။

'ဘာပဲဖြစ်ဖြစ်ပေါ့ သမီးရယ်၊ ဒါ ကံပါလို့ ဆုံကြရတယ်လို့ပဲ သဘောထားပါတော့၊ အန်တီ သိမ်ကြီးဈေးရောက်တဲ့အခါလည်း သမီးတို့ဆိုင်ကို ဝင်ခဲ့ပါဦးမယ်'

'ဟုတ်ကဲ့၊ ကျွန်မတို့က တစ်ယောက်တစ်လှည့်စီ ရောင်းကြတာဆိုတော့ တစ်ယောက်မရှိ တစ်ယောက်တော့ ရှိပါတယ်'

'အို... ရပါတယ် ဘယ်သူရှိရှိပေါ့... သိနေကြပြီပဲဟာ၊ မဟုတ်ဘူးလား'

ဘာမှမဟုတ်ဘဲ ရယ်မောဖြစ်ကြသည်။ ထိုအန်တီနာမည်က ဒေါ်စောမြိုင်ဟု ခေါ်သည်။ 'ကျောင်းသားတွေကတော့ တီချယ်မြိုင်လို့ ခေါ်ကြတယ်' ဟု အန်တီကြီးက ရယ်မောရင်း ဆိုသည်။ လုပ်သက်ရင့် ကျောင်းဆရာမကြီးတစ်ယောက်မို့လို့လားတော့ မသိ။ စကားပြော အလွန်ကောင်းသည်။ လက်ဟန်ခြေဟန်နှင့်ဆိုတော့ အန်တီမြိုင် စကားတွေက နားထောင်ရတာ မျက်စေ့ထဲ တန်းမြင်သည်။ ပြန်ခါနီးကျော့မှ ကေ့ကို တစ်ချက်တစ်ချက် စိုက်ကြည့်တတ်သော ကောင်းဇော်က ဆိုသည်။

'ကျွန်တော်... တစ်ခုတော့ တောင်းဆိုပါရစေဗျာ...'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ရှင့် ပြောပါ'

'ကျွန်တော် pass port ပျောက်တဲ့ ကြော်ငြာ သတင်းစာ၂စောင်စလုံးမှာ ကျွန်တော် ထည့်ပါတယ်၊ တွေ့လျှင် ထိုက်တန်စွာ ကျေးဇူးဆပ်မည် လို့လည်း ပါပါတယ်၊ ဒီတော့ အခု လက်ဆောင်က ဘာမှ မဟုတ်ပါဘူး၊ ကျွန်တော် ဒီက ညီအစ်မနှစ်ယောက်ကို အိမ်မှာ ထမင်းဖိတ်ကျွေးပါရစေ... ဗျာ၊ အဲဒါလေးတစ်ခုကိုတော့ ခွင့်ပြုပေးပါ'

'မလုပ်ပါနဲ့ရှင်...တခြားကြောင့် ပြောတာ မဟုတ်ပါဘူး၊ ကျွန်မတို့မှာက ညီအစ်မနှစ်ယောက်တည်းဆိုတော့ ဈေးဆိုင်တစ်ဖက်နဲ့ မအားကြလို့ပါရှင်'

'အို... သမီးတို့ကလည်း အခုလို ဈေးပိတ်တဲ့ ဥပုသ်နေ့တစ်နေ့ပေါ့ သမီးရဲ့၊ သမီးတို့က ကျေးဇူးရှင်ဖြစ်သွားတော့ အန်တီတို့မှာ ကျေးဇူးကြီးတင်နေတယ်၊ ဝမ်းမြောက်ဝမ်းသာဆပ်ပါရစေ...၊ သမီးတို့ မငြင်းပါနဲ့'

'အန်တီရယ်၊ အန်တီတို့ အခုလို လက်ဆောင်တွေ ပေးတာနဲ့တင် သမီးတို့က ကျေနပ်ပါပြီ၊ အန်တီတို့လည်း ကျေနပ်လိုက်ကြပါတော့နော်'

အန်တီမြိုင်သည် ...ကေ့စကားကြောင့် ငိုင်၍ သွားသည်။

စိတ်မကောင်းဖြစ်သွားပုံလည်း ရသည်။ တွေ့ကတည်းက ပြုံး၍နေသော အန်တီမြိုင့်မျက်နှာမှ အပြုံးက ပျောက်၍သွားသည်။ ပြီးတော့ သက်ပြင်းကိုချသည်။ မျက်မှန်ကိုချွတ်ပြီး သုတ်ရင်းနှင့် ခေါင်းကိုညိတ်ရင်း ပုံမှန်လေသံဖြင့် ဆိုသည်။

'အန်တီရော အန်တီ့သားပါ စိတ်ဆင်းရဲမှုကြီးတစ်ခုကနေ လွတ်သွားအောင် ကူညီပေးခဲ့တဲ့ သမီးတို့ကို အန်တီက ကျေးဇူးတင်လို့ ကျွေးချင်တာပါ၊ သမီးပြောတဲ့ ပုံစံက အန်တီတို့နဲ့ ဆက်မပတ်သက်ချင်တဲ့ သဘောများ...'

'အာ...အဲဒီလိုတော့ မဟုတ်ဘူး အန်တီ၊ မဟုတ်ပါဘူး၊ အခု အန်တီတို့ပေးတဲ့ လက်ဆောင်နဲ့ သမီးတို့ကျေနပ်ပါတယ်လို့ ပြောချင်တာပါ'





အန်တီမြိုင်က ပြုံး၍ ခေါင်းကိုသာ ခါနေသည်။

'ကျွန်တော် ခဏတော့ ပြောခွင့်ပြုပါဦးခင်ဗျာ၊ ဒီရပ်ကွက်က ကလေးတွေလာပေး၊ အဖြစ်မှန်သိရတော့ မေမေနဲ့ ကျွန်တော်လည်း ချက်ချင်းထွက်လိုက်လာကြရင်းနဲ့ လမ်းမှာတွေ့တဲ့ဆိုင်က ကောင်းမယ်ထင်တာတွေ လျှောက်ဝယ်လာတဲ့ လက်ဆောင်မျိုး ဖြစ်နေလို့ပါ၊ တစ်ခုခု အခက်အခဲမရှိဘူးဆိုရင်တော့ ကျွန်တော်တို့ ဖိတ်တာကို လက်ခံပေးပါဗျာ'

တောင်းတောင်းပန်ပန် စကားများကြောင့် ကေ ငြင်းရခက်နေသည်။ ရီလေးအကြံအတိုင်း ရပ်ကွက်ရုံးကတဆင့် ပို့မိတာ မှားသည်ဟု သူ့ကိုယ်သူ အပြစ်တင်နေမိသည်။ အမှန်ဆို သူ့လိပ်စာတပ်ပြီး ကိုယ့်လိပ်စာ မတပ်ဘဲ စာတိုက်ကနေတဆင့် ထည့်လိုက်ဖို့ ကောင်းသည်။

ကေသီတာသည် ယောကျ်ားလေးတွေကို အကြောင်းတစ်စုံတစ်ရာနှင့် ဆုံတွေ့ရမှာကို လန့်နေသည်။ ထို့ကြောင့် တတ်နိုင်သမျှ ဖြတ်ချင်၍ ငြင်းနေသည်ဆိုသော အန်တီမြိုင်၏စကားက မှန်နေသော်လည်း ထိုအချက်သည် သူတို့နှင့် ဘာမှမဆိုင်သော မိမိကိုယ်ရေးကိုယ်တာမို့ 'မဟုတ်ဘူး' ပြန်ငြင်းရခြင်း ဖြစ်သည်။ အခုလည်း ဘယ်လို ငြင်းရမယ်မှန်းမသိ ဖြစ်နေသည်။

'သမီးတို့က ငြင်းဦးမယ်ဆိုရင်တော့၊ အန်တီက ထမင်းတွေ ဟင်းတွေ ချက်ပြီး သားနဲ့အတူ လာပို့ရမလို ဖြစ်နေပြီ'

'အာ...အဲဒီလိုတော့ မလုပ်ပါနဲ့ အန်တီရယ်၊ သမီးတို့ အခုလာမည့် ဥပုသ်ဈေးပိတ်ရက်မှ လာပါ့မယ်'

'ဝမ်းသာလိုက်တာ သမီးရယ်...'

ထို့နောက် တွေရာလေးပါးစကားတွေ ပြောကြရင်း ညနေစောင်းသောအခါမှ...ဒေါ်စောမြိုင်နှင့် ကောင်းဇော်တို့ ကတိအကြိမ်ကြိမ်တောင်း၍ ပြန်သွားကြသည်။

ဒေါ်စောမြိုင်တို့ မြင်ကွင်းမှ ပျောက်သွားသည်နှင့် ရီလေးက ပြုံးစစ နှင့် ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com


'မျက်လုံးမှာ လမ်းကြောင်းတွေ ရှိတယ်နော်၊ အဲဒီလမ်းကြောင်းတွေက နေတို့ကတော့ လွတ်တယ်၊ မမကေတို့ကတော့...'

'တော်ပြီ ရီလေး တိတ်လိုက်တော့၊ ဖြစ်နိုင်ရင် မကေ သွားတောင် သွားချင်တာ မဟုတ်ဘူး၊ မကေ ယောက်ျားလေးတွေကို အကြောင်းအရာ တစ်ခုခုနဲ့ဆုံရမှာ အရမ်းကြောက်တယ်၊ မကေမှာက ဒဏ်ရာတွေနဲ့၊ ရီလေးကို မကေ အခုကတည်းက သတိပေးထားမယ်၊ တတ်နိုင်သမျှ မကေကို အကာအကွယ်ပေးပါ၊ အခုလာမယ့် ဥပုသ်နေ့ ထမင်းစားသွား ပြီးရင်... သူတို့နဲ့ ပတ်သက်ဖို့ကိစ္စကို ဘယ်ကိစ္စမဆို တတ်နိုင်သလောက် ရှောင်ပါ၊ စကားပြော ဆင်ခြင်ပါ၊ မကေ ဘယ်သူ့နဲ့မှ ထပ်ပြီး မပတ်သက်ချင်ဘူး ရီလေး... အဲဒါ ကြိုသတိပေးတာပဲ'

'မမကေရယ်၊ ဥပါဒါန်ကြောင့် ဥပါဒ်တော့ မရောက်စေနဲ့ပေါ့၊ မမမှာ နိုင်မာတဲ့ ဆုံးဖြတ်ချက်ပြီးရင် ပြီးပါတယ်'

ကေသီတာ့အာရုံသည် အတိတ်သို့ ပြန်ရောက်သွားသည်။ ထိုနေရာတွင်... တစ်ချို့အရိပ်တွေက ရပ်၍ အချို့အသံတွေက သေဆုံးနေပြီး ကျန် အရာများက မီးလောင်ကျွမ်းလျှက်ပင် ရှိသေးသည်ကိုသာ မြင်ရသည်။

❖

ထမင်းဝိုင်းမှာ ဟင်းက စုံလှသည်။

ငါးသလောက်ပေါင်း၊ ဝက်သနီချက်၊ ဘဲပေါင်း၊ ဘဲသားနှင့် ကြံ့မဆိုင် ဟင်းချို၊ ငံပြာရည်ချက်၊ ဆိတ်ကလီစာ၊ ပုဇွန်တုတ်ပြုတ်ကြော်၊ ငါးကြင်း ကြော်နှပ်၊ ပဲကြီးဟင်းချို... တို့စရာကလည်း စုံလင်လှသည်။

အချက်အပြုတ်ကို ဝါသနာပါပြီး ကောင်းကောင်းလည်း ချက်တတ် သော ကေသည် ထိုဟင်းများအတွက် ဒီသားအမိနှစ်ယောက် ဘယ်လောက် ဗျာများကြမည်ဆိုတာကို ခန့်မှန်းမိသည့်အတွက် အတော်အားနာနေမိသည်။

ထမင်းစားပြီးတော့ အချိုပွဲအတွက် ဆနွင်းမကင်း၊ ငှက်ပျောသီးမီးဖုတ် နှင့် နွားနို့ဆမ်းနှင့် လိမ္မော်ရည်တို့ ဖြစ်သည်။

ထမင်းစားပြီးတော့ ကေတို့လည်း ပန်းကန်တွေ ဝိုင်းဆေးဝိုင်းသိမ်းလုပ် ကြသည့်အခါကျမှ ဒေါ်စောမြိုင်သည် ကျောင်းအုပ်ဆရာမ ပီသစွာ... ပန်းကန် ခွက်ယောက်၊ အိုးနှင့် ဆိုဒ်ဆုံ စတီးလ်ယောင်းမများ၊ ဇွန်းခက်ရင်း [illegible] ဆိုဒ်အကြီးအငယ်လိုက်ဆင့်၍ ထားသော အချိုပန်းကန်များ၊ ဆေးပြီးသား



www.burmeseclassic.com

www.burmeseclassic.com

ပန်းကန်တွေကို ဖွန်းတွေ၊ ယောင်းမတွေ အားလုံးကို ရေနွေးနှင့် ထပ်ဆေးခြင်းစသည့် စနစ်တကျ အိမ်မှုကိစ္စ နိုင်နင်းခြင်းကို ကေ နမူနာ ရလိုက်သည်။

ကေလည်း မီးဖိုချောင်သန့်တာကို ကြိုက်ပါသည်။

သို့သော်... ဒေါ်စောမြိုင်ကိုတော့ မမီ။ ကေသည် သူလိုအပ်နေတာတွေကို နမူနာယူရင်း ဒေါ်စောမြိုင်ကို အတိုင်းအတာတစ်ခုအထိတော့ လေးစားသွားခဲ့သည်။ ကျောင်းဆရာမဘဝတုန်းက သူ့ကျောင်းသားတွေကို ဘယ်လောက် စည်းကမ်းဦးစားပေးလိုက်မလဲဟု ကေသီတာ တွေးနေမိသည်။

ထမင်းစားပြီး တွေရာလေးပါး ပြောကြတော့... ကောင်းဇော်သည် စကားကို သတိတကြီးနှင့် လေးလေးစားစား ပြောတတ်သည်ကို တွေ့ရသည်။ အန့်တီမြိုင်၏ ဆုံးမမှုတစ်ခုပင် ဖြစ်လိမ့်မည်ဟု သူမ ထင်သည်။

'သမီးတို့အိမ်မှာ မီးတို့ဘာတို့နဲ့ ပတ်သက်လို့ ပြင်စရာပြုစရာရှိရင် ပြောပေါ့၊ သားက ကူညီပေးနိုင်တာပဲဟာ'

'ကျွန်တော် မကေသီတာတို့ အိမ်ကို ရောက်တော့ အကျင့်ပါနေလို့လားမသိဘူး၊ ဝါယာကြိုးတွေကို ကြည့်မိတယ်၊ လုပ်ထားတာ မဆိုးပါဘူး၊ ဒါပေမဲ့ ရေခဲသေတ္တာနဲ့ လျှပ်စစ်မီးဖိုကို လိုင်းတစ်လိုင်း သပ်သပ်ခွဲမထားဘူး၊ မကေသီတာတို့မှာက မီးအားမြှင့်စက်ရှိတော့ မီးပျက်တဲ့အခါ ရေခဲသေတ္တာနဲ့ လျှပ်စစ်မီးဖိုကို မပိတ်မိဘဲ အင်ဗာတာကို ဖွင့်မိခဲ့ရင် ရေခဲသေတ္တာရော အင်ဗာတာပါ နှစ်ခုလုံးလောင်မှာပဲ၊ လူရှိရင် တော်သေးတယ်၊ လူမရှိရင် ဝါယာရှော့(စ်)ကတဆင့် မီးလောင်တာတွေပါ ဖြစ်တတ်တယ်'

'သား အားတဲ့နေ့ သွားလုပ်ပေးလိုက်ပေါ့ သားရဲ့'

အန့်တီမြိုင်က အေးဆေးစွာပင် ဆိုသည်။

'ဟာ... နေပါစေ အန့်တီ၊ ကျွန်မ ဦးလေးက E.P.C ကပါ ဒီမီးတွေလည်း သူပဲ ဆင်ပေးတာလေ၊ မီးတွေ ဆင်ပြီးမှ အင်ဗာတာက ဝယ်တာဆိုတော့ သူက ခုနက ကိုကောင်းဇော် ပြောသလိုပြောပါတယ်၊ သူလာလုပ်ပေးမယ်တဲ့ ဒီအပတ်လုပ်မှာပါ၊ ကျွန်မတို့ကလည်း အိမ်မှာရှိခဲတော့





အပြင်ထွက်ပြီဆိုတာနဲ့ ကျွန်မက အဝင်ခလုတ်ကို တစ်ခါတည်း ချခဲ့တာပဲ'

'အဲဒါ မှန်တယ်၊ လူမရှိရင် ဒီနည်းက အကောင်းဆုံးပဲ'

'ကျွန်မ ဦးလေးက သေသေချာချာမှာထားလို့ပါ၊ ဟိုကိစ္စလည်း သူပဲလုပ်ပေးပါလိမ့်မယ်၊ ကိုကောင်းဇော်လာမနေပါနဲ့၊ ဒီအပတ်ထဲ လိုင်းခွဲပေးမယ်ဆိုပဲ'

ရီလေးသည် သူ့မမ ကေသီတာကို ငေး၍ ကြည့်နေမိသည်။

ကေသီတာသည် တစ်ကယ့်ကို ကောင်းဇော်ကို မဆက်ဆံမိအောင် ကြိုးစားနေကြောင်းကို အံ့သြဖွယ်ရာ တွေ့ရသည်။ ကေသီတာ့မှာ E.P.C က ဘယ်ဦးလေးမှ မရှိပါ။ ကေသီတာ သိသမျှကလေးကို ရမ်းတုတ်နေခြင်းသာဖြစ်၏။

သို့သော်... ဉာဏ်သည် ကံကို နိုင်ခဲ့သည်ဆိုသော စကားကို မသိသဖြင့်သာ ကေသီတာ ဉာဏ်ဆင်နေခြင်းဖြစ်ပါသည်။ ထိုဆင်နေသော ဉာဏ်သည် ကံကို မနိုင်ကြောင်း အခုတော့ ကေသီတာ သိသွားပြီဖြစ်သည်။

ဆောင်းရာသီအကုန် နွေရာသီအစမှာပင် မန္တလေး ဈေးကြီးသည် ဝါယာကြိုးမှ ရှော့(ခ)ဖြစ်၍ မီးလောင်ခဲ့ရာ ဈေးကြီးတစ်ဈေးလုံး ဆုံးရှုံးခဲ့သဖြင့် ဈေးသည်များ များစွာ ထိခိုက်ခဲ့ရပြီး နိုင်ငံတော်အတွက်လည်း ကြောက်မခန်းလိလိ ဆုံးရှုံးမှုများ ရှိခဲ့သည်။

ထို့ကြောင့် ကေသီတာတို့ ဈေးကိုလည်း ဝါယာကြိုးများ စစ်ဆေးခြင်း အသစ်လဲခြင်း၊ လုံးဝပြုပြင်ခြင်း စသော လျှပ်စစ်နှင့်ပတ်သက်၍ ကြံ့ခိုင်ရေး လုပ်ငန်းများကို ဈေးကြီးတစ်ဈေးလုံးလုပ်ကြရာ ထိုအဖွဲ့ထဲတွင် ကောင်းဇော် ပါလာခြင်းကြောင့် ဖြစ်ပါသည်။

ကေသီတာ ဈေးရောင်းနေတုန်း ကောင်းဇော်ရောက်လာတော့ စိတ်ထဲမှာ တစ်မျိုးဖြစ်သွားသည်။ စိတ်ပဲရှုပ်သွားသလိုလို၊ အနှောင့်အယှက်ဖြစ်သွားသလိုလို တစ်မျိုးကြီး ခံစားနေရသည်။ ကောင်းဇော်တို့မှာ ထမင်းစားပြီးကတည်းက မတွေ့ကြတာ ရက် ၂၀ လောက်ရှိပြီ မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



လား။ ကေသီတာ စိတ်ထဲမှာ လာပြန်ပြီ တစ်ယောက်ဟု အာရုံနောက်သွားတာတော့ အမှန်ပင်ဖြစ်သည်။ ရီလေးကလည်း အိမ်မှာဖြစ်သဖြင့် လူမှုရေးအရ သူကပဲ ဧည့်ခံရတော့သည်။

'ကောင်းဇော်ပါလား၊ ဈေးလာဝယ်တာလား'

'ဈေးကို လာတာတော့ ဟုတ်ပါတယ်၊ ဈေးလာဝယ်တာတော့ မဟုတ်ဘူး မကေသီတာ...'

ထိုစကားမျိုးကို အကောင်းဆုံး ရှောင်နည်းမှာ ဘာစကားမှ ပြန်မပြောဘဲ ပြုံးနေလိုက်တာပဲ ဖြစ်သည်။

'မန္တလေးဈေး မီးလောင်တာ ကြားတယ် မဟုတ်လား'

ကောင်းဇော်စကားကြောင့် ကေသီတာ ကြောင်သွားသည်။ အေးလေ သူက ဈေးရောင်းသူဆိုတော့ ဈေးနဲ့ဆိုင်တဲ့စကားနဲ့ စတာထင်ပါရဲ့ဟု သဘောထားလိုက်ပြီး ဝတ်ကျေတန်းကျေပင် ခေါင်းကို ညိတ်လိုက်သည်။

'အဲဒီမီးက ဝါယာရှော့(ခ်)ဖြစ်တာကတဆင့် လောင်တာလေ...၊ အဲဒါကြောင့် ဈေးကြီးတွေကို ဝါယာတွေစစ်ဖို့ ကျွန်တော်တို့အဖွဲ့ကို ငှားတာနဲ့ ကျွန်တော်လည်းပါလာတာ၊ ကျွန်တော်ကျတဲ့ဘက်က ဟိုးဘက်မှာပါ၊ မကေသီတာတို့နဲ့ ဝေးပါတယ်. ဒါဈေးထဲရောက်တော့ သတိရလို့ မေးလိုက်တော့ ဈေးသူ ဈေးသားတွေဟာ မကေသီတာတို့ကို တော်တော်သိတာပဲ၊ သူတို့ ညွှန်လိုက်တာနဲ့ ရောက်လာတာ...'

'ဟုတ်ကဲ့...ဟုတ်ပါရဲ့ ကေ မေ့နေတာ၊ ပြီးခဲ့တဲ့တစ်ရက်နှစ်ရက်ကပဲ ဈေးလူကြီးတွေက ဝါယာကြိုးတွေစစ်မယ် လိုအပ်ရင် လဲရမယ်၊ စိတ်မချလို့ လဲချင်ရင် လဲရမယ်လို့ ပြောသွားတာ'

'ဟုတ်ကဲ့... အဲဒီကိစ္စအတွက်ပါပဲ'

ကေသီတာနှင့် ကောင်းဇော် အပေါ်နှင့်အောက်လှမ်းပြီး စကားပြောနေသည်။ လာလေ ထိုင်ပါဦးလား။ လောကွတ်လုပ်၍မရ။ ဆိုင်ပေါ်မှာ ထိုင်စရာနေရာက နှစ်ယောက်စာသာသာပဲ ရှိသည်။





သို့သော်...ဝယ်သူများ အမောပြေစေရန်၊ ငါးခြောက်ဖုတ်မြည်းသည့်အခါ ထိုင်ရန်အတွက် ခုံကလေးနှစ်ခုံချထားတာတော့ ရှေ့မှာ ရှိသည်။ အဲဒီခုံမှာထိုင်လျှင် ကေသီတာနှင့်သူ့အကြားမှာ ငါးခြောက်တွေက ခြားနေမှာ သေချာသည်။

'ဒါဆို ထိုင်ပါဦးလား၊ အဲဒီရှေ့မှာ ခုံလေးတွေ ရှိတယ်လေ'

'အာ မထိုင်တော့ဘူး၊ အလုပ်က ဒီနေ့ပဲ စတာ၊ မစခင် မကေသီတာတို့ ဆိုင်ကို ခဏလာရှာတာ သွားရမှာ...'

ကေသီတာ ဝမ်းသာ၍ပြုံးရင်း ခေါင်းကိုညိတ်သည်။ သို့သော်...ကံတရားက ကေသီတာဘက်မှာ ပါဟန် မတူပါ။

'ဟယ်... ကောင်း... ကောင်း... နင်ကောင်းဇော် မဟုတ်လား'

'အာ...ရင်ရင်သိန်း နင်က ဒီမှာ ဘယ်တုန်းက ဆိုင်ထွက်နေတာလဲ'

'ဟဲ့... ဒါ ငါ့ဆိုင်မဟုတ်ဘူးဟ၊ ငါ့ယောက်ျားဆိုင်လေ...'

'အောင်မာ ယောက်ျားဆိုင် ကိုယ့်ဆိုင်ပေါ့ဟ...'

ကောင်းဇော်နှင့် ရင်ရင်သိန်းတို့ အားရပါးရ ရယ်လိုက်ကြသည်။ ကျောင်းနေဖက်သူငယ်ချင်းတွေ ဖြစ်ဟန်တူသည်။ ကေတို့ဆိုင်သည် အပြင်ဘက်ဆုံးတန်းဖြစ်ပြီး ကော့တို့ဆိုင်က ထောင့်ခန်းမို့ ဈေးအတွင်းသို့ ဝင်သောလမ်းက ကေတို့ ညာဘက်တွင်ရှိသည်။ ထိုလမ်း၏ နံဘေး ပထမဆိုင်က ရင်ရင်သိန်းတို့ ဆိုင်ဖြစ်သည်။ ရင်ရင်သိန်းတို့က ယိုမျိုးစုံ၊ မှို့ခြောက်ပန်းခြောက်နှင့် ပင်လယ်ထွက်ပစ္စည်းအနည်းငယ် ရောင်းသည်။ သူ့ယောက်ျားက မြိတ်(ဘိတ်)မှ ဖြစ်သည်။

'အေးပေါ့ဟ၊ နင်က ကေသီတာနဲ့ သိတာ ကြာပြီလား'

'သိပ်မကြာသေးဘူးဟ'

'ကေသီတာရေ...အတန်းကျောင်းတုန်းက စာဘက်မှာ ဆရာကြီးတွေပေါ့၊ ၁၀တန်းဖြေတော့ သူက ၃ဒီနဲ့ Y.I.T ရသွားတာလေ၊ အဲဒီကတည်းက မတွေ့ရတော့တာ၊ နင်ဘာလာလုပ်တာလဲကောင်း...၊ ကေသီတာ့တို



www.burmeseclassic.com

www.burmeseclassic.com

လာရစ်တာလား'

'ဟာ...နင်ကလည်း...ဘာတွေ လျှောက်ပြောနေတာလဲ၊ ငါနင်တို့ဈေးကို ဝါယာကြိုးတွေ လာပြင်တာ၊ နင်စကားပြောလိုက်ရင် ကျောင်းတုန်းက အတိုင်းပဲ...စွတ်ပြောတာပဲ'

'ငါ့အကျင့်က ဒီအတိုင်းပဲလေဟာ...ယောက်ျားရသွားတော့ ပိုဆိုးတာပေါ့ ဟဲ...ဟဲ...ဟဲ'

'အေးပါဟာ...သတိတော့ထားပေါ့၊ ငယ်သူငယ်ချင်းတွေ ပြန်တွေ့တာ ဝမ်းသာပါတယ်...၊ ငါ အလုပ်ရှိတော့ သွားဦးမယ်ဟာ...မကေသီတာ သွားပြီ'

'ဟုတ်ကဲ့ရှင်'

ကောင်းဇော်ထွက်သွားတော့ ကေသီတာ မဂ္ဂဇင်းကိုဆက်ဖတ်နေလိုက်သည်။ သို့သော် မရပါ။ လူမှုရေးကိစ္စသည် အစတစ်စ ထုတ်မိလျှင် မဆုံးနိုင်သော ချည်မျှင်စနှင့် တူသည်။

'မကေ...ရင်ပြောတာ စိတ်ဆိုးသွားလား'

'မဆိုးပါဘူး မရင်ရယ်...ဒီလိုပါပဲ၊ အိမ်ထောင်ကလည်း မရှိ၊ အရွယ်ကလည်း မအိုသေးဆိုတော့ [illegible]ကာခံရတာပါပဲ'

'အိုး...မကေပြောတဲ့ ပုံစံက အပျိုကြီး လုပ်တော့မယ်ပေါ့၊ မလုပ်လေနဲ့ ကိုယ့်ဆရာရေ၊ အရေးရှိတော့ ကိုယ့်အတွက် လူရင်းတစ်ယောက်တော့ ရှိမှနော့...နို့မို့ဆို မလွယ်ဘူး'

ရင်ရင့်စကားကို ကေသီတာ ပြုံးနေလိုက်သည်။ ရင်ရင်သည် ကေသီတာ့ဈေးစပ်ပွဲများတုန်းက မဖိတ်၍ မလာခဲ့သော်လည်း ကေသီတာ ဈေးစပ်ပွဲ ပျက်တာတွေကိုတော့ လူရင်းတွေမို့ နှစ်ခုစလုံး သိထားသည်။

'ကောင်းဇော်က ကျောင်းမှာတုန်းကတော့ တော်တော်ကိုတော်တာ မကေ၊ သူ့အမေကလည်း ဆရာမလေ၊ သူက စာတော်တော့ ကောင်မလေးတွေက သူ့ဆို အထာတော်တော်ပေးတာဟ၊ ဒီလို အထာပေးလည်း သူက





တော့ အတည်ပဲ...စာမှစာဆိုတဲ့ကောင်၊ ရင်က သူ့ကို ကျောင်းကတည်းက ဒီလိုပဲ စလာတာ၊ အခုလည်း ဒီကောင် ထိသွားပုံရတယ်၊ တစ်ခါတည်း လစ်တာ တန်းနေတာပဲ...ဟား...ဟား...ဟား'

ရင်က အားရပါးရ ရယ်သည်။ ရင်ရင်သိန်းသည် ပျော်ပျော်နေတတ်၊ စကားကို ပွင့်ပွင့်ဘွင်းဘွင်းပြောရတာကို အားရသော မိန်းကလေးမျိုးဖြစ်သည်။ နည်းနည်းပါးပါးလာရစ်သည့် ယောက်ျားလေးများသည် ရင်ရင်သိန်း၏ ပါးစပ်ကို ကြောက်ကြရသည်။

ဒီအကြောင်းတွေ ပြန်ပြောပြတော့ ရီလေးက ရယ်သည်။

'အင်း...ဝါယာတွေကလည်းပြင်၊ သူငယ်ချင်းကလည်း ရှိဆိုတော့ မမကေတော့ ပြေးမလွတ်ဖြစ်တော့မယ် ထင်တယ်'

'ရီရယ်...အဲဒီကိစ္စနဲ့ ပတ်သက်ရင် ကိုယ်ဘယ်လောက် ရှောင်တယ်ဆိုတာ မသိဘူးလား'

နောက်တစ်နေ့ ကေထမင်းချိုင့်နှင့် ဈေးကိုရောက်တော့ ကေ့ကို ရီလေးက ပုံစံတစ်မျိုးနှင့်ကြည့်၍ စပ်ဖြဲဖြဲနှင့် ဆိုလေသည်။

'မမက အခုမှ လာတာ၊ မမအရင် ထမင်းချိုင့်က ရောက်နှင့်နေပြီ'

'ဘယ်က ထမင်းချိုင့်လဲ'

ရီလေးက ပြုံးစစနှင့် မေးငေါ့ပြတော့ လက်သုတ်ပုဝါလေးချည်ထားသော သုံးဆင့်စတီး(လ်)ထမင်းချိုင့်ကလေးကို တွေ့ရလေသည်။

'ဘယ်သူ့ချိုင့်လဲ...ရီလေး'

'ကိုကောင်းဇော်ရဲ့ ချိုင့်ပါတဲ့ရှင်၊ ကျွန်တော့်ထမင်းချိုင့်ကလေး ဒီမှာ ခဏထားသွားပါရစေတဲ့'

ကေ ဟိုဘက်ဆိုင်ကို လှမ်းကြည့်တော့ မိရင်မရှိ။ သူ့ခယ်မကလေးသာ ရှိသည်။

'အလိုတော်...သူက ဒီမှာ ထမင်းစားဦးမှာလား'

'အဲဒါတော့ မသိ ဟီ...ဟိ'



www.burmeseclassic.com

www.burmeseclassic.com



'ရီလေးနော်... မင်းကို မမ ဘယ်နှစ်ခါ ပြောထားရမလဲ'

'ရီလေးနဲ့ ဘာဆိုင်လဲ မမရဲ့၊ သူက ခဏထားခဲ့ပါရစေဆိုတော့ မထားခဲ့ပါနဲ့လို့ ပြောလွှတ်ရမှာလား'

ကေ့မျက်စေ့ထဲမှာ တည်တည်ငြိမ်ငြိမ်နှင့် စကားပြောတတ်သော ကောင်းဇော်၏ မျက်နှာကို ပြန်မြင်သည်။ ကေ... သက်ပြင်းကိုသာ ချမိသည်။

'ကဲ... ဒါဆိုရင် ကေတို့အရင် ထမင်းစားထားလိုက်ကြရအောင်'

ကံကြမ္မာသည် ကေ့ဘက်မပါ။ ကေတို့ ထမင်းစားတစ်ဝက်လောက်တွင် ကောင်းဇော်ရောက်လာသည်။ အပေါ်မှာနေရာက နှစ်ယောက်နှင့်ပင် နေရာပိုမရှိ လာဝင်စားပါလားဆို၍လည်းမရ။

'ရပါတယ် မကေသီတာ၊ ကျွန်တော့် ထမင်းချိုင့်ကလေးပဲ ပေးပါ၊ ကျွန်တော် အောက်မှာပဲ စားလိုက်ပါမယ်'

'အားနာလိုက်တာ... ကောင်းဇော်ရယ်'

'ရပါတယ်မကေ ကျွန်တော်တို့အလုပ်က ဒါမျိုးတွေ ကြုံနေကျပါ၊ တချို့နေ့တွေဆို မတ်တပ်ရပ်ပြီးတောင် စားချင်စားရတာ... အောက်မှာ ခုံကလေးနှစ်ခုံရှိတာပဲ ရပါတယ်'

ကောင်းဇော်က သူ့ထမင်းချိုင့်ကို ယူသွားသည်။ အားနာတတ်သော ကေသီတာသည် ထမင်းစား၍ မဝင်တော့...။ ဟင်းတစ်ဝက်ခွဲ၍ ချိုင့်မှာ ထည့်။ ရေနွေးတစ်ခွက်ထည့်၍ အောက်ကို ဆင်းရသည်။ လူမှုရေးသည် အတော်ကျယ်ဝန်းသည်ဟု ကေသီတာတွေးမိသည်။

တစ်ဖက်ဆိုင်မှာရောက်နှင့်နေပြီဖြစ်သော မိရင်က ကောင်းကိုကြည့်ပြီး ရယ်သည်။ ဟိုတစ်နေ့တုန်းကလို စတာတွေဘာတွေတော့ မရှိတော့။

'ရပါတယ် မကေ၊ ထမင်းစားပျက်မှာပေါ့ သွားစားပါ၊ ရေနွေး အတွက် ကျေးဇူးတင်ပါတယ်၊ ကျွန်တော် ဒီလိုပဲ စားတတ်ပါတယ်'

ကောင်းသည် ဈေးတွင် ပြင်ရသည့် တစ်လနီးပါး ဒီလိုပင် ထမင်းချိုင့်





ပေးထားပြီး အောက်ကခုံမှာပင် လာစားသည်။ ကေသီတာကလည်း ဟင်းတစ်ခွက် ပို့ချက်လာပြီး ကောင်းကို ပေးတတ်သည်။ ကေတို့ ဝါယာကြိုးတွေလဲတော့ ကောင်းရောက်လာပြီး တာဝန်ကျသူတွေကို အသေချာ ညွှန်ကြားသည်။ တာဝန်ကျသူတွေက ကောင်းပြောတာကို လေးလေးစားစား နှင့် နားထောင်ပြီး 'ဆရာကောင်းက သေသေချာချာ ပြောသွားတာနော်၊ ဂရုစိုက်လုပ်' ဟူသော စကားကိုလည်း ကြားလိုက်ရသည်။

ကောင်းကို လုပ်ငန်းခွင်မှာ လေးစားကြဟန်တူသည်။

တစ်လနီးပါး ကောင်းသည် သူတို့ဆိုင်မှာပဲ ထမင်းလာ၍ စားသည်။ နေ့စဉ်တွေ့ကြသည်။ ပထမတော့ နှုတ်ဆက်စကားနှင့် လူမှုရေးစကား၊ ကြာတော့ သူ့အကြောင်းကိုယ့်အကြောင်း ... မိသားစုအကြောင်း၊ ဘဝ အကြောင်း၊ ရင်းနှီးမှုမှသည် ခင်မင်မှု၊ ခင်မင်မှုမှသည် သံယောဇဉ်... စသည့် လူမှုရေးတရားသည် အစဉ်လိုက်အတိုင်းပင် ထုံးစံအတိုင်း ရောက်ရှိ၍ လာသည်။

ဈေးကြီးတစ်ဈေးဆုံးနီးပါး လျှပ်စစ်ကြွံနိုင်ရေးပြီးသွားသော်လည်း ကောင်းဇော်သည် ညနေအလုပ်အပြန်တွင် ကေသီတာတို့ ဆိုင်သို့ဝင်လာတတ်သည်။ တစ်ခါတစ်လေ... နွေရာသီမှာ ထိုင်ရာကမထ ဈေးရောင်းရသော ညီအစ်မနှစ်ယောက်အတွက်... ဖာလူဒါ၊ စတော်ဘယ်ရီဖျော်ရည်၊ သီးစုံဖျော်ရည်... ဝယ်ဝယ်လာတတ်သည်။ ကေသီတာက တားသော်လည်း ကောင်းဇော်သည် ပြုံး၍ နေတတ်သည်။

ဈေးသိမ်းချိန်ကျတော့ ပစ္စည်းတွေ ဝိုင်းကူသိမ်းပေးသည်။ ဆိုင်ကို စိတ်ချရမရ သေချာစစ်ဆေးသည်။ မလာဖြစ်သည့်နေ့တွင် အထူးတစ်လည် မဟုတ်သော်လည်း စိတ်ထဲကတော့ မျှော်နေမိတာကို မျှော်မိပြီးမှ သိရသည်။

ကောင်းဇော်သည်... နိုင်ဝင်းထွန်းလို တည်ငြိမ်ပြီး။ မိုးယံစိုးလို စကား ပြောကောင်းသူတစ်ယောက်ဖြစ်သည်။ သို့သော် မိုးယံစိုးက စကားရေး



www.burmeseclassic.com

www.burmeseclassic.com

မျှော်စရာစကားရော ဟုတ်တာရော၊ မဟုတ်တာရော ရယ်ရလျှင်ပြီးရောဆိုသည့် စကားမျိုးကို ပြောတတ်သော်လည်း ကောင်းဇော်ကတော့ ထိုစကားမျိုးကို မပြောတတ်ပါ။

ထိုမှတ်ချက်သည် ကေသီတာကပေးသော မှတ်ချက်မဟုတ်ဘဲ ရီလေးက ပေးသော မှတ်ချက်ဖြစ်လေသည်။ ရီလေးက...

'မျက်လုံးတွေမှာ လမ်းကြောင်းတွေရှိတယ်နော်... မမ၊ အဲဒီမျက်လုံးလမ်းကြောင်းက လိုင်စင်မဲ့ကားမောင်းလို့ မရဘူးမဟုတ်လား... မမ' ဟု သူ့ကို စတတ်သည်။

ကောင်းဇော်ကိုတော့ ကေသီတာသည် မာယာမပါသော ရိုးရိုးကြီးပုံစံနှင့်လည်း မဆက်ဆံ၊ ကိုယ့်ဘက်က ဣန္ဒြေမကျွံရအောင်ဆိုသော ပင်ပန်းသည့် စောင့်ထိမ်းမှုကြီးနှင့်လည်း မဆက်ဆံ၊ လိုက်လျောညီထွေရှိပြီး သတိအမြဲရှိသော ဆက်ဆံရေးမျိုးဖြင့်သာ ဆက်ဆံပါသည်။

❖





ထိုနေ့က ဥပုသ်နေ့ (စနေနေ့) ဖြစ်သောကြောင့် ကေသီတာတို့ မောင်နှမအနားရသဖြင့် မနက်စာစားသောက်ပြီး တစ်ရေးတမောအိပ်ကြသည်။ အိပ်ပျော်ပြီးကာစ လမ်းထဲ ရပ်ကွက်ထဲမှ လူတွေ အော်သံ၊ ဆူသံ၊ ပြေးလွှားသံ၊ တစ်ယောက်နှင့်တစ်ယောက် ခေါ်သံတို့ကြောင့် ကေသီတာတို့ လန့်နိုးလာကြသည်။

'မီးဗျို့ မီး... မီးလောင်နေတယ်။ ရှေ့ဘက်ရပ်ကွက်မှာ မီးလောင်နေတယ်ဗျို့၊ မီးမီး'

'မီးတဲ့ဟေ့... မီးချိတ်မီးကဒ်တွေယူ၊ မိန်းမတွေ ယူစရာရှိတာတွေယူပြီး ကလေးတွေကို သတိထားကြ'

'ယူစရာရှိတာယူပြီးရင် အိမ်တွေ သော့ခတ်ကြ၊ မီးနီးတယ်'

'မီးလောင်နေတယ်ဗျို့၊ မီးလောင်နေတယ်'

တိတ်ဆိတ်နေသော နွေနေ့လည်ခင်းမှာ ကမ္ဘာပျက်သလို ဖြစ်သွားသည်။ လူတွေ ပြေးလွှားနေကြသည်။ ယောကျ်ားတွေက မီးချိတ်မီးထပ်တွေ၊ ရေပုံးတွေနှင့် ထွက်ကြသည်။ ဝီစီသံတွေ ဆူညံလျှက်၊ ကြောက်လန့်



www.burmeseclassic.com

www.burmeseclassic.com



နေကြသော မိန်းမတွေ အော်သံ ခေါ်သံတွေ ဆူညံလျှက်...။

ကေတို့ ညီအစ်မ ဘာလုပ်ရမှန်းမသိ။

အိမ်ထဲသို့သာ စွတ်ဝင်လာခဲ့သည်။

'မမ... လက်ဝတ်လက်စားတွေ၊ ပြီးတော့ ပိုက်ဆံတွေ...'

ဗီရိုကို ဖွင့်သော ကေသီတာ့ လက်တွေ တုန်နေသည်။ အိတ်တစ်လုံး လွယ်၍ လက်ဝတ်လက်စားတွေကို အရင်ထည့်သည်။ ပြီးတော့ ငွေ...။

ရီလေးက အိမ်ရှေ့က တီဗွီကို အတင်းဖြုတ်၍ မရွှေ့နေသည်။ ကေသီတာ ဖွင့်နေသော ဗီရိုထဲက သူနှစ်သက်သော အင်္ကျီတွေ ထဘီတွေကို ဆွဲယူပြီး ပိုက်ထားသည်။

'မီးက နီးလာပြီဗျို့၊ အိမ်ထဲက ယူစရာရှိတာတွေ ယူပြီးရင် ထွက်ကြပါ။ ထွက်ကြပါဗျို့။ ထွက်ကြ!'

လမ်းပေါ်မှာ လူတွေ တဝေါဝေါ ပြေးလွှားနေကြသည်။ ကေသီတာသည် သူ့လက်နှစ်ဖက်က ဘာမှ သုံးလို့မရတော့မှန်းသိသဖြင့် အဝတ်အစားတွေကို လွှတ်ချပြီး အိတ်ကိုလွယ်၍ အောက်ကို ဆင်းလာတော့ ရီလေးက ဆာလာအိတ်နှင့် အိုးတွေခွက်တွေ ပန်းကန်တွေကို သိမ်းနေသည်။

'မမကြီး စောင်ကိုဖြန့် အဝတ်အစားတွေထည့်ပြီး ထုတ်ထား၊ အိုးတွေခွက်တွေ ရီလေးကာပန်ထား၊ TV ရှေ့မှာ ထုတ်ထားတယ်'

'ရတယ်၊ ကေ ဘာလုပ်ရမလဲဟင်၊ ကေ ဘာတွေယူရမှာလဲ'

'စောင်ကိုဖြန့်ပြီး အဝတ်အစားတွေ ထည့်လေ...'

ကေ အိမ်ပေါ်သို့ တစ်ခေါက် ပြန်ပြေးတက်ရပြန်သည်။

အိပ်ယာထဲမှ စောင်ကိုယူ၍ ခုနက ချထားခဲ့သော အဝတ်အစားများကို ကြုံး၍ တစ်ခါပြန်ထည့်ပြန်သည်။ ကေလက်တွေ တုန်နေပြီ၊ ရင်တွေ တလှပ်လှပ်တုန်ပြီး ကြောက်လွန်းသဖြင့် ပစ်၍ လဲကျသွားမလားထင်ရ၏။

ရင်တုန်လွန်းသဖြင့် မိုက်ခနဲ တစ်ချက်မူးသည်။





သူတို့မှာ အားကိုးမရှိဆိုတာကို ပထမဦးဆုံးအကြိမ် အားငယ်စွာ ခံစား
လိုက်ရသည်။ ထိုအချိန်တွင် အပြင်က အသံတွေလည်း ဆူညံနေပြီ။ ကေ
အဝတ်ထုပ်ကို အားနှင့်ကျုံးမတော့ ထင်ရာတွေထည့်ထားသဖြင့် မ, ၍
မရ။ လဲကျသွားသည်။

ထိုအချိန်မှာ

'မကေ... မကေ... ကေသီတာ'

ကောင်းဇော်...!။ ကေသီတာ အားရဝမ်းသာ လဲနေရာမှ ထရပ်သည်။
ကောင်း... ကေအပေါ်မှာ... ဟုအော်သည်။ အသံက မထွက်...။ လှေကား
ကို တဝုန်းဝုန်းနှင့် ပြေးတက်လာသံကို ကြားရသည်။ ကောင်းဇော်...။

ကောင်းဇော်က လဲကျနေသော ကေသီတာ့ကို ဆွဲထူသည်။ ပြီးတော့
စောင်ထုပ် ကို ပြန်ဖြေ၍ အဝတ်အစား ငါးစုံ၊ ခြောက်စုံလောက်သာ ထည့်ပြီး
ဆွဲသည်။

'ပစ္စည်းတွေ ယူပြီးပြီလား မကေ...'

'ဟုတ်... ဟုတ်ကဲ့'

'ငွေရော'

'ဟုတ်ကဲ့ ဒီအထဲမှာ...'

'မှတ်ပုံတင်၊ သန်းခေါင်စာရင်း၊ အိမ်အရောင်းအဝယ်စာချုပ်၊ အဲဒါ
တွေယူပြီးပြီ လား၊ မယူရသေးရင် ဘယ်မှာထားလဲ'

'အဲဒါတွေ မယူရသေးဘူး၊ ဗီရိုထဲက အံဆွဲထဲမှာ...'

'သော့ရော...'

'သော့... သော့... ကေ ဘယ်မှာ ထားလိုက်မိလဲ မသိဘူး'

ကေသည် အဝတ်ပုံထဲကို ဖွသည်။ သော့ကို သူ ခုနက ကိုင်ပြီး
ပစ္စည်းတွေ ယူသည်။ ပြီးတော့ရော ကေစဉ်းစား၍မရ။ ကောင်းရောက်လာ
သဖြင့် ကေ အရမ်းအားရှိသွားသည်။ ဗီရိုက ပွင့်နေသည်။ ဗီရိုထဲက
အံဆွဲထဲမှာမို့ ဗီရိုသော့နှင့် တွဲထားသော အံဆွဲကိုရဖို့ သော့တွဲကို ရှာ



www.burmeseclassic.com

www.burmeseclassic.com



မှဖြစ်မည်။

ကောင်းက ပွင့်နေသော ဗီရိုတံခါးကို ပိတ်လိုက်တော့ သော့တန်းလန်း မြင်ရသည်။

'ရပြီ...'

ကောင်းက သော့ကို ရွေးဖွင့်ပြီး၊ လိုအပ်ပြီး အရေးကြီးသော စာရွက်စာတမ်း၊ မှတ်ပုံတင်၊ ဆိုင်စာချုပ်စသည်တို့ကို ယူသည်။

ပြီးတော့ အဝတ်ထုပ်ကိုဆွဲ ကေသီတာ့ကို ဆွဲ၍ အောက်ထပ်ကို ဆင်းပြီး ပန်းကန်တွေရော၊ ရေနွေးအိုးတွေရော၊ ထမင်းအုပ်တွေရော...၊ ဒယ်အိုးတွေရော ကျုံးထည့်နေသည့် ရီလေးကို ဆွဲမ၍ ကောင်းသည် ... ဒယ်အိုး ၂လုံး၊ အိုးအကြီးအသေးနှစ်လုံး၊ ယောင်းမသုံးလေးချောင်းနှင့် ဇွန်းများကို ပစ်ထည့်ပြီး ရီလေးကို အထုပ်ပေးသည်။ နှုတ်မှလည်း လိုအပ်တာပဲယူ၊ လိုအပ်တာပဲ ယူတော့...အော်ရင်း ရီလေးရော ကေသီတာကိုပါ ဆွဲ၍ အိမ်ရှေ့သို့ထွက်သည်။

'ကိုကောင်းဇော်၊ TV အောက်စက်'

'ထားခဲ့၊ အိမ်သော့ပေး'

ရီလေးသော့ရှာနေတုန်း ကောင်းဇော်က ကော့ ဘွဲ့ရဓာတ်ပုံကို ဆွဲဖြုတ်လိုက်သည်။ ပြီးတော့ ဒါကျိုထည့်သော အိတ်ထဲသို့ထည့်။ ကေတို့ကို ဆွဲ၍ အိမ်အပြင်ထွက်တော့ ခြံထဲသို့ ပြာတွေပင် ကျနေပြီဖြစ်သည်။

ကောင်းဇော်က အိမ်တံခါးကို သော့သေသေချာချာခတ်ပြီး သော့ကို သူ့ဘောင်းဘီအိတ်ထဲသို့ ထည့်၍ လူအုပ်ထဲမှ လူစုမကွဲစေရန် ကေတို့ လက်ကောက်ဝတ်ကို ကိုင်ရင်း အတင်းတိုးရသည်။ မီးနှင့်ဝေးရာ။ အိမ်နှင့်ဝေးရာသို့... ။

ကံကောင်းထောက်မသည့်အတွက်ရော၊ မီးသတ်ရဲဘော်များနှင့် ရပ်ကွက်ထဲမှ တာဝန်ရှိသူတွေ ကြိုးစားကြသည့်အတွက်ရော နောက်တစ်နာရီခန့်တွင် မီးစွယ်ကျိုးကျသွားသည့်အတွက် ကေတို့အဝေးမှ ဝမ်းသာရသည်။





ထိုထက်ပို၍ ကံကောင်းသည်က ကေတို့အိမ်ကလေး မီးထဲ ပါမသွားသည့်အတွက်ပင် ဖြစ်သည်။

ရပ်ကွက်လူကြီးများက မီးထဲ မပါသော အိမ်ရှင်များ၊ မိမိတို့ နေအိမ်အသီးသီးသို့ ပြန်ကြရန်နှင့် ပါသူများ ရပ်ကွက်ရုံးခန်းသို့ စာရင်းလာပေးကြရန် လိုက်လံအော်တော့မှ ကေသီတာတို့ ပြန်ခဲ့ကြသည်။

ကေသီတာသည် အိမ်ကို ရောက်မှပင် ကောင်းဇော်၏ လက်မောင်းကို လက်နှစ်ဖက်ဖြင့် ကိုင်ထားမိမှန်း သတိရတော့သည်။

ရင်ရင်သိန်း၏ 'အပျိုကြီး လုပ်မလို့လားကေသီတာ...အပျိုကြီးလုပ်ဖို့တော့ မစဉ်းစားလေနဲ့ အရေးကြုံလာတော့ ကိုယ့်အားကိုးစရာနဲ့ သံယောဇဉ်ရှိတဲ့သူနဲ့မှဖြစ်တာ...' ဟူသော စကားကို ပြန်ကြားမိသည်။

အိမ်ထဲမှာ မွစာကြဲနေသော ပစ္စည်းတွေကို နေသားတကျပြန်ရွှေ့ကြရသည်။ ရီလေးသည် မီးလောင်တုန်းက 24"sony TV ကြီးကို တစ်ယောက်တည်းမ၍ အိမ်ရှေ့သို့ ရွှေ့နိုင်သော်လည်း မီးအေး၍ ပြန်မတော့ကြွပင် မကြွတော့။ ကြောက်စိတ်နှင့် လောဘသည်လည်း လူကို အားတစ်မျိုးပေးကြောင်း ကောင်းဇော်က ပြောသည်။

ကောင်းဇော်သည် ပစ္စည်းများကို စနစ်တကျ ပြန်နေရာချထား မပေးခင် သူ့မိခင်ကို phone ဆက်သည်။ ကေတို့အိမ်မပါကြောင်း၊ ထိတ်လန့်နေသော ကေတို့ ညီအစ်မနှင့် ဒီည သူအတူအိပ်ပေးမည်ဖြစ်ကြောင်းတို့ ဖြစ်သည်။ ကေသည် ကောင်းဇော်အိမ်မှာ အိပ်မည်ဆိုတာကို ခွင့်မတောင်းဘဲ သူ့မိခင်ကို ပြောနေခြင်းကို စိတ်မဆိုးဘဲ ဝမ်းတောင်သာနေမိသေးသည်။

သူတို့ မွေးစားညီအစ်မသည် မေမေကြီး၏ ကျေးဇူးကြောင့် မတောင့်မတ မကြောင့်မကျ နေရ တာ မှန်ပါသည်။

သို့သော်... သူတို့မှာ အားကိုးလိုသည်။

ထိုစဉ်မှာပင် ကားနှင့် အောင်နှင့် သူ့ခင်ပွန်းတို့ ရောက်လာကြသည်။

'စိတ်ပူလိုက်ရတာဟယ်။ အောင်တော့ မကေတို့ ပါပြီ ထင်ထားတာ



www.burmeseclassic.com

www.burmeseclassic.com



တော်ပါသေးရဲ့…'

'ကိုကောင်းဖော်ရောက်လာပေလို့ပဲ မမရေ… နို့မို့ဆို မလွယ်ဘူး'

'ကျေးဇူးတင်ပါတယ် ကိုကောင်းဖော်ရယ်။ မိန်းကလေးနှစ်ယောက်တည်းမို့ ကျွန်မ အမြဲတမ်း သူတို့အတွက် စိတ်ပူနေရတာ။ ဒုက္ခရောက်ချိန်မှာ ကူညီတာ ကျေးဇူးရှင်ပါပဲရှင်…'

'ဒီလိုပါပဲ၊ အပြန်အလှန်ပေါ့၊ မခင်မေအောင်ရယ်…'

'အေးဗျာ… ဒီမှာ အောင်က မကေတို့အိမ်ပါ, ပါပြီဆိုပြီး ကားပေါ်မှာ ငိုနေတာ၊ ကျွန်တော်က အိမ်ထက် လူတွေကို ပိုစိတ်ပူတာ၊ ကျွန်တော် တစ်ယောက်တည်း လာဖို့ကြတော့လည်း လမ်းကိုပိတ်ပြီး အပြင်လူတွေ ပေးမဝင်ကြတော့ လာလို့ မရတော့တာ'

'ဟုတ်တယ်၊ ကျွန်တော်တောင် ရောက်တာမြန်လို့၊ နောက်ကျရင် ပေးမဝင်ကြတော့ဘူး'

'ဘာပဲဖြစ်ဖြစ် မိသားစုကို ကူညီတာ ကျေးဇူးပါ'

အောင်က ပြုံးဖြဲဖြဲ၊ စပ်ဖြီးဖြီးနှင့် ကေကိုကြည့်ကာ မျက်ဝန်းချင်းဆုံသောအခါ ပြုံးနေသော နှုတ်ခမ်းတွေကို အောင်က အပျော်မဲ့မဲ့၍ ခေါင်းကို သုံးလေးချက်ညိတ်လိုက်လေသည်။

❖





ငြိမ်နေသောလေသည် အသာတကြည်ပင် ဟိုးအဝေးမှ ခပ်မှန်မှန်ကလေး တိုက်ခတ်လိုက်သဖြင့် ငြိမ်၍ ရပ်စောင့်နေသော ကန်တော်ကြီးရေပြင်သည် သူ့ကိုယ်ပေါ်မှ လှိုင်းကလေးတွေကို ဖော်ယူလိုက်သည်။

ပြီးတော့… ထိုလှိုင်းကလေးတွေ တစ်ခုနောက်ကို တစ်ခု အပြေးလိုက်နိုင်း၏။ လှိုင်းတို့မည်သည် ကမ်းစပ်သို့ ပြေးမြဲဖြစ်ရာ ရှေ့မှ လှိုင်းကလေးက ကမ်းစပ်သို့သာ ပြေးပါသည်။ နောက်က မီလှမီခင် လှိုင်းကလေးက ကမ်းစပ်နားရောက်သောအခါ… ပျောက်သွားသော ရှေ့က လှိုင်းကလေးကို ရှာနေတုန်း သူ့နောက်မှ လိုက်လာသော လှိုင်းကလေးက တွန်းလိုက်သဖြင့် သူလည်း ကမ်းစပ်ထဲသို့ ဝင်ရောက် ပျောက်ကွယ်သွားလေသည်။

ရေကို လှိုင်းလုပ်ပစ်ခဲ့သော လေပြေညှင်းသည် ကော့ဆံပင်တွေကို နိုစီးပြီး ဂျွမ်းထိုး၍ အခြားတစ်ဖက်သို့ ခုန်ထွက်သွားသည်။

'ကောင်း… အခု မကေ ပြောပြတာတွေကိုကြားတော့ အံ့သြသွားသလား'

'မအံ့သြပါဘူး၊ ရင်ရင်သိန်းပြောပြလို့ ဒီလို ၂ကြိမ်ဖြစ်ဖူးတယ်ဆိုတာကိုတော့ အကြမ်းဖျင်း သိထားပါတယ်၊ အခုလို တိတိကျကျသိရတော့ ပိုကောင်းတာပေါ့၊ ကောင်းအတွက် ဒီလို သိလိုက်ရလို့ ပြောင်းလဲမှု မရှိပါဘူး'

ကောင်းသည် မှန်သော စကားကိုဆိုသည်ဟု ကေ ထင်ပါသည်။ ကေပြောပြနေသည့် တစ်လျှောက်လုံး ကောင်းမျက်နှာတွင် မည်သည့်



www.burmeseclassic.com

www.burmeseclassic.com

အပြောင်းအလဲကိုမှ မတွေ့ရဘဲ ကေပြာပြသမျှကို စိတ်အားထက်သန်စွာ၊ စိတ်ဝင်စားစွာ နားထောင်နေတာပဲ ကေတွေ့ခဲ့ရပါသည်။

'ပြီးတော့… မကေကို အခုမှ ပိုပြီး ရင်းနှီးသွားသလိုလည်း ခံစားရတယ်၊ ကိုနိုင်ဝင်းထွန်းကတော့ သိက္ခာနဲ့ ဂုဏ်ရှိန်ကို အရမ်းရှေ့တန်းတင်လွန်းတဲ့အတွက် အစွန်းရောက်သွားတယ်၊ ကိုမိုးယံစိုးကတော့ အစ်မတွေရဲ့ အတ္တစိတ်နဲ့ မကေရဲ့ မေမေကြီးရဲ့ အမုန်းတရားကြားမှာ ဓားစာခံဖြစ်တာပါ၊ ကျွန်တော်သူ့ကို ကိုယ်ချင်းစာနိုင်ပါတယ်၊ မကေပြောသွားတဲ့ အဖြစ်အပျက်နှစ်ခုစလုံးမှာ စနစ်တကျ ကံမကောင်းဆုံးကတော့ မကေဘဲ၊ ကျွန်တော်နဲ့ ကျရင် မကေ အဲဒီလို မဖြစ်စေရဘူးလို့ ကတိပေးတယ်'

ကောင်းသည် ကေသီတာ့မျက်နှာကိုကြည့်ပြီး လေးနက်စွာ ပြောသည်။

'ကောင်းရဲ့ စကားကို မကေ ယုံကြည်ပါတယ်ဆိုတာထက် ယုံချင်ပါတယ်လို့ပဲ ပြောချင်တယ်'

'ကျွန်တော် မကေကို ချစ်တယ်ဆိုတာ တကယ်ကို ပိုင်ဆိုင်ချင်တာပါ၊ တစ်ဘဝလုံးပင်ပန်းခဲ့ရတဲ့ မကေကို ကျွန်တော့်ဆီမှာ အေးအေးဆေးဆေး အနားယူရင်း အချစ်ခံစေချင်ပြီ၊ ကျွန်တော့်ရှေ့က မကေကို ချစ်ခဲ့တဲ့လူတွေရဲ့ အချစ်ကို ကျွန်တော် လေးစားပါတယ်၊ ကျွန်တော်လည်း သူတို့လိုပဲ ဆန္ဒပြင်းပြင်းနဲ့ မကေကို ချစ်တာပါပဲ၊ ကျွန်တော်တစ်ခု ကံကောင်းတာက ကျွန်တော်က နောက်ဆုံးလူဖြစ်နေတာပဲ'

မှုမှုတတ ပြောတတ်သော ကောင်းကို ကေ သဘောကျသွားသည်။ သူ ပထမ ကောင်းကို 'ချစ်'၍ မရတော့ဟု သူထင်ခဲ့သည်။ သူ့နှလုံးသားသည် မိုးယံနှင့်အတူ သေဆုံးသွားပြီဟု ထင်ခဲ့သည်။

အခုကျတော့လည်း သူ့နှလုံးသားသည် အခြေအနေအသွင်အပြင် မတူသော အကြောင်းအရာခြားနားသော အဖြစ်အပျက်များအပေါ်တွင် ပြန်လည် သာယာရှင်သန်လာပြန်သည်။





ကိုနိုင်ဝင်းထွန်းကို လေးစားပြီး သာယာခဲ့တာ တစ်မျိုး၊ မိုးယံစိုးကို ရင်ခုန်ပြီး တပ်မက်နှစ်လိုစွာ ချစ်ခဲ့တာက တစ်မျိုး၊ အခု ကောင်းကို တည်ငြိမ်စွာဖြင့် အားကိုးချစ် ချစ်ရတာက တစ်မျိုးဟု ကေဆိုချင်သည်။

သူ့နှလုံးသားသည် ဘယ်နှစ်မျိုး ချစ်တတ်ပါသနည်း။

အဲဒါတော့ သူ့နှလုံးသားပဲ သိလိမ့်မည် ထင်သည်။

'ကျွန်တော် မကေ့ကို ချစ်တာ အစ်ကိုတစ်ယောက်လို စောင့်ရှောက်ရမယ်ဆိုတဲ့ တည်ငြိမ်တဲ့ စိတ်နဲ့လည်း ချစ်မယ်၊ မောင်တစ်ယောက်လို နွဲ့ဆိုးဆိုးမယ်ဆိုတဲ့ စိတ်နဲ့လည်း ချစ်မယ်၊ လိုအပ်တာမှန်သမျှ အကူအညီပေးမယ်ဆိုတဲ့ သူငယ်ချင်းစိတ်နဲ့လည်း ချစ်မယ်၊ ကျွန်တော် မကေကို အဲဒီလို နားလည်ပြီး ချစ်တာပါ၊ ကေ… ကျွန်တော့်ကို စကားပြောပါဦး၊ အဖြေပေးပါဦး…'

ကေ ခေါင်းကို ငုံ့ချထားပြီး ငြိမ်နေလိုက်သည်။

ကေ့၏ ငုံ့ချထားသော ဦးခေါင်းမှ မျက်ဝန်းများကို မြင်ရရန် ကောင်းက ကေ့ထက် ခေါင်းကိုငုံ့လိုက်သဖြင့် နဖူးချင်း ထိသွားပြန်သည်။

ကေက ငုံ့ချထားသော ခေါင်းကို ပြန်မော့ရင်း ပြောသည်။

'အဲဒီလိုတော့ မလုပ်နဲ့ကွာ…'

'မကေက စကားလည်းမပြော၊ မျက်ဝန်းတွေကိုလည်း ဝှက်ထားတော့ အဖြေလိုချင်တဲ့လူက သေပြီပေါ့ မကေရဲ့၊ စကားသံမကြားရရင် မျက်ဝန်းကလေးထဲမှာ ရှာပြီးတော့ ရင်ခုန်ချင်တာပေါ့'

ကေ… ရယ်မောလိုက်သည်။

'အဲဒါဆို ကေ ဘယ်နေတတ်တော့မှာလဲ ကောင်းရဲ့'

'မကေက ဘာဖြစ်လို့ မနေတတ်တာလဲ'

'ရှက်လို့ပေါ့'

'ရှက်တယ်ဆိုတာ နှစ်မျိုးရှိတယ်တဲ့၊ အသိတရားက ရှက်တာရယ်–ဦးနှောက်က ရှက်တာရယ်… ကေက ဘယ်က ရှက်တာလည်း'

www.burmeseclassic.com

ကေက ဘာမှ ပြန်မဖြေဘဲ ငြိမ်နေလိုက်သည်။

'ကေ့မှာ အဖော်လိုတယ်'

'ကျွန်တော် သိပါတယ်၊ အားကိုးပြီးချစ်ရတဲ့ စစ်မှန်တဲ့ အဖော်မျိုး မဟုတ်လား၊ အဲဒီအဖော်ဟာ ကျွန်တော်ပဲ ဖြစ်ရမယ်'

'ဘာဖြစ်လို့လဲ'

'မကေကို အားလုံး ကိုယ်ချင်းစာ နားလည်ပေးနိုင်လို့ပေါ့'

'တကယ်...'

'တကယ်ပေါ့... မကေ ကျွန်တော့်အကြောင်းကို တကယ်မသိသေးတာလား'

'ဘာကိုသိရမှာလဲ'

ကောင်းဇော်က စကားကိုရပ်၍ ကေသီတာ့ကို အပြုံးဖြင့် ကြည့်သည်။ ပြီးတော့မှ အေးဆေးတည်ငြိမ်စွာ ပြောသည်။

'မေမေဟာ... အပျိုကြီး မကေရဲ့'

'ဘယ်လို...!'

ကေသီတာ လုံးဝ နားမလည်စွာ ဆိုသည်။

'ဟုတ်တယ် မကေ၊ မေမေက အပျိုကြီးဆိုတော့ ကျွန်တော်က မွေးစားသားမို့လို့ပေါ့၊ ဒါကြောင့်မို့ မကေကို အားလုံး ခံစားနားလည်ပြီး ချစ်လို့ရတာပေါ့'

ကေ ပါးစပ်အဟောင်းသားဖြစ်ပြီး ကောင်းဇော်ကို ငေးကြည့်လိုက်သည်။

ကောင်းဇော်က အံ့သြနေသော ကေ့လက်ကလေးကို ကောက်ယူပြီး ကိုင်ထားလိုက်သည်။ အံ့သြနေသော ကေ့ပခုံးကို အသာဖေး၍ အံ့သြနေသော ကေ့နှလုံးသားကို အသာဖေး၍ ဖက်ထားလိုက်လေသည်။

**9 April 2009**

**နီကိုရဲ**



မောင်မျိုးစိစဉ်သည်

# သတိုးဇော

# တေလေဝိညာဉ်

- လူသတ်မှုဖြစ်ပွားခဲ့သော အိမ်တစ်အိမ်တွင် ဆက်တိုက်ကြုံတွေ့ရသော ခြောက်လှန့်မှုများ
- သရဲအခြောက်ခံရသည့်တိုင် မယုံကြည်မှာစိုးသဖြင့် တစ်ယောက်ကိုတစ်ယောက်ပြောမပြရဲဘဲ ကြိတ်မှိတ်နေရသည့် လူငယ်တစ်စု
- ရေချိုးခန်းထဲမှာ လူမရှိဘဲ ရေပိုက်ခေါင်းဖွင့်သံကြားရပြီးသည့်နောက်...
- သရဲအလွန်ခြောက်သော အိမ်ကြီးထဲတွင် တစ်ယောက်တည်း ပိတ်မိနေသူတစ်ဦး၏ သွေးပျက်စရာအတွေ့အကြုံ
- သရဲကိုမယုံကြည်သူများပင် လက်မြှောက်အရှုံးပေးကာ ပြောင်းပြေးရသည့်အိမ်ကြီးတစ်အိမ်..

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com